www.burmeseclassic.com

# ခရုန်ရှေ့များ

## မမြင်ရသော စုတ်ချက်
နှင့်
## ဆန်းကြယ်သောဝတ္ထုများ

BURMESE CLASSIC .com

ပထမအကြိမ်စုစည်းမှု



www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




နှင့်

ဆန်းကြယ်သော ဝတ္ထုများ

ပထမအကြိမ်စုစည်းမှု

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၇၂၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၀၇၀၅၀၅

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၅၊ ဇူလိုင်လ)
အုပ်ရေ - (၅၀၀)

မျက်နှာဖုံး - ဖေယျာ
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြဲ) (ပ၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၇၀၀ - ကျပ်

# မာတိကာ

၁။ နောက်ကျသော စာကလေးတစ်ကောင် ၁
၂။ စိတ္တဇဆရာဝန် ၁၃
၃။ ခွေးနက်ကြီး ၂၇
၄။ ရုပ်တုတန်ခိုး ၃၇
၅။ လူလိုမျောက်လို ၅၈
၆။ ဆူဇန်နီ ၇၇
၇။ အာဝိဉာဏက သက်သေ ၉၃
၈။ မမြင်ရသော စုတ်ချက် ၁၀၂
၉။ စိတ်ပညာလော၊ စိတ်ထင်တာလော ၁၁၈

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ဈောက်ကျသော စာကလေးတစ်စောင်

အချိန်သည်ကား အိန္ဒိယပြည် လွတ်လပ်ရေး မရသေးမီ နှစ်ပေါင်း ောတ်အကြာက ဖြစ်၏။ နေရာမှာ အနောက်မြောက်ပိုင်း ဒေသဖြစ်၍ အညို ာင် ကျောက်တောင်တန်းကြီးများသည် လူသူကင်းမဲ့လျက် ကျယ်ပြန့်သော ွင်ပြင်ကြီးကို ဝိုင်းရံလျက်ရှိ၏။ ထိုလွင်ပြင်၏ အလယ်ဗဟိုတွင် ခံတပ်ကြီး ာခ်ခုရှိရာ ၎င်းခံတပ်ကြီးကို နံဘေးဝန်းကျင်မှ ခံတပ်ငယ်ပေါင်း ၁၀ ခုခန့် ဝိုင်း လျက် သံဆူးကြိုးများဖြင့် ကာရံထားလေသည်။

ယင်းခံတပ်ကြီးမှာ အနောက်မြောက်ပိုင်းနယ်ခြားဒေသ ခံတပ်ဖြစ်၍ ိန္ဒိယပြည်ပနှင့် ဆက်သွယ်ထား၏။ ထိုလမ်းကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀)ကျော်ကပင် ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်ရာ ခံတပ်မှာမူ ထိုလမ်း ာက်ပြီးနောက် မကြာမီ 'ပထန်' လူမျိုးစုတို့၏ တိုက်ခိုက်ခြင်းတို့မှ ကာကွယ် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

'ရှီဗားဆင်'သည် မဟာရာဂျစ္စတန် ခြေလျင်တပ်သို့ ၁၉၄၀ ခုနှစ်တွင် ဝင်ရောက်ခဲ့သူဖြစ်၏။ တိုင်းပြည်အေးချမ်းသာယာသော အချိန်များ၌မူ သူသည် မိ၏ ဆွေမျိုးသားချင်းများ ရှိရာပထမ သို့မဟုတ် ဒုတိယ 'ဘက်တလီယံ' သို့ ဝင်ရောက်မည်သာဖြစ်၏။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



အာယ်ကြောင့်ဆိုသော် ပထမ ဘက်တလီယန်တွင် သူ၏ဖခင်မှာ ဒုတိယ ဗိုလ်ဖြစ်၍ သူ၏အစ်ကိုမှာ တပ်ခွဲအမှတ် (၂) ဒုတိယ ဘက်တလီယန် စစ်ဘက်တွင် ကုမဒါ ဖြစ်လေသည်။ သို့သော် စစ်ဖြစ်နေချိန် ဖြစ်သဖြင့် ဒီးဗားမှာ ဒင်းဒင်းတပ်များသို့ မဝင်ဖြစ်ဘဲ အလျဉ်းသင့်ရာ (၇) နံပါတ် ဘက်တလီယန် ဘက်သို့ ဝင်ခဲ့ရလေသည်။

ယင်း (၇) နံပါတ် စစ်တပ်မှ ကော်ပိုရယ် ဗိုလ်မှူးကလေးမှာ 'ရာဂျလာဆင်' ခြစ်၍ရှိဗား၏ ရွာမှ ရွာသားတစ်ယောက်ဖြစ်၏။ ရှိဗားနှင့်လည်း အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ယောက် ဖြစ်လေသည်။ ခံတပ်သို့ရောက်၍ တစ်နှစ်ခန့်ကြာသောအခါ သူတို့နှစ်ယောက်စလုံးတွင် ခွင့်များယူရန် ရက်စေ့လာကြ၏။ သို့သော် သူတို့ ခွင့်မသွားမီ ရာဂျလားဆင်မှာ ဟာဗေလ်ဒါအဖြစ် ရာထူးတိုးတက်ခန့်ထားခြင်းခံရပြီးလျှင် ရှိဗားမှာလည်း 'နိုက်' ခေါ် စစ်ဗိုလ်ကလေး ရာထူးကို ရရှိလေသည်။ သို့နှင့် သူတို့နှစ်ယောက်သည် ရွာသို့ခွင့်နှင့် ပြန်ကြရာ ရွာသူရွာသားတို့လည်း သောင်းသောင်းဖျဖျ ဆီးကြိုကြကုန်၏။ အပေါင်းအသင်းမိတ်သင်္ဂဟများကလည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပကာ ကြိုဆိုဧည့်ခံကြကုန်၏။

ရွာသားချင်းလည်းဖြစ်ပြန် စစ်တပ်တစ်တပ်တည်းတွင်လည်း အမှုထမ်းပြန်ဖြစ်ရကား မိတ်ဆွေနှစ်ယောက်တို့၏ အချစ်သည် ရှေ့သို့ ပိုမိုခိုင်မြဲရန်သာ ဖြစ်၏။ သို့သော် 'အမိနာ' ဆိုသူ မိန်းကလေးတစ်ဦးအတွက် သူတို့၏စိတ်တွင် အနှောင့်အယှက်ဝင်၍ လာရလေသည်။

အမိနာဆိုသူမှာ ရွာမှ သူတို့ထွက်မသွားမီအချိန်က ကလေးအရွယ် လူမမယ်အရွယ်မျှသာ ဖြစ်သော်လည်း ယခုရွာသို့ ပြန်ရောက်လာကြသည့် အချိန်၌မူ အပျိုကြီးဖားဖားဖြစ်ကာ ရွာတွင်မိန်းမချော မိန်းမလှ တစ်ယောက်ဖြစ်၍ နေသည်ကို တွေ့ကြရ၏။ ယခင်က ဆံပင်ကျဲကျဲနှင့် ဖုန်ထဲတွင် ကစားနေခဲ့သည့် ကလေးအရွယ် အမိနာသည် ယခု အသက် ၁၅ နှစ် ရှိပြီဖြစ်၍ မိန်းမချော မိန်းမလှကြီး တစ်ယောက် ဖြစ်ကာ ရွာထဲမှ လူပျိုကာလသားတို့ကလည်း ၎င်းအား ပိုးပမ်းလျက် ရှိနေကြလေသည်။ ရှိဗားနှင့် ရာဂျလာ နှစ်ယောက်စလုံးပင် အမိနာအား မြင်လျှင်မြင်ချင်း ချစ်ကြိုက်မိကြလေပြီ။

ရှိဗားနှင့် ရာဂျလာတို့သည် အမိနာ၏ဖခင်အား ပထမဦးစွာသွားရောက် ပြောကြားဦးမည် ဟူသောအကြံမှာ နှစ်ယောက်စလုံး၏ စိတ်ထဲတွင် ဖြစ်ပေါ်လာလျက် ကံဆိုးပုံမှာ နောက်တစ်နေ့၌ သူတို့နှစ်ယောက်စလုံးပင် အမိနာ၏ ဖခင်ကြီးထံသို့ တစ်ချိန်တည်း တစ်နာရီတည်း ရောက်ရှိသွားကြလေသည်။

ရာဂျလာမှာ ရှိဗားထက် အသက်ကြီးသူဖြစ်၍ ဖခင်ကြီးနှင့် ရှေးဦးစွာ တွေ့ဆုံခွင့်ရ၏။ ရှိဗားက နောက်မှ တွေ့ရလေသည်။ သို့သော် အဘိုးကြီး





ကား မည်သူ့အားမျှ မျက်နှာသာမပေး၊ မည်သည့်အရာရှိကိုမျှလည်း ဝန်ခံခြင်းမပြုပေ။ နှစ်ယောက်စလုံးပင် ဂုဏ်ရည်တူများ ဖြစ်ကြ၏။

ရာဂျလာမှာ အတန်ငယ်ရာထူးကြီးသူ ဖြစ်၏။ သို့သော် ယခုကဲ့သို့ ကမ္ဘာစစ်ကြီးဖြစ်စဉ်တွင် ရှိဗားသည် သူ့ထက်ပို၍ ရာထူးတိုးတက်လျှင်လည်း တိုးတက်သွားနိုင်ပေသည်။

သို့နှင့် သူ၏ဆုံးဖြတ်ချက်ကို နားကြားရန် အဘိုးကြီးက နောက်တစ်နေ့ ချိန်းဆိုလိုက်၏။ လူငယ်နှစ်ယောက်တို့ ပြန်သွားကြပြီးနောက် အဘိုးကြီးသည် အမိနာအားခေါ်လိုက်ရာ မကြာမီ အမိနာသည် ဦးခေါင်းကို ရှိသေစွာငုံ့လျက် ရှေ့သို့ ရောက်လာလေသည်။ ထိုအခါ အဘိုးကြီးက –

"ချစ်သမီး၊ ဒီလူငယ်နှစ်ယောက်ဟာ နှစ်ယောက်စလုံး ချမ်းသာတယ် ဆိုလည်း ဟုတ်တယ်။ အခုအခါမှာတော့ တစ်ယောက်ထက် တစ်ယောက် ဘယ်သူကမှ မသာဘူး။ ဒါကြောင့် နက်ဖြန် သူတို့နှစ်ယောက် လာရင် တစ်နှစ်စောင့်ဖို့ ဖခင် ပြောလိုက်မယ်။ နောက်တစ်နှစ်လောက်ကြာရင် ရန်ဂျစ်ဆင်ဟာ အာဖရိကတိုက်က ပြန်လာမှာပဲ။ သူဟာ အခု ခင်ပါရာ ဘုရင်မင်းမြတ်အတွက် အာဖရိကတိုက်မှာ စစ်မှုထမ်းပြီး စစ်တိုက်နေတယ်။ သူ့အဖေဟာလည်း သူတို့ရွာမှာတော့ ချမ်းသာတဲ့ လူတစ်ယောက်ပဲ။ သူနဲ့ နှိုင်းယှဉ်လိုက်ရင် အခုသူတို့နှစ်ယောက်ကတော့ သူတောင်းစားတွေလောက်ပဲ ရှိတယ်"

ဤသို့ ပြောကြားပြီးနောက် အဘိုးကြီးသည် အမိနာ၏ အလှဂုဏ်ကိုသာ ခန်းဝင်ပစ္စည်းအဖြစ် သတို့သားအား လက်ဖွဲ့နိုင်မည်ဖြစ်သော မိမိ၏ အခြေအနေကို ပြန်ပြောင်းစဉ်စားလျက်ရှိ၏။ သို့နှင့် နောက်တစ်နေ့၌ ရှိဗားနှင့် ရာဂျာလာတို့အား နောက်တစ်နှစ်စေ့သောအခါမှ မိမိဆုံးဖြတ်ပေးမည့် အကြောင်း ပြောကြားရာ လူရွယ်နှစ်ယောက်တို့ကလည်း သဘောတူကြတော့၏။ ဤအချိန်များအတွင်း အမိနာကလည်း မိန်းမတို့မာယာဖြင့် ရှိဗားကိုတစ်မျိုး၊ ရာဂျာကို တစ်ဖုံ တစ်ယောက်နှင့်တစ်ယောက် မသင့်မြတ်အောင် လှည့်ပတ်ပြောဆိုလျက် ရှိလေရာ အလွန်ချစ်သော 'ရှိဗားဆင်' နှင့် 'ရာဂျာဆင်' သူငယ်ချင်းနှစ်ယောက်တို့မှာ ရင်းနှီးသော မိတ်ဆွေသူငယ်ချင်း အဖြစ်မှ ထူးတူးခါးခါး မုန်းတီးသော ရန်သူအဖြစ်သို့ ပြောင်းသွားလေတော့၏။ ဤသို့လျှင် 'မထန်ဘာ' မြို့သို့ ရောက်ရှိကြသောအခါ အလွဲမရှောင်သာသော အလုပ်ဝတ္တရားမှ လွဲ၍ တစ်ယောက်နှင့်တစ်ယောက် တတ်နိုင်သမျှ ရှောင်ရှားခဲ့ကြလေသည်။

သို့သော် ရာဂျာသည် ရှိဗားအား အလုပ်ဝတ္တရားအပြင်၌ ရှောင်ရှားရုံသာမက အလုပ်၌ပင် တစ်မျိုးတစ်ဖုံ ဒုက္ခပေးရန် အကောက်ဉာဏ်ဆင်တတ်လေသည်။ အမျိုးမျိုးသော အကြောင်းဖြင့် ရာဂျလာသည် ရှိဗားအား စစ်တပ်အုပ်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်သူ ဗိုလ်မှူးထံသို့ အပြစ်ရှာ၍ အကြိမ်ကြိမ်ပို့ခဲ့၏။ ရှီဗားကား (၆) လခန့်မျှ တစ်စုံတစ်ရာ ပြန်မပြောဘဲ ကျိတ်မှိတ်သည်းခံ၍နေခဲ့၏။ သို့သော် နောက်ဆုံး တစ်နေ့တွင် သည်းမခံနိုင်သည့် အခြေသို့ ရောက်ရှိခဲ့လေသည်။

ရာဂျူလာပေးသော အမိန့်တစ်ခုမှာ သည်းမခံနိုင်လောက်အောင် ရှိသဖြင့် ရှီဗားသည် အရူးတစ်ယောက်ကဲ့သို့ အမိန့်ကို မနာခံဘဲ ပြန်၍ ငေါက်ငန်း ဟောက်လိုက်လေသည်။ နောက်တစ်နေ့၌ အထက်လူကြီး၏ အမိန့်ကို မနာခံမှုဖြင့် ရှီဗားအား စွဲဆို၍ ထုချေစေပြီးလျှင် တစ်ချိန်တည်း၌ပင် ရာထူးမှ ချက်ချင်း လျှော့ချလိုက်လေသည်။

ရာဂျူလာ၏ အကြံကား ကောင်းစွာ အောင်မြင်ခဲ့လေပြီ။ နောက် အကြိမ် အခွင့်စေ၍ ရွာသို့ပြန်ရောက်ကြလျှင် မည်သူက မည်သူ့ထက်သာကြောင်း အမီနာ၏ ဖခင်ကြီးဆုံးဖြတ်နိုင်တော့မည်။

ထိုအချိန်မှစ၍ ရှီဗားသည် ယခင်ကကဲ့သို့ ပျော်ပျော်ရွှင်ရွှင် မရှိတော့ဘဲ ဆိတ်ငြိမ်ရာ နေရာများတွင် တစ်ကိုယ်တည်း ငေးမှိုင်တွေဝေကာ စကားမပြောလိုသော နေတတ်၏။ စစ်တပ်တွင် အပေါင်းအသင်း ကောင်း၍ ဖော်ရွေသော စစ်သားတစ်ယောက်အဖြစ်မှ အပေါင်းအသင်းရခက်သော ခွကျသည့် စစ်သား တစ်ယောက်အဖြစ်သို့ ပြောင်းသွားတော့သည်။

ရာဂျူလာ၏အကြံမှာ အောင်မြင်ခဲ့၍ သူသည် အစဉ်အလာအတိုင်း ခွင့်ယူပြီးလျှင် ရွာသို့ပြန်ခဲ့လေ၏။ ရွာသို့ရောက်သောအခါ စစ်တပ်၌ ရှီဗားသည် မည့်သို့ချည်ပုံ ကျင့်ကြံသဖြင့် ရာထူးမှ လျှော့ချခြင်း ခံရကြောင်းများကို 'တစ်စိတ်တစ်အိတ်' လုပ်ကာ ပြောပြလေ၏။ ထိုအခါ အမီနာ၏ဖခင်မှာ ရာဂျူအား ယခင်ကထက် လောကွက်ပျူငှါ ဆက်ဆံပြီးလျှင် ၎င်းတို့အားလည်း လက်ထပ်ရန် သဘောတူညီလေသည်။ သို့သော် အမျိုးမျိုးသော ဥပါယ်တမည်ကို သုံးကာ သမီးဖြစ်သူ အမီနာအား လောလောဆယ် မပေးသေးဘဲ နောက်ထပ် တစ်နှစ် စောင့်ဆိုင်းရန် ရက်ချိန်းပေးပြန်လေသည်။ သို့ပြုလုပ်ခြင်းမှာလည်း သဘောထူသော 'ရန်ဂျစ်ချန်'သည် အာဖရိကမှ မပြန်သေးသဖြင့် တစ်မျိုးတစ်မည် ဉာဏ်ထုတ်ကာ စောင့်ဆိုင်းနေခြင်း ဖြစ်လေသည်။

ဤအကြောင်းကို မသိရှာသော ရာဂျူလာသည် ပထန်ဘာမြို့ စစ်တပ်သို့ ပြန်ရောက်သောအခါ ရှီဗားအပေါ်တွင် အသားယူ၍ဝင့်ကြွားနိုင်ပေတော့မည်။

ဇူလိုင်လ အလယ်လောက်သို့ ရောက်သောအခါ ရာဂျူလာအပေါ်တွင် ရွံရှာမုန်းတီးခဲ့သော ရှီဗား၏စိတ်များသည် အမြင့်ဆုံးဒီဂရီသို့ ရောက်၍လာတော့၏။ ဘုရားသခင်က ရာဂျူလာအပေါ်တွင် လက်စားမချေနိုင်က မိမိကိုယ်တိုင် ချေမည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။





တစ်နေ့တွင် စစ်တပ်၌ သေနတ်ပစ်လေ့ကျင့်ရာတွင် ရှီဗားသည် လက်ချော်၍ အမှတ်များ အတော်ပင် နည်းလျက်ရှိရာ ထိုအချက်ကို ကြောင်းပြုပြီးလျှင် ရာဂျူလာနှင့် ကတောက်ကဆ ဖြစ်ခဲ့၏။ သေနတ်ပစ်ချိန်ပြီးသောအခါ ရာဂျူလာသည် စစ်သားများအား မိမိတို့သေနတ်များကို စစ်ဆေးမည်ဖြစ်၍ စင်ကြယ်စွာ သုတ်သင်ထားရန် အမိန့်ပေး၏။ ရှီဗားမှာ စိတ်ထဲတွင် အခံရခက်နေသည့် အချိန်ဖြစ်သဖြင့် ကောင်းစွာ မပွတ်တိုက်ဘဲ ပေါ့ပေါ့ဆဆပင် နေလိုက်မိ၏။ ထိုအကြောင်းကို စစ်တပ်အုပ်ချုပ်သူ ဂျမဒါက တွေ့ရှိသောအခါ နောက်ထပ် စင်ကြယ်စွာ ပွတ်တိုက်ရန် ရှီဗားအား အမိန့်ပေးလေသည်။

ထိုအချိန်မှာ ညစာ စားသောက်ချိန်ဖြစ်၍ ရှီဗားသည် သေနတ်ကို တိုက်နေရသဖြင့် မလာရောက်နိုင်ဘဲရှိရာ မည်သူမျှ ၎င်းအတွက် အစားအစာ အနည်းငယ်မျှ ချန်ထားရန် သတိမရကြချေ။ ရှီဗား ရောက်လာသောအခါ အကြွင်းအကျန်များသာ စားသောက်ရသဖြင့် ရှီဗားမှာ မီးလောင်ရာလေပင့်သကဲ့သို့ ယခင်ကထက် ဒေါသထွက်၍ လာခဲ့လေသည်။

ထိုညဉ့်၌ ရှီဗားသည် ကောင်းစွာ အိပ်မပျော်ဘဲ မိမိအပေါ်တွင် မခံချိခံသာ ဖြစ်ခဲ့ရသော ခံရချက်များကိုသာ တနုံ့နုံ့စဉ်းစား၍နေမိတော့၏။ သူသည် အိပ်နိုင်ဘဲ တလူးလူး တလွန့်လွန့်ရှိရာမှ ရုတ်တရက် အိပ်ရာမှ ထလိုက်၏။ ထို့နောက် သူ၏ ရိုင်ဖယ်ကို ယမ်းတောင့်များ ထိုးပြီးလျှင် မိမိ အိပ်ခန်းရှိရာ စစ်တန်းလျားမှ ဖြည်းညှင်းစွာ ထွက်လာခဲ့၏။ ထိုအချိန်၌သူ၏ ကိုယ်ပေါ်တွင် သန်ကွတ်တီကလေးမျှသာ ဝတ်လျက်ရှိလေသည်။

ရာဂျူလာ၏ အခန်းရှေ့သို့ ရောက်သောအခါ သူသည် ဒေါသကို ချုပ်တည်းနိုင်တော့ဘဲ ကျယ်လောင်စွာ ဟစ်အော်ကာ တံခါးကိုဖွင့်၍ အတွင်းသို့ဝင်လိုက်၏။ ထိုအခန်းမှာ ရာဂျူလာသည် အခြား ဟာဗေလဒါ ဗိုလ်ကလေး 'ဗင်ဒပ်' နှင့် အတူနေထိုင်ခဲ့သော အခန်းဖြစ်လေသည်။ လူနှစ်ယောက်တို့သည် ရုတ်တရက် နိုးလာပြီးလျှင် အခန်းဝ၌ သေနတ်ကို ဝင့်ကြွားကိုင်ဆောင်ကာ ဒေါသမာန်ကြီး ရပ်နေသော ရှီဗားကို တွေ့မြင်ရ၏။ ရှီဗားသည် စိတ်အားထက်သန်လွန်းလှသဖြင့် ပါးစပ်မှ သွားရည်များယိုကျကာ "ဟေး ... ရာဂျူလာ၊ ထဟေ့ ... မင်း အချိန်ရောက်ပြီကွဲ့" ဟု ဟစ်အော်ပြောဆိုလိုက်၏။

ရာဂျူလာသည် ရှီဗား ကိုင်ထားသော သေနတ်ကို ခုန်၍ဆွဲလိုက်၏။ ဗင်ဒပ်ကလည်း ရာဂျူလာကဲ့သို့ပင် အလားတူ လျှင်မြန်လှ၏။ သို့သော် ရှီဗားသည် ဟက်ဟက်ပက်ပက် တစ်ချက် ရယ်မောလိုက်ပြီးလျှင် သေနတ်မောင်းကို ဖြုတ်လိုက်လေသည်။ ကျည်ဆံသည် ရာဂျူလာ၏ လက်မောင်းရင်းကို စိုက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



တာ အရိုးကို ကြေမွသွားစေပြီးနောက် ၎င်းမှတစ်ဖန် ဂိုဗင်ဒပ်၏ နှလုံးသားကို ဖောက်ထွင်းသွားလေ၏။

နောက်တစ်နေ့မှာ ဇူလိုင်လ ၁၆ ရက်နေ့ ဖြစ်၍ ၇ နံပါတ် စစ်တပ် အုပ်ချုပ်သူ အရာရှိထံသို့ 'ပထန်ဇာ' တပ်စခန်းမှ အောက်ပါအတိုင်း ရေဒီယို သတင်းတစ်ခုရရှိ၏။ ထိုသတင်းကိုလည်း ဂိုဗင်ဒပ်၏ မှုဆိုးမဖြစ်သူထံ အကြောင်းကြားရန် မေတ္တာရပ်ခံချက်လည်း ပါရှိလေသည်။ ထိုသတင်းမှာ ဤသို့ ဖြစ်၏။

"အမှုကိုစစ်ဆေးမည့်ရုံး ယနေ့ထိုင်သည်။ လူသတ်မှု ဖြစ်နိုင်လောက် သည့် အကြောင်းအချက်များ ယနေ့တွေ့ရ၍ ဂျီစီအမ်အား သက်သေအဖြစ် လိုအပ်သည်။ လွှဲပြောင်းရန် အမှုကို ဤတွင် စစ်ဆေးမည်"

နောက်တစ်နာရီခန့် ကြာသောအခါ ကာနယ်ထံမှ လျှို့ဝှက်သတင်း အဖြစ် စကားဝှက်ဖြင့် ပေးပို့လိုက်သော သတင်းတစ်ခု ရရှိ၏။ ထိုသတင်း၏ အဆိုမှာ ပထန် လူမျိုးစု လူတစ်စုသည် စစ်တပ်ကို လာရောက်တိုက်ခိုက်လိမ့် မည် ထင်ရကြောင်း၊ သို့ဖြစ်၍ စစ်တပ်တစ်တပ်လုံးသည် နယ်ခြားကင်းတပ်ကို အင်အား ဖြည့်တင်းရန် အမြန်ချီတက်ရမည် ဖြစ်ကြောင်း၊ ရှီဗား၏ အမှုတွင် လည်း ကာနယ်ကိုယ်တိုင် နံ့သမာဓိအဖြစ် ရုံးတိုင်မည်ဖြစ်ကြောင်း။

သို့နှင့် စစ်တပ်ကြီးရှိရာ ခံတပ်တွင် အုပ်ချုပ်သူ ကာနယ်သည် ရှီဗား၏ အမှု၌ အောက်ရုံးတွင် စုံစမ်းစစ်ဆေးခဲ့သော အမှုတွဲကို လေ့လာလိုက် ရှိရာ စစ်ခုံရုံးသို့ ပို့ရန် လုံလောက်သော အကြောင်းအချက်များကို တွေ့ရ၏။ အမှုတွဲ ၏ နောက်ဆုံးမှတ်ချက်တွင် တရားခံ ရှီဗားသည် သူ၏ဖခင် နံပါတ် (၁) စစ်တပ် အုပ်ချုပ်သူ ဆူဗေဒါမေဂျာ 'ရာအိုဆင်'အား အာဖရိကမြောက်ပိုင်းမှ ခေါ်ယူ၍ သူ၏အမှုကို ကာကွယ်ပေးရန် တောင်းပန်ပါသည်ဟု အတိုချုပ်ရေးသားပါရှိ လေသည်။

ဇူလိုင်လ ၂၂ ရက်နေ့တွင် ရှီဗား၏ဖခင် ရာအိုဆင်သည် ဒေလီမြို့သို့ လေယာဉ်ပျံဖြင့် မလာမီ သူ၏သားအကြီးဖြစ်သူ 'နာရန္ဒရာ'ထံသို့ သူသည် ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ ရက်သတ္တနှစ်ပတ်ခန့် အခွင့်ယူပြီးလျှင် ၎င်းနှင့်အတူ 'ကေရို' မြို့သို့သွားရန် ချိန်းဆိုထားခြင်းမှာ အကယ်၍သွားလျှင် ပြန်လာရန် အချိန်မမီကြောင်း၊ သို့ဖြစ်၍ မသွားဖြစ်ကြောင်းဖြင့် စာရေးလိုက်၏။ ဤသို့ဖြင့် နာရန္ဒရာသည်လည်း သူ၏ခွင့်ရက်ကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရ၏။

ဇူလိုင်လ ၂၇ ရက်နေ့သို့ ရောက်သောအခါ ရှီဗားအပေါ်တွင် စွဲဆို ထားသော လူသတ်မှုကို စစ်ဆေးရန် ခုံရုံးစ၍ထိုင်လေ၏။ သားဖြစ်သူအား ကူညီရန် ရောက်လာသော ရှီဗား၏ ဖခင်ကြီး 'ရာအိုဆင်' သည် ရုံးတော်အား





အရိုအသေပြုပြီးနောက် တည်ငြိမ်လေးနက်သောအသံဖြင့် အောက်ပါအတိုင်း လျှောက်ထားလေသည်။

ကျွန်ုပ်သည် သားဖြစ်သူ ရှီဗားအား ဤအမှုတွင် 'ဟာဗေလဒါဂိုဒင်ဗပ်' ကို သတ်ဖြတ်မှု၌ အပြစ်ရှိကြောင်း ဝန်ခံရန် အကြံပေးပါသည်။ သူ ပစ်ခတ်လိုက် သော သေနတ်မှ ကျည်ဆံသည် ဂိုဗင်ဒပ်၏ နှလုံးသားကို ဖောက်ထွင်းသွားခြင်း မှာ အမှန်ဖြစ်ပါသည်။ သေနတ်မောင်းပြုတ်သော လက်သည် ရှီဗား၏လက်ပင် ဖြစ်ပါသည်။ အခြားသူတစ်ယောက်အား ပစ်ရန် ကြံရွယ်ပါသည် ဆိုရုံမျှနှင့် လူသတ်မှုကို မကျူးလွန်ဟု မဆိုနိုင်ပါ။ သို့သော် ကျွန်ုပ်၏ ပြောဆိုအကြံပေးချက် ကို ကြားနာပြီးနောက် ရုံးမင်းသခင်များသည် တရားခံ၏အသက်ကို ချမ်းသာပေး ရန် ဆုံးဖြတ်ကြဖို့ လေးနက်စွာ ကျွန်ုပ် မေတ္တာရပ်ခံပါသည်။

သို့သော် အမှုတွင် အပြစ်ကို တရားခံအပေါ်၌သာမဟုတ် အလွန်လှပ သော မိန်းမချောကလေး တစ်ယောက်အပေါ်၌လည်း အပြစ်ရှိသည်ဟု ဆိုရပါ မည်။

ရာအိုဆင်သည် သူ့သား ရှီဗား၏ အချစ်ဇာတ်လမ်းကလေးကို ရုံးထိုင် တရားသူကြီးများအား ဝမ်းနည်းစွာဖြင့် ပြောပြလေသည်။ ယင်းပြောပြချက်တို့မှာ ရှီဗား၏ အမှုထမ်းစာအုပ်ပေါ်ရှိ မှတ်ချက်များနှင့် အခြားအသေးအဖွဲ အချက် အလက်ကလေးများနှင့် ကိုက်ညီလျက် ရှိလေသည်။ ထို့နောက် ရာအိုဆင်က ဆက်လက်၍ –

"ဤသို့ဖြင့် ရုံးထိုင်သခင်များအား ကျွန်ုပ် လျှောက်ထားပြောဆိုပါ သည်။ နောက်ပြောရန် အချက် တစ်ချက်လည်း ရှိပါသေးသည်။ အမှန်သော် ဤအမှုတွင် စာအုပ်များဖြင့် ရေးထားသော အစိုးရ ဥပဒေအရ ကျွန်ုပ်၏သား ရှီဗားသည် အပြစ်ရှိပါသည်။ သို့သော် တရားနည်းလမ်းအမှန်အားဖြင့်မူ ဂိုဗင်ဒပ် သေဆုံးသည်မှာ ရာဂျလာ၏ အပြစ်ပင်ဖြစ်ပါသည်။ ဤမျှပင် ကျွန်ုပ် လျှောက် ထားပါသည်။

ရာအိုဆင်၏ လျှောက်ထားချက် ပြီးဆုံးသောအခါ –

ရုံးတော်က စီရင်ချက်ချရန် နောက်တစ်နေ့သို့ ချိန်းဆိုလိုက်၏။

နောက်တစ်နေ့ နံနက်၌ ရှီဗားနှင့် သူ၏ ဖခင်ကြီးသည် ရုံးတော်၌ အမိန့်ကို နာခံရန် ဆိတ်ငြိမ်စွာ ရပ်လျက်ရှိ၏။ ၎င်းတို့၏ မျက်နှာများမှာ ကြောင့် ကျစိုးရိမ်ခြင်းဖြင့် ညှိုးငယ်နွမ်းလျလျက်ရှိ၏။

ကာနယ်သည် တည်ငြိမ်လေးနက်သောအသံဖြင့် အောက်ပါအတိုင်း အမိန့်ချမှတ်လေသည်။

"စစ်ဗာရိရှီဗားဆင် နားကြားလော့ ... ဤရုံးတော်က သင်သည်



www.burmeseclassic.com

www.burmeseclassic.com



တာဘေယဒါဂိုဗင်ဒပ် အားသတ်မှုဖြင့် အပြစ်ရှိသည်ဟု ယူဆသင့်သည်။ သို့သော် သင်၏ခေါင်းဖြစ်သူ ဆူဆေဒါမေကျာရာအိုဆင်က သင်သည် ပြစ်မှု ကျူးလွန်စဉ်အခါ က အလွန်အကျွံ ဒေါသထွက်နေသည့်အတွက် သင်၏ ပြုလုပ်ချက်များသည် တန့်တာရာ တာဝန်မရှိ၊ အပြစ်ကင်းကြောင်းဖြင့် ကျွန်ုပ်တို့အား လျှောက်ထား၏။ သို့ဖြစ်၍ သင့်အား ဂုဏ်သရေကင်းမဲ့စွာဖြင့် ဤစစ်တပ်မှ ထုတ်ပယ်ပစ်လိုက်ပြီး နောက် အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၅ နှစ်ကျခံစေရန်၊ သင့်ဖခင်ကြီးကိုလည်း သင်၏ အသက်ချမ်းသာရာရမှုအတွက် ကျေးဇူးတင်ရန် ဤခုံရုံးမှ အမိန့်ချမှတ်လိုက်သည်။

ရာအိုဆင်သည် သူ တည်းခိုသော တည်းခိုခန်းသို့ ရောက်သောအခါ မိမိသားဖြစ်သူ ရှိဗားနှင့်ပတ်သက်၍ 'ရာဂျလာ' အပေါ်တွင် မလိုမုန်းတီးစိတ်များ တဖွားဖွား ပေါ်လျက်ရှိ၏။ သို့သော် စိတ်ရောကိုယ်ပါ လုပ်လိုက်က သွေးထွက်သံယိုမှုများ နောက်ထပ် ဖြစ်ပေါ်လာပေမည်။ မိမိ၏ ဂုဏ်သရေသာမက သားအကြီး နာရန္ဒရာ၏ ဂုဏ်ကိုပါ ထိခိုက်မည်ဟု ယူဆကာ ဒေါသကို ချုပ်တည်း၍ ထားရလေသည်။

သူသည် မိမိရေးယောင်းနှောင်းဖြစ်များကိုလည်းကောင်း၊ ရှိဗားဆင်၏ ကံကြမ္မာကိုလည်းကောင်း စဉ်းစားကာ တစ်ယောက်တည်း ထိုင်လျက်ရှိ၏။ သို့ရှိစဉ် အော်ဒလီတစ်ယောက် ဝင်လာပြီးနောက် ကာနယ်က သူ၏ ဗိုလ်တဲသို့ ခေတ္တလာရောက်ရန် ခေါ်ငင်ကြောင်းဖြင့် ပြောဆိုလေသည်။

ဗိုလ်တဲသို့ရောက်သောအခါ ကာနယ်သည် ကုလားထိုင်တစ်လုံးပေါ်၌ ခပ်မှိုမှိုထိုင်၍ နေသည်ကိုတွေ့ရ၏။ သူ၏ မျက်နှာမှာလည်း မကောင်းလှချေ။ ရာအိုဆင် ဝင်လာသောအခါ ကာနယ်က နှုတ်ဆက်၍ ပြလိုက်သဖြင့် ရာအိုဆင် လည်းအနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်၍ထိုင်လိုက်၏။ ထို့နောက် ကာနယ် သည် မပြောချင်ပြောချင် အမူအရာဖြင့် –

"ဒီမှာ မိတ်ဆွေကြီး ... မိတ်ဆွေကြီးအတွက် မကောင်းသတင်းတစ်ခု ပြောစရာရှိပါတယ်။ ဒီသတင်းကတော့ တခြား မဟုတ်ဘူး၊ ကျွန်ုပ်တို့တပ်ရင်းက ပို့လိုက်တဲ့သတင်းပဲ။ လွန်ခဲ့တဲ့ ၃ ရက်က တပ်ခွဲအမှတ် (၂) ဟာ ကင်းလှည့်တဲ့ အခါ ရန်သူနဲ့ တိုက်ပွဲကလေးဖြစ်လို့ အဲဒီတိုက်ပွဲကလေးမှာ ကျွန်ုပ်တို့ဘက်က တချို့စစ်သားများ ကျဆုံးသွားပါတယ်။ အဲဒီတချို့စစ်သားထဲမှာ ..."

စကားမဆုံးမီ ရာအိုဆင်သည် တစ်စုံတစ်ရာ ဟစ်အော်ကာ နေရာမှ ခုန်ထလိုက်၏။

"အဲဒီတချို့စစ်သားထဲမှာ ကျွန်ုပ်သား နာရန္ဒရာပါတယ်လို့ ဆိုလိုသလား ကာနယ် ... ဟုတ်လား ..."





ကာနယ်သည် ညှိုးငယ်သော မျက်နှာဖြင့် ဦးခေါင်းကို ညင်သာစွာ ညိတ်လိုက်၏။ ထိုအခါ၌ ရာအိုဆင်မှာ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးရှာလေတော့၏။

"အာဖရိကတိုက်မှာ အမှုထမ်းပြီးအခုသေရတဲ့ ကျွန်ုပ်ရဲ့သား နာရန္ဒရာ ဟာ လွန်ခဲ့တဲ့ ၁၀ ရက်လောက်ကတည်းက ကျွန်ုပ်နဲ့အတူ အခွင့်ယူပြီး ကေရိမြို့ ကို အလည်အပတ် သွားကြဖို့ပါပဲ ကာနယ်။ အခုတော့ ..."

လာအိုဆင်သည် မျက်ရည်ဆက်လက်ဖြင့် ကာနယ်ထံမှ ထွက်လာခဲ့လေ၏။

နေသည် အနောက်ဘက် တောင်တန်းများတွင် တဖြည်းဖြည်း ပျောက်ကွယ်သွားလေ၏။ ရာအိုဆင်သည် ခြေကုန်လက်ပန်းကျသောသူ တစ်ယောက်ကဲ့သို့ သူ၏ တည်းခိုစခန်း၌ ထိုင်ကာ 'ရာဂျလာ'၏ အကြောင်းကို အဖန်တလဲလဲ စဉ်းစားလျက်ရှိလေ၏။ အကယ်၍ ရာဂျလာသည် ရှိဗားအား အမျိုးမျိုး ဒေါသထွက်အောင် မလုပ်ခဲ့လျှင် နာရန္ဒရာသည် အသက်ရှင်၍ နေပေလိမ့်မည်။

ရာဂျလာကြောင့်သာ သူ၏သားငယ် နာရန္ဒရာ သေဆုံးရလေခြင်း ဟု စိတ်ထဲတွင် တနုံ့နုံ့ အောက်မေ့ကာ ရာအိုဆင်သည် သူ၏ကျောပိုးလွယ်အိတ်ထဲမှ အသွားခပ်ကောက်ကောက် ရှိနေသော ဓားမြှောင်တစ်လက်ကို ထုတ်ယူလိုက်၏။ သို့သော် အချိန်စောသေးသည်နှင့် စစ်တပ်တစ်တပ်လုံး အိပ်ပျော်၍ ဆိတ်ငြိမ်သွားသည်အထိ (၅) နာရီလုံးလုံး စိတ်ရှည်လက်ရှည် စောင့်ဆိုင်းလျက် ရှိလေသည်။ ထို့နောက် အိပ်ရာမှ အသံမကြားအောင် ထပြီးလျှင် ရာဂျလာ နေသော စစ်တာန်းလျားဆီသို့ ခြေသံမကြားအောင် လျှောက်သွားလေသည်။

အချိန်မှာ ၁၁ နာရီ ကျော်ကျော်ခန့်မျှ ရှိပြီးဖြစ်၍ စစ်တပ်တစ်တပ်လုံး အိပ်ပျော်ရှိန်ဖြစ်သည့်အတိုင်း အလွန်တိတ်ဆိတ် ငြိမ်သက်လျက် ရှိ၏။

ရာဂျလာသည် မိမိအပေါ်တွင် စွပ်စွဲထားသည်များကို မည်ကဲ့သို့ ပြန်လည်ချေပရပါအံ့နည်းဟု တွေးတောပူပန်ကာ ရတ်တရက် အိပ်မပျော်သေး သဖြင့် လွန်ခဲ့သော တစ်နာရီခန့်ကပင် အိပ်ရာမှထခဲ့ပြီးလျှင် စစ်တပ်၏ မြောက်ဖင်ပေါ်သို့ တက်ခဲ့လေ၏။ ထို့နောက် ခံတပ်၏ နံရံသားပတ်လည်တွင် ရှိသော စင်္ကြံကိုလျှောက်ကာ တစ်နေရာတွင် ထိုင်ရင်း မိမိအကြောင်းများကို စဉ်းစားလျက် ရှိနေလေသည်။

ခံတပ်အပြင်ရှိ ဆူးကြိုးများ ကာရံထားသော စည်းဝိုင်းနှင့်ဂိုက် (၁၁) ခန့်ဝေးသော နေရာ တစ်နေရာတွင် မြောင်းကလေးတစ်ခုရှိရာ ထိုမြောင်းထဲတွင် ပထန် (၅) ယောက်တို့သည် သူတို့ ပြုလုပ်နေကျဖြစ်သော အလုပ်ကို လုပ်ရန်

www.burmeseclassic.com



စောင့်ဆိုင်းလျက်ရှိနေကြ၏။ သူတို့၏အလုပ်မှာ အကြီးအကဲဖြစ်သူက အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့ မျှော်မှန်းတွက်ချက်ထားသော နေရာတစ်နေရာသို့ လူတစ်ယောက်လျှင် ၄-၅-၆ ချက်ခန့် သေနတ်ဖြင့် တရစပ် ပစ်သွင်းလိုက်ရ၏။ အကယ်၍ တစ်စုံတစ်ရာ လဲကျသံသော်လည်းကောင်း၊ မှန်များကွဲရှသံသော်လည်းကောင်း၊ လူတစ်ယောက်၏ နာကျင်စွာ ဟစ်အော်လိုက်သံကိုသော်လည်းကောင်း ကြားရခဲ့လျှင် သူငို့၏အလုပ်အောင်မြင်သည်ဟု ယူဆလေသည်။

ရာဂျလာနေသော အခန်းမှာ ထိုမျှော်ခင်းကို ဖြတ်၍သွားရသဖြင့် အဘိုးကြီး ရာအိုဆင်သည် ထိုမျှော်စင်ခြေရင်းကို ဖြတ်သွားသည့်အချိန်၌ ပထန်လူစုကလေး၏ အကြီးအကဲသည် သေနတ်များပစ်ရန် အထိမ်းအမှတ် ပြလိုက်၏။ "ဒိုင်း-ဒိုင်း-ဒိုင်း" ဟူသော မြည်သံများသည် နေရာအနှံ့အပြားမှ ထွက်ပေါ်လာပြီးနောက် ရုတ်တရက် တိတ်တိတ်ဆိတ်ဆိတ် ရပ်သွားလေသည်။ ထိုအချိန်၌ သောင်းကျန်းသူ လူမျိုးစုများဖြစ်သော ပထန်လူမျိုး ၅ ယောက်တို့သည် ထွက်ပြေးကြလေကုန်ပြီ။ သို့သော် ၄င်းနှင့် တစ်ချိန်တည်းလိုပင် အပေါ်မှ လူတစ်ယောက်၏ အော်သံကဲ့သို့ စူးရှစွာ အော်လိုက်သော အသံတစ်သံသည် မွေးရာသီ၏ ပုလောင်စွာ တိုက်ခတ်လျက်ရှိသော လေထဲတွင် ပါလာသဖြင့် ခပ်ဝေးဝေးမှပင် ကြားလိုက်ရ၏။

ရာအိုဆင်သည်လည်း ထိုအသံကိုပင်သူ၏ အပေါ်နားဆီမှ ကြားလိုက်ရ၏။ ၄င်းနှင့် တစ်ချိန်တည်း၌ပင် လူတစ်ယောက်၏ ကိုယ်ကြီးသည် အပေါ်မှ ရုတ်တရက် ကျလာသဖြင့် ရာအိုဆင်သည် ထိုနေရာမှ လျင်မြန်စွာ ခုန်ပေါက်တိမ်းရှောင်လိုက်ရ၏။ အပေါ်မှ လူတစ်ယောက်ကျလာပြီးလျှင် သူ၏ ခြေရင်း၌ အလျားမှောက်စန့်စန့်ကြီး သေနေပေပြီ။ ချက်ချင်းလိုပင် ၄င်းအနီးမှ တခါးတစ်ချပ် ပွင့်လာပြီးလျှင် အတွင်းမှ မီးရောင်တစ်ခု တိုးထွက်လာသည်ကိုလည်း မြင်လိုက်ရ၏။ အမှောင်ထုအတွင်းသို့ ထိုးထွက်လာသော ထိုအလင်းရောင်ဖြင့် အထက်ပါအတိုင်း လူတစ်ယောက် သေဆုံးနေသည်ကို ရာအိုဆင် မြင်လိုက်ရခြင်း ဖြစ်လေသည်။

ရာအိုဆင်သည် မှောင်အရိပ်တစ်ခုအတွင်းသို့ဝင်ရောက် တိမ်းရှောင်လိုက်ကာ ရှေ့သို့ မတိုးတော့ဘဲ သူ၏တည်းခိုရာစခန်းသို့ လှည့်၍ပြန်ခဲ့လေ၏။

နောက်တစ်နေ့နံနက်၌ ရာအိုဆင်သည် သူ၏စစ်တပ်ရှိရာ မြို့သို့ လေယာဉ်ပျံဖြင့် ပြန်တော့မည်ဖြစ်ရာ ကာနယ်သည် သူ၏မိတ်ဆွေ ဆူဗေဒါမေဂျာရာအိုဆင်အား လေယာဉ်ပျံရှိရာသို့ လိုက်၍ပို့သည်။ ထိုအခါ ကာနယ်က ယမန်နေ့ညဉ့်က ရာဂျလာသည် ခံတပ်စကြံတစ်နေရာ၌ အချိန်မတော် တစ်ယောက်တည်း





ထိုင်လျက်ရှိစဉ် သောင်းကျန်းသူများက သေနတ်နှင့် ချောင်းပစ်ခတ်သဖြင့် သေဆုံးသွားကြောင်း ပြောပြလေ၏။ သို့သော် ရာအိုဆင်က တစ်စုံတစ်ရာ အံ့ဩသော အမူအရာမပြဘဲ "အင်း ... ဘုရားသခင်ဟာ တရားမှန်ကန်ပါတယ် ကာနယ်" ဟု တစ်ခွန်းသာ ပြန်၍ ပြောပြီးလျှင် လေယာဉ်ပေါ်သို့ ဣန္ဒြေရစွာ တက်သွားလေသည်။ သူတို့နှစ်ဦးသည် ဝမ်းနည်းကြေကွဲစွာ တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြပြီးနောက် ရာအိုဆင်သည် လေယာဉ်ပျံပေါ်သို့ တက်သွား၏။

ထိုအချိန်၌ လေယာဉ်မောင်းသမားသည် ကာနယ်နောက်မှပါလာသော ၄င်း၏အော်ဒလီအား ချိပ်ပိတ်ထားသော အထုပ်တစ်ထုပ်ကို ပေးလေရာ မကြာမီပင် လေယာဉ်ပျံသည် စစ်စခန်းမှ ထွက်ခွာသွားလေသည်။ သူ၏အလုပ်ရုံးသို့ ပြန်ရောက်သောအခါ ကာနယ်သည် လေယာဉ်မောင်းသမားပေးခဲ့သော အထုပ်ကို ဖွင့်ကြည့်ရာ စစ်တပ်နှင့်ပတ်သက်သော သတင်း ဆိုင်ရာစာရွက် ၄-၅ ရွက်အပြင် သူ၏ နာမည်တပ်ထားသော စာနှစ်စောင်ကိုတွေ့ရ၏။ ထိုစာနှစ်စောင်အနက် တစ်စောင်မှာ မိတ်ဆွေတစ်ယောက်ထံမှ စာဖြစ်၍ အခြားတစ်စောင်ကိုမူ လက်ရေးကိုမျှ မမြင်ဖူးချေ။ လက်ရေးမှာ အလွန်ညံ့ဖျင်းရုံမျှမက မသေမသပ်ရှိနေပြီးလျှင် နာမည်နှင့်တကွ လိပ်စာပါ အမှားမှား အယွင်းယွင်း တပ်ထား၏။ စာတိုက်တံဆိပ်များမှာလည်း ကာလကတ္တား၊ ဘုံဘေ၊ မဒရပ်၊ လာဟိုး၊ ဒေလီ စသည်ဖြင့် အိန္ဒိယနိုင်ငံရှိ မြို့ကြီးတိုင်းလိုလိုသို့ပင် အနှံ့အပြား ရောက်ရှိခဲ့ပြီးနောက် နောက်ဆုံးတွင်မှ မိမိထံသို့ အမှန်အကန် ဖြောင့်တန်းစွာ ရောက်ရှိလာကြောင်း သိရ၏။ မူလစာထည့်သော စာတိုက်ရက်စွဲမှာ မေလရက်စွဲ ဖြစ်၏။ ကာနယ်သည် စာအိတ်ကို လျင်မြန်စွာ ဖောက်လိုက်ပြီးလျှင် အတွင်းမှ စာကိုဖတ်လေ၏။ စာကိုဖတ်ပြီးသောအခါ သူသည် စားပွဲရှေ့ရှိ ဆေးဖြူသုတ်ထားသော အုတ်နံရံကို ငေးမောကြည့်ရှုကာ အတန်ကြာမျှ တွေဝေစဉ်းစားလျက် ရှိလေသည်။

အကယ်၍သာ ထိုစာသည် မှန်ကန်စွာ လိပ်တပ်၍ထားခဲ့ပါမူ မေလနောက်ဆုံးအပတ်လောက်တွင် သူ့ထံသို့ မုချရောက်ရှိပေလိမ့်မည်။ ကာနယ်သည် ထိုအခါက တပ်ရင်းတွင် ရှိနေသဖြင့် ထိုစာကို သက်ဆိုင်ရာ တပ်ခွဲအုပ်ချုပ်သူအရာရှိထံ ၂ ရက် ၃ ရက်အတွင်း အရောက်ပို့နိုင်ပေမည်။ သို့သော် စာကားအရောက်နောက်ကျခဲ့ချေပြီ။

မကောင်းသော ကံကြမ္မာတို့မည်သည် ရန်သူ တစ်ဦးနှင့်တစ်ဦးကို လက်တစ်လုံးခြားမျှ လှည့်ပတ်၍ လာတတ်လေသည်။ စာတွင်ပါရှိသော အကြောင်းအရာများသည်ကား ရှီဗားနှင့် ရာဂျလာတို့အား အချင်းချင်းပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်အောင် ဖန်တီးပေးနိုင်သော အချက်အလက်များပါပေတည်း။ သို့သော် ဇာသည် အရောက်နောက်ကျသဖြင့် တစ်မျိုးတစ်ဖုံ ဖြစ်ကြရလေပြီ။

အကယ်၍ ရှီဇားသည် ရာဂျလာအား သတ်ရန် မကြိုးစားခဲ့ပါမူ 'ဂိုဗင်ဒပ်' သည် သေမည် မဟုတ်ချေ။ ယခုသော် ဂိုဗင်ဒပ်မှာ သူတို့စပ်ကြားတွင် အကြောင်းမဲ့ သေဆုံးရှာလေပြီ။ ရှီဇားသည် လူသတ်မှု မဖြစ်ခဲ့လျှင် ရာအိုဆင်ကိုလည်း သူ၏သားအတွက် သက်သေခံရန် ခုံရုံးက ဆင့်ခေါ်တော့မည် မဟုတ်သဖြင့် နာရန္တရာသည်လည်း သူ ယူမည့် အားလပ်ခွင့်ရက်ကို အချိန်ရွှေ့တော့မည် မဟုတ်ပေ။ နာရန္တရာသည် ဤကဲ့သို့ ခွင့်ရက်ကို အချိန်မရွှေ့လျှင် ယခုကဲ့သို့ တိုက်ပွဲ၌ ကျဆုံးတော့မည် မဟုတ်ပေ။ ဤသို့ဆိုလျှင် ရာအိုဆင်သည်လည်း ဤနေရာသို့ ရောက်လာတော့မည် မဟုတ်သဖြင့် ရာဂျလာ၏ အပြစ်အနာအဆာများကို ထုတ်ဖော်ပြောဆိုနိုင်တော့မည် မဟုတ်ချေ။ ရာဂျလာမှာလည်း စိတ်ညစ်ရန်အကြောင်း မရှိသဖြင့် ခံတွင်းထိပ်ရှိ စကြိုပေါ်တွင် သောင်းကျန်းသူများ၏ သေနတ်ထိမှန် သေဆုံးရန်အကြောင်း မရှိပေ။

ကာနယ်သည် သက်ပြင်းတစ်ချက်ချလိုက်၏။ ထို့နောက် အလွန်ညှံ့ဖျင်းသော လက်ရေးဖြင့် စာလုံးပေါင်းများပင် မမှန်ဘဲ ရေးထားသော စာကို နောက်တစ်ကြိမ်ဖတ်ပြန်၏။ စာ၏ခေါင်းစဉ်မှာ ရာအိုဆင်၏ ရွာအမည်ပါရှိ၍ ရှီဇားနှင့် ရာဂျလာတို့ မွေးဖွားရာ ဇာတိပင် ဖြစ်လေသည်။

စာ၏ပထမအပိုင်းများတွင် စာရေးသူသည် ကာနယ်အား အောက်ပါ အကြောင်းအရာများကို ဟာဗေလဒါဗိုလ်ကလေး ရာဂျလာအား အကြောင်းကြားပေးပါရန် တောင်းပန်ထား၏။ ထိုအကြောင်းအရာများသည်ကား အမီနာနှင့် ရာဂျလာတို့ စေ့စပ်ကြောင်းလမ်းထားခြင်းကို အမိနာ၏ သဘောအတိုင်း ပယ်ဖျက်လိုက်ခြင်းဖြစ်၏။ အမိနာသည် သူမ၏သဘောအတိုင်း ယခု ဗွန်လကုန်လောက်တွင် အာဖရိကတိုက်၌ စစ်မှုထမ်းနေသူ 'ရန်ဂျစ်ချန်' နှင့် ထိမ်းမြားလက်ထပ်တော့မည်ဖြစ်ကြောင်း ပါရှိ၏။ စာမှာ အမိနာ၏ ဖခင်က ရေးလိုက်သော စာ ဖြစ်လေသည်။

ကာနယ်သည် ဦးခေါင်းကို ဖြည်းညင်းစွာ တဆတ်ဆတ် ညိတ်ရင်း "သြော် ... ဘာမဟုတ်တဲ့ အကြောင်းကလေးနဲ့ အင်မတန် ကြီးကျယ်တဲ့ ကိစ္စကြီးတွေ ဖြစ်ကုန်တာပဲ၊ ဒီစာသာရောက်တာ နောက်မကျရင် အခုလိုဖြစ်ကြမှာ မဟုတ်ဘူး၊ ကံတရားများ အင်မတန် ဆန်းကြယ်တာပဲနော်" ဟု နောက်တစ်ကြိမ် သက်ပြင်းချလိုက်ပြန်၏။

ထို့နောက် စားပွဲရှေ့ရှိ ဆေးဖြူသုတ်ထားသော အုတ်နံရံကို ငေးစိုက်ကာ အထက်ပါ အဖြစ်အပျက်များကို စဉ်စားရင်း တွေဝေလျက် ရှိနေလေသည်။



# စိတ္တဇဆရာဝန်

သာယာသော တပေါင်းလဆန်း၏ တစ်နေ့သော ညနေချမ်းအချိန်တွင် 'အေဒီ' ခုံကြီးအနီး ရှေ့ဆောင်လှူငယ်ရေကူးစခန်း၌ လူတစ်ယောက်သည် ပန်းချီကိရိယာ အစုံအလင်ဖြင့် ကမ်းစပ်မှ ကိုက် ၅၀ ခန့်ဝေးသော ကုန်းတောင်ကလေး တစ်ခုပေါ်တွင် ထိုင်ကာ 'ရှုမျှော်ခင်း' တစ်ခုကို ရေးဆွဲလျက် ရှိလေသည်။ ပန်းချီအနုပညာသည် တစ်ဦးဖြစ်ဟန်တူ၍ သူသည် ဘောင်ခတ်ထားသော ရွက်ဖျင်ကားချပ်ပေါ်တွင် မီးသွေးခဲတံဖြင့် ပထမပုံကြမ်းလောင်းပြီးနောက် မျဉ်းကြောင်းပေါ်တွင် ဆေးရောင်များ တင်လျက်ရှိ၏။ အနောက်ဘက် ကောင်းကင်ယံမှ နီရဲသော နေလုံးကြီးကို ဝိုင်းရံကာ ဖြာထွက်လျက်ရှိသော ရွှေဝါရောင်၊ ပန်းနုရောင်စသည့် တိမ်ရောင်တို့ကိုလည်းကောင်း၊ စိမ်းလဲ့လဲ့ ရေပြင်ပေါ်တွင် သစ်ပင်ရိပ်ကြီးများကိုလည်းကောင်း၊ သူ့အား ကျောပေးလျက် ခပ်မှိုမှို ကုန်းပြင်တစ်ခုပေါ်တွင် ထိုင်ကာ ရေပြင်ကို ငေးမောကြည့်ရှုနေသည့် လှပသော မိန်းမပျိုကလေး တစ်ဦး၏ အနက်ရောင် မျဉ်းသပ်ထားသည့် ပုံကိုလည်းကောင်း အသေးအနိုင်းအချိန်အဆ မှန်ကန်စွာဖြင့် ရေးဆွဲလျက်ရှိနေ၏။

မိန်းကလေး ၃-၄ ယောက်နှင့် အသက်နှစ်ဆယ်သာသာခန့် ယောကျ်ားကလေးတစ်ဦးသည် ရေစပ်တွင် လိုက်တမ်းပြေးတမ်း ကျော့သော ကစားလျက်ရှိရာ နောက်ဆုံးတွင် ယောကျ်ားကလေးက အရှုံးပေးသည့်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေကူးအဝတ်များကို သဘောသားအဝတ်အစား ဘောင်းဘီရှည် ရှပ်အင်္ကျီအဖြူတို့ဖြင့် လဲဝတ်ကာ ခြေအိတ်နှင့် ဖိနပ်ဖြူကိုစီးလျက် ရှုမျှော်ခင်းရေးဆွဲနေသူ ပန်းချီဆရာ အနီးသို့ ရောက်ရှိလေ၏။ လူရွယ်သည် အသားမဖြူမညို၊ မျက်နှာသွယ်သွယ် ဆံပင်နက်နက်၊ နှုတ်ခမ်းပါးပါးဖြစ်၍ ဝိုင်းစက်တောက်ပသော မျက်လုံးကြီးများရှိ၏။ ကိုယ်လုံးကိုယ်ပေါက်မှာ သူ့နေရာနှင့်သူ ဖုထစ်မာကျောသော ကြွက်သားကြီးများ ရှိပြီးလျှင် ကိုယ်လုံးကိုယ်ဖန် အချိုးအစားအားဖြင့်လည်း ပြေပြစ်ကျနသူဖြစ်၍ အားကစားသမားတစ်ယောက် ဖြစ်ကြောင်း အကဲခတ်နိုင်၏။ မျက်နှာမှာ ပွင့်လန်း၍ ပိရိသောနှုတ်ခမ်းများဖြင့် လှပစွာရှိနေသော်လည်း မျက်လုံးထောင့် တစ်နေရာတွင် မာနကြီးခြင်း၊ ခက်ထန်ခြင်း၊ အဆောတလျင် ဆုံးဖြတ်တတ်ခြင်း စသည့် အမူအရာများ ယှက်သန်းလျက်ရှိလေသည်။

ပန်းချီဆရာကြီးမှာ အသက် ၅၀ ခန့်ရှိပြီဖြစ်၍ ရင့်ကျက်သောအမူအရာရှိ၏။ စုတ်တံကိုကိုင်၍ ဆေးစက်များချသည်ထက် ဆေးတံကိုမီးညှိ၍ ဖွာကာ စဉ်းစားနေသော အချိန်က များ၏။ သို့သော် မိမိမြင်ကွင်းကို တစ်ချက်ကြည့်ပြီးနောက် ဆေးရောင်ကို သင့်သလိုရောစပ်၍ ရွက်ဖျင်ပေါ်သို့ တို့လိုက်ရာတွင် လက်တွေ့သည့်အခါများ၌ ဆေးတံကိုဖွာရန်ပင် သတိမရတော့ဘဲ ပန်းချီကားကိုသာ ရှုးရှုးစိုက်စိုက် ခြယ်မှုန်းလျက် ရှိပြန်၏။ ပန်းချီဆရာကြီးသည် အနီးသို့ရောက်လာသော လူရွယ်အား တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက် ရေးဆွဲမြဲရေးဆွဲလျက်ရှိပြန်၏။ လူရွယ်သည် ပန်းချီဆရာ၏ လက်ဝဲဘက် ၃ ပေခန့်အကွာမှနေ၍ ပန်းချီကားကို ကြည့်ရှုလျက်ရှိရာမှ စီးကရက် တစ်လိပ်ကို အိတ်ထဲမှ ထုတ်ယူကာ ဘောင်းဘီရှည် လက်ယာဘက်အိတ်ထဲမှ လှပသော ဒန်ရောင်မီးခြစ်ကလေးတစ်လုံးကို ထောက်ခနဲ ခြစ်၍ စီးကရက်ကို မီးညှိလိုက်၏။

ပန်းချီဆရာအနီးသို့ သဘောသားဝတ်စုံ ဝတ်ထားသည့် လူရွယ်ချဉ်းကပ်လာသည့်အချိန်နှင့် အရှေ့မနှောင်းပင် နောက်ဘက်ရှိ ကတ္တရာစေးလမ်းပေါ်သို့ 'ဘဲလ်အဲယား' ကားကြီးတစ်စီး ဆိုက်ရောက်လာပြီးလျှင် အသက် ၅၀ ကျော်ခန့်ရှိ သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ဆင်းလာပြီးနောက် ပန်းချီဆရာ၏ အနီးသို့ လက်ယာဘက်မှ တဖြည်းဖြည်း ချဉ်းကပ်လာ၏။ လူကြီးမှာ လက်ယာဘက်တွင် တုတ်တစ်ချောင်းကို ကိုင်လျက် လက်ဝဲဘက်တွင် ဆေးပြင်းလိပ်တိုကို လက်ညှိုးနှင့် လက်ခလယ်ကြားတွင် ညှပ်ထား၏။ လူကြီးသည်လည်း ပန်းချီကားကို စိတ်အားထက်သန်စွာ ကြည့်ရှုလျက်ရှိလေသည်။

ပန်းချီဆရာသည် လက်ယာဘက်သို့ တစ်ချက်စောင်းငဲ့ ကြည့်ရှုလိုက်ပြီးနောက် သူ၏အလုပ်တွင် စိတ်ဝင်စားလျက် ရှိနေပြန်၏။ ၅ မိနစ်ခန့် ဆေးတံကို ကိုက်ကာ ခြယ်မှုန်းလျက်ရှိရာမှ ဆေးတံကို မီးညှိရန် ဟန်ပြင်လိုက်၏။ ထိုအခါ သဘောသားလူရွယ်က သူ၏ အိတ်ထဲမှ ဒန်ရောင်မီးခြစ်ကလေးကို ဖတ်ခနဲ ဆွဲထုတ်ကာ အလိုက်သိစွာဖြင့် ပန်းချီဆရာကြီး၏ဆေးတံကို မီးညှိပေးလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်။ မောင်က ဘယ်ကလဲ"

"ကျွန်တော်က ဒီမြို့သား မဟုတ်ဘူး ခင်ဗျ၊ ပီနံက ထွက်လာတဲ့ ပင်လယ်ကူး သင်္ဘောဆိုက်လို့ ရန်ကုန် ခဏရောက်လာတာပါ"

"ဪ ... အရင်က ရန်ကုန် မရောက်ဖူးဘူးလား"

"ရောက်ဖူးပါတယ် ခင်ဗျား၊ တက္ကသိုလ်မှာတောင် ကျွန်တော် နှစ်နှစ်နေခဲ့ဖူးပါတယ်"

ဆရာကြီး၏ဆေးတံမှာ မီးငြိမ်းသွားပြန်သဖြင့် သဘောသားကလေးပင် နောက်တစ်ကြိမ် မီးညှိပေးရပြန်၏။ ပန်းချီဆရာကြီးမှာ သူ၏ မီးခြစ်ကိုပင် ခြစ်ခွင့် မရတော့ပေ။ ဆရာကြီး၏ လက်ယာဘက်တွင် ရပ်နေသော ကားပေါ်မှ ဆင်းလာသည့် လူကြီးကမူ ပန်းချီဆရာအား အလုပ်လုပ်နေစဉ် အနှောင့်အယှက် မပေးလိုသဖြင့် ထိုအချိန်ထိ စကားတစ်ခွန်းမျှ မပြောဘဲ ရပ်၍သာ ကြည့်နေ၏။ သို့သော် ပန်းချီဆရာကြီးမှာ သဘောသား လူရွယ်နှင့် ဖော်ရွေစွာ ပြောဆိုနေသည်ကို မြင်ရသဖြင့် ဝင်ရောက် ရောနှော ပြောဆိုလေသည်။

"ဆရာ့ ပန်းချီကားကတော့ တကယ် သဘာဝကျပါတယ်ခင်ဗျား၊ ကားချပ်ပေါ်မှာ သွင်းထားတဲ့ ဆေးရောင်ကလဲ မြင်ကွင်းကို တကယ်မြင်နေရတဲ့အတိုင်းပါပဲ။ ဒီအချိန် ဒီနာရီမှာ ဒီအရောင် ဟပ်နေတယ် ဆိုတာ အပြင်မှာ တကယ် မြင်ရတဲ့အတိုင်းပါပဲ။ ဒါကြောင့်လဲ အနုပညာလို့ ခေါ်ပေတာပဲနော်"

"ဟုတ်ပါတယ်"

ထိုအချိန်တွင် ပန်းချီဆရာ၏ ဆေးတံမှာ မီးငြိမ်းသွားပြန်သဖြင့် လျှင်မြန်လှသော သဘောသား လူရွယ်သည် သူ၏ဘောင်းဘီအိတ်ထဲမှ ဒန်ရောင်မီးခြစ်ကလေးကို ဖတ်ခနဲ ဆွဲထုတ်၍ ဖျပ်ခနဲ မီးညှိပေးလိုက်ပြန်၏။ သူကိုယ်တိုင်လည်း စီးကရက်အသစ် တစ်လိပ်ကို ထုတ်ပြီးလျှင် မီးညှိ၍ သောက်ပြန်လေသည်။

ထိုအခါမှ ကားပေါ်မှ လူကြီးသည် မိမိလက်ကြားတွင် ညှပ်ထားသော ဆေးပြင်းလိပ်ကို သတိရလာသည့်ဟန်ဖြင့် ပါးစပ်တွင် တပ်လိုက်၏။ ထို့နောက် သူ၏အိတ်များကို စမ်းသပ်ကာ မီးခြစ်ရှာဖွေသည့်ဟန်ဖြင့် ရှာဖွေလျက် ရှိနေလေသည်။ ထိုအချိန်၌လည်း သဘောသားလူရွယ်သည် လက်မနှေးပေ။ သူ၏မီးခြစ်ကလေးကို ထုတ်ယူကာ လူကြီး၏ ဆေးပြင်းလိပ်ကို ဖျပ်ခနဲ မီးညှိပေးလိုက်ပြန်







www.burmeseclassic.com

www.burmeseclassic.com



ဆံ ၊ ဆေးပြင်းလိပ်မှာ အတန်ငယ်ကြီးသဖြင့် နှစ်ချက်သုံးချက် ဖွာပြီးနောက်မှ ကောင်းစွာ မီးစွဲလေသည်။

"ကျေးဇူးတင်ပါတယ် မောင်။ တယ်ပြီး ကောင်းတဲ့ မီးခြစ်ကလေး၊ ကျုပ်ရှေ့တွင် ခြစ်တာ ဆယ်ခါဆယ့်နှစ်ခါထက် မနည်းဘူး။ ဘယ်အခါမှ မတောက် မရှိဘူး။ တောက်တာချည်းပဲ"

"နိုင်ငံခြားလုပ် ခင်ဗျ။ ဖစ်ပိုတဲ့ ဘယ်တော့မှမတောက် မရှိရဘူး။ ခြစ်တိုင်းတောက်ရမယ်"

"ဟုတ်ကဲ့လား မောင်ရယ်"

"ဟုတ်တာပေါ့ ခင်ဗျ။ ဦးရှေ့တွင် ခြစ်နေတာ ဘယ်နှစ်ခါရှိပြီလဲ။ ကျွန်တော် ပီနံက ဝယ်လာတာ။ ဒီမှာဆိုရင် အနည်းဆုံး တစ်ရာတန်တယ်။ တစ်ချက် ခြစ်ရင် တစ်ချက်တောက်ရမယ်။ တစ်ချက်မှ မလွဲရဘူး"

"တယ်ဆိုပါကလား မောင်ရယ်"

"ဆိုတာပေါ့ ခင်ဗျာ၊ ကဲ ပစ္စည်း ကိုယ်ယုံကြည်တော့ ဆိုဝံ့တာပေါ့ ခင်ဗျာ"

"သို့ပေမယ့် မောင် တစ်ခု သတိထား၊ ဘယ်အရာမျိုးဖြစ်ဖြစ် အစဉ်အမြဲ ယုံကြည်ရတယ်ဆိုတာ မရှိဘူး။ တစ်ခါတလေ လွဲချင်လွဲတာပဲ။ လောကမှာ သေချာတဲ့ အရာရယ်လို့ ဘယ်တော့မှ မရှိဘူး"

"သို့ပေမယ့် ကျွန်တော့်မီးခြစ်ကတော့ သေချာတယ်။ ဒီမှာကြည့်လေ တစ်၊ နှစ်၊ သုံး၊ လေး၊ ကဲ ... ဘယ့်နှယ်လဲ"

လေးချက်စလုံး တစ်ချက်မှ မလွဲဘဲ မီးတောက်သည်ကို တွေ့မြင်ကြရ၏။

"ဟုတ်ပါတယ်။ သို့ပေမယ့် ခုတင်က ဦးပြောတဲ့အတိုင်း ကမ္ဘာပေါ်မှာ ဘယ်အရာဝတ္ထုမျိုးပဲဖြစ်ဖြစ် ဘယ်တော့မှ အစဉ်အမြဲယုံကြည် စိတ်ချရတယ်ဆိုတာ မရှိဘူး။ တစ်ချက်ချက်မှာ မုချလွဲရမယ်။ လောကမှာ လူပဲဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ် အသက်မရှိတဲ့ အရာဝတ္ထုပဲဖြစ်ဖြစ် နိစ္စဓူဝ ယုံကြည်စိတ်ချရတယ်လို့ မရှိဘူး။ ဒါဟာ ဓမ္မတာပဲ။ မောင်ဟာ ဓမ္မတာကို လွန်ဆန်လို့ မရဘူးလို့ ဦးပြောဝံ့တယ်"

"ခက်လိုက်ပါဘိ ခင်ဗျာ။ မျက်မြင်ကိုယ်တွေ့တောင် ဦးက ငြင်းနေသေးတာကိုး"

ထိုအချိန်၌ ပန်းချီဆရာကြီးသည် စုတ်တံကို ချလိုက်ပြီးလျှင် ဆေးတံကို သူ၏ အိတ်ထဲမှ သစ်သားမီးခြစ်ဖြင့် မီးညှိလိုက်၏။ ကားပေါ်မှ ဆင်းလာသော လူကြီးကမူ မည်မျှလောက်ကောင်းသော နိုင်ငံခြားလုပ်မီးခြစ်ပင်ဖြစ်စေ





တစ်ချက်ချက်၌ အမှန်မုချ လွဲရမည်ဖြစ်ကြောင်းဖြင့် ဆက်လက်ငြင်းခုံလျက်ရှိလေရာ လူရွယ်ကလည်း အနည်းငယ်မျှ အလျှော့မပေးချေ။

"ကျုပ်က သဘာဝကို ပြောနေတာ မောင်ရဲ့၊ မောင် မယုံဘူးလား"

"မယုံဘူး ခင်ဗျ၊ ဘာပဲပြောပြော"

"ဒါဖြင့် မောင် လောင်းရဲရဲ့လား"

"လောင်းရဲတယ်။ ဘယ်လိုလောင်းရမှာလဲ"

"မောင့်မီးခြစ်ကို ဆယ်ချက်ဆက်ပြီး ခြစ်ကြည့်ရမယ်။ အဲဒီဆယ်ချက်အတွင်း တစ်ချက်မီးမတောက်ဘဲနေရင် မောင်ကအရှုံး၊ အားလုံး ဆယ်ချက်စလုံး မီးတောက်ရင် မောင်အနိုင်ယူပေါ့။ ဘယ့်နှယ်လဲ၊ မောင် လောင်းဝံ့ရဲ့လား"

"လောင်းဝံ့တယ်။ စိမ်လိုက်၊ ဘာကြေးလောင်းမလဲ"

"မောင်က သဘော်သား တစ်ယောက်ဆိုတော့ ငွေလဲ များများစားစား ပါမယ် မဟုတ်ဘူး။ မောင့်မီးခြစ်ကလဲ တန်လှရင် အလွန်ဆုံး တစ်ရာပေါ့။ ဒီလောက်နဲ့တော့ ကလေးကစားသလို မ[illegible]ာင်းချင်ဘူး။ ထိုက်ထိုက်တန်တန် ပစ္စည်းကို လောင်းရမှ ကောင်းတာ"

"ဦးက ဘာကြေးလောင်းချင်သလဲ"

"ဦးကရှုံးရင် ဟိုလမ်းဘေးမှာ ရပ်ထားတဲ့ ဘဲလ်အဲယားကားကို မောင်က ယူပေတော့"

"တကယ်လို့ ဦးက နိုင်ရင်ကော"

"မောင့် ဘယ်ဘက်လက်ညှိုးကလေးကို ဖြတ်ယူမယ်"

လူရွယ်၏မျက်နှာမှာ ရုက်ကြောက်ခြင်း၊ မခံချင်ခြင်း စသည်တို့ဖြင့် ရဲခနဲ ဖြစ်၍သွား၏။ ပန်းချီဆရာကြီးပင် သူ၏အလုပ်ကို ဆက်၍ မလုပ်နိုင်တော့ဘဲ စုတ်တံကို ချ၍ထားကာ သဘော်သားလူရွယ်နှင့် မော်တော်ကား ပိုင်ရှင်လူကြီးတို့ ပြောသောစကားများကို စိတ်အားထက်သန်စွာ နားထောင်လျက်ရှိလေ၏။

"စိမ်လိုက်၊ အခုမှတော့ ကျွန်တော်က နောက်မဆုတ်ဘူး။ ကျွန်တော့် မီးခြစ်ကို ၁၀ ချက် ခြစ်လို့ ၁၀ ချက်စလုံး တောက်ရင် ဦးမော်တော်ကားကို ကျွန်တော် ယူမယ်။ ၁၀ ချက် ခြစ်တဲ့အထဲက တစ်ချက် မတောက်ဘဲနေလို့ လွဲရင် ကျွန်တော့် လက်ညှိုးကို ဖြတ်ပေတော့"

"ကောင်းပါပြီဗျာ၊ ကျုပ် သဘောတူပါတယ်"

ထိုအခါ ပန်းချီဆရာကြီးသည် ကားပိုင်ရှင်အား –

"ကြံကြံဖန်ဖန်ဗျာ မိတ်ဆွေကလည်း အလောင်းအစားလုပ်ဘာ လက်ညှိုးကို ဖြတ်ပေးရမယ်လို့၊ မတော်တာတွေ မလောင်းစမ်းပါနဲ့ မိတ်ဆွေ၊



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကြေး လောင်းတယ်ဆိုရင် တော်သေးရဲ့။ အခုတော့ သွေးထွက်သံယို ဖြစ်မှာကိုမှ လောင်းရသလားဗျာ"

လူကြီး ။ ။ "ဘာဖြစ်သလဲဗျ၊ ကျုပ်ဘက်ကလဲ ကြည့်ပါဦး။ ကျုပ်ကရှုံးရင် လေးသောင်းကျော်ပေးရတဲ့ ကျုပ်ကား ရှုံးမယ်"

ပန်းချီဆရာ ။ ။ "တော်ကြပါတော့ဗျာ။ ဒီကမောင်ကလဲ ဒီလောက်အစွမ်းပြရရင် တော်ရောပေါ့။ လောင်းကြေးစားကြေးတွေ လုပ်မနေပါနဲ့တော့"

ရှယ် ။ ။ "မဟုတ်ဘူး ဆရာ၊ ကျွန်တော်က ပြောမိရင် နောက်မဆုတ်တတ်ဘူး"

လူကြီး ။ ။ "ကျုပ်ကလဲ ထွေးပြီးသားတံတွေး ပြန်မမျိုတတ်ဘူး"

ရှယ် ။ ။ "ကဲ ... ဒါဖြင့် တစ်နေရာရာ သွားကြမယ် ... လာ။ ဟောဒီက ပန်းချီဆရာကြီးကိုလဲ သက်သေအဖြစ် ခေါ်ခဲ့ရလိမ့်မယ်"

လူကြီး ။ ။ "အဆင်သင့်ပါပဲ မောင်၊ ကျုပ်ကားနဲ့ ကျုပ်အိမ်ကို သွားရုံပါပဲ၊ ဟိုကျတော့မှ နှစ်ဦးနှစ်ဖက် ကျေကျေနပ်နပ် ယှဉ်ပြိုင်ကြတာပေါ့။ ဟောဒီက အနုပညာသည် ပန်းချီဆရာကြီးကတော့ မောင်နဲ့ ကျုပ်နဲ့ နှစ်ယောက်လောင်းတဲ့ ကိစ္စမှာ ဒိုင်လူကြီးလုပ်ရလိမ့်မယ်၊ ကဲ ... လာကြဗျာ၊ ကားပေါ်တက်ကြပေတော့"

ပန်းချီဆရာကြီးမှာ အနုပညာသည် တစ်ဦးပီပီ လူရိုးလူအေးကြီးတစ်ယောက်ဖြစ်၍ ငြင်းခုံလောင်းစားမှုများတွင် အနည်းငယ်မျှ ဝါသနာ မပါသော်လည်း နှစ်ဖက်စလုံးက ဆွဲခေါ်သဖြင့် လိုက်ပါသွားရလေတော့၏။

ကားပိုင်ရှင်လူကြီးမှာ အငြိမ်းစားဆရာဝန်ကြီး ဦးစံလှထွန်းဆိုသူ ဖြစ်၍ ကားကြီးကို သူကိုယ်တိုင်မောင်းနှင်သွားရာ အင်းလျားကန်စောင်း တစ်နေရာသို့ ရောက်သောအခါ ကားကြီးသည် အပြာနုရောင် သုတ်ထားသော တိုက်ကလေးတစ်လုံးရှိသည့် ခြံဝင်းတစ်ခုအတွင်းသို့ ဝင်သွားပြီးနောက် ဆင်ဝင်အောက်တွင် ရပ်လေ၏။

ထို့နောက် ဆရာဝန်ကြီးလည်း ပန်းချီဆရာနှင့် သဘော်သား လူရှယ်တို့အား တိုက်အပေါ်ထပ်သို့ ခေါ်သွားလေရာ ဧည့်သည်နှစ်ယောက်တို့လည်း အပေါ်ထပ်သို့ ဘုမသိ ဘမသိ လိုက်ပါသွားကြရလေတော့၏။

အပေါ်ထပ် ဧည့်ခန်း၌ကား ကော်ဇောတစ်ချပ်ပေါ်တွင် ဆိုဖာများခင်းထား၍ ဆရာဝန်ကြီးသည် ဧည့်သည်နှစ်ယောက်အား အိမ်ရှေ့ဧည့်ခန်းတွင် ခေတ္တထားခဲ့ပြီးနောက် နောက်ဖေးခန်းသို့ ဝင်သွားလေ၏။ နောက်ဖေး ခြေရင်းဘက်၌ ကျဉ်းမြောင်း ရှည်လျားသော အခန်းတစ်ခန်းရှိရာ ထိုအခန်းတံခါးကိုဖွင့်၍ ဝင်သွားသဖြင့် ဧည့်သည်နှစ်ယောက်တို့သည် ထိုအခန်းရှိရာသို့ လှည့်၍ကြည့်လိုက်မိ





ကြ၏။ အခန်းမှာ ပေ ၂၀ ခန့်ရှည်လျား၍ အခန်းနံရံတစ်ဘက်ရှိ စင်များပေါ်တွင် ဆေးပုလင်းများ၊ ဖန်ဘူးဖန်ခွက်များ၊ အရက်ပြန်မီးဖိုနှင့် ခွဲစိတ်ကိရိယာများ၊ ဖန်ပြွန်များ၊ ဓာတ်မီးလုံးများ စသော ဆရာဝန်သုံး ကိရိယာများကို တွေ့မြင်ရ၏။ အခြားနံရံတစ်ဘက်ရှိ စင်များပေါ်၌ကား စာအုပ်များဖြင့် ပြည့်နှက်လျက် ရှိလေသည်။ ပန်းချီဆရာကြီး ဦးအုန်းခင်မှာ ထိုအခန်းထဲရှိပုံကို မြင်ရုံဖြင့် ကြက်သီးမွေးညင်းများ ထလျက် ရှိနေလေပြီ။ သဘော်သား လူရှယ်မှာမူ တစ်စုံတစ်ရာ ကြောက်စိတ် မရှိသကဲ့သို့ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုယူ၍ ဓာတ်မီးခြစ်နှင့် မီးညှိ၍ သောက်နေလိုက်ချေသေး၏။

၁၀ မိနစ်ခန့်ကြာလတ်သော် ဆရာဝန်ဦးစံလှထွန်းသည် သူ၏ အခန်းထဲမှ ထွက်လာရာ ထိုအချိန်၌ကား သူသည် အင်းလျားကန်သို့ လာစဉ်ကကဲ့သို့ ဘန်ကောက်လုံချည် သက္ကလပ်အင်္ကျီရှည်ဖြင့် မဟုတ်တော့ဘဲ ရုတ်အင်္ကျီအဖြူနှင့် ဘောင်းဘီအရှည်ပေါ်တွင် ဆရာဝန်များဝတ်သည့် အင်္ကျီရှည်အဖြူကြီးကို ဝတ်ဆင်ထား၏။ ဧည့်ခန်းသို့ ရောက်လာသောအခါ သုံးဖက်တွင် ရှိနေသည့် တရုတ်ကပ် ပြတင်းပေါက်များကို ပိတ်လျက်ရှိလေသည်။ ထို့နောက် ဧည့်သည်နှစ်ယောက်ဘက်သို့ လှည့်၍ –

"ဒီပြတင်းပေါက်တွေ ဘာဖြစ်လို့ ပိတ်သလဲသိလား။ ကျုပ်က ဘယ်နေရာမှာမဆို တရားမျှတမှု ရှိမှကြိုက်တဲ့လူဗျ။ လေက အခန်းထဲကို မကြာမကြာ တိုက်ဝင်လာတယ်။ ဒီတော့ မီးခြစ်ခြစ်လိုက်လို့ မီးငြိမ်းသွားရင် လေတိုက်လို့ ငြိမ်းတာပါလို့ ဆင်ခြင်ပေးမယ် ဦးအုန်းခင်။ ဒါကြောင့် လေမတိုက်နိုင်အောင် တရားမျှတမှုရဖို့ ကျုပ်က ပြတင်းပေါက်တွေ ပိတ်ပေးတာပါ၊ ဘယ့်နှယ်လဲကွယ့် သူငယ်"

"ကျွန်တော့် နာမည် ကျော်မင်းတဲ့"

"ဘယ့်နှယ်လဲ မောင်ကျော်မင်း၊ ဦးလုပ်တာ တရားမျှတရဲ့ မဟုတ်လား"

လူရှယ်သည် စကားပြန်၍ မပြောဘဲ ဦးခေါင်းကို ညိတ်ရုံသာ ညိတ်လိုက်၏။

"ကဲ ... ကျုပ်တို့ အလုပ်စကြစို့"

ထိုအခါ ပန်းချီဆရာကြီး ဦးအုန်းခင်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ဆရာဝန်ကြီးဘက်သို့လှည့်၍ –

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျားတို့နှစ်ယောက်ဟာ အရင်က သိကျွမ်းတာလဲ မဟုတ်ဘူး၊ ကျုပ်ကလဲ ခင်ဗျားတို့ နှစ်ယောက်စလုံးကို ခုမှသိရတာ၊ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စကားတစ်ခွန်းစီ လွန်ရုံနဲ့ ဒီလောက်ကြီးကျယ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လောင်းကြေးစားကြေး လုပ်ရအောင် ဆိုတာလဲ လူကြားလို့တောင် မကောင်းဘူး။ ကိစ္စက ဘာမှဖြစ်လေတဲ့ကိစ္စ မဟုတ်ဘဲနဲ့ အခုလိုဖြစ်ရတာ ကျုပ်နည်းနည်းမှ စိတ်မကောင်းဘူး။ အခုကိစ္စမှာ တစ်ယောက်ယောက်ကတော့ မုချ ရှုံးတော့မယ်။ တကယ်လို့ ဦးစံလှထွန်းက ရှုံးရင် ငွေလေးသောင်းကျော်တန်တဲ့ ကားကြီးကို အလကား ပေးလိုက်ရမယ်။ ငွေလေးသောင်း ဆိုတာ ကျုပ်တို့လို ဆင်းရဲတဲ့လူမှာ တစ်သက်လုံး စားလောက်တဲ့ငွေဗျ။ မောင်ကျော်မင်းဘက်က ရှုံးရင်လဲ ဘာမဟုတ်တဲ့ ဓာတ်မီးခြစ်ကလေးကိစ္စနဲ့ လက်ညှိုးတစ်ချောင်းသက်သက် အဖြတ်ခံရတော့မယ်။ ဒီတော့ ဘယ်သူက နိုင်နိုင် ဘာအကျိုးရှိဦးမလဲ၊ စဉ်းစားကြပါဦး။ ကျုပ်ပြောတာကလေး နက်နက်နဲနဲ စဉ်းစားကြ။ ဒီတော့ ဆရာဝန်ကြီးက လူကြီးဖြစ်တဲ့အတွက် အလျှော့ပေးလိုက်ပါဗျာ။ ကျုပ် တောင်းပန်ပါတယ်"

ဝန် ။ ။ "အောင်မယ် ကျုပ်က ဘာပြုလို့ အလျှော့ပေးရမလဲ"

ခင် ။ ။ "ဒီလိုဆိုရင်လဲ မောင်ကျော်မင်းက အလျှော့ပေးလိုက်ပါကွယ်"

မင်း ။ ။ "ကျွန်တော်က ဘာဖြစ်လို့ ပေးရမလဲဗျ။ ကျွန်တော် ရှုံးရင် ဖြတ်ပစေ"

ခင် ။ ။ "နှစ်ယောက်စလုံး ကျုပ်တောင်းပန်တာကို နားမထောင်ကြဘူးပေါ့လေ"

ဝန် ။ ။ "မထောင်နိုင်ဘူးဗျို့"

မင်း ။ ။ "ကျွန်တော်လဲ မထောင်နိုင်ဘူး၊ ကဲ ... စကြမယ်"

ပန်းချီဆရာကြီး ဦးအုန်းခင်သည် ညှိခန်းရှိစားပွဲဝိုင်းတွင် လမ်းဘက်သို့မျက်နှာမူ၍ ထိုင်လျက်ရှိရာ ဆရာဝန်ကြီးဦးစံလှထွန်းနှင့် သဘော်သား မောင်ကျော်မင်းတို့က သူ၏ဝဲယာတစ်ဘက်တစ်ချက်တွင် ထိုင်လျက်ရှိကြ၏။

ခင် ။ ။ "ကဲ ... နှစ်ယောက်စလုံးက မလျှော့ဘူးဆိုရင်တော့ အလုပ်စကြစို့၊ မောင်ကျော်မင်းက မီးခြစ်ထုတ်အသင့်ပြင်ထား၊ ဒီမီးခြစ်ကလေးကို လက်နဲ့အသင့် ကိုင်ထား၊ တစ်၊ နှစ်၊ သုံး အစဉ်အတိုင်းစက္ကန့် ၃၀ ကြာလောက်မှာ ကျုပ်က ရွတ်မယ်။ မောင်ကျော်မင်းက မီးခြစ်ကိုခြစ်ပေတော့၊ မီးတောက်ရမယ်။ ၁၀ ချက်အထိ တစ်ချက်မှ မတောက်မရှိစေရဘူး။ ၁၀ ချက်စလုံးတောက်ရင် မောင်ကျော်မင်းက အနိုင်ရပြီ။ ဆရာဝန် ဦးစံလှထွန်းရဲ့ ဘဲလ်အဲယားကြီးကို ယူပေတော့၊ ဆရာဝန်ကြီးဘက်က ပြောရမယ်ဆိုရင်လဲ ကျုပ်က တစ်၊ နှစ်၊ သုံးလို့ အချက်ပေးတဲ့အချိန်မှာ မောင်ကျော်မင်း ခြစ်လိုက်လို့ တစ်ချက်လွဲပြီး မီးမတောက်ဘူးဆိုခဲ့လို့ရှိရင် မောင်ကျော်မင်းရဲ့ ဘယ်ဘက်လက်ညှိုးကို ဆရာဝန်





ကြီးက ဖြတ်ပေတော့။ ကျုပ်ပြောတာ နှစ်ယောက်စလုံး သဘောတူကြပြီ မဟုတ်လား"

ဝန် ။ ။ "တူပါပြီ"

မင်း ။ ။ "တူပါတယ်"

ဆရာဝန် ဦးစံလှထွန်း၏ မျက်နှာမှာ ရက်စက်သည့်အမူအရာမျိုးဖြင့် ခပ်အေးအေးပင် ရှိနေသကဲ့သို့ရှိလေရာ မောင်ကျော်မင်း၏ မျက်နှာမှာမူ ခက်ထန်သကဲ့သို့ တင်းမာဟန်ရှိသော်လည်း မီးခြစ်ကိုင်ထားသည့် လက်မှာ မသိမသာ တုန်လှုပ်လျက် ရှိလေသည်။

ခင် ။ ။ "ကဲ ... မောင်ကျော်မင်း အသင့်ရှိပြီလား"

မင်း ။ ။ "ရှိပါပြီ"

ခင် ။ ။ "တစ်"

မောင်ကျော်မင်းသည် တောက်ခနဲ တစ်ချက်ခြစ်လိုက်ရာ မီးတောက်၍ သွား၏။ စက္ကန့် ၃၀ ခန့်အကြာတွင် ပန်းချီဆရာကြီး ဦးအုန်းခင်က 'နှစ်' ဟု အော်လိုက်သည်တွင် ဒုတိယအချက်ကို ခြစ်လိုက်ပြန်၏။ မီးတောက်၍သွားပြန်၏။

ဤသို့ဖြင့် ဒိုင်လူကြီးဖြစ်သူ ပန်းချီဆရာဦးအုန်းခင်က တစ်ကြိမ်လျှင် စက္ကန့် ၃၀ စီခြား၍ 'တစ်၊ နှစ်၊ သုံး' စသည့်ဖြင့် အစဉ်အတိုင်း ရွတ်ဆိုလျက်ရှိလေရာ နံပတ် 'ရှစ်' အထိ အောင်မြင်ခဲ့လေပြီ။ နောက်နှစ်ချက်သာ လိုတော့သဖြင့် လောင်းကြေး စားကြေးလုပ်သူများ၏ မျက်နှာမှာ သွေးရောင်များ လျှမ်းသကဲ့သို့ ဖြစ်လာကာ ၎င်းတို့၏ အသွင်အပြင်များသည်လည်း စိတ်အား ထက်သန်ခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်းစသည့် အမူအရာတို့ဖြင့် ရောပြွမ်းလျက်ရှိလေသည်။

ခင် ။ ။ "ကိုး"

မောင်ကျော်မင်းသည် ထောက်ခနဲ ခြစ်လိုက်၏။

သို့သော် ထိုအချိန်၌ကား မီးမတောက်တော့ချေ။ မီးခြစ်မှာ မီးပွင့်သည်ဆိုရုံမျှသာ ပွင့်သွား၍ မီးစာကို မီးမစွဲတော့ချေ။

ထိုအခါ ဆရာဝန်ဦးစံလှထွန်းသည် တုန်ယင်သော အသံကြီးဖြင့် -

"ကျုပ်နိုင်ပြီ၊ ကျုပ်နိုင်ပြီ၊ နောက်ထပ်မခြစ်စေနဲ့တော့ဗျို့ ခင်ဗျားလူ အရပ်နိုင်းပေတော့" ဟု အလန့်တကြား ဟစ်အော်လိုက်လေသည်။

ခင် ။ ။ "မှန်ပေတယ် မောင်ကျော်မင်း၊ နဝမအချက်မှာ မောင်ကျော်မင်း မီးခြစ်က မီးမတောက်တော့ဘူး။ ဒီတော့ မောင်ကျော်မင်း ရှုံးပြီ"

မင်း ။ ။ "ဟုတ်ကဲ့၊ ရှုံးပါပြီ၊ မနိုင်ရင် ရှုံးမြဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝန် ။ "ကဲ ... မောင်ကျော်မင်း၊ ဦးရဲ့အခန်းထဲလိုက်ခဲ့ပေတော့၊ ဒီမှာ ပြတ်လို့ မဖြစ်ဘူး"

ဆရာဝန်ဦးစံလှထွန်းသည် သူ၏ဆေးခန်းထဲသို့ ရှေ့ဆုံးမှဝင်သွားရာ မောင်ကျော်မင်းသည် ၎င်းနောက်မှ ရဲဝံ့စွာလိုက်၍ ဒိုင်လူကြီး ဦးအုန်းခင်လည်း ၎င်းနောက်မှ ကပ်၍ လိုက်သွားရလေသည်။

အခန်းတွင်းသို့ ရောက်သောအခါ အိမ်ရှင်ဆရာဝန်ဦးစံလှထွန်းက ညွှန်ပြသဖြင့် မောင်ကျော်မင်းမှာ လေးထောင့် စားပွဲတစ်လုံးရှေ့ရှိ ကုလားထိုင်ပေါ်၌ ထိုင်ရပြီးလျှင် ပန်းချီဆရာ ဦးအုန်းခင်မှာမူ မနီးမဝေးရှိ ခုံရှည်တစ်ခုပေါ်တွင် ထိုင်ရလေသည်။ ဦးစံလှထွန်းသည် ဗီရိုတစ်ခုအတွင်းမှ အလျားတစ်ပေ အနံရှစ်လက်မခန့်ရှိ သစ်သားပြားတစ်ခုကို ထုတ်ယူခဲ့ပြီးလျှင် လေးထောင့် စားပွဲပေါ်၌ ချထားလိုက်၏။ ထိုသစ်သားပြားပေါ်၌ကား လူ၏လက်ကို ဖြန့်ထားဘိသကဲ့သို့ လက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုး၊ လက်မ နေရာများသည် သစ်သားပေါ်တွင် သူ့နေရာနှင့်သူ အံကိုက်ထုထွင်းထားသဖြင့် သစ်သားမျက်နှာပြင်မှ အောက်ခံသို့ အတန်ငယ် ချိုင့်ဝင်လျက် ရှိနေ၏။ လက်ချောင်းတစ်ချောင်းနှင့်တစ်ချောင်းကြားတွင်လည်း သစ်သားငုတ်ကလေး ၃-၄ ချောင်းစီ စိုက်ထူထားရာ လက်ချောင်းကလေးများကို နေရာမှ မရွေ့လျားနိုင်အောင် ပြုလုပ်ထားခြင်း ဖြစ်ဟန်တူလေသည်။

ဆရာဝန်ဦးစံလှထွန်းသည် ဗီရိုတစ်ခုအတွင်းမှ အရက်ပုလင်းနှင့် ဖန်ခွက်ငယ်တစ်လုံး ယူခဲ့ပြီးလျှင် ဖန်ခွက်ကလေးအတွင်းသို့ ဝီစကီကို လက်နှစ်လုံးခန့်ထည့်၍ မောင်ကျော်မင်းအား ပေးမည်ပြုရာ မောင်ကျော်မင်းက ခက်ထန်သည့် မျက်နှာဖြင့် -

"ကျွန်တော့်ကို ကြောက်တယ်လို့များ ထင်နေသလား။ တစ်ချောင်း မဟုတ်ဘူး၊ ဆယ်ချောင်း ဖြတ်လိုက်၊ ဘာမှထိတ်တဲ့အကောင် မဟုတ်ဘူး"

"စိတ်မရှိပါနဲ့ မောင်ကျော်မင်းရယ်၊ ဖြတ်တဲ့အခါ သွေး အတော်ထွက်မှာမို့ သွေးကို ထိန်းတဲ့သဘောနဲ့ တိုက်ရတာပါ။ ဖြတ်ပြီးတော့ သွေးတိတ်အောင် လုပ်ပြီး အနာကိုဆေးထည့်ပေးရမယ့် တာဝန်ကလဲ ရှိပါသေးတယ်"

"စကား ရှည်မနေပါနဲ့ဗျာ၊ ဖြတ်စရာရှိရင် မြန်မြန်ဖြတ်စမ်း"

သို့နှင့် ဆရာဝန်ဦးစံလှထွန်းသည် တစ်လက်မခွဲခန့်ရှိ ဆောက်ပြားကလေးတစ်ခုကို အံဆွဲတစ်ခုအတွင်းမှ ထုတ်ယူခဲ့ပြီးလျှင် ၎င်း၏လက်ယာဘက်၌လည်း တောင်ဆုပ်ခန့်ရှိ သစ်သားလက်ရိုက်ကလေးတစ်ခု ပါလာလေသည်။ ထို့နောက် ဦးစံလှထွန်းသည် မောင်ကျော်မင်း၏လက်ကို စင်းတီတုံးကဲ့သို့ ရှိနေသည့် ပျဉ်ချပ်ပေါ်တွင်တင်ကာ လက်ငါးချောင်းကို သူ့နေရာနှင့်သူ ချထားလိုက်





လေသည်။ ထိုအချိန်၌ ဒိုင်လုပ်သူ ပန်းချီဆရာကြီး ဦးအုန်းခင်မှာ ထိုအခြင်းအရာများကို မကြည့်ရက်နိုင်သဖြင့် မျက်နှာကို အခြားဘက်သို့ လွှဲ၍ ထားလိုက်၏။ ဦးစံလှထွန်းသည် သင်ဓုန်းဓားကဲ့သို့ ထက်မြက်သော ဆောက်ပြားကို မောင်ကျော်မင်း၏ လက်ညှိုးရင်း၌ အသာချ၍ တင်ထားလိုက်၏။ ထို့နောက် သူသည် မိမိအမှုကိစ္စ အောင်မြင်တော့မည်ဟူသော အတွေးဖြင့် မျက်နှာများ ရွှင်လန်းသကဲ့သို့ ရှိနေလေရာ မောင်ကျော်မင်းကလည်း ကြောက်ရွံ့သည့် အမူအရာဟူ၍ အနည်းငယ်မျှ မပြဘဲ မိမိ၏ အပြစ်ကို ခါးစည်း၍ ခံတော့မည်ဟု အံကြိတ်လျက်နေလေသည်။

ဆရာဝန်ဦးစံလှထွန်းသည် လက်ရိုက်ကိုကောက်ယူကာ ညာဘက်လက်ကို မြှောက်လိုက်၏။ သို့သော် ထိုခဏ၌ အခန်းတံခါးသည် ချောက်ခနဲ ပွင့်သွား ပြီးနောက် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော အမျိုးသမီး တစ်ယောက် သည် လက်ထဲတွင် ဒန်ရောင် ပစ္စတိုကလေးကိုကိုင်ကာ "လက်ထဲက ပစ္စည်းတွေ ချလိုက်စမ်း ကိုစံလှထွန်း၊ အခုထက်ထိ ဒီအကျင့်တွေ မဖျောက်သေးဘူးလားဟင်၊ လက်ထဲက ဆောက်နဲ့ လက်ရိုက်ကို မချရင် ရှင့်လက်ကို ပစ်ချိုးပစ်မယ်" ဟု ဟစ်အော်လိုက်သဖြင့် ဦးစံလှထွန်းမှာ လက်ရိုက်နှင့်ဆောက်ကို ကြမ်းပေါ်သို့ ပစ်ချလိုက်ရတော့၏။ သဘောသား မောင်ကျော်မင်းနှင့် လူကြီးလုပ်သူ ပန်းချီဆရာကြီး ဦးအုန်းခင်တို့သည်လည်း အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ ရုပ်ရည်ချောမောသည့် အမျိုးသမီးတစ်ယောက်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသဖြင့် ပါးစပ်များကို ဟကာ အံ့အားသင့်လျက် ရှိကြလေသည်။ ဦးစံလှထွန်းမှာလည်း တရားသူကြီးရှေ့သို့ ရောက်ရှိနေသော တရားခံတစ်ယောက်ကဲ့သို့ နေရာ၌ပင် မလှုပ်မရှက် မျက်နှာကို အောက်ချလျက် ရပ်နေတော့၏။

"မင်း သက်သက်ဝင်ရှုပ်တာပဲ စိန်စိန်။ ဒါဟာ ငါ့အလုပ်၊ ဒါဟာ ငါ့ဝါသနာ၊ ဒါဟာ ငါ့အသက်ဆိုတာ မင်း သိတယ် မဟုတ်လား"

"သိတယ် ... သိတယ်၊ ကျွန်မ သိတယ်။ သိလွန်းအားကြီးလို့ ခက်နေတာပေါ့။ ကျွန်မ မရှိရင် ရှင် ဒီလိုဟာမျိုး ဖြစ်လိမ့်မယ်ဆိုတာ သိတာနဲ့၊ ပဲခူးမှာတောင် ညမအိပ်ဘဲ ညွှန့်ညွှန့်တို့ ကားနဲ့ ချက်ချင်း ပြန်လာခဲ့တယ်၊ ဟော ... အခု ကျွန်မ ထင်တဲ့အတိုင်း ဖြစ်နေပြီ"

စိန်စိန်ဆိုသူ အမျိုးသမီးကြီးသည် သေနတ်ကလေးကို ခါးထဲသို့ ပြန်၍ ထိုးထည့်လိုက်ပြီးလျှင် ဆရာဝန်ဦးစံလှထွန်း၏ လက်ဝဲဘက် လက်မောင်းကို ပွေ့ဖက်လျက် မိမိကိုယ်ဖြင့် ဖေးမကာ အိပ်ခန်းရှိရာ အခြားဘက်ခန်းသို့ တွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ ထို့နောက် မိမိ၏လင်ယောကျ်ားအား ခုတင်ပေါ်၌ အသာအယာ အိပ်စေပြီးလျှင် –

"စိန် ပြောတာ နားထောင်နော် မောင်၊ မောင့်ကို အခုဆေးတစ်ခွက် တိုက်ရမယ်။ ပြီးတော့ စိန်က ဆေးလဲ ထိုးပေးမယ်။ မောင်အသာ မှိန်းနေ၊ မောင် အိပ်ပျော်သွားပြီး နိုးလာတဲ့အခါ စိန်နဲ့အတူ မြိန်မြိန်စားရအောင် စိန်က ညစာကို အသင့်ပြင်ထားမယ်"

အမျိုးသမီးကြီးသည် အနီးရှိ ဗီရိုတစ်ခုအတွင်းမှ ပုလင်းတစ်လုံးကို လျင်မြန်စွာ ထုတ်ယူပြီးလျှင် ဆေးရည်အနည်းငယ်ကို ဖန်ခွက်ကလေးတစ်ခု အတွင်းသို့ ထည့်၍ ဦးစံလှထွန်းအား ချော့မော့တိုက်လိုက်၏။ ထို့နောက် အခြားဗီရိုအတွင်းမှ ဆေးရည် ထည့်ထားသော ဖန်ပြွန်ငယ်တစ်ခုကို ယူကာ ၎င်းအတွင်းမှ ဆေးရည်များကို ဆေးထိုးအပ်ဖြင့် စုတ်ယူပြီးနောက် ဦးစံလှထွန်း၏ လက်ဝဲဘက် လက်မောင်းကို ထိုးလိုက်လေ၏။ ဦးစံလှထွန်းမှာ တစ်ကြိမ်မျှ တွန့်ခနဲ ဖြစ်သွားပြီးနောက် နှစ်မိနစ် အကြာတွင် တစ်ခါတည်း အိပ်ပျော်၍ သွားလေတော့၏။

အဖြစ်အပျက်များမှာ လျင်မြန်လွန်းလှသဖြင့် ဦးအုန်းခင်နှင့် မောင်ကျော်မင်းတို့မှာ မျက်လုံးများပြူးကာ အံ့အားသင့်လျက်ရှိနေကြ၏။ အမျိုးသမီးကြီးသည် "ကဲ ... ရှင်တို့ပါ လိုက်ခဲ့ကြပါဦးရှင်" ဟု ဖိတ်ခေါ်သဖြင့် ဦးအုန်းခင်နှင့် မောင်ကျော်မင်းတို့မှာ အိပ်ခန်းအထိ လိုက်ပါသွားကြရလေသည်။ ကျားတစ်ကောင်ကဲ့သို့ ယခင်က ခက်ထန်လျက်ရှိသော ဆရာဝန်ဦးစံလှထွန်းမှာ ယခုအချိန်တွင် သိုးငယ်တစ်ကောင်ကဲ့သို့ ငြိမ်သက်လျက်ရှိနေလေပြီ။

ဦးစံလှထွန်း အိပ်ပျော်၍သွားသောအခါ ၎င်း၏ဇနီး စိန်စိန်သည် ဧည့်သည်နှစ်ယောက်တို့အား ဧည့်ခန်းသို့ဖိတ်ခေါ်ကာ ဆိုဖာများပေါ်တွင် ထိုင်စေလျက် ဖြစ်ပျက်ပုံ အကျိုးအကြောင်းကို မေးမြန်းလေရာ ပန်းချီဆရာ ဦးအုန်းခင်က အင်းလျားကန်စောင်းတွင် မိမိပန်းချီဆွဲနေသည့်အချိန်မှစ၍ ယခုအထိ ဖြစ်ပျက်သော အကျိုးအကြောင်းများကို ခရေစေ့တွင်းကျ ပြန်ပြောလျက် ရှိလေသည်။ ပြီးဆုံးသောအခါ စိန်စိန်က သက်ပြင်းတစ်ချက်ချလျက် –

"ဩော် ... လက်စသတ်တော့ ဒီလိုကိုး။ ဘာမဟုတ်တဲ့ အကြောင်းကလေးနဲ့ အခုလို စိတ်ဒုက္ခရောက်ကြရတာ ကျွန်မ ဝမ်းနည်းပါတယ်ရှင်။ ကျွန်မယောကျ်ားက လွန်ခဲ့တဲ့ ၄–၅–၆ နှစ်လောက်ကတည်းက သူ့စိတ်ဟာ တစ်မျိုးဖြစ်နေတယ်ရှင့်။ လူတစ်ယောက် သွေးထွက်သံယိုဖြစ်တာကို သူမြင်ရရင် သူ့စိတ်ထဲမှာ သိပ်ပြီး ပီတိဖြစ်တယ်။ အစက သူဟာ ဆေးဝါးကုသတဲ့ဘက်ကပါပဲရှင်။ သို့ပေမယ့် သူ့မိတ်ဆွေ ဆရာဝန်တစ်ယောက်က သေနတ်ဒဏ်ရာရတဲ့





စစ်သားကလေးတစ်ယောက်ကို လက်ဖြတ်ပြီးကုတာ သူ မြင်ရတဲ့ အချိန်ကစပြီး သူ့စိတ်ဟာ ဘယ်လိုဖြစ်တယ် မသိပါဘူး။ ခြေချောင်းလက်ချောင်းတွေ ဖြတ်တဲ့ အလုပ်မှာ ရတ်တရက် စိတ်ဝင်စားလာပြီး 'ငါဟာ ခွဲစိတ်ဖြတ်တောက်တဲ့ ဆရာဝန် မလုပ်မိတာ မှားတယ်ကွယ်' လို့ တတွတ်တွတ် ပြောနေတာပဲရှင်။ ဒီအချိန်ကစပြီး ဘယ်လူနဲ့ပဲဖြစ်ဖြစ် လောင်းကြေးစားကြေးလုပ်၊ သူက ရှုံးရင်လဲ ငါးရာပက်ခနဲ၊ တစ်ထောင် ပက်ခနဲ ပေးလိုက်တာဘဲ။ အင်း ... သူက နိုင်ရင်တော့ တစ်ဘက်သားမှာ မသက်သာဘူး မှတ်တော့၊ အနည်းဆုံး လက်ချောင်းတစ်ချောင်းတော့ ဖြတ်ရမှ စိတ်ကျေနပ်တယ်။ ဗိမှာ ကြည့်လေ၊ အကြောင်းမပါခင် သူနဲ့ လောင်းကြေးစားကြေး လုပ်မိလို့ ကျွန်မ ရှုံးပြီး လက်တစ်ချောင်း အဖြတ်ခံရတာ"

ဆရာဝန်ကတော်သည် ခပ်ကွယ်ကွယ်ထားသော သူ၏လက်ဝဲဘက်လက်ကို စားပွဲပေါ်သို့ တင်လိုက်လေ၏။ စိန်စိန်၏ လက်ဝဲဘက် လက်သိုးကလေးမှာ အရင်းမှပြတ်လျက်ရှိလေရာ လက်သန်းတွင် ဝတ်ထားသော စိန်ခြယ်လက်စွပ်ကလေးမှာ ဓာတ်မီးရောင်တွင် တဖိတ်ဖိတ် တောက်လျက် ရှိလေသည်။

စိန်စိန်က ဆက်လက်၍ –

"အဲဒါသာ ကြည့်ကြပေတော့၊ သူ လက်ထပ်မယ့် မိန်းမတောင် မညှာဘူး။ ဘာကြောင့် အဖြတ်ခံရတယ် ဆိုတာတော့ ကျွန်မကိုယ်ရေးကိုယ်တာ ဖြစ်နေလို့ မပြောပါရစေနဲ့တော့ရှင်"

ခင် ။ ။ "ကျွန်တော်တို့ကလဲ မသိချင်ပါဘူး ခင်ဗျာ"

စိန် ။ ။ "ကျွန်မနဲ့ အကြောင်းပါပြီးမှ သူ အနိုင်ရလို့ ဖြတ်ခဲ့တာ လက်ချောင်း ၇ ချောင်း ရှိပြီရှင့်၊ အားလုံး သူ ဆေးရည်စိမ်ထားတယ်"

ခင် ။ ။ "အလိုလေး၊ ဘုရား ... ဘုရား"

မင်း။ ။ "သိပ်ကြောက်စရာ ကောင်းတဲ့လူကြီးပါလား ခင်ဗျာ"

ထို့နောက် စိန်စိန်က ဆက်လက်၍ –

"သူဟာ ပထမ လူရိုးလူကောင်းတစ်ယောက်ပါပဲရှင်၊ စကားကလဲ အင်မတန် နည်းပြီး အေးအေးနေတတ်တဲ့ လူတစ်ယောက်ပါ။ သို့ပေမယ့် အဲဒီအချိန် ကစပြီး ဖြတ်ချင်တောက်ချင်စိတ်တွေ ပေါ်လာတော့တာပါပဲ၊ ဒါနဲ့ ကျွန်မလဲ စိတ်ပညာဘက်ဆိုင်ရာ ပါရဂူကြီးတွေကို မသိမသာ ပြကြည့်တဲ့ အခါ သူတို့က လူ့စိတ်က တစ်ခါတလေ ထူးထူးဆန်းဆန်း ပြောင်းလဲသွားတတ်တဲ့ အကြောင်း၊ အင်မတန်ရိုးတဲ့ လူတစ်ယောက်ဟာ ခိုးချင်ဝှက်ချင်တဲ့စိတ် ရုတ်တရက် ဝင်လာကြောင်း၊ အင်မတန် သတ္တိကောင်းတဲ့ လူတစ်ယောက်လဲ ကြောက်စိတ်တွေ သရဲဘောကြောင်တဲ့ စိတ်တွေ ဝင်လာတတ်ကြောင်း ပြောကြ၍



www.burmeseclassic.com

www.burmeseclassic.com



သိရင်ပါတယ်၊ အဆုံးမှာတော့ ဆန်းကြယ်တဲ့ စိတ်ရောဂါတစ်မျိုးပါပဲ။ သူ အင်တော့ စိတ်ခက်ထန်ပြီး ဖြတ်ချင်တောက်ချင်တဲ့ စိတ်တွေ ပေါ်လာတဲ့အချိန် ကျွန်မက ဖျောင်း ဖျောင်းဖျဖျနဲ့ သူ့စိတ်ချမ်းသာအောင် ပြောလိုက်ပြန်တော့လဲ မနတ်တတ်တဲ့ ကြောင်ကလေးလို တစ်ခါတည်း ငြိမ်ကျသွားပြန်ရော့တာပဲ။ အခုကြည့်ပါလား အိပ်ဆေးတစ်ခွက် တိုက်လိုက်တော့ အိပ်ပျော်သွားရှာပြီလေ။ အိပ်ရာက ထလာရင် တကယ့် လူကောင်းပကတိ ဖြစ်လာပြီး ရှင်တို့ကိုတောင် မှတ်မိချင်မှ မှတ်မိတော့မယ်။ ကဲ ... ဒါလောက်သိရရင် ကျွန်မယောက်ျားအပေါ်မှာ ရှင်တို့ ခွင့်လွှတ်နိုင်ကြလိမ့်မယ် ထင်ပါတယ်။ ဘယ်နှယ့်လဲ၊ ဒီက မောင်ကလေးကကော ခွင့် လွှတ်မယ် မဟုတ်လား"

မင်း။ ။ "လွှတ်ပါတယ်ဗျာ၊ ဒီအထဲမှာ ကျွန်တော့် မိုက်ပြစ်လဲ ပါပါတယ်။ ကျွန်တော့်လက်ညှိုးတစ်ချောင်း မပြတ်တာလဲ အစ်မကြီးကယ်ပေလို့သာပေါ့ခင်ဗျာ"

ထိုအချိန်တွင် ပန်းချီဆရာ ဦးအုန်းခင်သည် နေရာမှထ၍ နှုတ်ဆက်လေရာ ဆရာဝန်ကတော် ဒေါ်စိန်စိန်ကလည်း ကျေးဇူးတင်ကြောင်း ပြောဆိုကာ နှုတ်ဆက်လေ၏။

ဤသို့ အပြန်အလှန် နှုတ်ဆက်လျက် ရှိကြစဉ် နှုတ်လျှာသွက်လက်သော သဘော်သားကလေး မောင်ကျော်မင်းက "အစ်မကြီးက ကျေးဇူးတင်စရာ မလိုပါဘူး ခင်ဗျာ၊ ကျွန်တော်ကသာပြန်ပြီး အစ်မကြီးကို ကျေးဇူးတင်ဖို့ ရှိပါတယ်"ဟု အားကျမခံ နောက်ဆုံးပြန်၍ ပြောခဲ့လေသည်။

## ခွေးနက်ကြီး

အင်္ဂလိပ်များ ပြန်လာဝင်လာပြီးနောက် ၃–၄ လခန့်လောက်က ကျွန်တော်သည် ကမာရွတ်တွင် ခေတ္တစခန်းချ နေထိုင်လျက်ရှိသော ကက်(စ) ဘီ အုပ်ချုပ်ရေး အရာရှိတစ်ဦး၏ ဖိတ်ကြားချက်အရ သူ၏ညစာ စားပွဲသို့ သွားရောက်ခဲ့ပါကြောင်း။ (၇) နာရီမှစ၍ ခင်မင်ရာ ခင်မင်ကြောင်း မိတ်ဆွေများနှင့် ပန်းခြံအတွင်း နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ၊ ဖန်ခွက်များကို လက်မှမချစတမ်း စကားတပြောပြောနှင့် သောက်ပြီး နောက် ၈ နာရီထိုးတွင် ညစာစားပွဲ စလေရာ ၉ နာရီတွင်မှ အပြီးသပ်လေသည်။

ညစာ စားပွဲပြီးလတ်သော် ကျွန်တော်လည်း မိတ်ဆွေ စစ်ဗိုလ်အား နှုတ်ဆက်၍ ၉ နာရီ ၄၅ မိနစ်ထွက် နောက်ဆုံးရထားအမီ ထွက်ခဲ့လေ၏။ စစ်ဗိုလ်ခြံမှာ ယခု မားဒါးဆပ်ပြာကုမ္ပဏီ စက်ဝင်းတောင်ဘက်တွင် ရှိ၍ ကျွန်တော်လည်း မယ်ဇီကုန်းရွာဘက်သို့ ဆင်း၍လာခဲ့၏။ ကျွန်တော်၏ အကြံမှာ မီးရထားဘူတာသို့ လူသွားလူလာများသော လမ်းမကြီးမှ မသွားဘဲ မယ်ဇီကုန်းရွာဘေးရှိ ခြံများမှဖြတ်၍ ရထားလမ်းသို့ တက်သောအခါ ရထားလမ်းအတိုင်း ဘူတာသို့ လျှောက်သွားရန်ဖြစ်လေသည်။

ဆပ်ပြာစက်မြောက်ဘက် တစ်ဖာလုံခန့်အကွာတွင် မယ်ဇီကုန်းရွာဘက်သို့သွားသော လမ်းကြားကလေးတစ်ခုရှိသဖြင့် ကျွန်တော်လည်း လမ်းအ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှဆင်း၍ လက်ယာဘက်သို့ ဝင်ခဲ့လေ၏။ ကိုက် ၁၀၀ ခန့်မျှ လမ်းကြားအတိုင်း လျှောက်မိသောအခါ လမ်းကလေးမှာ နှစ်မြွာဖြစ်သွား၍ တစ်လမ်းမှာ နှင်းပန်းခြံများကို ဖြတ်၍သွားသော လမ်းကလေးဖြစ်ပြီးလျှင် အခြားတစ်လမ်းမှာ အနောက်တောင် ယွန်းယွန်းသို့ သွားသော မြေနီလမ်းကလေး ဖြစ်လေသည်။ ခြံသားလမ်းမှာ သစ်ပင်အုပ်ကြီးများရှိသဖြင့် အတော်ပင် မှောင်လျက်ရှိရာ ကျွန်တော်လည်း သာယာသော မြေနီလမ်းကလေးအတိုင်း လျှောက်လာခဲ့လေသည်။

လမ်းကလေးမှာ အတော်အတန် ညီညာပြီးလျှင် သစ်ပင်ကြီးများလည်း လမ်းတွင် တစ်ပင်တလေသာရှိ၍ နံဘေးဇာစ်ဘက်တစ်ချက်၌ တစ်ခါတစ်ရံ အိမ်ကလေးများကိုတွေ့ရ၏။

သာယာသော ဆောင်းဦးပေါက်ချိန်ဖြစ်သဖြင့် မှုန်မွှားသော လရောင်ကလေးသည် တစ်ပင်တလေမျှသော သစ်ပင်ကြီးများအောက်သို့ ပြောက်တိပြောက်ကြား ကျရောက်လျက်ရှိ၏။ အခြားနေရာ၌များမူ အတော်အတန်သာ၍နေသည်။ ကျွန်တော်မှာ ထိုနေရာများသို့ ယခင်က မရောက်ဖူးသဖြင့် မီးရထားဘူတာရုံရှိရာ တောင်ဘက်သို့သွားလျှင် ဘူတာရုံသို့ရောက်ရမည် ဖြစ်၏။

ကိုက် ၁၀၀ ခန့်မျှ သွားမိလတ်သော် လမ်းကလေးသည် လက်ဝဲဘက်သို့ အတန်ငယ် ကွေ့သွားလျက် သစ်ပင်အုပ်ကြီးများအောက်သို့ ရောက်လာ၏။ ထိုနေရာ၌ လမ်းကလေးမှာ အတော်အတန်ကျယ်ပြန့်ပြီးလျှင် လမ်းဘေးတွင် တိုက်ဟောင်းများ တဲကလေးများကို သစ်ပင်အုပ်များ အောက်၌ ရံဖန်ရံခါ မထင်မရှား တွေ့မြင်ရ၏။

ကျွန်တော်၏ လက်ယာဘက်ဆီမှ မီးရထားဥသြသံနှင့် စက်သံကို ကြားလိုက်ရ၏။ ယူသူအသွားအလာဟူ၍ တစ်ယောက်တလေမျှ မတွေ့ရသည့်ပြင် တိတ်ဆိတ်ခြင်းသည်လည်း ယခင်ကထက် တိတ်ဆိတ်ငြိမ်သက်လာသဖြင့် ငါသည် လမ်းမှား၍ လာလေပြီလောဟု စိတ်ထဲတွင် အနည်းငယ်မျှ စနောင့်စနင်းဖြစ်မိ၏။

ခြေလှမ်းသုံးလေးဆယ်ခန့်မျှ ရှေ့သို့လျှောက်မိသောအခါ ဝင်းခြံကလေးတစ်ခုအလယ်တွင် ဆောက်ထားသော အိမ်ကလေးတစ်ဆောင်၏ ပြတင်းပေါက်မှ မီးရောင်ကလေးတစ်ခု တိုးထွက်နေသည်ကို မြင်ရသဖြင့် အတော်ပင် အားတက်လာမိ၏။ အိမ်ကလေးမှာ အတော်အတန် သပ်ရပ်သော အိမ်ကလေးတစ်ဆောင်ဖြစ်၍ အိမ်ရှေ့ပြတင်း သုံးပေါက်အနက် အလယ်ပေါက်ပြတင်းမှာ ဟင်းလင်းပွင့်နေပြီးလျှင် ထမိရင်လျားလျက် ရှိသော မိန်းမတစ်ယောက်သည် ဆံပင်ကို ဖားလျားချကာ မျက်နှာသုတ်ပဝါ တစ်ထည်ဖြင့် သုတ်နေသည်ကို မြင်ရ၏။ အမျိုးသမီးသည် ကျွန်တော်ရှိရာ လမ်းဘက်သို့ ကြည့်





နေသဖြင့် အဝတ်ကင်းမဲ့သောသူ၏ ရင်အပေါ်ပိုင်းကိုလည်းကောင်း၊ လည်ပင်းနှင့်လက်မောင်းအိုးများကိုလည်းကောင်း ထင်ရှားစွာ မြင်နေရသည့်ပြင် မျက်နှာမှာလည်း လမ်းဘက်သို့ ခပ်ပြုံးပြုံး ကြည့်နေသည်ကို မြင်ရသဖြင့် ကျွန်တော်၏ ခြေလှမ်းများမှာ တစ်မျိုးတစ်မည် ဖြစ်၍သွားမိ၏။ ကျွန်တော်၏ ခြေများ ရပ်သွား၏။

"အလဲကွဲ ... ဘယ်လိုပါလိမ့်" ဟု ကျွန်တော်သည် စိတ်ထဲက ရေရွတ်လိုက်မိ၏။

ထိုခဏ၌ အိမ်ကလေးရှိရာ မှောင်ထဲမှ အလွန်ရှည်လျားစွာ အူလိုက်သော ခွေးဟောင်သံကို ကြားလိုက်ရ၏။ ခွေးသံမှာ ပတ်ဝန်းကျင် တစ်ခုလုံးဟိန်း၍သွားသဖြင့် သာမန်မြန်မာခွေးမျိုး ဟုတ်မည်မထင် အလွန် ကြီးမားသော အင်းခွေး၊ သို့မဟုတ် ခွေးသမင်၊ သို့မဟုတ် အယ်လဖေးရှင်းခေါ် ခွေးကြီးမျိုး ဖြစ်ဟန်တူ၏။ ခွေးဟောင်သံ ရပ်သွားလျှင်ပတ်ဝန်းကျင်မှာ ယခင်ကထက် တိတ်ဆိတ်သွားပြန်၏။

အမျိုးသမီးသည် ကျွန်တော့်ကို မှင်သဖြင့် ပြုံးလိုက်ခြင်းပေလော။ အခြားသူ တစ်စုံတစ်ယောက်မျှ မရှိသော အိမ်ကလေးထဲတွင် သူသည် ကျွန်တော့်အားပြုံး၍ ကြည့်နေရုံမျှမက သူ၏အပြုံးသည်လည်း ကျွန်တော်၏ စိတ်အာရုံကို ဖိတ်ခေါ်လျက်ရှိသော အပြုံးမျိုး ဖြစ်လေသည်။

ကျွန်တော်သည် ရူး၍များနေလေပြီလော။ အမျိုးသမီးသည် အိမ်ထဲမှနေ၍ မှောင်မိုက်ရာလမ်းပေါ်တွင် လျှောက်လာသော ကျွန်တော်အား မြင်နိုင်မည်မထင်။ သူ့အလိုအလျောက် ပြုံးနေခြင်းသာဖြစ်ပေလိမ့်မည်ဟု တွေးပြန်၏။ မည်သို့ပင်ဖြစ်စေ သူ၏အပြုံးကြောင့် ကျွန်တော်၏ ခြေလှမ်းများ နှေးသွားခြင်းဖြစ်လေသည်။

ရှေ့သို့ခြေလှမ်း ၂၀ ခန့်မျှ ဆက်လက်သွားမိသောအခါ လမ်းမှာ ကျွန်တော်၏ လက်ဝဲဘက်သို့ ချိုးသွားပြန်သဖြင့် ထိုလမ်းကလေးမှာ မီးရထားဘူတာဘက်သို့ သွားဟန်မတူဘဲ လမ်းမကြီးဘက်သို့ပြန်၍ လှည့်သွားဟန်တူသဖြင့် ကျွန်တော်သည် လမ်းမှား၍ပင် လာလေပြီလားဟု စဉ်းစားမိပြန်၏။

ကျွန်တော့်တွင် အကြံတစ်ခုပေါ်လာ၏။ ထိုအကြံမှာ အိမ်ထဲတွင် တစ်ယောက်တည်းရှိနေသော အမျိုးသမီးထံသို့ သွားရောက်မေးမြန်းရန် ဖြစ်လေသည်။ ဤသို့မေးမြန်းခြင်းဖြင့် ကျွန်တော့်အား အပြစ်မဆိုနိုင်ချေ။ လမ်းမှားသောသူ တစ်ယောက်သည် မည်သူ့ကိုမဆို မည်သည့်အချိန်မဆို စုံစမ်းမေးမြန်းနိုင်သော အခွင့်အရေးရှိသည် မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



သို့ပြစ်၍ ကျွန်တော်လည်းပြန်၍ လျှောက်လာခဲ့ပြီးလျှင် အိမ်ရှေ့ရောက်သောအခါ ဝင်းတံခါးကို ဖွင့်လေ၏။

ဤအချိန်၌ကား ခွေးအူသံကို မကြားရတော့ချေ။ သို့နှင့် ကျွန်တော်လည်း စေ့ရုံသာစေ့၍ထားသော ဝင်းတံခါးကို ဖွင့်ပြီးလျှင် အိမ်ကလေးရှိရာသို့ လာခဲ့လေ၏။

အကယ်၍ ကျွန်တော်ထင်သည့်အတိုင်း မဟုတ်လျှင်လည်း ကျွန်တော်များလာသဖြင့် လမ်းမှန်ကိုညွှန်ပြရန် မေးမြန်းက မည်သူမဆို ခွင့်လွှတ်ပေလိမ့်မည်။

ကျွန်တော်သည် တံခါးကို ခေါက်လိုက်၏။ မကြာမီ အတွင်းမှ ခြေသံများ ကြားရပြီးနောက် တံခါးမင်းတုံးဖွင့်လိုက်သံ ကြားရပြီးလျှင် တံခါး ပွင့်သွားလေသည်။

အမျိုးသမီးသည် ကျွန်တော်ရှေ့၌ ရပ်လျက်ရှိပေရာ ကျွန်တော်လည်း မေးမြန်းရမည့်စကားစရှာ၍ မတွေ့ .....။

"ကျွန် ... ကျွန် ... ကျွန်တော် ... " အထစ်ထစ် အငေါ့ငေါ့ ရှိနေလေ၏။ ကျွန်တော် စကားဆုံးအောင် အပြောနိုင်မီ အမျိုးသမီးသည် ကျွန်တော်အား ပြုံးရွှင်စွာဖြင့် "အထဲဝင်လေ" ဟု ပြောသဖြင့် ကျွန်တော်လည်း အိပ်ကော်မက်နေသူ တစ်ယောက်ကဲ့သို့ အိမ်တွင်းသို့ ဝင်သွားမိလေသည်။

အိမ်ရှေ့ခန်းကလေးမှာ ၁၂ ပေ ပတ်လည့်ခန့်ရှိ၍ အိမ်ထောင်ပရိဘောဂဟူ၍လည်း များစွာ မရှိလှချေ။ ကြိမ်ကုလားထိုင် ခပ်ဟောင်းဟောင်း ၂ လုံး အလယ်၌ သစ်သားစားပွဲဝိုင်းကလေး အတွင်းနံရံဘက်တွင် မှန်များ ကွဲနေသော မှန်ဗီရိုတစ်လုံးရှိ၏။ ရေနံဆီ လသာမှန်အိမ်ကို အခန်းအလယ်၌ ဆွဲထား၏။

အမျိုးသမီးက ကုလားထိုင်များကို ညွှန်ပြလျက် "ထိုင်လေ" ဟု ပြောလိုက်သဖြင့် ကျွန်တော်သည် ကုလားထိုင်တစ်လုံးရှိရာသို့ သွားထိုင်လေ၏။

ထိုအချိန်၌ အမျိုးသမီးသည် မှန်အိမ်မီးရောင် အလင်းဆုံးသော နေရာ၌ ရပ်လျက်ရှိလေရာ အမျိုးသမီးမှာ ကျွန်တော် ပထမ ထင်ခဲ့သည့်အတိုင်း ပျိုပျိုရွယ်ရွယ် မဟုတ်လှပေ။ အသက် ၄၀ကျော် ၅၀ နီးပါးမျှရှိပြီးလျှင် အသားအရေမှာလည်း ကြမ်းတမ်းလျက် အရှို့နေရာတွင် ဝက်ခြံတင်းတိပ်များ ရှိနေ၏။ မျက်နှာ အတန်ငယ် ရှင့်ကျက်သည်ဟု ဆိုရသော်လည်း အရွယ်တင်လျက် ပေါ်လွင်သော နှာတံ၊ စူးရှတောက်ပသော မျက်လုံး၊ မည်းနက်သော ဆံပင်နှင့် မျက်လုံး မျက်ခုံးများရှိ၏။ နှုတ်ခမ်းမှာ ပါးလွှာလျက် ဆန္ဒရမ္မက် ပြည့်ဝဟန်ရှိသော ပါးစပ်ကို ပိရိစွာ ဖုံးအုပ်၍ရှိ၏။ အလုံးစုံ ခြုံ၍ကြည့်သော် ငယ်ရွယ်နုပျိုစဉ်က အတော်အတန် ချောမောလှပသော မိန်းမတစ်ယောက်ပင် ဖြစ်ပေလိမ့်မည်။ ကျွန်တော့်ကို





ကြည့်သောအခါ၌လည်း တည့်တည့်ကြီး ရှမ်းရှမ်းစားစား ကြည့်၏။ အထူးသဖြင့် ပေါ်လွင်လွန်းသော နှာတံနှင့် ဝိုင်းစက် ပြည့်ဝသော မျက်လုံးတို့မှာ ယခုခေတ်ခေါ်ဝေါ်လေ့ရှိသော 'ကုလားဆင်' ရုပ် လက္ခဏာမျိုး ဖြစ်လေသည်။

ကုလားထိုင်ပေါ်၌ ကျွန်တော် ထိုင်မိလျှင် ထိုင်မိချင်း အမျိုးသမီးကြီးက

"ခဏနေဦးနော်၊ ကျွန်မ မကြာပါဘူး" ဟု ပြောပြီးလျှင် အတွင်းဘက်သို့ ဝင်သွားသဖြင့် ကျွန်တော်လည်း ကုလားထိုင်ပေါ်တွင် ထိုင်ကာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေသည်။

နောက်တစ်ခဏမျှ မကြာမီ ကျွန်တော်လည်း ခေါင်းရင်းဘက် မှောင်ရိပ်အတွင်းမှ လှုပ်ရှားသံတစ်သံ ကြားလိုက်ရသဖြင့် ညည့်ခန်းတွင် ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘဲ အခြားတစ်စုံတစ်ယောက်ရှိနေကြောင်း သတိပြုလိုက်မိ၏။ ထိုအခိုက် မည်းနက်၍ ပုံပန်း အချိုးအစားမရှိသော အဝတ်နက်တစ်ထည်ကို ဝတ်ထားသည့် လူကြီးတစ်ယောက်သည် ခြေနှစ်ဖက်ကိုနောက်သို့ အတန်ငယ် ပစ်ကာ မျောက်ကဲ့သို့ လက်နှစ်ဖက်ကို ရှေ့သို့ချလျက် မှန်အိမ်အလင်းရောင်အောက်သို့ တဖြည်းဖြည်း တွား၍ ဝင်လာသည်ကို မြင်ရ၏။ အလွန်အရုပ်ဆိုး၍ ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါကြီးတစ်ကောင်နှင့်ပင် တူလေသည်။ ကျွန်တော်သည် ရုတ်တရက် ထိတ်လန့်၍သွားမိ၏။ ခါးကုန်းကြီးသည် အခြားကုလားထိုင်တစ်လုံးပေါ်သို့ ကိုယ်ကြီးကိုပုံ၍ လှဲလိုက်ရာ ထိုအခါမှ ကျွန်တော်လည်း သူ၏ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပုံကို ကောင်းစွာ မြင်ရတော့၏။

သူ၏ လက်ဝဲဘက် ခြေထောက်မှာ တစ်ဆစ်ချိုးလေးထောင့်ကဲ့သို့ တွား၍နေသဖြင့် လမ်းလျှောက်ရာတွင်ဆွဲ၍ သယ်ယူရပြီးလျှင် ပုစွန်လုံး၏ သွားခြင်းမျိုးဖြင့် သွားရ၏။ မျက်နှာတစ်ခုလုံးမှာ အမာရွတ်များ ထပ်လျက်ရှိ၏။ ယင်းတို့အနက် အမာရွတ်ကြီးတစ်ခုသည် မျက်နှာတစ်ခြမ်းကို ကန့်လန့် ဖြတ်လျက် လက်ဝဲဘက်မျက်လုံးသည် တွင်းတစ်ခုကဲ့သို့ အရာမျှသာ ကျန်ရစ်တော့၏။ ဤမျှလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသောသတ္တဝါတစ်ဦးကို ကျွန်တော်သည် မည်သည့်အခါကမျှ မမြင်မိခဲ့ဖူးချေ။ သူသည် ကုလားထိုင်တွင် ထိုင်ပြီးနောက် ကျွန်တော့်ဘက်သို့ မျက်နှာလှည့်လိုက်လေသည်။

"မင်းဘာကြောင့် ဒီကိုဝင်လာတယ်ဆိုတာ တို့အသိသားပဲ"

"အာ"

ကျွန်တော်ကား အလွန်ကြောက်ရွံ့ တုန်လှုပ်ကာ ဤအိမ်သို့ အမျိုးသမီးတစ်ဦး၏ ဆွဲဆောင်မှု ကျွန်တော်၏စိတ်ဓာတ် ပျော့ညံ့မှုတို့ကြောင့် ဝင်ရောက်လာခဲ့မိခြင်းကို ကောင်းစွာ နောင်တရလျက်ရှိတော့၏။ သို့သော် နောက်ကျခဲ့လေပြီ။ ကျွန်တော် မတ်တပ်ရပ်သည်နှင့် တစ်ပြိုင်နက် ခါးကုန်းကြီးသည်

www.burmeseclassic.com



ကျွန်တော်၏လက်ကောက်ဝတ်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ အောက်သို့ ဆွဲချလိုက်သဖြင့် ကျွန်တော်လည်း ပြန်၍ထိုင်လိုက်၏။ လူ့တိရစ္ဆာန်ကြီးနှင့်တူသော ခါးကုန်းကြီးသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကိုယ်အင်္ဂါချို့တဲ့လျက်ရှိသော်လည်း အားအင်သန်းစွမ်းလှ၏။

"ဟော ... ဗျူပ်မိန်းမလာပြီ"

ထိုအချိန်တွင် အမျိုးသမီးကြီးသည် ဧည့်ခန်းနောက်ရှိ အမှောင်ရိပ်တစ်ခုမှ ထွက်လာလေရာ အလွန်ပါးပွှာလှသော အင်္ကျီနှင့် အောက်အနားပတ်တွင် သုံးထောင့်ပုံများ လီးဖြတ်ထားသည် ပန်းနုရောင် ပိုးတွန့်လုံချည် အပျော့တစ်ထည်ကို ဝတ်ထား၏။ ခါးမှာ သားရေခါးပတ်ဖြင့် တင်းကြပ်စွာ စည်းထားသောကြောင့် ကြုံ့ဝင်သေးသိမ်လျက် ရှိလေရာ စွင့်စွင့်ကားကား ဖြစ်သော ရင်အထက်ပိုင်းနှင့် အောက်တင်ပါးကိုအလယ်မှ ပြတ်သားစွာ ခြားထားသကဲ့သို့ ရှိလေ၏။ မျက်နှာမှာ ပေါင်ဒါ မိတ်ကပ်တို့ဖြင့် လိမ်းကျံထားသဖြင့် ရင့်ရော်ခြင်း နီမြန်းကြမ်းတမ်းခြင်းများ ပျောက်ကာ နှစ်ပေါင်း ၂၀ ခန့်မျှငယ်၍ သွားသကဲ့သို့ ထင်ရ၏။ ဆံပင်အလယ်မှ တည့်တည့်ခွဲထားလျက် နဖူးပေါ်မှ ဆံရင်ကလေးများသည် လေထဲတွင် ပျံ့ဝဲလျက်ရှိ၏။ ပေါင်ဒါနံ့များသည် အခန်းတစ်ခန်းလုံးကို တသင်းသင်း လှိုင်လျက် ရှိစေ၏။

ခါးကုန်းကြီးက ကျွန်တော့်အား စကားပြောပြန်လေသည်။ "ဒီမယ်ဗျ၊ ကျူပ်တို့ လင်မယားက အက အင်မတန် ဝါသနာ ပါတာ။ ဘယ်ကပွဲမဆို ကျူပ်တို့ မရောက်တာ မရှိဘူး၊ ရောက်တာပဲ။ ကျူပ်မိန်းမက ကမ်းနားလမ်းက ကလပ် တွေမှာရော စစ်တပ်ပေးတဲ့ ကပွဲတွေမှာရော အငှါးလိုက်ပြီး ကနေတဲ့ မိန်းမပေါ့။ သူ့နာမည်က ဘီဘီတဲ့။ ကချေသည် ဖာတမာ ဘီဘီဆိုရင် အထက်တန်းလွှာက မသိတဲ့လူ မရှိဘူး။ ခင်ဗျား မကြားဖူးဘူးလား"

"ဟင့်အင်း ... မကြားဖူးဘူး"

"မကြားဖူးရင် ထားပါတော့ဗျာ။ ဒါနဲ့ ကျူပ်တို့ ကံဆိုးချင်တော့ ကျူပ်မှာ ဗုံးထိပြီး ဒဏ်ရာ အနာတရ ရခဲ့တယ်။ အဲဒီအချိန်ကစပြီး ကျူပ် မကနိုင်တော့ဘူး။ ကျူပ်မိန်းမကိုတော့ ဗုံးဆန် မထိဘူး။ လွတ်သွားတယ်။ နို့ပေမယ့် သူလဲ အဲဒီကတည်းကစပြီး ကလပ်တွေ ဘာတွေ သွားမကတော့ပါဘူး။ ပျင်းရင် ကျူပ်နဲ့ပဲ နှစ်ယောက်တည်း အိမ်မှာ ကတော့တယ်။ ဒီကြမ်းပြင် ကြည့်ပါလား။ ပြောင်ချောနေတာပဲ"

သူသည် အရောင်တင်ထားသော ကြမ်းပြင်ကိုပြသဖြင့် ထိုအခါမှ ကျွန်တော်လည်း သတိပြုမိလေသည်။ ကြမ်းမှာ အချို့နေရာတွင် ဟောင်းနွမ်းဆွေးမြေ့





ကာ ကွဲအက်လျက်ရှိသော်လည်း မျက်နှာမှာ ပေါလစ်များ တိုက်ထားသဖြင့် ပြောင်၍ နေလေသည်။

ခါးကုန်းကြီးက ဆက်လက်၍ –

"ဧည့်သည်များကလည်း တစ်ခါတလေမှ ပေါ်လာတာ မိတ်ဆွေရဲ့ အရောက်အပေါက် အနည်းသား၊ လာရင်လည်း ကျူပ်မိန်းမနဲ့ တွဲကစေချင်တယ်"

ကျွန်တော်သည် အိပ်မက်ပင်မက်၍ နေလေသလော။ သို့မဟုတ် ထမင်းလုံး တစ္ဆေခြောက်ခြင်းကိုပင် ခံ၍နေရလေသလော။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ၎င်းတို့လက်တွင်းမှ မလွတ်နိုင်တော့ပြီ။ ကျွန်တော်၏ စိတ်များမှာ သူတို့၏အလိုကို လိုက်နာရမည်ကဲ့သို့ တန်ခိုးအာနိသင် မရှိတော့ချေ။

"ကျူပ် မကတတ်ဘူး"

"ကျူပ်မိန်းမက သင်ပေးမှာပေါ့"

ထိုခဏ၌ အစွမ်းကုန် ဝတ်စား ပြင်ဆင်လာသော ဘီဘီသည် ကတော့ကြီး တပ်ထားသော (ဂရမ်မာဖုံး) ဓာတ်သီချင်းစက် ရှိရာသို့ ထသွားပြီး သီချင်းသံသည် အခန်းကလေးတစ်ခုလုံးကို ဆူညံ၍ သွားစေ၏။ ဘီဘီသည် ကျွန်တော်၏ လက်ကိုလာ၍ ဆွဲခေါ်ပြီးနောက် 'ဖောက်ထရော့' (Foxtrot) ခေါ် မြေခွေးခုန် အကမျိုးကို စ၍ကစေ၏။

"မကတတ်ပါဘူးဗျာ မလုပ်ပါနဲ့"

"အို ... ဘီဘီ သင်ပေးမှာပေါ့"

ကျွန်တော့်မှာ ဘိုင်စကုတ်များ၌သာ အနောက်တိုင်း ပွဲတ်သဘင် အကများကို မြင်ဖူး၍ လက်တွေ့အားဖြင့် မည်သည့်အခါကမျှ ကဖူးသူ တစ်ယောက် မဟုတ်ဘဲ ရှိနေရာ ဘီဘီ ဆွဲခေါ်ရာသို့ လိုက်ပါသွားရပြီးလျှင် သူ့လက်ကို မြှောက်လျှင် မြှောက်ခြင်း လက်ကို ချလျှင်ချခြင်း က၍ နေရတော့၏။ ခါးကုန်းကြီး၏ ဟက်ဟက်ပက်ပက် ရယ်မောသံကို တစ်ခါတစ်ရံ ကြားလိုက်ရ၏။

ဘီဘီသည် ကျွန်တော့်အား တင်းကြပ်စွာ ဖွေ့ဖက်လျက် ကျွန်တော်ကလည်း သူ၏ခါးကို ဖက်ထားရလေရာ သူ၏ ရင်အုပ်နှင့် ပွတ်သပ်တွေ့ထိ၍နေတော့၏။ သူ၏ပေါင်ဒါနံ့များနှင့် ဆံပင်မှဆီမွှေး ကော့စမတစ်နံ့များသည် ကျွန်တော်၏ နှာခေါင်းတွင်းသို့ တိုးဝင်လျက် တစ်ခါတစ်ရံ ကျွန်တော်၏ နှာသီးဖျားများသည် သူ၏နှုတ်ခမ်းနှင့် ပါးပြင်များကိုပင် မသိမသာ ပွတ်သပ်၍သွားလေ၏။

"အစ်ကို"

"ဘာလဲ ဟင်"

"အခုလို ဘီဘီနဲ့ တွဲကရတာ မပျော်ဘူးလား"

"ပျော်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မျှော်ရင် နေ့တိုင်းလာနော်"

"လာမယ် သြော် ... ဒါထက် ဘိဘိက သိပ်လှတယ်နော်"

"အို ... အစ်ကိုကလဲ စုလတန်ကြီး ကြားသွားပါ့မယ်"

ထိုအချိန်၌ ခါးကုန်းကြီး၏ ရယ်မောသံကို ကြားလိုက်ရသဖြင့် ကျွန်တော်တို့လည်း ဣန္ဒြေမပျက် ဆက်လက် ကခုန်လျက် ရှိကြလေ၏။ ခါးကုန်းကြီးကလည်း ဓာတ်ပြားများကို တစ်ချပ်ပြီးလျှင်တစ်ချပ် ထည့်သွင်းပေးလေသည်။

ကျွန်တော်တို့သည် နှစ်ချက်စည်းသာသာမျှဖြင့် 'ဂျက်မှန် လက်မှန်' ကလျက် ရှိရာမှ သီချင်းသွားတွင် စည်းသုတ် ရိုက်၍လာသဖြင့် ဘိဘိသည် သီချင်းသွားအလိုက် ကျွန်တော့်အား ဆွဲကာရမ်းကာ တွန်းကာ ထိုးကာ ခပ်ကြမ်းကြမ်း က၍လာသဖြင့် ကျွန်တော့်မှာ သူ၏ခြေဖျားများကို ဖိနပ်ဖြင့် မနင်းမိစေရန် အတော်ကြီး သတိထား၍ ကရလေ၏။

ကျွန်တော်တို့သည် တစ်ခန်းလုံး လှည့်ပတ်ကခုန်လျက်ရှိရာမှ တံခါးဝအနီးသို့ အရောက်တွင် သီချင်းစက် ရုတ်တရက် ရပ်သွားသဖြင့် အကကို ရပ်လိုက်ရ၏။ ထိုအခါ ဘိဘိသည် တံခါးကိုဖွင့်လိုက်ပြီးနောက် ကျွန်တော်၏ကိုယ်ကို သူ၏ကိုယ်လုံးဖြင့် အပြင်သို့ တွန်းပို့ကာ "တော်လောက်ပါပြီ အစ်ကို၊ ကျေးဇူးတင်ပါတယ်။ ကဲ ... သွားပေတော့" ဟု ပြောလိုက်သဖြင့် ကျွန်တော်လည်း ခါးကုန်းကြီးအား နှုတ်ဆက်မည် ပြုလေ၏။ သို့သော် ခါးကုန်းကြီးမှာ ထိုအချိန်၌ ကုလားထိုင်ပေါ်တွင် မရှိတော့ချေ။ သို့နှင့် ကျွန်တော်လည်း အခန်းပြင်သို့ ထွက်လိုက်ရလေရာ ဘိဘိသည် တံခါးကို အတွင်းမှ မင်းတုံး ချလိုက်လေသည်။

အချိန်မှာ ၁၀ နာရီခွဲပြီ ဖြစ်၍ ကျွန်တော်လည်း ရှေ့သို့ ဆက်မသွားတော့ဘဲ လာလမ်းအတိုင်း ပြန်ခဲ့ရာလမ်းတွင် ရုပ်ရှင်မှပြန်လာသော လူတစ်ယောက်နှင့် တွေ့ရသဖြင့် ထိုသူသည် ကျွန်တော့်အား အိမ်ကလေးများကြားမှ ခေါ်သွားကာ လမ်းမကြီးပေါ်သို့ ရောက်အောင် လိုက်၍လမ်းပြပေးလေသည်။

လမ်းထိပ်သို့ ရောက်သောအခါ ကျွန်တော်လည်း ဓာတ်မီးရောင် လင်းနေသော ပိတ်တော့မည်ဆဲဆဲ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ကိုတွေ့ရသဖြင့် ကျွန်တော် တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို တီးခေါက် စုံစမ်းကြည့်လိုသောကြောင့် ဆိုင်ထဲသို့ ဝင်ခဲ့လေ၏။ ကျွန်တော်၏အကြံမှာ စိတ်နှံ့ဟန်မတူသော ခါးကုန်းကြီးနှင့် ထူးဆန်းသော မိန်းမသည် ကျွန်တော့်အား နှစ်နာရီနီးပါးမျှ ကျွန်တော်၏ အလိုကိုဆန့်ကျင်ကာ မတရားချုပ်နှောင်ထားခဲ့သဖြင့် ယင်းကိစ္စကို ရဲဘက်နှင့် စစ်ဘက်သို့ တိုင်တန်းမည်ဟု စိတ်ကူးထားလေသည်။





သို့နှင့် ကျွန်တော်လည်း ဆိုင်ရှင် ယောက်ျားကြီးအား အမှတ်မထင် မေးသည့်သဘောဖြင့် –

"ဒီမယ်ဗျ ဆရာကြီး၊ ဟောဒီအိမ်တန်း နောက်ဖေးဘက်က လမ်းကြားကလေးထဲမှာ ကုလားကပြား စုလတန်တဲ့ သူ့မိန်းမက ဘိဘိတဲ့ အဲဒီလူတွေများ မသိဘူးလား"

"အသိသားပဲ၊ မဘိဘိဆိုတဲ့ မိန်းမက ဒီဆိုင်ကို မကြာမကြာ လာပါတယ်။ သူတို့မှာ ခွေးနက်ကြီးတစ်ကောင် ရှိတယ်လေ"

"ဟုတ်တယ် ... ဟုတ်တယ်"

"ငယ်ငယ်ကတော့ ဒီမိန်းမက မိန်းမချောနဲ့တူပါတယ်။ ကချေသည်မ တစ်ယောက်ဆိုပဲဗျ။ အကလည်း အင်မတန် ကောင်းသတဲ့။ အထူးသဖြင့် အင်္ဂလိပ်ညစာစားပွဲတွေ ဧည့်ခံပွဲတွေမှာ စုံတွဲကတဲ့ အကမျိုးတွေပေါ့။ အင်္ဂလိပ် ဟိုတယ်တွေမှာ သူက အခစားလိုက်ပြီး ကနေတဲ့ မိန်းမပဲ။ သူ့ယောက်ျားကလဲ အကနဲ့ အတီးအမှုတ် အင်မတန် ဝါသနာပါတာပဲ။ စစ်မဖြစ်ခင်က အကသင်တဲ့ ကျောင်း ဖွင့်ထားသေးတယ်ဆိုပဲ"

"သြော် ... ဒီထက်ရာရှိပြီးတော့ ယောက်ျားကြီးက မထနိုင်ရှာတော့ဘူးဆိုပါတော့ သနားစရာဗျာ"

"ဟာ ... ခင်ဗျား လွဲနေပြီ မိတ်ဆွေ မဟုတ်ဘူး။ သူ့ယောက်ျားကြီးဟာ ကျုပ်တို့ဆီမှာ ဗုံးကြဲတုန်းက ဗုံးထိပြီး တစ်ခါတည်း သေသွားရှာတယ်"

"သေသွားတယ် ဟုတ်လား။ နို့ပေမယ့် အခုပဲ သူ့အိမ်မှာ ကျုပ်တွေ့ခဲ့သေးတယ်ဗျ"

"မဖြစ်နိုင်တာဗျာ။ မဘိဘိဟာ သူ့ယောက်ျားဆုံးသွားပြီး တစ်ယောက်တည်း နေရရှာပါတယ်။ အင်း ... ခွေးနက်ကြီးတော့ ရှိရဲ့၊ ဒီခွေးနက်ကြီးက သူ့ ယောက်ျားရှိတုန်းက သူ့ယောက်ျားရဲ့ခွေး။ အခုသူ့ယောက်ျား မရှိတော့ ဒီခွေးကြီးကိုပဲ မချစ်နေရှာတယ်။ ဒီခွေးကြီးကို သူက တိရစ္ဆာန်လို သဘောမထားဘူး။ လူလို သဘောထားသတဲ့ဗျ။ သူ့အိမ်နီးနားချင်းတွေ အားလုံး သိတာပေါ့"

"ဟုတ်ကဲ့ ပြောပါဦး"

"သူ့လင်ကို ချစ်သလို ခွေးကြီးကို ချစ်တာပဲ။ ခွေးကြီးဟာ သူ့လင်ပဲဗျ။ သူ့လင်ကို ဗုံးထိတုန်းက ခွေးကြီး ရှိတယ်ဗျ။ ဒါကြောင့် ခွေးပါထိတာပေါ့၊ ခွေးကြီးလဲ မသေရုံတမယ် ကျန်ပါတယ်ဗျာ။ ခြေတစ်ဘက်ဟာ အဆစ်နေရာက ကွေးပြီး ဒရွတ်ဆွဲနေတယ်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမျက်နှာတစ်ခုလုံးလဲ အနာရွတ်တွေ ရစရာမရှိဘူး။ အမာရွတ်ကြီး တစ်ခုဖြင့် ကန့်လန့်ဖြတ်ပြီး မျက်လုံးတစ်ဘက်တောင် မရှိရှာဘူး။ ဟောက်ပက်ကြီး ဖြစ်နေတယ်"

"ဟော"

ကျွန်တော်သည် ကြက်သီးမွေးညှင်းများထကာ ပိုက်ဆံကို လျင်မြန်စွာပေးခဲ့ပြီးနောက် ဆိုင်ထဲမှ ထွက်ခဲ့ပြီးလျှင် တက္ကဆီတစ်စီး ငှါး၍ အိမ်သို့ ပြန်ခဲ့လေ၏။ ကျွန်တော် တွေ့ကြုံခဲ့သည်များကို သက်ဆိုင်ရာသို့ တိုင်တန်းသော်လည်း အကျိုးရှိမည် မဟုတ်သည့်ပြင် ကျွန်တော်သာ အရူးဖြစ်မည် သိသဖြင့် မည်သူ့အားမျှ မပြောဘဲ ဆိတ်ဆိတ်နေခဲ့ပါကြောင်း။

(စစ်ပြီးနောက် ကိုမောင်ဦးဆိုသူ တွေ့ကြုံခဲ့သည့် အဖြစ်အပျက် တစ်ခုမှ ....)

# ရုပ်ထုတာန်ခိုး

## နိဒါန်း

ယခုရေးသားအံ့သော 'ရုပ်တုတန်ခိုး' မှာ စိတ်ကူးယဉ်၍ ရေးသားသော ဝတ္ထု မဟုတ်ပေ၊ လွန်ခဲ့သော စစ်ကြီးပြီးစ ၁၉၄၇ ခုနှစ်က ဂျပန်နိုင်ငံတွင် မဟာမိတ်တို့ ချထားသော ဓနသဟာယ တပ်ပေါင်းစုံအဖွဲ့မှ သာမန် လေတပ်သားလေးတစ်ဦးနှင့် သူ၏အဖော် ဩစတြေးလျကျွန်းသား ခြေလျင်တပ်သားလေးတစ်ဦးတို့ ကိုယ်တွေ့ ဖြစ်ပျက်တွေ့ကြုံခဲ့ရသော အဖြစ်ပျက်မှန်တစ်ခု ဖြစ်လေသည်။ ဤအတ္ထုပ္ပတ္တိကို ရေးသားသူမှာ ယခုတိုင်အသက်ရှင်လျက် ရှိနေသေး၏။

စေတီလေးဆူတွင် အပါအဝင်ဖြစ်သော ဗုဒ္ဓရုပ်ပွားတော်များ၏ တန်ခိုးအာနုဘော်များကို မဆိုထားဘိဦး၊ သာမန် နတ်ရုပ်တစ်ရုပ်ကိုပင် မထိမဲ့မြင်ပြုမိသဖြင့် ဘေးအန္တရာယ် အမျိုးမျိုးနှင့် တွေ့ကြုံတတ်ကြောင်း ကျွန်ုပ်တို့ ကြားရဖူးရာ ယခု အတ္ထုပ္ပတ္တိမှာ ဗုဒ္ဓဘာသာ မဟုတ်သော အင်္ဂလိပ်လူမျိုး စစ်သားကလေး တစ်ယောက်က သူ၏ ကိုယ်တွေ့နှင့်တကွ ဗုဒ္ဓရုပ်ထုတစ်ခုပေါ်တွင် သူ၏ယူဆ ချက်များကိုပါ ရေးသားထားခြင်း ဖြစ်လေသည်။

အဖြစ်အပျက် အမှန်တစ်ခုကို ဖတ်ရှုရာ၌ စိတ်ကူးယဉ်ဝတ္ထုများကို ဖတ်ရခြင်းထက် ထူးကဲသော အရသာတစ်ခုသည်ကား "မိမိ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုနေသော ဓာတ်လိုက်များ ဓာတ်ဆောင်များသည် အကယ်စင်စစ်ပင် သွေးနှင့်သားနှင့် ရှိနေခဲ့သည်" ဟူသော အသိဉာဏ်ကလေး ဝင်ရောက်လာစဉ် ခံစားရသည့် ပီတိကလေးဖြစ်၍ ယင်းသည်ပင် သာမန်စိတ်ကူးယဉ်ဝတ္ထုတို့ထက် ထူးကဲသော လွန်သော အရသာထူးတစ်ခုဖြစ်၏။ စိတ်ကူးယဉ်ဝတ္ထု အမျိုးမျိုးကို ကျွန်ုပ်တို့သည် မြောက်များစွာရေးသားဖော်ပြခဲ့ပြီးဖြစ်ရာ နိုင်ငံခြားသားတို့ တင်ပြသည့် ဝတ္ထုသဖွယ်ဆန်းကျယ်လှသော တကယ့် အဖြစ်အပျက်မှန်ကလေးများကို လည်းမြန်မာ စာဖတ်ပရိသတ်အတွက် တင်ပြသင့်သည်ဟု ကျွန်တော်သဘော ရရှိပါသည်။

**စာရေးသူ**

ဗြိတိသျှ နေသဟာယ တပ်ပေါင်းစုံမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက် ဂျပန်နိုင်ငံ၌ ၆ လတိုင်တိုင် တပ်စွဲလျက်ရှိနေခဲ့ကြရာ တစ်နေ့တွင် ယင်းတပ်ပေါင်းစုံ၌ ပါဝင်သည့် ကုန်းတပ်၊ ရေတပ်၊ လေတပ်သားအားလုံးတို့အား စစ်ဌာနချုပ်မှ အုပ်စိုးလျက်ရှိသည့် အလွန်ကောင်းမွန် ခမ်းနားသော ဟိုတယ်များတွင် ၇ ရက် အလုပ်ဝတ္တရားမရှိဘဲ ပျော်ပါးလွတ်လပ်စွာ သွားလာနေထိုင်ရန်အခွင့်ပေးလိုက်လေ၏။

စစ်မဖြစ်မီအချိန်က ထိုဟိုတယ်ကြီးများမှာ အမေရိကန်၊ ကနေဒါ၊ သြစတေးလျ၊ နယူးဇီလန် စသော နိုင်ငံကြီးများမှ ချမ်းသာကြွယ်ဝသော ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည့်နက်စည်ကားလျက်ရှိခဲ့၏။

အထက်ပါ အခွင့်အရေးကို ရကြသောအခါ စစ်သားများသည် ဖောင်းအတွင်းမှ လွှတ်လိုက်သော မြင်းများကဲ့သို့ ၇ ရက်တာမျှသော မိမိတို့ဘဝသစ်ကို ခံစားရန် အပြေးအလွှား သွားရောက်ကြလေသည်။ ဘေးပတ်လည်တွင် တောတောင်များ ဝိုင်းကာ အမြောက်သံ တခြိမ်းခြိမ်းဖြင့် သစ်ပင်နှင့် ကျေးငှက်များကိုသာ အဖော်ပြု၍ နေခဲ့ကြသော စစ်သားများသည် ထိုအခါ၌မူ ငြိမ့်ညောင်းသာယာသော စမ်းချောင်းသံများကိုလည်းကောင်း၊ မြိန်ရှင့်စဖွယ်ကောင်းသော ဟင်းလျာများကိုလည်းကောင်း၊ နုပျိုလှပသော ဟိုတယ်မယ်များကိုလည်းကောင်း အဖော်ပြုကာ နေခဲ့ကြရလေသည်။

တပ်ပေါင်းစု စစ်သားများမှာ အားလုံးပင် မျက်နှာဖြူများ ဖြစ်ကြသည့်အတိုင်း စစ်သားမရွေး လူမျိုးမရွေး အဆင့်အတန်းမရွေး ပေါင်းသင်းဆက်ဆံလျက် ဟော်တယ်များတွင် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ စသည်ဖြင့် အပေါင်းအသင်းဖြစ်ကာ ပျော်ရွှင်စွာ အချိန်ဖြုန်းလျက် ရှိနေကြကုန်၏။





ထိုအချိန်၌ 'ဩစရီ' တပ်စခန်းမှ စစ်သားများကို 'ဩစရီ ဘူတာ' သို့ ထရပ်ကားကြီးများဖြင့် ပို့ဆောင်လျက်ရှိရာ စစ်သားအချို့မှာ ထိုဘူတာမှ မီးခြစ်များ အကြီးအကျယ် လုပ်ကိုင်ခဲ့သော 'ကိုဘီ' မြို့ ဟိုတယ်သို့ သွားရောက်ကြမည်ဖြစ်၍ ကျွန်ုပ်နှင့် ဟိုတယ်တစ်ခုတည်းကို တည်းခိုမည့် 'ဂျိုဝီလဆင်' ဆိုသည့် စစ်သားတစ်ယောက်နှင့် ထိုအခါမှပင် တွေ့ကြုံကြရသော်လည်း မိတ်ဆွေအဖြစ်သို့ ရောက်ရှိခဲ့ကြလေသည်။ ကျွန်ုပ် 'မက်ကာသီ' သည် ထိုနှစ်ဖွင့်မှ 'အော်ကန်' လေတပ်စခန်းတွင် (R.N.Z.A.F) တိုက်လေယာဉ်တပ်အုပ် အမှတ် ၁၄ ၌ အမှုထမ်းရန် ရောက်လာသူဖြစ်၏။ ဇာတိအားဖြင့် စကော့တလန် နယ်သားဖြစ်ပြီး လှျင် လူတိုင်းနှင့် လိုက်လျောစွာ ပေါင်းသင်းတတ်သူ တစ်ယောက်ဖြစ်ကြောင်းနှင့် နာမည်ရသူ တစ်ယောက် ဖြစ်၏။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ 'ဂျိုဝီလဆင်' မှာမူ သြစတြေးလျား တိုက်သား တစ်ယောက်ဖြစ်၍ ကျွန်ုပ်ထက် ၂ နှစ်မျှ ကြီးပြီးလျှင် အသက် ၂၄ နှစ်မျှ ရှိပြီဖြစ်၏။ ဂျပန်ပြည်သို့ မရောက်မီက သူသည် ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ ကျွန်းများကို စောင့်ရှောက်သော အမှတ် ၉ ဒီဗီဇံ စစ်တပ်ကြီးတွင် အမှုထမ်းလျက်ရှိနေခဲ့ရာ စစ်ပြီးသည့်အချိန်တွင် 'ဘိုနီယို' ကျွန်း၌ ရှိနေ၏။ သို့နှင့် ဂျပန်ကျွန်းတွင်ရှိသော တပ်ပေါင်းစုံစစ်တပ်၌ အမှုထမ်းရန် လျှောက်ထားလိုက်ရာ အမှုထမ်းခွင့် ရရှိကာ ဂျပန်နိုင်ငံသို့ ရောက်လာခြင်း ဖြစ်လေသည်။ အမှုထမ်းအသက် အတော်ကြာမြင့်ပြီဖြစ်၍ ယခု ၇ ရက် ခွင့်ဆေးပြီးနောက် အလုပ်သို့ ပြန်လာသောအခါ ရက်များ မကြာမီအတွင်း စစ်မှုထမ်းသက် ပြီးဆုံးတော့မည် ဖြစ်သည့်အတိုင်း မိမိနေရပ်ဌာနီသို့ ပြန်ပြီးလျှင် လက်ထပ်၍ ခြံသမားလုပ်ကာ အေးချမ်းစွာနေတော့မည်ဟု စိတ်ပိုင်းဖြတ်ထားသူ ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ခွဲခွာ၍မရသော မိတ်ဆွေသူငယ်ချင်းများ အဖြစ်သို့ ရောက်ကာ ဘူတာမှ မီးရထားထွက်သောအခါ ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့ကဲ့သို့ ကျန်းမာပျော်ရွှင်သောသူ မရှိသလောက်ပင် စိတ်နှလုံးပေါ့ပါး ဖျတ်လပ်စွာ ရှိနေကြကုန်၏။ ယခင်အခါကမူ ကျွန်ုပ်တို့မှာ ဗုံးကြဲ၍ မီးလောင်နေသော နေရာများ သံဆူးကြိုးများ ခြောက်သွေ့သော လွင်ပြင်များ စသည့် စိတ်မချမ်းမြေ့ဖွယ် ရှုမြင်ခင်းများကိုသာ နေ့စဉ်နှင့်အမျှ တွေ့မြင်လျက်ရှိရာမှ ယခုအခါ၌ကား နေရာတကာတွင် သာယာလှပသော မြက်ခင်းများကိုသာ မြင်၍ နေရတော့၏။ ဂျပန်နိုင်ငံ၏ အလှအပကို ယခုမှပင် တွေ့ရဘိသကဲ့သို့ ရှိတော့၏။

'ကိုဘီမြို့' သို့ သွားရာ မီးရထားလမ်းတစ်လျှောက်၌ကား နီရွှေးသော ချယ်ရီပင်များကိုလည်းကောင်း၊ အပေါ်ပိုင်း၌ ဆီးနှင်းများဆောင်းကာ ဆွတ်ဆွတ်ဖြူသော တောင်ထိပ်တောင်ထွတ်များနှင့် အောက်ခြေတောင် အပြာရောင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဖြင့် ပြီးသည့် တောင်တန်းတောင်စွယ်များကိုလည်းကောင်း၊ နောက်ခံကားအနေဖြင့် ပြာလဲ့လဲ့ အရောင်ရှိသည့် မိုးကောင်းကင်ကြီးကိုလည်းကောင်း၊ အဖြူနှင့် အဝါနရောင် ရောစပ်နေသော တိမ်တောင်တိမ်သားများကိုလည်းကောင်း လှပစွာ တွေ့မြင်ကြရလေသည်။

ကျွန်ုပ်၏ နာမည်ကို အတိုကောက်အားဖြင့် 'မက်' ဟုခေါ်၍ ဂျူဝီလဆင်အား ကျွန်ုပ်က 'ဂျူ' ဟု၍သာ အချင်းချင်း ရင်းနှီးစွာ ခေါ်ဝေါ်ကြသည်။

'ဂျူ' က အချိန်ကို ကုန်လွန်စေရန် သူ၏ မွေးဖွားရာဇာတိနှင့် သူတို့အိမ်သားများ အကြောင်းကို ကျွန်ုပ်အား ပြောပြလေသည်။

ဂျူ၏ဖခင်မှာ ဩစတေးလျတိုက်ကွင်း(စ) လင်နယ်ဘရစ်(စ)ဘိန် BRISBANE မြို့တွင်နေ၍ အထူးအဆန်း ကုန်ပစ္စည်းကလေးများကို ရောင်းချသည့် ဆိုင်တစ်ဆိုင် ဖွင့်ထားသူဖြစ်၏။ ဝါသနာအလျောက်လည်း အထူးအဆန်း ပစ္စည်းများကို နှစ်သက်ပြီးလျှင် စုဆောင်းတတ်သူဖြစ်လေသည်။ သို့နှင့် ဂျူသည် ရောက်ရာအရပ်မှနေ၍ မိမိကိုယ်တိုင် ရှာဖွေရရှိသော 'အထူးအဆန်း ပစ္စည်းကလေး' များကို ဖခင်ဖြစ်သူထံ ဂရုတစိုက် တင်ပို့လျက်ရှိကြောင်း ပြောပြလေသည်။

"ဘာပစ္စည်းတွေများ ပို့ပြီးပြီလဲ ဂျူရဲ့"

"သိပ်တော့ မများလှပါဘူး မက်ရယ်။ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းတွေကို လှည့်ပြီး စစ်မှုထမ်းနေတဲ့အခါတုန်းကတော့ အထူးအဆန်းပစ္စည်းကလေးတွေ မကြာကြာ တွေ့ရတယ်။ ပင်လယ်ထဲမှာ ပေါက်တတ်တဲ့ ထန်းပင်တစ်မျိုးက ထန်းသီးကလေး တစ်လုံး။ ရေထဲမှာ အရောင်ထွက်နေတဲ့ ငါးပုတင်းတစ်မျိုးရဲ့ အရိုးစုတစ်ခု ...။ ပုလဲနက်ကလေး တစ်လုံး ...။ ရွှေရောင် တောက်နေတဲ့ ခရုခွံတစ်ခု ...။ အဲဒီလို ထူးထူးဆန်းဆန်း ပစ္စည်းကလေးမျိုးတွေပါပဲ ...။ စစ်သားလေး တစ်ယောက်ရတဲ့ လခဆိုတော့ ဒီပစ္စည်းတွေ ဝယ်ဖို့ ခြမ်းဖို့ စရိတ်ကလဲ မသေးလှဘူး သူငယ်ချင်း။ အခုလဲ ၇ ရက် အခွင့်ရတဲ့အခိုက် အထူးအဆန်းကလေး တစ်ခုခုတော့ ဒက်ဒီအတွက် ရအောင်ရှာမယ်လို့ စိတ်ကူးထားတာပဲ"

"ဘယ်လိုပစ္စည်းမျိုးလဲ"

"ဘယ်လိုပစ္စည်းမျိုးရယ်လို့ ဘယ်တင်ကြိုပြီး ပြောနိုင်ပါ့မလဲ မက်ရယ်။ အလျဉ်းသင့်သလိုပေါ့၊ သို့ပေမယ့် ဒီပစ္စည်းဟာ အင်မတန် ရနိုင်ခဲတဲ့ ပစ္စည်းမျိုး ဖြစ်ရမယ်ပေါ့။ ဘာဖြစ်လို့ မေးတာလဲ မက်"

"တတ်နိုင်သမျှ အကူအညီပေးချင်လို့ပေါ့"





"လိုတော့ပြောပါ့မယ် မက်ရယ်။ လိုလဲ လိုပါလိမ့်မယ်။ ဒါထက် ဂျပန်နိုင်ငံဟာ သိပ်ပြီးသာယာတာပဲနော်။ စစ်တွေ ဘာတွေ မရှိတဲ့အခါများ ဘယ်လောက်သာယာမလဲ မပြောတတ်ဘူး"

"ဟုတ်တာပေါ့။ အရှေ့တိုင်းဆိုတာ အနုပညာသမားတွေ အင်မတန်ပေါတယ်ဂျူရဲ့။ ပြီးတော့ သူတို့ ကိုယ်တိုင်ကလဲ အနေအထိုင်မှစပြီး အင်မတန်ပန်းချီဆန်အောင် ပြုပြင်နေတတ်တဲ့ လူမျိုးပဲ။ ဒီအပေါ် သဘာဝကလဲ ဖန်တီးအားပေးပြန်တော့ လှချင်သလို လှနေတဲ့ နိုင်ငံဘဲ။ အရှေ့ဘက်မှာတော့ ရှားပါတယ်"

'တြွရီ' ဘူတာမှ ထွက်၍ ၄ နာရီခန့်မျှ ကြာသောအခါ ကျွန်ုပ်တို့သည် 'ကိုဘီ' မြို့သို့ရောက်ရှိ၍ 'မေကိုဟိုတယ်' (MAIKO HOTEL) တွင် တည်းခိုလျက် ရှိကြလေ၏။ မေကိုဟိုတယ်မှာ ကျွန်ုပ်တို့ တွေ့ဖူးသမျှ ဟိုတယ်များထဲတွင် အကောင်းဆုံးနှင့် အလှအပဆုံးဖြစ်၍ ကျေးမွေးပြုစုရာ၌လည်း ခေတ်ဆန်၍ ယဉ်ကျေးသိမ်မွေ့လှပါ၏။ ကျုံးမြောင်းများထဲတွင် ယခင်က ပင်ပန်းဆင်းရဲစွာ ရေးကြီးသုတ်ပျာ စားသောက်ခဲ့ရသည့်ဘဝနှင့် ဓာတ်မီးရောင် လွှမ်းကာ ငြိမ့်ညောင်းသော တူရိယာသံစုံတို့ဖြင့် ဖျော်ဖြေရင်း ထည်ထည်ဝါဝါ စားသောက်နေရသော ကျွန်ုပ်တို့ဘဝမှာ ငရဲပြည်နှင့် နတ်ဘုံနတ်နန်းကဲ့သို့ အတိုင်းမသိကွာခြားကြောင်း လက်တွေ့ခံစားရတော့၏။

အစားအသောက် အနေအထိုင်သာမက မိမိတို့ သွားလိုသော အရပ်သို့ အလည်အပတ်သွားနိုင်ရန် 'ယဉ်' များကိုလည်း စီစဉ်ပေးထားသေး၏။

ဤသို့ဖြင့် ဟိုတယ်တည်းခိုခန်းတွင် တစ်ညဉ့်အိပ်ကြပြီးနောက် ဒုတိယနေ့၌ သူငယ်ချင်းနှစ်ယောက်တို့သည် ဂျပန်ပြည်၏ မြို့တော်ဟောင်း ဖြစ်ခဲ့ဖူးသော 'ကျိုတို' (KYOTO) မြို့သို့ လျှပ်စစ်ဓာတ်မီးရထားဖြင့် သွားရောက်ရန် စီစဉ်ကြလေသည်။ ထိုမြို့မှာ ငှင်းအရွယ်အစားရှိ အလားတူ မြို့များထဲတွင် မဟာမိတ်တို့၏ ဗုံးကြဲခြင်းဘေးရန်မှ လွတ်မြောက်ခဲ့သည့် တစ်မြို့တည်းသော မြို့ဖြစ်လေသည်။

တစ်နာရီခန့်မျှ လျှပ်စစ်ဓာတ်ရထားဖြင့် လာခဲ့ပြီးနောက် ကျွန်ုပ်တို့သည် 'ကျိုတို' မြို့သို့ ဆိုက်ရောက်ခဲ့ကြရာ ကြည့်ရှုဖွယ်ကောင်းသော နေရာအချို့ကို လိုက်လံကြည့်ရှုပြီးနောက် 'ခရီးသွားလမ်းညွှန်' စာအုပ်ထဲတွင်ပါသည့် 'ရုပ်ထုတော် ထောင်ပေါင်းများစွာရှိသော ဘုရားရှိခိုးကျောင်း' ဟူသည့် နေရာတစ်ခုကို တွေ့မြင်ရသဖြင့် ထိုနေရာသို့ သွားရောက်ကြည့်ရှုရန် စိတ်ကို ပိုင်းဖြတ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



(ထိုနေရာသည်ကား 'စန်ဂျီယူစ်ဂျင်ဒို' ခေါ် ဘုရားရှိခိုးကျောင်းဖြစ်၍ ထို ဘုရားရှိခိုးကျောင်း၌ 'ကွမ်နင်' ခေါ် ကရုဏာ နတ်သမီးရုပ်ထုပေါင်း ၃၃၃၃၃ ရှိလေသည်။ ကွမ်နင် နတ်သမီးမှာ အလွန်တံခိုးကြီး၍ ပတ်နှင့် ပြည့်စုံ၍ မျက်နှာ ၁၁ ခု လက်ရုံး ၁၀၀၀ ရှိသည်ဟု အဆိုရှိ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် 'ကွမ်နင်နတ်သမီး' ဘုရားရှိခိုးကျောင်း ကြီးရှိရာ သွားကြလေ၏။

လမ်းမြောင်လမ်းကြားကလေးများမှာ ဂျပန်ဘာသာဖြင့် ရေးသားထား သော ဆိုင်းဘုတ်များ ရှိနေသဖြင့် အတော်ပင် အခက်အခဲရှိနေရာ ကံအားလျော်စွာ အင်္ဂလိပ်စာတတ်သော ဂျပန်လူမျိုးတစ်ယောက်ကို တွေ့ရလေရာ နောက်ဆုံးတွင် ထိုဘုရားရှိခိုးကျောင်းသို့ ကျွန်ုပ်တို့ ကောင်းမွန်ချောမောစွာ ရောက်ရှိသွားကြလေ သည်။ အဆောက်အအုံကြီးမှာ အလွန်ရှေးကျ၍ ယခင်နှစ်ပေါင်းများစွာက ဘုရင် စနစ်ကို အသုံးပြုကာ ကျွန်များကို အလုပ်ကြမ်းလုပ်စေခြင်းဖြင့် ဆောက်လုပ် တည်ထားခဲ့သော အဆောက်အအုံဟောင်းကြီးတစ်ခု ဖြစ်ဟန်တူ၏။ အလွန် မြင့်မား၍ အဆမတန် ကြီးမားလှသော သစ်သားတိုင်ကြီးများ တိုင်ဖုံးပန်းများ နံရံကပ် ရေးပန်းပု လက်ရာများကို တွေ့မြင်ရ၏။ အပေါက်များမှာ အလွန် မှောင်လျက် အပေါက်တိုင်းလိုလို၌ပင် အစောင့်များရှိနေသည်ကို တွေ့ရလေ သည်။ ကျွန်ုပ်တို့သည် ရှေ့အပေါက်ကြီးမှ ဝင်သွားရာ ပတ်ဝန်းကျင်မှာ အတော် ပင် မှောင်သဖြင့် ကျွန်ုပ်တို့မှာ တောင်ကြားလမ်းတစ်ခုအတွင်း၌သော်လည်း ကောင်း၊ ဂူကြီးတစ်ခုအတွင်း၌သော်လည်းကောင်း ရောက်ရှိနေကြသည်ဟု ပထမ ထင်မိ၏။ သို့သော် မျက်စိများသည် အမှောင်ထု၌ တဖြည်းဖြည်း ကျင့်သားရ၍ သွားသောအခါ ကျွန်ုပ်တို့ ရှေ့မလှမ်းမကမ်း၌ အမိုးသို့ ထိလုနီးပါးရှိသည့် မည်း နက်သော ရုပ်ထုကြီးတစ်ခုကို တွေ့မြင်ရသဖြင့် မြန်မာပြည်တွင်ရှိသော ဗုဒ္ဓရုပ်ပွား မျိုး မဟုတ်ဘဲ မျက်နှာမှာ မိန်းမခပ်ဆန်ဆန် အသွင်အပြင်ရှိနေသည်ကို တွေ့မြင်ရ လေသည်။ ရုပ်ထုကြီး၏ ရှေ့တည့်တည့်တွင် အိုးကြီးတစ်လုံးရှိ၍ ယင်းအိုးထဲတွင် အမွှေးတိုင်များကို မီးရှို့ပူဇော်ထားရာ မွှေးကြိုင်သော ရနံ့များမှာ တထောင်း ထောင်း ထွက်လျက် ရှိနေ၏။ မနီးမဝေးတွင် ဝတ်လုံရှည်ကြီးကို ဝတ်ထားသည့် မုတ်ဆိတ် ခပ်ရှည်ရှည်နှင့် ဘုန်းကြီးတစ်ပါးသည် ရုပ်ထုအား ပူဇော်သက္ကာရပြု ကာ အမွှေးတိုင်အလှူရှင်များအား ဆုမွန်များတောင်းနေသည့် ဟန်ဖြင့် ပါးစပ်မှ တတွတ်တွတ် ရေရွတ်လျက်ရှိလေသည်။

သို့နှင့် ကျွန်ုပ်သည် ရုပ်ထုအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွားရာ ရုပ်ထု၏နောက်တွင် တမျှော်တခေါ်မျှ ရှိနေသော အလားတူရုပ်ထုကလေး ပေါင်း များစွာတို့သည် အမှောင်ထုအတွင်း၌ ရှိနေကြသည်ကို ရေးရေးမျှ မြင်၍လာ၏။





ယင်းရုပ်တုကလေးများမှာ အရွယ်အားဖြင့် သေးငယ်သော်လည်း ထုလုပ်ပုံလက် ရာ အချိုးအစား ကိုယ်နေဟန် မျက်နှာအနေအထားတို့မှာ တစ်ခုနှင့်တစ်ခု 'ချွတ် စွပ်' ထားသကဲ့သို့ တူညီကြလေသည်။

ယင်းကဲ့သို့ ထောင်သောင်းမက များပြောင်လှစွာသော ရုပ်တုတို့မှာ ဘုရားရှိခိုးကျောင်း အဆောက်အအုံကြီး၏ နံရံတွင် အနိမ့်အမြင့် အဆင့်များ ပြုလုပ်ကာ စီတန်းလျက်ရှိနေ၏။ ရုပ်ထု၏ ပုံသဏ္ဌာန်မှာ ဆုမွန်တောင်း နေသည့် ဟန်ဖြင့် လက်နှစ်ဖက်ကို ယှက်လျက်ရှိပြီးလျှင် ဦးခေါင်း၌လည်း လခြမ်းသဏ္ဌာန် စက်ဝိုင်းမှ နံဘေးနှင့် အပေါ်သို့ ချွန်ထွက်နေသည့် အချွန်အတက်များ ရှိလေ သည်။ ထုလုပ်ပုံလက်ရာမှာ အံ့သြဖွယ်ကောင်းလောက်အောင်ပင် သေသပ်လှပ၍ ရုပ်တုတစ်ခုကို လူတစ်ယောက်သည် ရက်ပေါင်း အတော်ကြာထု လုပ်ရပေမည်။

ဘုရားရှိခိုးကျောင်းကြီး၏ ထိုအပိုင်းမှာ အလွန်ပင်မှောင်၍ နေရုံမျှမက ဖုံများလည်း ထူထပ်လှသဖြင့် နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ကြောင်းကား ထင်ရှားလှ၏။ လေကောင်းလေသန့်လည်း မရှိသဖြင့် ထိုနေရာမှာ အသက်ရှူ ကြပ်သကဲ့သို့ ကျွန်ုပ်ထင်မိ၏။

ကျွန်ုပ်က 'ဂျို'၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီးနောက် ...

"ကိုင်း ... ထွက်ကြပါစို့ ဂျိုရယ် ... ဒီနေရာက တစ္ဆေခြောက်သလားမှ မပြောတတ်ဘဲ"

သို့သော် ကျွန်ုပ် ပြောသည်ကို ဂျိုသည် ဂရုစိုက်ဟန် မတူချေ။ သူ သည် အထွက်ဝအနီးရှိ စင်တစ်ခုပေါ်တွင်ထားသော ရုပ်တုအငယ်ကလေးများကို စူးစိုက်ကြည့်နေလေသည်။

"ဂျို ... ကျုပ်တို့ အပြင်ထွက်ကြမယ် မဟုတ်လား။ ဒီနေရာ နေရတာ သိပ်မွန်တာပဲ"

သို့ရာတွင် ဂျိုသည် ကျွန်ုပ်ပြောသည်ကို မကြား၍သော်လည်း ဂရု မစိုက်၍သော်လည်းကောင်း စကားတုန့်ပြန် မပြောချေ။

ထိုရုပ်ထုကလေးများမှာ သစ်သားတစ်မျိုးကို လက်ရာကောင်းကောင်း ဖြင့် ထွင်းထုထားသော ရုပ်တုကလေးများဖြစ်၍ အမြင့်မှာ ၈ လက်မခန့်သာ မြင့်၏။ အနုပညာမျက်စိဖြင့်ကြည့်သော် အလွန်လက်ရာကောင်း၍ သုခုမဂုဏ် မြောက်သော ရုပ်တုကလေးများ ဖြစ်လေသည်။

ဂျိုက အနီးဆုံး၌ရှိသော ရုပ်ထုကလေးကို ကျွန်ုပ်အား ညွှန်ပြပြီးနောက်

"ဒီလိုဟာမျိုးပေါ့ မက်ရဲ့။ ကျုပ်တို့ အဖေက သိပ်နှစ်သက်တာ ယူ သွားရရင်တော့ ပေါ့ဆပါပါးပါးကလေး"

ကျွန်ုပ်က ပြုံးလျက် –



www.burmeseclassic.com

www.burmeseclassic.com



"သို့ပေမယ့် တစ်ခုတစ်ခုကို တော်တော် အဖိုးတန် လိမ့်မယ် ထင်တယ်။ ယန်းဒင်္ဂါးအတော်များ ပေးရလိမ့်မယ် ဂျိုရဲ့။ ပြီးတော့ ကျုပ်တို့ ခရီးသွားလမ်းညွှန်စာအုပ်ထဲက အတိုင်းဆိုရင် ဂျပန်တွေဟာ ဒီရုပ်ထုတွေကို အင်မတန်အထွတ်အမြတ်ထားတယ် ဆိုပါကလား"

"ကျုပ်က ဝယ်မှာမှ မဟုတ်ဘဲ။ နည်းနည်း ဉာဏ်ထုတ်ပြီး ဒီဟာလေးတစ်ခုလောက် သုတ်တန်ရင် အလစ်သုတ်ရမလားလို့ စိတ်ကူးမိလို့ပါ။ သို့ပေမယ့်ဘာပဲဖြစ်ဖြစ် ခင်ဗျားနဲ့ နှစ်ကိုယ့်တစ်စိတ် လုပ်မှဖြစ်မယ်နော်။ ခင်ဗျား အကူအညီလိုလိမ့်မယ်"

ဂျိုသည်ကား စကားပြောကောင်းပြီးလျှင် တစ်ဘက်သားအား ဆွဲဆောင်လွှမ်းမိုးနိုင်သူ တစ်ယောက်ဖြစ်၏။ ကျွန်ုပ်မှာ ဖြောင့်မှန်သူ တစ်ယောက်ဖြစ်၍ ဥစ္စာရှင်မပေးသော သူတစ်ပါး၏ပစ္စည်းကို မည်သည့်အခါကမျှ ခိုးဝှက်ခြင်းမပြုခဲ့ဖူးချေ။ ယခု ပစ္စည်းမှာလည်း တိုင်းရင်းသား ဂျပန်တို့ အထွတ်အမြတ်ထားသော ပစ္စည်းဖြစ်ရုံမျှမက ဘာသာရေးနှင့် ပတ်သက်သည့် ပစ္စည်းတစ်ခုလည်း ဖြစ်၏။ သို့သော် ဂျိုက အဆွယ်ကောင်းသဖြင့်တစ်ကြောင်း၊ လူချင်းအလွန်ချစ်ခင်နေသောကြောင့် တစ်ကြောင်း သူအကြံပေးသော လမ်းစဉ်အတိုင်းလိုက်နာရန် နောက်ဆုံး၌ ကျွန်ုပ်မှာ သဘောတူလိုက်ရလေသည်။

၁၀ မိနစ်ခန့်ကြာလတ်သော် ကျွန်ုပ်မှာ အလုပ်စရတော့၏။ ကျွန်ုပ်သည် ရုပ်ထုရှေ့ အနီးမဝေးတွင် ရှိနေသော ဂျပန်ဘုန်းကြီးအိုကြီး၏ အရိပ်အကဲကို ကြည့်ရှုလျက်ရှိနေခဲ့၏။ သို့ရှိစဉ် ဂျပန်မကလေး နှစ်ယောက်သည် ရုပ်ထုအားရှိခိုးကာ အမွှေးနံ့သာများကို အိုးထဲသို့ လောင်းထည့်ပြီးနောက် တံခါးဆီသို့ထွက်သွားလေ၏။ ထိုအခါမှ ကျွန်ုပ်သည် မိမိ၏လည်ပင်းကို လက်များဖြင့်ဆုပ်ကိုင်ဖျစ်ညှစ်ကာ ဒယိမ်းဒယိုင် လျှောက်သွားပြီးနောက် ဘုန်းကြီးအိုကြီး၏လက်မောင်းရင်းကို မှီရင်း ညည်းညူလျက်ရှိလေ၏။ ထိုအခါက မြို့ထဲတွင်ဝမ်းကျရောဂါများ အနှံ့အပြား ကျရောက်လျက်ရှိရာ ဘုန်းကြီးအိုကြီးသည် ကျွန်ုပ်အား ထိုရောဂါဖြစ်ပြီဟု မှတ်ယူဟန်ဖြင့် အစောင့်များကို အဆောတလျင် ခေါ်ယူလေ၏။ ထိုအချိန်၌ ကျွန်ုပ်သည်လည်း ကြမ်းပြင်ပေါ်၌ လဲလျောင်းကာ ညည်းညူလျက် ရှိနေသဖြင့် အစောင့်နှစ်ယောက်တို့သည် ကျွန်ုပ်ရှိရာသို့ ပြေး၍လာကြကုန်၏။

ကျွန်ုပ်မှာ လက်ကို လည်ပင်းမှ မလွှတ်သေးဘဲ "အီတေ ... အီတေ" ဟု ဂျပန်ဘာသာဖြင့် အလွန်နာကျင်ကြောင်း မရပ်မနား ညည်းညူလျက်ရှိနေ၏။ ယင်းကဲ့သို့ ရှုပ်ယှက်ခတ်နေသည်အတွင်း၌ ဂျိုသည်သူနှင့် အနီးဆုံး





ရုပ်ထုကလေး တစ်ခုကို ဖြတ်ခနဲ လှမ်း၍ယူလိုက်ပြီးလျှင် တံခါးပေါက်မှ လျှင်မြန်စွာ ထွက်သွားသည်ကို ကျွန်ုပ် လဲလျောင်းနေရာမှ ရိပ်ခနဲ မြင်လိုက်ရ၏။

"အင်း ... ငါ ထွက်ဖို့ပဲ လိုတော့တယ်" ဟု ကျွန်ုပ် စိတ်ထဲက အောက်မေ့လိုက်မိ၏။ သို့နှင့် ကျွန်ုပ်သည် ပြန်၍ သတိကောင်းစွာ ရပြီးလျှင် အားယူ၍ထိုင်ရသည့် အနေမျိုးဖြင့် ထိုင်လိုက်ပြီးနောက် လည်ပင်းမှ လက်များကို လွှတ်လိုက်၏။ အိတ်ထဲမှ လက်ကိုင်ပဝါဖြူ (ကစ်ထည်ထုတ်ပြီးလျှင် တစ်ချက်နှစ်ချက်မျှ ယပ်ခတ်လိုက်၏။ ကျွန်ုပ်က သက်သာရာရပြီး ဖြစ်ကြောင်း ခြေဟန်လက်ဟန်ဖြင့် ပြောသောအခါ နားလည်ဟန်ဖြင့် အစောင့်များအား တစ်စုံတစ်ရာ ပြောလိုက်ရာ အစောင့်တစ်ယောက်သည် တံခါးဆီသို့ပြန်သွားရာ အစောင့်တစ်ယောက်မှာကျွန်ုပ်အနီး၌ပင် ရှိနေသေး၏။

သို့နှင့် ကျွန်ုပ်သည် ဟန်ဆောင်ကာ အလှမ်း ၃၀ ခန့်သာ ဝေးသည့်တံခါးပေါက်ရှိရာသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာခဲ့လေ၏။ ပြစ်မှုတစ်ခုကိုကျူးလွန်ခဲ့ရသည့် အဖြစ်ကို ဝမ်းထဲတွင် ခံစားမိလေပြီ။ ကျွန်ုပ်၏ စိတ်များသန့်ရှင်းကြည်လင်မှု မရှိတော့ချေ။ အလှမ်း ၃၀ မျှသာ ဝေးသော တံခါးပေါက်မှာကျွန်ုပ်စိတ်တွင် တစ်မိုင် ခရီးမျှထင်မိ၏။ ကျွန်ုပ်၏ရင်များမှာ တဒိတ်ဒိတ် ခုန်လျက် ရှိ၏။ ကျွန်ုပ်၏ မျက်လုံးများကား ပြာဝေလျက်ရှိ၏။

နောက်ဆုံး၌ တံခါးပေါက်သို့ ရောက်လာခဲ့ရာ ကျွန်ုပ်သည် အစောင့်များအား ကျေးဇူးတင်သည့် အမူအရာကို ထင်ရှားနိုင်သမျှ ထင်ရှားအောင် ပြပြီးလျှင် ခြေဟန်လက်ဟန်ဖြင့် နှုတ်ဆက်ပြီးနောက် လှေခါးထစ်များမှ ဆင်းကာဘတ်စ်ကား လမ်းဆီသို့ လျင်မြန်စွာ လျှောက်လာခဲ့လေ၏။

ကိုက် ၆၀ ခန့် ရောက်သောအခါ အဆောက်အအုံတွင်းမှ တစ်စုံတစ်ရာ ဟစ်အော်လိုက်သံကို ကြားရသဖြင့် ကျွန်ုပ်လည်း နောက်သို့ပြန်၍ လှည့်ကြည့်မိ၏။ ထိုခဏ၌ တံခါးပေါက်ဝသို့ ရောက်လာသော ဘုန်းကြီးအိုကြီးကို မြင်လိုက်ရပြီးလျှင် သူသည် ကျွန်ုပ်တို့သွားရာ လမ်းသို့ ကြည့်ကာ ကျွန်ုပ် နားမလည်သောစကားဖြင့် တစ်စုံတစ်ရာ အော်ဟစ်လိုက်သည်ကို ကြားရလေသည်။ ထိုအခါကျွန်ုပ်၏ အသည်းနှလုံးများမှာ လည်ချောင်းတွင် လာ၍ တစ်ဆို့နေသကဲ့သို့ထင်မှတ်လိုက်ရ၏။ ထိုအခါ ကျွန်ုပ်လည်း ခပ်သွက်သွက် လျှောက်နေရာမှအနီးဆုံး ဈေးတစ်ခုရှိရာသို့ ရောက်အောင် တစ်ခါတည်း ပြေးတော့၏။ ဈေးဆိုသည်မှာ လူစည်ကားတတ်သည့်အတိုင်း ထိုနေရာသို့ ရောက်လျှင် လူအများနှင့်ရောနှောသွားရန် အကြံရှိသောကြောင့် ဖြစ်လေသည်။ ကျွန်ုပ်ထင်မိသည့် အတိုင်းလည်း ဟုတ်ပါပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာတွင် ဈေးရောင်းသူဝယ်သူများများ စုရုံးပြွတ်သိပ်နေရုံမျှမက လမ်းမြောင်လမ်းကျဉ်းကလေးများ

www.burmeseclassic.com



လည်း လွန်စွာပေါများသောကြောင့်ပေတည်း။ ဂျပန်ပြည်၌ အဆမတန် လူဦးရေများသည်ကိုပင် ကျွန်ုပ်မှာ တွေး၍ ကျေးဇူးတင်မိသေး၏။

နောက်ဆုံး၌ ကျွန်ုပ်သည် ယခင်အကြံထုတ်စဉ်က ဂျိုနှင့် စီစဉ်ချိန်းဆိုထားသည့်အတိုင်း မီးရထားဘူတာသို့ ရောက်ရှိခဲ့၏။ တစ်ကြိမ်၌ ဂျပန် ပုလိပ်သားတစ်ယောက်သည် ကျွန်ုပ်အား မသင်္ကာသော မျက်နှာဖြင့် ကြည့်လိုက်ရာ ကျွန်ုပ်မှာ "တစ်ခါဖြင့် ကိစ္စချောပေပြီ" ဟု အောက်မေ့လိုက်၏။ သို့သော် ကျွန်ုပ်ကို တစ်စုံတစ်ရာ မလုပ်ဘဲ အခြားဘက်သို့ လှည့်သွားလေသည်။

ဘူတာရုံသို့ရောက်သောအခါ ကျွန်ုပ်လည်း ဂျိုကို လိုက်လံရှာဖွေရာ အရိပ်အရောင်ကိုမျှ မမြင်ရဘဲ ရှိနေ၏။ ထိုအချိန်၌ မီးရထားမှာ ထွက်ရန် အချိန်နီးပြီဖြစ်၍ လူများသည် တွဲများအတွင်းသို့ အဆက်မပြတ် တက်ရောက်ကာ ရှိနေကြလေ၏။ သို့သော် ဂျိုကား မပေါ်လာသေးချေ။ နောက်ဆုံး၌ မီးရထားမှာ အချိန်စေ့ပြီဖြစ်၍ တရှူးရှူး မြည်ကာ လှုပ်ရှားလာသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်သည် နောက်မှနေ၍ ကျွန်ုပ်၏လက်ကို ဆွဲလိုက်သဖြင့် ပြန်၍ လှည့်ကြည့်လိုက်ရာ ၎င်းသည် အခြားသူ မဟုတ် ဂျိုပင် ဖြစ်လေတော့သည်။ သို့နှင့် ကျွန်ုပ်တို့လည်း ထွက်ခွာစပြုနေပြီဖြစ်သော ရထားပေါ်သို့ အတင်းခုန်၍ တက်ကာ လိုက်ပါသွားရလေတော့၏။

ရထားပေါ်သို့ရောက်၍ နေရာများတွင် အသီးသီးထိုင်မိကြသောအခါ ဂျိုက ကျွန်ုပ်အား –

"ဘယ့်နှယ်လဲ မက်။ ခင်ဗျား မျက်နှာလဲ ဖြူဖတ်ဖြူရော် ဖြစ်နေပါကလား နေမကောင်းဘူးလား"

တီးတိုးလေသံဖြင့် –

"ကောင်းပါတယ်ဗျာ။ သို့ပေမယ့် ခင်ဗျာ့အတွက် ပေးရတာ ကံကောင်း ထောက်မလို့ မမိတယ် ဂျို"

ကျွန်ုပ်လည်း ဘုရားရှိခိုးကျောင်းတွင် ဖြစ်ခဲ့သမျှကို ဂျိုအား အသေးစိတ် ပြန်ပြောလေရာ ဂျိုက တစ်ချက် ရယ်မောလိုက်လေသည်။ သို့သော် ဂျို၏ ရယ်ခြင်းကား နှစ်နှစ်ကာကာ မဟုတ်ဘဲ ဟန်ဆောင်သော ရယ်မောခြင်းပင် ဖြစ်သည်ဟု ကျွန်ုပ် ယူဆမိ၏။ ဂျိုက ကျွန်ုပ်၏ နားနားသို့ ကပ်၍ –

"ကျုပ် လိုချင်တာ ရခဲ့ပြီဗျ။ ဒီဟာမျိုးဆိုရင် ဒက်ဒီက သိပ်သဘောကျမှာပဲ ကျေးဇူးတင်ပါတယ်ဗျာ။ ခင်ဗျား အကူအညီ မပါဘဲ ဒီပစ္စည်းကို ကျုပ် ဘယ်နည်းနဲ့မှ ရမှာ မဟုတ်ဘူး"

ထိုအချိန်၌ အမေရိကန် ကော်ပိုရယ်တစ်ယောက်သည် ကျွန်ုပ်တို့အနီးတွင် လာ၍ထိုင်ချလိုက်ပြီးနောက် –





"ရှေ့တွဲတွေမှာ ဘာဖြစ်နေသလဲ မပြောတတ်ဘူးဗျ"

"ဘာဖြစ်လို့လဲဗျ"

"အမ်ပီတွေ လိုက်လာပြီး လူတိုင်းရဲ့ လွယ်အိတ်တွေ ရှာနေတယ်"

ဂျိုမှာ အတန်ငယ် မျက်နှာပျက်သွားပြီးလျှင် သူ၏ပါးများမှာ သွေးမရှိကဲ့သို့ ဖြစ်သွားသည်ကို ကျွန်ုပ် မြင်လိုက်ရ၏။

သူသည် ဏ္ဏမျှမပျက် နေရာမှ ထလိုက်ပြီးနောက် တစ်ချက်မျှ သန်းဝေဟန်ဆောင်ကာ သူ၏ကာကီရောင် လွယ်အိတ်ကို ကိုင်လိုက်လေ၏။

လွယ်အိတ်ကို ကိုင်လျက် –

"ကျုပ်မှာ ချွေးချည်းပဲ မက်ရယ်။ ဒီတော့ ရေချိုးခန်းထဲဝင်ပြီး မျက်နှာ သစ်လိုက်ဦးမယ်"

သူသည် ပြောပြောဆိုဆိုနှင့် ကာကီရောင် ကျောပိုးလွယ်အိတ်ကို ယူကာ ရေချိုးခန်းထဲသို့ ဝင်သွားပြီးနောက် အတန်ကြာမှ ပြန်ထွက်လာလေ၏။ သူ ပြန်ရောက်၍မှ မကြာမီ ကျွန်ုပ်တို့ တွဲတံခါးပွင့်သွားပြီးနောက် စစ်ရဲ (M.P) ၃ ယောက်တို့သည် ကျွန်ုပ်တို့ တွဲထဲကို လျှောက်လာကြရာ ဩစတေးလီးယန်းလူမျိုးဖြစ်၍ အခြား ၂ ယောက်မှာ အမေရိကန်များ ဖြစ်ကြလေသည်။

အမ်ပီများသည် တွဲထောင့်တစ်ခုတွင် ရှိနေသော R.A.F လေတပ်သားနှစ်ယောက်၏ လွယ်အိတ်များကို ကြမ်းပြင်ပေါ်သို့မှောက်ကာ ပစ္စည်းများကို ရှာဖွေလျက် ရှိကြကုန်၏။ ကျွန်ုပ်တို့ ရှိရာသို့ ရောက်လာသောအချိန်၌ကား ကျွန်ုပ်တို့မှာ မဂ္ဂဇင်းများကို စိတ်အားထက်သန်စွာ ဖတ်၍နေကြလေသည်။

"အိုကေပဲဗျို့ ခင်ဗျားတို့နှစ်ယောက် ခင်ဗျားတို့ ပတ်စ် PASS အရင်ပြပါဗျာ"

ကျွန်ုပ်တို့က ပတ်စ် လက်မှတ်များကို ထုတ်၍ပြကြ၏။ ထို့နောက်တွင်မှ ကျွန်ုပ်တို့၏ ကျောပိုးလွယ်အိတ်များကို သွန်၍ရှာကြလေသည်။ ဂျို၏ လွယ်အိတ်ကို မှောက်ချလိုက်သောအခါ၌ကား ကျွန်ုပ်မှာ ရင်ထဲတွင် ဆို့ခနဲ ဖြစ်သွား၏။ သို့သော် အိတ်တွင်း၌ ရုပ်ထုကိုမတွေ့ရဘဲ ပေါင်မုန့်ကလေး ၂ လုံး၊ သကြားပုလင်းတစ်ခု၊ မီးခြစ်၊ ဖဲထုပ်တစ်ထုပ်နှင့် စီးကရက်တစ်ဘူးသာ တွေ့ရလေသည်။ ထိုအခါမှ ကျွန်ုပ်လည်း ဟင်းခနဲ သက်ပြင်း ချလိုက်မိလေသည်။

စစ်ရဲများ ပြန်သွား၍ အမေရိကန်လူမျိုး ကော်ပိုရယ်လည်း ကျွန်ုပ်တို့အနီးမှ ထသွားသောအခါမှ ကျွန်ုပ်တို့မှာ လွတ်လပ်စွာ စကားပြောဆိုခွင့် ရကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲဗျာ။ အမ်ပီက ခင်ဗျား လွယ်အိတ်ကို သွနချလိုက်တော့ ကျုပ်အသည်းနှလုံးဟာ ရင်ဝလာပြီး ဆို့ခနဲ ဖြစ်သွားသလို ထင်လိုက်ရတယ်။ ခင်ဗျား ဘယ်လိုများ လုပ်ထားလိုက်သလဲ"

"ဝှက်ထားလိုက်တာပေါ့ဗျာ"

"ဘယ်နေရာမှာလဲ"

"ရေချိုးခန်းထဲက လေဝင်တဲ့ပိုက်လုံးထဲ ထိုးသွင်းထားခဲ့တယ်"

"တတ်လဲ တတ်နိုင်တဲ့လူဗျာ"

"ကိုင်း ... ဒီတော့ ထုတ်ဖို့ပဲ ကျုပ်တို့လိုတော့တယ်"

ကိုဘီနှင့် ကျိုတိုမြို့အကြား၌ လမ်းဘူတာကလေးတစ်ခုရှိရာ စစ်ရဲများသည် ထိုဘူတာကလေး၌ ဆင်းသွားကြလေ၏။ ထိုအခါ ဂျီလည်း ကျွန်ုပ်ကို ရေချိုးခန်းထဲသို့ခေါ်၍ ရုပ်ထုကလေး ဝှက်ထားရာနေရာကို ကျွန်ုပ်အား ပြသလေသည်။ ရုပ်ထုကလေးအား ထိုးသွင်းထားသော နေရာမှာ ရေချိုးခန်းအတွင်းသို့ အပြင်မှ လေဝင်ရန် တပ်ဆင်ထားသည့် ပိုက်လုံးတစ်ခုဖြစ်သဖြင့် ဂျီသည် ရုပ်ထုကလေးကို အပြင်သို့ ဆွဲထုတ်ရန် ကြိုးစားလျက် ရှိလေ၏။ သို့သော် အပေါက်နှင့် အံကိုက်နေသဖြင့် ဆွဲထုတ်မရချေ။ သို့နှင့် သူသည် သြစတြေးလီးယားခြေလျင် စစ်သားတစ်ယောက်ထံမှ လှံစွပ်တစ်ချောင်းကို ဥပါယ်တမည်ဖြင့် ငှားရမ်းခဲ့ပြီးလျှင် ပိုက်လုံးထဲမှ ခပ်ကြမ်းကြမ်း ဆွဲယူကော်ထုတ်လျက် ရှိလေသည်။

အတန်ကြာ အားစိုက်လျက် ရှိနေပြီးနောက် နောက်ဆုံးအကြိမ် ကော်ထုတ်လိုက်ရာ ရုပ်ထုကလေးသည် အပြင်သို့ပါလာလေ၏။ သို့သော် နနယ်သေးကွေးစွာ ထုလုပ်ထားသော အရုပ်ကလေးတစ်ခုဖြစ်ရကား လက်တစ်ဘက်တံတောင်ဆစ်မှ ပြုတ်ထွက်သွား၍ မျက်နှာ၌လည်း အတော်ပင် ပွဲရှဲ့သွား၏။ လှံစွပ်ဖျားကြောင့် လက်ဝဲဘက်မျက်လုံးမှာ ပေါက်ထွက်သွားပြီးလျှင် မျက်လုံးအိမ်မှ အစင်းကြီးတစ်ခုသည် နားရွက်နားသို့ ရောက်အောင်ထင်လျက် ရှိနေလေသည်။

လက်မောင်းတစ်ဘက် ပြုတ်ကာ ပွဲရှဲ့နေသော သူ၏ အမြတ်တနိုးထားသော ရုပ်ထုလေးကို ဂျီသည် ကိုင်ကြည့်လျက် –

"ကိုင်း ... မက် (Mac) ရေ၊ အရုပ်ကလေးကတော့ အတော်ပဲ ဒဏ်ရာရသွားပြီဗျာ။ မျက်နှာမှာလဲ ရစရာမရှိတော့ဘူး။ ဒီတော့ အားလုံး ဘေးဒုက္ခတွေပြီးတဲ့အခါ ဒီအသုံးမကျတဲ့ ပစ္စည်းစုတ်ကလေးကို ချေမွပစ်လိုက်ဖို့ပဲ ရှိတော့တယ်"

သို့သော် သူသည် ပြောသည့်အတိုင်း မပြုရက်သေးဘဲ၊ ရုပ်ထုမှ ပွဲကျသော လက်မောင်းကလေးကို ယုယစွာ ကိုင်တွယ်ပြီးလျှင် –





"နို့ပေမယ့် ဒီဟာကလေး ထပ်ပြီးပြင်လိုက်ရင်တော့ ကောင်းချင်ကောင်းဦးမှာပါပဲလေ" ဟု ပြောဆိုပြီးနောက် စက္ကူတစ်ခုနှင့် ဖြည်းညင်းစွာ ထုပ်ပြီးလျှင် သူ၏ ကျောပိုးလွယ်အိတ်ထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့လည်း တွဲထဲသို့ ပြန်၍ ဝင်လာကြလေ၏။ ကျွန်ုပ်တို့ ထွက်လာသော စစ်စခန်းသို့ မရောက်မီ ကျန်လမ်းခရီးတစ်လျှောက်၌မူ ကျွန်ုပ်တို့သည် အခြားတောင်စဉ်ရေမရ စကားများကို ပြောကြ၍ စိတ်နှလုံး ပေါ့ပါးဖျတ်လပ်စွာ ရှိနေကြကုန်၏။

"သြော် ... ဒါထက် ခင်ဗျားကို ကျုပ်က တစ်ခုပြောရဦးမယ်။ ကျုပ်မှာ ရည်းစားရှိတယ်ဗျ။ သူ့နာမည်က 'ရု(သ)' Ruth တဲ့ဗျ။ လှလဲ လှတယ်၊ လိမ်လဲ လိမ္မာတယ်၊ ကျုပ်တပ်ထဲက ထွက်လို့ အိမ်ကို ပြန်ရောက်တဲ့နောက် လက်ထပ်မယ်ဆိုတာ သူပေါ့ ... မက် (Mac) ရဲ့၊ ကျုပ်ရဲ့ အနာဂတ်လမ်းခရီးကို ဖန်တီးမယ့် သူဟာ တခြားသူ မဟုတ်ဘူး သူပေါ့"

ထို့နောက် ဂျီသည် သူစစ်တပ်မှ ထွက်မည့်အကြောင်းကို ကျွန်ုပ်အား အသေးစိတ် ပြောပြလျက်ရှိရာ ယင်းကဲ့သို့ ရောက်ရာရောက် ပေါက်ရာပေါက်သွားကာ အကြမ်းပတမ်း နေထိုင်ခဲ့သော စစ်သားတစ်ယောက်က လှပချော မောသော မိန်းကလေးအကြောင်းကို ကဗျာဆန်ဆန် ပြောကြားနေပုံကို ကျွန်ုပ်၏ စိတ်တွင် အံ့သြမိသေး၏။

(Kure) ကျူရီသို့ ကျွန်ုပ်တို့ ပြန်ရောက်ကြသောအခါ ကျွန်ုပ်တို့၏ အခွင့်အရေးမှာလည်း စေ့ပြီးဖြစ်၍ အလုပ်ကိုပြန်၍ ဝင်ရန်သာရှိတော့၏။ သို့သော် ဂျီမှာမူ နေရာပြောင်းရမည့် အမိန့်တစ်ခုကို ရရှိလေသည်။ သူသည် ဝါရင့်သော စစ်သားတစ်ယောက်ပီပီ အလုပ်မျိုးစုံကို လုပ်ခဲ့ဖူးသည့်အတိုင်း သင်္ဘောကုမ္ပဏီတစ်ခု၌ ဆိပ်ခံသင်္ဘောပေါ်တွင် ကြိုးစက်များကို မောင်းနှင်ရန် အလုပ်တစ်ခုဖြင့် ရွှေ့ပြောင်းရတော့မည်ဖြစ်၏။

သူသည် ထိုအလုပ်ကို မလုပ်လိုချေ၊ ကျွန်ုပ်ကို ခွဲခွာ၍သွားရန် စိတ်လေးလျက် ရှိ၏။ သို့သော် မည်သို့မျှ မတတ်နိုင်ရာဘဲ နောက်ဆုံး၌ ထိုအမိန့်ကို နာခံရလေသည်။

သူ ထွက်ခွင့်ရသွားသောအခါ ရုပ်ထုကလေးသည် ကျွန်ုပ်၏လက်တွင် ခေတ္တကျန်ရစ်ခဲ့၏။

ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ ဂျီမှာ မတော်တဆ ထိခိုက်မိသဖြင့် အီတာဂျီမာ (Eta Jima) ဆေးရုံသို့ ပို့လိုက်ရကြောင်းဖြင့် သတင်းကြားရ၏။ သို့သော် ဒဏ်ရာများမှာ များစွာ ပြင်းထန်ကြောင်း ကျွန်ုပ်ကြားသိရသဖြင့် သူ့ထံမှ စာမရောက်မချင်း ကျွန်ုပ် တစ်စုံတစ်ရာ မပြုလုပ်နိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တပတ် ၃ ပတ်ခန့်ပင် သူ၏အကြောင်း တစ်စုံတစ်ရာ မရဘဲ ရှိနေပြီးနောက် ကျွန်ုပ်မှာ သူ၏စစ်တပ်မှ လူတစ်ယောက်နှင့် ကံအားလျော်စွာ တွေ့ဆုံလေရာ ဂျိုး၏ဒဏ်ရာ အတော်ပြင်းထန်ကြောင်း၊ ကြိုးစက်၌ မောင်းနှင် လုပ်ကိုင်နေရာတွင် မတော်တဆ ထိခိုက်သွားကြောင်း သိရလေသည်။

ကျွန်ုပ်သည် ဆေးရုံသို့ နှစ်ကြိမ်တိုင်တိုင် စာများရေးပို့ခဲ့၏။ သို့သော် ဂျိုးထံမှ တစ်စုံတစ်ရာ ပြန်စာမရချေ။ ဤသို့ဖြင့် အချိန်ကုန်လွန်သွား၏။

ချမ်းအေးလှသော ဖန်နဝါရီလ၏ နေ့တစ်နေ့၌ ကျွန်ုပ်တို့၏ စစ်တပ်တန်းလျား ပတ်ဝန်းကျင်တွင် နှင်းပွင့်များသည် အထူ ၆ လက်မခန့် ဖုံးအုပ်လျက် ရှိစဉ် ကျွန်ုပ်နှင့် အခြားစစ်သား ၁၂ ယောက်အိပ်သော အခန်းထဲသို့ လူတစ်ယောက် ရုတ်တရက် ဝင်လာလေသည်။ ထိုအခါက အခန်းထဲတွင် ကျွန်ုပ်တစ်ယောက်တည်းသာ ရှိ၍ ကျွန်ုပ်အိပ်ရာပေါ်၌ ခြေအိတ်အစုတ်တစ်ခုကိုဖာရင်း လျှောင်းလျက်ရှိ၏။ ထိုသူသည် ကျွန်ုပ်အနီးသို့ ရောက်လာပြီးလျှင် ကျွန်ုပ်အား ငုံ့ကြည့်နေကြောင်း၊ အတန်ကြာမှ ကျွန်ုပ်က သတိပြုမိလေသည်။

ကျွန်ုပ် အိပ်ရာခြေရင်းပေါ်မှာကား ညစ်ထေးလီးယား အင်္ကျီရှည်ကြီးကို ဝတ်ထားလျက် ဦးထုပ်ပျော့တစ်လုံးကို အောက်သို့ အလွန်နိမ့်စွာ ချ၍ ဆောင်းထားသော အရပ်ရှည်ရှည် လူတစ်ယောက်ကို ကျွန်ုပ် မြင်ရလေ၏။

သူ၏မျက်နှာနှင့် ကိုယ်ဟန်အမူအရာကို ရုတ်တရက် ကျွန်ုပ် မဖမ်းနိုင်ချေ။ လူစိမ်းတစ်ယောက်ဖြစ်၍ မိတ်ဆွေတစ်ယောက်အား လိုက်လံရှာဖွေနေသည်ဟုသာ ကျွန်ုပ် ထင်မိသည်။ သို့နှင့် ကျွန်ုပ်က သူ့မျက်နှာကို အသေအချာ မကြည့်ဘဲ "ဘာလိုချင်လို့လဲ မိတ်ဆွေ" ဟုသာ အမှတ်မဲ့ မေးလိုက်၏။

ထိုသူသည် ကျွန်ုပ်မေးသည်ကို ပြန်မပြောဘဲ သူ၏လက်များကိုသာ အင်္ကျီရှည်ကြီး အတွင်းသို့ ထိုး၍သွင်းလျက်ရှိလေသည်။

"အလို ... ဟေ့လူ ဒါဘာလုပ်တာလဲဗျ"

ထိုအခါမှ ကျွန်ုပ်မှာ ဂျိုး၏ ခေါ်နေကျအသံကို ကျက်မိသဖြင့် ဝမ်းမြောက်ဝမ်းသာနှင့် နေရာမှ ခုန်ထလိုက်ပြီးလျှင် ကျွန်ုပ်၏လက်ကို ဆန့်တန်းပေးလိုက်လေသည်။ သို့သော် ဂျိုးသည် ကျွန်ုပ်၏အပြုအမူကို ဂရုမစိုက်ဘဲ အိပ်ရာပေါ်ရှိ တစ်နေရာတွင် ဝင်၍ထိုင်လိုက်၏။ ထိုအခါမှ ကျွန်ုပ်သည် သူ့မျက်နှာကို နီးကပ်စွာ ကြည့်လိုက်မိရာ ဦးခေါင်းအထက်ပိုင်းကို အဝတ်စများဖြင့် အတော်ထူထပ်စွာ စည်းနှောင်ထားသည်ကို မြင်ရ၏။ သို့သော် မည်သည့်အကြောင်းကြောင့်မသိ၊ သူ မည်ကဲ့သို့သော ဒဏ်ရာရသည်ကို ကျွန်ုပ်က မမေးမိဘဲ၊ သူ၏ အလုပ်အကိုင်အကြောင်း၊ သူရောက်သွားသော စစ်တပ်အကြောင်းများကိုသာ မေးမြန်းလျက်ရှိနေမိ၏။ စကားပြောလျက်ရှိစဉ်၌ပင် ကျွန်ုပ်၏မိတ်ဆွေ ဂျိုးသည်





သူ၏မျက်နှာကို အမှောင်ကျကျ နေရာ၌ထားလျက် သူ၏လက်များကိုလည်း အိတ်ထဲမှ မထုတ်ဘဲ ရှိနေလေသည်။

"ဩော် ... ဒါထက် မက်၊ ခင်ဗျားဆီမှာ ထားခဲ့တဲ့ ကျိုတို (Kyoto) က ခိုးလာတဲ့ ရုပ်ထုကလေးရှိသေးရဲ့နော်"

"အို ... ရှိပါတယ်ဗျာ။ ကျုပ် လွယ်အိတ်ထဲက ခုထက်ထိ မထုတ်ရသေးဘူး။ ဒါထက် ဒီဥစ္စာကို ခင်ဗျာ့ဒက်ဒီဆီ မပို့ဘူးလား"

ဂျိုးကား ရုတ်တရက် ပြန်၍ အဖြေမပေးချေ။

"ဟင့်အင်း ... မပို့တော့ဘူး။ မပို့တဲ့ အပြင် ဒီဟာကို ကျုပ်တို့ မြန်မြန် ဖျောက်ဖျက်ပစ်မှပဲဗျို့။ ဒီမကောင်းတဲ့ ပစ္စည်းစုတ်ကလေးဟာ 'အထိအခိုက်' ရှိတယ်ဗျ။ နည်းနည်းကလေးမှ ကောင်းကျိုးပေးတာ မဟုတ်ဘူး။ ဒါကလေးဟာ အမြဲတန်းမကောင်းကဲ့ ကံကြမ္မာတွေကို ကျွန်ုပ်တို့ဆီကို ယူဆောင်လာမှာပဲ"

"ဘာဖြစ်လို့လဲ"

ဂျိုးကား ရေးရိုးအစဉ်အလာကို ယုံကြည်သူ တစ်ယောက် မဟုတ်သည့်ပြင် အစွဲအလန်းကြီးသူတစ်ယောက်လည်း မဟုတ်ပေ။ သို့နှင့်ပင် ယင်းကဲ့သို့ ပြောလိုက်သည်ကို ကျွန်ုပ်မှာ အံ့ဩခြင်းမက အံ့ဩမိလေသည်။

"နေပါဦး။ ဒီလို အဓိပ္ပာယ်မရှိတဲ့ဟာတွေကို ခင်ဗျား မယုံကြည်တတ်ဘူး မဟုတ်လားဗျ"

သူသည် စကားတစ်ခွန်းမျှ ပြန်၍မပြောပေ။ သို့သော် ကျွန်ုပ်၏ရှေ့၌ မတ်တပ်ရပ်လိုက်ကာ ဦးထုပ်ကို ချွတ်လိုက်ပြီးနောက် ထူထပ်စွာ စည်းနှောင်ထားသော အဝတ်စများကို ဖြေချလိုက်လေသည်။ ထိုအခါမှ ကျွန်ုပ်မှာ သက်ပြင်းတစ်ချက် ချလိုက်၏။ သူ၏ လက်ဝဲဘက်မျက်လုံး ရှေ့၌ကား မျက်လုံး မရှိတော့ဘဲ ဟောက်ပက်ဖြစ်နေတော့၏။ ယင်းမျက်လုံးအိမ်နေရာမှ အနာရွတ်ကြီး တစ်ခုသည် ပါးပြင်ကို ဖြတ်ကာ နားရွက်သို့တိုင်အောင် ရှိနေတော့၏။

"ဖြစ်မှ ဖြစ်ရလေ ဂျိုးရယ်၊ ဘယ့်နှယ့်များ ဖြစ်တာတုန်းဗျာ" ဟုပြောကာ ရုပ်ထုလေး၏မျက်နှာကို ပြေး၍ သတိရမိ၏။

သူသည် ကျွန်ုပ်၏ အံ့ဩသော အမူအရာကို မြင်သဖြင့် –

"ဘယ့်နှယ့်လဲ မက်၊ ကြည့်လို့ကောင်းရဲ့ မဟုတ်လား။ ကျုပ်ပြောတာ အဓိပ္ပာယ်မရှိဘူးဆို အခုတော့ ယုံပြီ မဟုတ်လား"

"ဒါက မတော်တဆ ဆုံဆည်းလို့ ဖြစ်တာနဲ့ တူပါတယ်ဗျာ၊ ရုပ်ထုက ခင်ဗျား ကံကြမ္မာကို ဘယ်လိုတတ်နိုင်မှာလဲဗျ ... ဘာဆိုင်လို့လဲ"

ယင်းကဲ့သို့ ပြောဆိုလျက် ရှိသည်အထိ ဂျိုးသည် သူ၏လက်ကို အိတ်ထဲမှ မထုတ်ဘဲ ရှိနေ၏။ သို့သော် ထိုခဏ၌ သူ၏လက်ဝဲဘက်လက်ဖြင့် လက်



www.burmeseclassic.com

www.burmeseclassic.com



ဖူးများကို မလိုက်ပြီးလျှင် ကျွန်ုပ်ဘက်သို့ ထိုး၍ပြ၏။ ထိုအခါမှ ကျွန်ုပ်လည်း မယုံကြည်နိုင်လောက်အောင်ပင် အံ့သြခြင်းဖြစ်လျက် အတန်ကြာ ကြက်သေသေ၍ နေမိ၏။ အကျီအရှေ့ပိုင်းမှာ တစ်စုံတစ်ရာ မရှိဘဲ ဗလာဖြစ်၍နေ၏။ သူ၏လက်မှာ တံတောင်ဆစ်မှ နေ၍ ဖြတ်လျက်ရှိ၏။ ဤသို့ ကြက်သေသေလျက်ရှိရာမှ ကျွန်ုပ် သတိပြန်၍ ရလာသောအခါ ယင်းဒဏ်ရာများမှာ မည်သို့မည်ပုံရ ကြောင်း ကျွန်ုပ်က မေးမိတော့၏။

"ဖြစ်ရပုံကတော့ (Kobe) 'ကိုဘီ' သင်္ဘောဆိပ်က ကျောက်ဆုံးကြိုးပတ်တဲ့စက်မှာ အလုပ်လုပ်နေတုန်း မတော်တဆ ဖြစ်ရတာပဲဗျာ။ ကျောက်ဆုံးကြိုးကို လက်နဲ့ရစ်နေတုန်း ထောင်းခနဲ ကြိုးပြတ်ပြီး ကျုပ်မျက်နှာကို လာပြီး ရိုက်တော့တာပါပဲ၊ ကြိုးပြတ်ကြီးဟာ ကျုပ်ဆီကို အရှိန်နဲ့ ပြေးပြီးလာတာ ရိပ်ခနဲလဲမြင်ရော ကျုပ်လဲ ညာဘက်လက်ကို မြှောက်ပြီး မျက်နှာကို ညာဘက်လက်နဲ့ ကာလိုက်မိတယ်။ နို့ပေမယ့် အားကလဲ အင်မတန်ကောင်းပြီး အရှိန်ကလဲ အတော်ပြင်းတာကိုး … မ ာက်ရယ်။ ဘာရမလဲ ကျုပ်လက်ဝါး ကြေမွသွားပြီး မျက်လုံးမှာလဲ ကြိုးပြွတ်ထိသွားလို့ မျက်လုံးပျက်သွားတယ်။ ကြေမွနေတဲ့ လက်ကို ဆရာဝန်တွေလဲ မကုနိုင်တော့ဘဲ နောက်ဆုံး တတောင်ဆစ်ကနေပြီး ဖြတ်လိုက်ရတယ်။ ကဲ … အခုတော့ ခင်ဗျား မြင်တဲ့အတိုင်းပဲ"

အထက်ပါ သူ၏အကြောင်းကို ပြန်ပြောသော အသံကလေးသည် ကျွန်ုပ်အား အသည်းနှလုံးသို့တိုင်အောင် ထိခိုက်စေမိ၏။ သို့နှင့် ကျွန်ုပ်သည် ဂျိုအား ဤအကြောင်းနှင့် ပတ်သက်၍ ဆက်လက်မမေးရက်တော့ဘဲ စကားထိ လွှဲကာ –

"သြော် … ဒါထက် ဒီရုပ်ထုကလေးပျောက်သွားတဲ့ အကြောင်းသိ တော့ သူတို့ဂျပန်မှာ အထူးသဖြင့် သာသနာရေးဘက်မှာပေါ့ဗျာ။ နည်းနည်းလေးမှ လှုပ်လှုပ်ရွရွ မဖြစ်ကြဘူးလား၊ နို့ပြီး ရှာလဲ ဖွေလားကော မလုပ်ကြဘူးလား"

"အင်း … ဒီလိုတော့ ကျုပ် ပြောသံ မကြားမိဘူးဗျာ"

သို့နှင့် ဂျိုသည် ရုပ်ထုကလေးကို သူ၏ဖခင်ထံပို့ရန် ပထမ အစီအစဉ်အတိုင်း အလိုရှိသည် ထင်မှတ်သဖြင့် ကျွန်ုပ်လည်း ကျွန်ုပ်၏ ကျောပိုးလွယ်အိတ်ထဲမှ ရုပ်ထုကလေးကို ထုတ်ယူပြီးလျှင် အိပ်ရာတစ်နေရာ၌ တင်ထားလိုက်လေသည်။ ဂျိုသည် ပထမဦးစွာ ရုပ်ထုလေးကို မျက်တောင် မခတ်ဘဲ စိုက်၍ ကြည့်နေလေ၏။ ထို့နောက် မည်သို့ ဖြစ်ပျက်လိုက်သည်ကိုမျှ ကျွန်ုပ် မသိ ဂျိုသည် ရုပ်ထုကလေးကို လက်ထဲတွင် ဆုပ်ကိုင်ကာ ပါးစပ်မှ အံကြိတ်လျက် ကြမ်းပြင်ပေါ်သို့ ပြင်းထန်စွာ ပေါက်ချလိုက်လေသည်။ ထို့နောက် သူသည်





အိပ်ရာပေါ်သို့ ကိုယ်ကို ပစ်လှဲလိုက်ကာ အပြင်းအထန် စိတ်တုန်လှုပ်ချောက်ခြားသွားသည့် ဟန်ဖြင့် သတိမေ့လျော့သွားလေ၏။

ကျွန်ုပ်က တတ်နိုင်သမျှ ပြုစု၍ သတိရလာသောအခါ သူသည် ရှိုက်ကြီးတငင် ငိုကြွေးလျက်ပင်ရှိနေ၏။ ထိုအခါ၌ကား ရုပ်ထုကလေးမှာ ဦးခေါင်းထိပ်မှ ၂ ပိုင်း ပြတ်ထွက်သွားသည်ဖြစ်၍ ကိုယ်မိုင်းမှာလည်း ကြေမွလျက်ပင် ရှိနေတော့၏။ သို့နှင့် ကျွန်ုပ်က ရုပ်ထုအပိုင်းအစများကို အိပ်ရာပေါ်သို့ ကောက်တင်ထားလိုက်လေသည်။

"ဘယ်နှယ့်လဲ မက်။ အခုတော့ ဒီမကောင်းဆိုးဝါးကလေးဟာ ကြေမွသွားပြီ မဟုတ်လား။ ဒီရုပ်ထုကလေးကို ဘာပဲ ကျုပ်ကလုပ်လုပ် ဒီရုပ်ထုကလေးဖြစ်သလို ကျုပ် ဖြစ်တာပဲ၊ အခု ဒီဟာကလေး ခေါင်းပြတ်သွားပြီး ရုပ်ထုကလေးမှာ ဇခေါင်းဆုံးရှုံးရသလို ကျုပ် ဦးခေါင်းလဲ ဆုံးရှုံးဖို့ပဲ ရှိတော့တယ်။ ဖျက်ဆီးပစ်လေလေ ဒီရုပ်ထုကလေး ပျက်စီးသလောက် ကျုပ်ဟာ ပျက်စီးတော့မှာပဲ မက်"

"အလကား မဟုတ်တာတွေကို အစွဲအလန်းကြီး မနေပါနဲ့ ဂျိုရယ်။ ဒီရုပ်ထုဖြစ်တိုင်း ခင်ဗျား ဖြစ်ရတော့မှာလား၊ ခင်ဗျား ကံကြမ္မာက ဒီလိုဖြစ်ရဖို့ ရှိတာ ရုပ်ထုကိုလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ဖြစ်မှာပဲဗျ။ အကြောင်းချင်းတိုက်ဆိုင်တာတော့ ခင်ဗျား ထင်ချင်ရင်လဲ ထင်မှာပဲ"

"မဟုတ်ပါဘူး မက်။ ကျုပ်ဖြစ်ရတဲ့ ကံကြမ္မာဟာ ဒီဂြိုဟ်ဆိုးရုပ်ထုလေးကြောင့် ဖြစ်ရတာ"

"ဒီလောက်တောင် အစွဲအလန်း ကြီးမနေပါနဲ့ မက်ရယ်။ ခင်ဗျား အနာတွေ လုံးလုံးပျောက်သွားရင် အေးအေးဆေးဆေး အိမ်ပြန်ပြီး (Ruth) ရုနဲ့ လက်ထပ်ပြီးတဲ့နောက် ကိုယ့်သားမယားနဲ့ ပျော်ပျော်ပါးပါး နေရုံပေါ့ဗျာ။ တချို့ လူတွေမှာ အသက်တောင် သေဆုံးရသေးတာပဲ။ အားမငယ်စမ်းပါနဲ့ ဂျို၊ ခင်ဗျား အစွဲအလန်းကြီးကို ဖျောက်ပစ် လိုက်စမ်းပါ"

"နို့ပေမယ့် Ruth ဘက်ကနေပြီး စဉ်းစားကြည့်လိုက်ပြန်ရင်လဲ မျက်စေ့တစ်ဘက်ကန်းနဲ့ လက်တစ်ဖက်ပြတ်နေတဲ့ ဒုက္ခိတတစ်ယောက်ကို ဘယ်မိန်းကလေးက လက်ထပ်ချင်ဦးမှာလဲဗျာ"

"ခင်ဗျားက သိပ်ပြီး အတွေးခေါင်တာကိုဗျ။ အချစ်ဆိုတာ အချစ်ပဲဗျ။ ကျိုးတာ ကန်းတာတွေဟာ ပဓာန မဟုတ်ဘူး"

ကျွန်ုပ်က ဤကဲ့သို့ အားပေးစကား ပြောကြားရာတွင် ဂျိုမှာ အားနည်းငယ် စိတ်သက်သာရာ ရလာဟန်တူ၏။ သူနှင့် ကျွန်ုပ်တို့သည် အတော်မိုးချုပ်



www.burmeseclassic.com

www.burmeseclassic.com



သည်အထိ စကားပြောလျက်ရှိကြရာ ကျွန်ုပ်က သူ ပြန်ခါနီးတွင် မည်သည့်နည်းနှင့်မဆို ကျွန်ုပ်ထံ စာရေးရန် နောက်ဆုံး မှာကြားလိုက်လေသည်။

နောက်ရက်သတ္တ ၂ ရက်မျှ ကြာသောအခါ ဂျိုသည် ကြူရှိ KURE မြို့မှ သြစတေးလျတိုက် စစ်ဒနီမြို့သို့သွားသော "Eta Jima" အိတာဂျီးမားသင်္ဘောဖြင့် လိုက်ပါသွားလေ၏။ ထူးဆန်းသော ရုပ်တုအကျိုးကလေးမှာ ကျွန်ုပ်လက်ထဲ၌ပင် ကျန်ရစ်ခဲ့လေသည်။

သူ့အား ထိခိုက်သော ပစ္စည်းကို ယူလိုဟန်မတူသဖြင့် ကျွန်ုပ်ကပင် သိမ်းဆည်းထားလိုက်ခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် နေ့ရက်များ ကုန်ဆုံးသွားလေရာ သူ့ထံမှ စာကို မျှော်လင့်နေသော်လည်း တစ်စုံတစ်ရာ မကြားရချေ။ သို့နှင့် ၂ လမျှ ကြာသောအခါ ကျွန်ုပ်ကပင် စာကိုစတင်၍ ရေးရန်ကြံစည်ပြီးလျှင် တစ်စောင်ပြီးလျှင် တစ်စောင် ရေးသား၏။ သို့သော် စာ ၃ စောင်အထိ သူ့ထံမှ တစ်စုံတစ်ရာ အကြောင်း မကြားရချေ။

တစ်နေ့တွင် ကျွန်ုပ်၏ ပိုက်ဆံအိတ်ကလေးကို ရှင်းလျက်ရှိစဉ် စာရွက်ပိုင်းကလေးတစ်ခုကို တွေ့ရလေရာ ၎င်းမှာ ဂျိုနှင့် ပထမဆုံး မိတ်ဆွေ ဖြစ်စဉ်က ကျွန်ုပ်အား ပေးထားသော သူ့ရည်းစား ရု(သ) "Ruth" ၏ လိပ်စာ ဖြစ်လေသည်။ သို့နှင့် ကျွန်ုပ်သည် အကြံရပြီးလျှင် ယင်းလိပ်စာအတိုင်း ရု(သ)ထံ စာရေးပြီးလျှင် ဂျို၏အကြောင်းကို မေးရန် စိတ်ပိုင်းဖြတ်လိုက်၏။ မည်သို့ပင်ဖြစ်စေ ဤစာသည် ရု(သ)လက်ထဲသို့ ရောက်ရှိကာ ဂျို၏အကြောင်းကို တစ်နည်းနည်းအားဖြင့် သိရမည်ဟု ကျွန်ုပ်ယုံကြည်မိ၏။ သို့နှင့် အကျိုးအကြောင်း စာတစ်စောင်ရေးပြီးလျှင် ထိုလိပ်စာအတိုင်း ထည့်လိုက်လေသည်။

သတင်း ၂ ပတ်ခန့် ကုန်လွန်သွားပြီးနောက် ရု(သ)ထံမှ စာတစ်စောင် ရောက်ရှိလာရာ စာပါအသုံးအနှုန်းတို့မှာ အမြီးအမောက် မတည့်အောင် ရှိနေသဖြင့် ထိုစာကို စိတ်ရှုပ်သည့်အတွင်း ရေးလိုက်ရကြောင်း ထင်ရှားလေသည်။

သို့ဖြစ်ရကား ကျွန်ုပ်သည်စာကို အကုန်မဖော်ပြတော့ဘဲ အရေးကြီးသော အပိုင်းလောက်ကိုသာ ရေးသားဖော်ထုတ်ပါတော့အံ့။

"ဂျို ပြန်လာသောနေ့ကို ကျွန်မ သိရလို့ ဘူတာရုံကို လာပြီးကြိုပါတယ်။ အဲဒီလို မကြိုခင်ကပဲ ဂျိုမှာ အပြင်းအထန် ဒဏ်ရာရတယ်ဆိုတာကိုလဲ ကျွန်မ သိပြီးပါပြီ။ နို့ပေမယ့် စစ်တပ်က သူဘယ်လို ဒဏ်ရာရတယ် ဘယ်မှာ ရတယ်ဆိုတာတော့ မပြောပါဘူး။ ဒါနဲ့ မီးရထား ဘူတာရုံထဲ ဝင်လာတော့ ကျွန်မတို့ကလဲ အမျှော်လင့်ကြီး မျှော်လင့်နေတာပဲပေါ့"





"နို့ပေမယ့် ဂျိုကို မတွေ့ရဘူး။ ဒီပြင် လူတွေအားလုံး ဘူတာရုံထဲက ထွက်သွားသည်အထိ သူ့မိဘတွေရယ်၊ ကျွန်မရယ် စောင့်နေကြတယ်။

"ဒါနဲ့ ဒီလိုစောင့်နေကြတုန်း ပေါ်တာ တစ်ယောက်ယောက် [illegible] ဘယ်သူ့ကို စောင့်နေကြတာလဲ။ သူ တတ်နိုင်သလောက် ကူညီပေးပါမယ်လို့ ပြောတယ်။ ကျွန်မက စစ်သားတစ်ယောက်ကို တွေ့မလားလို့ လိုက်ရှာနေတဲ့ အကြောင်း ပြောပြတော့ သူ ပြောတာက ရထားဆိုက်ဆိုက်ချင်း စစ်သားတစ်ယောက်ဟာ ပလက်ဖောင်းဘက် ဆင်းပြေးသွားတယ်။ အဲဒီစစ်သားဟာ လက်တစ်ဘက်ပဲ ရှိတယ်၊ ဒါဟာ အမှန်ပဲ၊ ရှင့်သူငယ်ချင်းဂျိုဖြစ်မှာပဲ။ သူ့မျက်နှာကို မြင်လိုက်ရရင် ကျွန်မတို့စိတ်မှာ ဘယ်လောက်များ ထိခိုက်သွားမယ်ဆိုတာ တွေးမိလို့ ဒီလိုဖြစ်သွားတာနဲ့ တူပါတယ်။ သူ ဘယ်နည်းနဲ့မှ ကျွန်မတို့ကို မျက်နှာ မပြဝံ့ဘူး ထင်တယ်။ ဒါကြောင့် သူ မီးရထား မဝင်ခင်က ခုန်ချထွက်ပြေးသွားတာနဲ့ တူတယ်။ အဆုံးမှာတော့ သူ့ဦးခေါင်းကို လုံးလုံးကြီး ပြောင်းသွားအောင် အပြင်းအထန် ထိခိုက်သွားတာနဲ့ တူတယ်ရှင်"

နောက်ဆုံးစာကြောင်းများကို ဖတ်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရုပ်ထုကလေးတော့ ဦးခေါင်းဆုံးရှုံးရပြီ၊ အဲဒီလိုပဲ ငါ့ဦးခေါင်းလဲ ဆုံးရှုံးရမည်ဟု ဂျို ပြောခဲ့သော စကားများကို ကျွန်ုပ် ပြန်၍ သတိရမိ၏။ ရူးသွပ်ခြင်းကား၊ ဦးခေါင်း၏ ဆုံးရှုံးခြင်း မဟုတ်ပါလော ... ဂျို၏ အဖြစ်အပျက်ကို ဤစာအားဖြင့် သိရစေကာမူ ကျွန်ုပ်မှာ အပြင်းအထန် တုန်လှုပ်ချောက်ချားမိ၏။

နောက်ဆုံး စာပိုဒ်သည်ကား၊ အောက်ပါအတိုင်း ဖြစ်လေသည်။

"နောက်တစ်နေ့မှာ ရဲဘက်က ဂျိုကို ဖမ်းမိလာပါတယ်ရှင်။ ဒါနဲ့ သူ့ကို အစိုးရဆေးရုံကြီးမှတစ်ဆင့်၊ စစ်ဆေးရုံကိုပို့ပြီး စစ်ဆေးရုံက တစ်ခါ၊ စိတ္တဇဆေးရုံကို ပို့လိုက်ရပါတယ်။ ဒါနဲ့ ဆရာဝန်ကြီးများ စမ်းသပ်ကြည့်တဲ့အခါ ဂျိုဟာ အမှန်ပဲ စိတ်နောက်သွားပြီး ပြန်ကောင်းဖို့တော့ မျှော်လင့်ချက် မရှိတော့ဘူးလို့ ပြောလိုက်ပါတယ်။ ရှင့် သူငယ်ချင်း အဖြစ်အပျက်ကတော့ ဒါပါပဲရှင်။ ဒီထက်ပိုပြီး ကျွန်မ သူ့အကြောင်းကို မရေးဝံ့တော့ဘူး။ ဒီဟာနဲ့ပဲ တော်ပါရစေတော့"

ထိုညဉ့် ဂျို၏အကြောင်းများကို အစမှ အဆုံးတိုင် နက်နက်နဲနဲ တွေးတောမိ၏။ ကျွန်ုပ်တို့ နှစ်ယောက်စလုံးပင် အရှေ့တိုင်းမှသာမန် ပန်းပုဆရာ ထုလုပ်ထားသည့် သစ်သားရုပ်ထုကလေးတစ်ခုသည် လူတစ်ယောက်အား ဤမျှလောက် မကောင်းကျိုးကို ပေးနိုင်လိမ့်မည် မဟုတ်ဟု တွေးတောမိ၏။

သို့သော် အရှေ့တိုင်းပြည်မှာ ထူးဆန်းသော တိုင်းပြည်တစ်ခုဖြစ်၍ ယင်းရုပ်ထုကလေးမှာ မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုးထားသော



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကဲ့သို့ သူတို့ မသိမမြင်နိုင်သော တန်ခိုးအာနုဘော် ရှိကောင်းရှိပေမည်။ ဂျိုသည် ဆိပ်ကမ်းသမ္ဘာန်ကျောက်ဆူးကြိုး ရစ်သော စက်ကို မောင်းနှင်ရာတွင် မတော်တဆ ဒဏ်ရာရသည်မှာ မှန်၏။ သို့သော် သူ ရရှိသော ဒဏ်ရာများမှာ ရုပ်ထုကလေး၏ ကိုယ်ပေါ်တွင် မတော်တဆ ထိခိုက်မိသော ဒဏ်ရာများနှင့် အံ့မခန်းတူ၍ နေသည်မှာ ထူးဆန်းလှတော့၏။

သစ်သားရုပ်ထုကလေးပေါ်တွင် ပိုင်ရှင်ဖြစ်သူက မတော်တဆသော်လည်းကောင်း ပြုလုပ်မိ၍ ကျိုးပဲ့ပျက်စီးသော ဒဏ်ရာများနှင့် ဂျို ရရှိခဲ့သော ဒဏ်ရာ ဒဏ်ချက် တစ်သွေမတိမ်း တူညီလျက်ရှိသဖြင့် အဆင်သင့်၍ ဖြစ်ရသည်၊ သို့မဟုတ် တိုက်ဆိုင်၍ ဖြစ်ရသည် ဟု ကျွန်ုပ် ကိုယ်တိုင်ပင် ခွဲခြား၍ မရချေ။ အရှေ့တိုင်းသားများ အစဉ်အလာအတိုင်း ပစ္စည်းတစ်ခုခု၌သော်လည်းကောင်း သို့မဟုတ် ရုပ်ထုတစ်ခုခု၌သော်လည်းကောင်း၊ လူသားတို့ မမြင်အပ်သော် တန်ခိုး ဣဒ္ဓိပါဒ်ရှိသည် ဆိုခြင်းမှာ ရာခိုင်နှုန်း ၉၀ ဆယ်ခန့် မှန်ကောင်းမှန်ပေးလိမ့်မည်။

သို့နှင့် ကျွန်ုပ်သည် အတော်အတန် ကျိုးပဲ့ကြေမွလျက်ရှိသော ရုပ်ထုကလေးကို လက်ကိုင်ပဝါတစ်ထည်နှင့် ထုပ်ပြီးသော် ထိုညအတော်ညဉ့်နက်မှောင်မိုက်သော အချိန်၌ ကျွန်ုပ်တို့ စစ်စခန်းအနီးရှိ ရွာတစ်ရွာသို့ တစ်ယောက်တည်း လျှောက်ခဲ့လေသည်။ မကြာမီ လမ်းဘေးရှိ ဘုရားရှိခိုးကျောင်း အဆောက်အအုံတစ်ခုကို တွေ့ရသဖြင့် ရုပ်ထုကလေးကို ပြတင်းပေါက်တစ်ခုပေါ်၌ တင်ခဲ့ပြီးလျှင် လျင်မြန်စွာ ထွက်လာခဲ့လေ၏။ ခြေလှမ်း ၂၀၀ ခန့်သွားမိသောအခါ၊ ကျွန်ုပ်တို့ ရုပ်ထုကလေးမှာ "Shinto" ရှင်တိုဘာသာဝင် ရုပ်ထုမဟုတ်ဘဲ၊ ဗုဒ္ဓရုပ်ပွားတစ်ခုထင်သဖြင့် ကျွန်ုပ်ထားခဲ့ရသော ဘလာအဆောက်အအုံမှာ ရှင်တိုဘာသာ အဆောက်အအုံဖြစ်သဖြင့် ယင်းကဲ့သို့ ထားလေခြင်းမှာ မှားလေပြီဟု ကျွန်ုပ်အောက်မေ့မိ၏။ ရှင်တိုဘာသာမှာ ဗုဒ္ဓဘာသာနှင့် များစွာကွာခြား၏။ ဗုဒ္ဓ ရုပ်ပွားတော်တစ်ဆူကို ရှင်တိုအဆောက်အအုံတစ်ခု၌ ထားမိခဲ့သည်မှာ ကျွန်ုပ် မှားချေပြီ။

သို့နှင့် ကျွန်ုပ်လည်း အရဲစွန့်ကာ ကျွန်ုပ်ထားခဲ့သော နေရာသို့ ပြန်၍ လာခဲ့ပြီးလျှင် ရုပ်ထုကလေးကို တစ်ဖန်ပြန်၍ ယူခဲ့ပြီးနောက် ရှေ့သို့ ဆက်၍ သွားရာ တစ်မိုင်ခန့်အရောက်တွင် ဗုဒ္ဓဘာသာ ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို ကံအားလျော်စွာ တွေ့ရလေ၏။

၄င်းမှာ အတော်ကြီးမားသော အဆောက်အအုံကြီးဖြစ်၍ အလယ်တွင် အုတ်လှေကားကြီးတစ်ခုရှိရာ သားတစ်ဘက်တစ်ချက်တွင် လှေကားလက်ရမ်း





တိုင်ကြီးများ ရှိ၏။ သို့နှင့် ကျွန်ုပ်သည် တိုင်တစ်ခု၏ထိပ်တွင် ရုပ်တုကလေးကို တင်ထားခဲ့ပြီးနောက် လျင်မြန်စွာ ပြန်၍ ထွက်ခဲ့လေ၏။

စစ်တန်းလျားသို့ ပြန်၍ရောက်သောအခါ မည်သူမျှ ကျွန်ုပ် ပြန်လာသည်ကို မသိသဖြင့် ကျေးဇူးတင် ဝမ်းမြောက်မိသေး၏။ ရင်ထဲမှ အလုံးကြီးလည်း ကျ၍သွားပေပြီ။

နောက်သုံးရက် ကြာသောအခါ ကျွန်ုပ်နှင့် မနီးမဝေး ကျွန်ုပ် ကြားလောက်သော နေရာအတွင်း၌ ကျွန်ုပ်တို့ စစ်တပ်မှ 'စကားပြန်' သည် စစ်ဗိုလ်အားသတင်းစာတစ်စောင်မှ ကောက်နုတ်ချက်များကို ဘာသာပြန်၍ ပြလျက်ရှိလေသည်။ ယင်းအကြောင်းများသည်ကား 'ရုပ်ထုပေါင်း သုံးသောင်းကျော်ရှိသည့် ဘုရားရှိခိုးကျောင်းမှ ဂျပန်တို့ အထွတ်အမြတ်ထားသည့် အဖိုးတန် ရုပ်ထုကလေး တစ်ဆူပျောက်သွားရာ ယခုအခါပြန်၍ တွေ့ရှိရပြီဖြစ်ကြောင်း' ဟူသော သတင်း ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# လူလိုမှောက်လို

အထက်မြန်မာပြည် ကသာခရိုင် ကောလင်းမြို့ နေဘက်ဘက် မြန်မာတိုင် (၄) တိုင်ကျော်ခန့် ဝေးသောနေရာ၌ ပထမကမ္ဘာစစ်ကြီး မဖြစ်မီ နှစ်အနည်းငယ်ခန့်က 'ရွာသစ်' ဟူသော ရွာကြီးတစ်ရွာ ရှိခဲ့ဖူး၏။ ယခင်က ထိုနေရာတွင် လူနေအိမ်ခြေဟူ၍ တစ်စုံတစ်ရာ မရှိဘဲတောတောင် အတိရှိနေခဲ့ရာမှ ရက်အနည်းငယ်အတွင်း တည်ဆောက်ဖြစ်ပေါ်လာ၍ ထိုသို့ကြောင့် ရွာသစ်ဟုခေါ်ခြင်းဖြစ်၏။ ထိုရွာဖြစ်ပေါ်လာရခြင်းအကြောင်းမှာ ဂျာမန်ကုမ္ပဏီတစ်ခုသည် ထိုနေရာ အနီးရှိ ဖောင်ကြီးတစ်တောင်၌ သတ္တုများကို အကြီးအကျယ် တူးဖော်ခဲ့ရာ အနီးအနားရှိ ရွာနီးချုပ်စပ်နှင့်တကွ မြောက်ဖက်တွင် ဝန်းသိုမြို့အထိ တောင်ဘက်တွင် ကန့်ဘူအထိ ယင်းသတ္တုတွင်းရှိရာသို့ လူများ တဖြည်းဖြည်း ရောက်လာကြ၏။ အလုပ်သမားများသာမက စီးပွားရှာသမား တရုတ်ကုလား ဈေးသည်များပါ တဖွဲဖွဲဝင်ရောက်လာကြ၏။

၁၉၁၀ ခုနှစ်တွင် သတ္တုတွင်း အလုပ်သမား ၁၀၀ ကျော်မျှ ရှိနေပြီဖြစ်ရာ ၁၉၁၃ ခုနှစ်သို့ရောက်သောအခါ အိမ်ခြေ ၃၀၀ ကျော်အထိ တိုးတက်လာခဲ့၏။ သို့ဖြစ်ရကား ကျွန်ုပ်တို့ ယခုရေးသားဖော်ပြသောအချိန်တွင် ၎င်းရွာသစ်ရွာကြီးမှာ သတ္တုတွင်းမန်နေဂျာ မျက်နှာဖြူမိသားစုနှင့် အခြားအကူအရာရှိ ၃–၄ ယောက်အပြင် သာမန် အလုပ်သမားများ ဈေးသည်များ စသည်တို့ဖြင့် အိမ်ခြေ ၅၀၀ခန့် ရှိလာပြီးလျှင် အထူးစည်ကားလျက် ရှိသောအချိန် ဖြစ်လေသည်။





ပထမကမ္ဘာစစ်ကြီး စ၍ဖြစ်သော ၁၉၁၄ ခုနှစ်တွင်ထို ကုမ္ပဏီကို ရုတ်သိမ်းလိုက်ရာ ယခုအခါ၌ကား စွန့်ပစ်သွားသော သတ္တုတွင်း နေရာဟောင်းများ၊ စက်ကိရိယာ အကျိုးအပဲ့များနှင့် ယခင်တစ်ကြိမ်က စည်ကားခဲ့ဖူးသော ရွာကြီးမှာ နေရာမျှသာ ကျန်ရှိရစ်ခဲ့တော့၏။

ထိုကုမ္ပဏီကြီးကို ဂျာမန် အရှေ့အိန္ဒိယကုမ္ပဏီ ဟုခေါ်တွင်၍ ရွာသစ်ရွာကြီးမှာလည်း ယင်းကုမ္ပဏီကြီးကို အမှီပြု၍ ဖြစ်ပေါ်လာရကား ဂျာမန်လူမျိုး၊ အင်္ဂလိပ်လူမျိုး၊ မြန်မာ–ရှမ်း–ကရင်–ကချင်–ကဒူး စသည်တို့ ဖြစ်ကြ၏။ ရွာကြီးမှာ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ အထည်ဆိုင်များ ဖွင့်နေသော တရုတ်၊ ကုလားနှင့် ကာကာလူမျိုးများလည်း ရှိကြသေး၏။ သို့နှင့် ရွာဟုပင် ဆိုရငြားသော်လည်း အတော်ကောင်းမွန်သော လမ်းများဖြင့်လည်းကောင်း၊ ကုမ္ပဏီမှပေးသော ဓာတ်မီးများ ရေစက်များဖြင့်လည်းကောင်း၊ မန်နေဂျာ၊ စာရေး၊ စာချီ၊ အင်ဂျင်နီယာ၊ ဆရာဝန်က အစရှိသော လူကုံထံတို့အိမ်များဖြင့်လည်း သိုက်မြိုက်စွာ ရှိနေကြကုန်၏။ ရွာ၏ပတ်ဝန်းကျင်၌လည်း သာယာသော တောတောင် စိမ့်စမ်း အစရှိသည့် သဘာဝရှုခင်းများ ရှိလေသည်။

ကုမ္ပဏီတွင် စာရင်းကိုင် စာရေးကြီးဖြစ်သော ဦးပန်းသာမှာ ရွာလယ်တွင် အတော်အတန် သပ်ရပ်ကောင်းမွန်သော နှစ်ထပ်အိမ်တစ်လုံးဖြင့် နေထိုင်ခဲ့ရာ မသက်ရင်ဆိုသော သမီးပျိုတစ်ယောက်ရှိ၏။

မသက်ရင်မှာ အဖဘက်မြန်မာ–အမိဘက်ရှမ်းမျိုးမှ ပေါက်ဖွားလာသူဖြစ်၍ ဖခင်၏ခံ့ညားပြေပြစ်ခြင်းကိုလည်းကောင်း၊ မိခင်၏သွယ်ပျောင်းနွဲ့နှောင်းသော ကိုယ်လက်အင်္ဂါနှင့် ဖြူဆွတ်သော အသားအရေကိုလည်းကောင်း ပေါင်းစပ်ရရှိခဲ့သူ ဖြစ်သည့်အတိုင်း တစ်ရွာလုံးရှိ ကာလသားများ မျက်စိကျလောက်အောင် ချောမောလှပသူ တစ်ယောက် ဖြစ်ပေသည်။

ဦးပန်းသာမှာ ပစ္စည်းဥစ္စာအတော်အတန် ခိုင်လုံသူတစ်ယောက် ဖြစ်ရာ သမီးချော၏ ဖခင်တစ်ယောက်ဖြစ်သည့်အတိုင်း အတော်ပင် မျက်နှာပွင့်လန်းလျက် ရှိ၏။ မသက်ရင်အား ပစ္စည်းဥစ္စာကုံလုံကြွယ်ဝသော သူများ၏သားများ စာရေးစာချီများ ကုမ္ပဏီမှ အရာရှိအရာခံများ လာရောက်စေ့စပ်ကြရာ မသက်ရင်မှာ အမျိုးမျိုးအကြောင်းပြ၍ ငြင်းပယ်ခဲ့၏။ သို့သော် နဖူးစာတို့မည်သည်ကြဖန်၍ လမ်းစရှာပြီးလျှင် ဝင်လာတတ်သည့်အတိုင်း တစ်ချိန်တွင် အသည်းအသန်ဖျားရာမှ ရွာမှဓာတ်ဗိန္ဓောဆရာများနှင့် ကုသရသော်လည်း မသက်သာသဖြင့် သတ္တုတွင်း ကုမ္ပဏီမှ အလုပ်သမားများအတွက် အထူးငှားရမ်းထားသော ဦးစောအုံဆိုသူ ဆရာဝန်ကို ခေါ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစောအုံမှာ မကြာမီကပင် ရန်ကုန်ဆေးရုံကြီးမှ ရောက်ရှိလာသူဖြစ်၍ ဆေးပညာသာမက ရုပ်ဆင်းအင်္ဂါနှင့်လည်း ပြည့်စုံသူတစ်ယောက်ဖြစ်၏။ အရပ် ထောင်ထောင်မောင်းမောင်း ရှိ၍ ကိုယ်အင်္ဂါကြံ့ခိုင်တောင့်တင်းပြီးလျှင် ကျစ်လျစ် သိပ်သည်းသော အားကစားသမား တစ်ယောက်၏ အချိုးအစားမျိုးရှိ၏။ အသားမှာ အသားလတ်ဖြစ်၍ မျက်နှာမှာ အတန်ငယ်ခေါင်းကြီး၍ ချွန်သည့် တစ်ပါး ပြေပြစ်သော ရုပ်လက္ခဏာ ရှိလေသည်။ စကားပြောရာ၌ ကိုယ်လုံးကိုယ် ဖန်ကြီးမား သလောက် နူးညံ့ပြေပြစ်၍ သိမ်မွေ့လှပေ၏။ အသက်မှာ ၃၀ သာသာ မျှသာရှိ သေး၏။

မသက်ရင် အဖျားပျောက်ပြီးနောက် ဆရာဝန်ဦးစောအုံသည် ဦးပန်း သာ၏ ဖိတ်ကြားချက်အရ အိမ်သို့ မကြာခဏ ဝင်ထွက်သွားလာလေ့ ရှိရာ မသက်ရင်၏ ရုပ်အဆင်းကိုဂုထမစ၍ ဆေးကုစဉ်ကပင် စွဲလမ်းနေပြီ ဖြစ်၍ ဦးစောအုံသည် လူရိုးတစ်ယောက်ဖြစ်သည့်အတိုင်း တစ်နေ့တွင် မိမိ၏အချစ်ကို မကွယ်မဝှက်ဘဲ တည့်တည့်ကြီး ပြောပြလေရာ နာရီပိုင်းအတွင်း၌ပင် မသက်ရင် က လက်ခံကြောင်း သိရှိရလေသည်။

မသက်ရင်ကပြုံးလျက် –

"ဩော် … ဒါထက် ရင်ရင် ကြားဖူးတာကတော့ ဆရာဝန်ဆိုတာ ကိုယ်ကုတဲ့ လူနာကို ဘယ်တော့မှ စိတ်ထဲကတောင် မပြစ်မှား ရဘူးဆို" ဟု ပြောသည်တွင် ကိုစောအုံက "ဟုတ်တာပေါ့ ရင်ရင် … ရင်ရင် ပြောတဲ့အတိုင်းပါပဲ ဒါပေမယ့် ရင်ရင်က လူနာမှ မဟုတ်တော့ဘဲ နေကောင်းမှပဲ' ဟု ပြန်၍ ပြော၏။

"ဒါဖြင့် ရင်ရင် နေမကောင်းတုန်းက ဆေးကုတဲ့အခါ စိတ်ထဲက ဘာမှ လိုမှ မအောက်မေ့ဘူးဆိုပါတော့"

"ဟင့်အင်း၊ အောက်မေ့တယ်"

"ဒါဖြင့် ဆရာဝန့်ဝတ္တရားပျက်ကွက်တာပေါ့"

"ပျက်ကွက်ချင် ပျက်ကွက်ပစေ ချစ်တာဟာ ချစ်တာပဲ ရင်ရင့်ရဲ့"

ဤသို့ဖြင့် ဒေါက်တာဦးစောအုံနှင့် မသက်ရင်တို့မှာ သမီးရည်းစား အဖြစ်သို့ ရောက်ရှိခဲ့ကြလေသည်။

ဆရာဝန်ဦးစောအုံ၏ နေအိမ်မှာ ရွာမြောက်ပိုင်းကျသဖြင့် ကျယ်ဝန်း သော ခြံကြီးများ ရှိ၏။ ထိုအပိုင်း၌မူ ကုမ္ပဏီမှ အထက်တန်းအရာရှိများနှင့် လခကြီးရသူများ နေထိုင်ပြီးလျှင် ဆိတ်ငြိမ်သာယာလှသော ရပ်ကွက်ဖြစ်၏။ မြောက်ဘက် ၄ ဖာလုံခန့် အကွာတွင် သတ္တုတွင်းနှင့် အဆောက်အအုံများကို မြင်ရလေရာ အနောက်ဘက်၌မူ အတော်ခပ်ဝေးဝေးတွင် မြူနိုးများ သန်းလျှက် သော တောင်တန်း ကြီးများ ရှိလေသည်။





ဦးစောအုံ၏အိမ်မှာ မြေပေါ်သော အရပ်ဖြစ်သည့်အတိုင်း ပေ(၂၀၀) ပတ်လည်ခန့်ရှိ ခြံကြီးတခြံအတွင်းတွင် တည်ရှိလျက် တစ်စုံတစ်ရာ ပြုပြင်ခြင်း မရှိဘဲ သစ်ပင်ဝါးပင်ကြီးများဖြင့် ဖုံးအုပ်လျက်ရှိ၏။ သို့သော် အိမ်အတွင်း၌မူ အိမ်ရှေ့ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ စတိုခန်း၊ စာကြည့်ဆောင်၊ ဓာတ်ခွဲ ခန်းမှစ၍ သားနားသပ်ရပ်စွာ ရှိလေသည်။ အထူးသဖြင့် ဆေးခန်းနှင့် ဓာတ်ခွဲခန်း မှာ ပေ ၅၀ ခန့်ကျယ်ဝန်းလျက် စားပွဲဗီရိုများ၊ တိုင်ကပ်မှန်ဗီရိုကြီးများ၊ စာအုပ် စင်များ၊ ကျောက်စားပွဲများ၊ ဆေးပုလင်းများ တင်သည့်စင်များ၊ ဓာတ်မီးလုံးများ သည်တို့ဖြင့် ခမ်းနားစွာ တပ်ဆင်ထားလေသည်။ ဦးစောအုံမှာ အနောက်နိုင်ငံ ဆေးပညာရပ်များကို လိုက်စားခဲ့စဉ်က ဂျာမနီပြည် ဘာလင်မြို့တွင် တစ်နှစ်ကျော် ကျော်မျှ နေခဲ့ဖူး၍ သတ္တုတွင်းမန်နေဂျာမှာ ဂျာမန်လူမျိုးတစ်ယောက် ဖြစ်သည့် အတိုင်း ဦးစောအုံအား အထူးအခွင့်အရေးပေး၍ ခန့်ထားခဲ့ခြင်းဖြစ်၏။ သို့ဖြစ်၍ သတ္တုတွင်း အလုပ်ရုံများနှင့် တကွ ရွာသစ်ရွာလူထု တစ်ရပ်လုံး၏ ကျန်းမာရေး မှာ ဆရာဝန် ဦးစောအုံ၏ လုံးဝတာဝန်ပင် ဖြစ်လေသည်။

ဦးစောအုံမှာ ဆေးပညာသာမက စိတ်ပညာရပ်များကိုလည်း လိုက် စားသူ ဖြစ်ရာ လူနာတစ်ယောက်အား 'အော်တိုဆပ်ဂျက်ရှင်း' (Auto Suggestion) ခေါ် စိတ်ဓာတ်ဖြင့် ကုသနည်းများကိုလည်း အထူးလေ့လာ လိုက်စား ထာ အတော်ပင် အောင်မြင်စွာ ရှိနေခဲ့လေသည်။ သို့ဖြစ်၍လည်း ဦးစောအုံမှာ ကုမ္ပဏီမှမျက်နှာသာ ပေးခြင်းကို ခံရရုံမျှမက ရွာသစ်ရွာတစ်ရွာလုံး၏ ချီးကျူး အားပေးခြင်းကို ခံရသူ ဖြစ်လေသည်။ ယခု ကျွန်ုပ်တို့ ရေးသားဖော်ပြသောအချိန် တွင် ဦးစောအုံနာမည် အတက်ဆုံးသော အချိန်ပင်ဖြစ်တော့၏။

ဤကဲ့သို့ ရွာသစ်ရွာကြီး စည်းကားလျက်ရှိသော အချိန်၌ အလွန်ထူး ဆန်း အံ့ဩဖွယ်ကောင်းသော သတင်းတစ်ခုသည် ရွာထဲတွင် ဖြစ်ပေါ်လာခဲ့လေ သည်။ ထိုသတင်းမှာ အလွန်မှောင်မိုက်သော ညဥ့်များ၌ လူ၏အရပ်နီးပါးမျှရှိ၍ မျောက်ဝံကဲ့သို့ ပေါ့ပါးလျင်မြန်ပြီးလျှင် နှာခေါင်းရှည်ရှည် သတ္တဝါကြီးတစ် ကောင်သည် အချို့လမ်းကြိုလမ်းကြား၌ လှုပ်ရှားသွားလာနေသည်ကို လူ အချို့က မြင်ရသည်ဆိုသော သတင်းပင် ဖြစ်လေသည်။ ၎င်းမှာ လူနှင့်အလွန် တူသော်လည်း နှာခေါင်းမှာ အပြင်သို့ တစ်မိုက်ခန့်မျှ ငေါထွက်လျက် ဦးခေါင်းမှာ ဖြူဆွတ်သော အမွေးစုတ် ဖွားများ ထောင်၍နေသည်ဆို၏။ အတန်ငယ် ကုန်းကွ ကွ ရှိသော်လည်း မျောက်တစ်ကောင်ကဲ့သို့ လျင်မြန်ဖျတ်လတ်လျက် အဝတ် အစားများမှာလည်း လူကဲ့သို့ ရှိနေ၍ အချို့က မကောင်းဆိုးဝါးဟု အယူရှိကြ ၏။ ပထမ၌ ထိုသတင်းမှာ အခြေအမြစ် မရှိလှသော ကောလဟာလသတင်းမျှ သာ ဖြစ်သော်လည်း တစ်နေ့တွင် မောင်သိန်းဆိုသူ စာရေးတစ်ယောက်သည်

www.burmeseclassic.com



ဝမ်းနုတ်ဆေး စားသဖြင့် နံနက် ၄ နာရီခန့်တွင် အိမ်နောက်ဖေးသို့ ထွက်ခဲ့ရာ ထိုသတ္တဝါကြီးသည် နောက်ဖေးလမ်းကြားပေါ်တွင် ခပ်သုတ်သုတ် လျှောက်၍ သွားသည်ကို မှုန်တိမှုန်မွှားသာလျက်ရှိသော လရောင်အောက်တွင် မလှမ်းမကမ်းမှ မြင်လိုက်ရကြောင်းနှင့် ထုတ်ဖော်ပြောဆိုလေသည်။ ဤသတင်းမှာ ယခင်ကထက် ကျယ်ပြန့်လာပြီးလျှင် ရွာသစ်ရွာတစ်ရွာလုံးပင် သူ့ထက်ငါ ပြောဆိုလာကြ၏။

အလွန်သာယာသော ညဥ့်တစ်ညဥ့်၌ စာရေးကြီး ဦးပန်းသာ၏ အိမ်နောက်ဖေး ဝါရံတာဘက်တွင် ဆရာဝန်ကိုစောအုံသည် မသက်ရင်နှင့် မိမိတို့ကိုယ်ရေးကိုယ်တာများကို နီးနေတိုင်ပင်လျက် ရှိလေ၏။ ဦးပန်းသာသည် သမီးဖြစ်သူ မသက်ရင်အား သတ္တုတွင်းဆရာဝန် ကိုစောအုံနှင့် ရင်းရင်းနှီးနှီး ရှိနေသည်ကို သဘောတူပြီးဖြစ်ရာ လသာသော ညဥ့်များ၌ ကိုစောအုံသည် အတော် ညဥ့်နက်သည်တိုင်အောင် စကားပြောဆို၍ နေလေ့ရှိ၏။ ထိုညဥ့်၌ ဦးပန်းသာမှာ ဘုရားကိုးဆူကျွေး အလှူတစ်ခုက ဖိတ်ထားသဖြင့် သွားရောက်လျက်ရှိသဖြင့် ချစ်သူနှစ်ဦးတို့မှာ အတော်ပင် လွတ်လပ်စွာ စကားပြောဆိုခွင့် ရရှိခဲ့၏။ အမိမဲ့သမီး ဖြစ်သည့်အတိုင်း ဦးပန်းသာသည် မသက်ရင်အား မည်သည့်အရာ၌မဆို အလိုလိုက်၍ထားခဲ့သည် မှန်သော်လည်း မသက်ရင်မှာ အထက်တန်းကျသော မြန်မာအမျိုးသမီးပီပီ မိမိ၏အဖိုးထိုက်တန်လှသော အိန္ဒြေကို အမြဲကာကွယ် စောင့်ရှောက်လျက်ရှိသူဖြစ်၏။ သို့နှင့် နှစ်ဦးစလုံးပင် စဉ်းစားချင့်ချိန်နိုင်သော အရွယ်သို့ ရောက်ရှိကြပြီး ဖြစ်သည့်အတိုင်း တစ်ဦးနှင့် တစ်ဦး ကျူးလွန်စော်ကားခြင်းများမရှိဘဲ အပရိက အပြုအမူများဖြင့်သာ ကျေနပ်နှစ်သိမ့်ခဲ့ကြရလေသည်။

ကိုစောအုံက မသက်ရင်၏ လက်ကလေးတစ်ဖက်ကို ယုယစွာ ဆုပ်ကိုင်လျက် –

"ဘယ်နှယ့်လဲ ရင်ရင် ကိုစောအုံကိုချစ်ပါတယ်ဆိုတဲ့ မေတ္တာဟာ ကိုစောအုံရဲ့ အချစ်ကိုမီပါ့မလား"

"အစ်ကိုတို့ ဆေးရုံမှာအချစ်ကို ဒီဂရီနဲ့ တိုင်းနိုင်တဲ့ ကိရိယာများ မရှိဘူးလား"

"ဘာဖြစ်လို့လဲ၊ အချစ်ကို ဒီဂရီနဲ့ တိုင်းချင်လို့လား"

"ဟုတ်တယ်လေ"

"ရင်ရင်ကလည်းကွယ် သိပ်စကားတတ်တာပဲ၊ အစ်ကိုတော့ ရင်ရင့်လို နိုင်အောင် မပြောနိုင်တော့ဘူး"





ကိုစောအုံသည် မသက်ရင်၏ ကိုယ်လုံးကလေးကို သိမ်း၍ဖက်အာ မိမိဘက်သို့ ယုယစွာဆွဲယူလိုက်ရာ မသက်ရင်က ခေတ္တမျှ ငြိမ်သက်နေပြီးနောက် အမူအရာဖြင့် ရုန်းဖယ်လိုက်သည်။

"ဩော် ... ဒါနဲ့ မိုးသားတွေတောင် တောင်ဘက်ကတက်လာတယ် အစ်ကို ပြန်တော့နော်"

"အို ... အစောကြီး ရှိပါသေးတယ် ရင်ရင်ရယ်။ ဘာဖြစ်လို့လဲ အခုလို လွတ်လွတ်လပ်လပ် စကားပြော မနေချင်လို့လား"

"သူ့မှာဖြင့် စကားပြောရင် ခနဲ့မို့ချည်းပဲ။ ရွာထဲမှာ တစ်ရွာလုံး ဆူလို့ ပြောဆိုနေကြတာ အစ်ကို မကြားဘူးလား"

"ဘာလဲ ရင်ရင်ရဲ့၊ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ ရွာထဲက သတင်းလည်း နားမထောင်အားပါဘူး ရင်ရင်ရယ်။ ပြောစမ်းပါဦး ဘာလဲ"

"သရဲလိုလို ခေါင်းမွေးစုတ်ဖွားနဲ့ နှာခေါင်းရှည်ကြီးနဲ့ အကောင်ကြီးတစ်ကောင်ဟာ ရွာထဲက လမ်းကြိုလမ်းကြားတွေမှာ ရိပ်ခနဲ ရိပ်ခနဲ ပျောက်ပျောက်သွားတာ မြင်ကြရသတဲ့ အစ်ကိုရဲ့"

"ဩော် ... ဒါလား။ နည်းနည်းပါးပါးတော့ ကြားပါတယ်။ အဲဒါ ဘာဖြစ်သလဲ ရင်ရင်ရယ်"

"ဒါကြောင့် ညဥ့်နက်တော့ စိတ်မချလို့ ပြောတာပေါ့"

"ကိစ္စမရှိပါဘူး ရင်ရင်။ ကြောက်စရာမရှိပါဘူး။ ပြီးတော့ လောကမှာ ဒီလို တစ္ဆေသရဲဆိုတာ အစ်ကို အယူမရှိပါဘူး"

"အရင်ကတော့ ရင်ရင်တို့လည်း တယ်ပြီး မယုံပါဘူး။ ပြီးတော့ တောင်ဘက်ပိုင်းက စာရေးကိုသိန်းဆိုတဲ့လူက မနက်စောစော ၄ နာရီလောက် အိမ်နောက်ဖေး အထွက်မယ် သူ့မျက်စိနဲ့ တပ်အပ်မြင်လိုက်ရသတဲ့ အစ်ကိုရဲ့။ ဒီလူက ဖေဖေနဲ့ သိလို့ ဖေဖေကို သေသေချာချာ ပြောပြလိုက်တယ်။ ဒါကြောင့် ဖေဖေ တောင် အရင်က တစ္ဆေသရဲ မကြောက်တာ အခုတော့ ယုံသလိုလို ဖြစ်နေပြီ"

"အလကားဟာတွေပါ ရင်ရင်ရယ်။ ဒီဟာတွေကိုလည်း ဂရုမစိုက်ပါဘူး"

သို့ပြောဆိုလျက် ရှိစဉ် မိုးဖွဲကလေးများ ကျလာသဖြင့် ကိုစောအုံသည် မသက်ရင်၏ ဖောင်းမို့သော ပါးကလေးများကို ၂ ကြိမ် ၃ ကြိမ်မျှ မွှေးပြီးနောက် ထွက်သွား၏။

သတင်းစကားတို့မည်သည် မည်မျှပင်ထူးဆန်း အံ့ဩဖွယ်ကောင်းသည်ဖြစ်စေ အသစ် တစ်ဖန် ထပ်မံ မကြားရက ၇ ရက် အတွင်း ပျောက်ပျက်သွားတတ်မြဲ ဖြစ်သော်လည်း နောက် ၄၅ ရက်ခန့်ကြာသောအခါ ထိုထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



သော သတ္တဝါကြီးကို အသေအချာ မြင်လိုက်ရသည်ဆိုသော စာရေးကိုသိန်းသည် ၄င်းအိမ်နောက်ဖေးဝင်းခြံထောင့်၌ သေဆုံးနေသည်ကို တွေ့ရသဖြင့် ယခင်က ထိုသတ္တဝါကြီးကို မြင်လိုက်ရသည်ဆိုသော သတင်းနှင့် ဆက်စပ်ကာ အသစ်တစ်ဖန် ဖြစ်ပေါ်လာပြန်၏။ ဖြစ်ပုံမှာ ထိုနေ့က နံနက် ၅ နာရီ သာသာခန့် လင်းအားကြီးအချိန်တွင် ကိုသိန်းမှာ တပိုတပါး သွားရာမှ ပြန်မလာဘဲ ရှိနေသဖြင့် ကိုသိန်း၏မိန်းမက စိုးရိမ်သောကြောင့် အိမ်စေမိန်းကလေးကို နှိုး၍ မီးခွက်ဖြင့် ခြံထဲသို့လာခဲ့ကြရာ ခြံထောင့်တွင် အလျားမှောက်လဲ၍နေသော ကိုသိန်းကိုတွေ့ရ၏။ ထိုအခါ ကိုသိန်းမှာ အသက်မရှိတော့ချေ။ မိန်းမက အသံကုန်ဟစ်အော်၍ ငိုကြွေးရာ မကြာမီ ရွာသား လူအုပ်ကြီးရောက်လာသော်လည်း မည်သည့်ရန်သူကိုမျှ မတွေ့ရတော့ချေ။ ကိုသိန်း၏ အလောင်းကို ကုမ္ပဏီဆေးရုံလေးသို့ ပို့၍ ဆရာဝန် ကိုစောအုံကိုယ်တိုင် စစ်ဆေးကြည့်ရှုရာ အလောင်း၏ လည်မျိုတွင် ညိုမဲသောဒဏ်ရာများကို တွေ့ရသဖြင့် တစ်စုံတစ်ရာ လေးလံသော အရာဝတ္ထုနှင့် ဖိ၍ ဖြစ်စေ၊ သို့မဟုတ် လက်ဖြင့် ဖျစ်ညှစ်၍ ဖြစ်စေ၊ ပြုလုပ်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အစီရင်ခံစာ ရေးသား၏။

သတ္တုတွင်း ရွာသစ်ကြီး၌ ကုမ္ပဏီ၏ တောင်းဆိုချက်အရ ရဲဌာနပင် မဟုတ်သော်လည်း ရဲအုပ်တစ်ယောက်နှင့် ရဲသား ၁၀ ယောက်ပါ ရှိသော ကင်းဂိတ်ကလေးတစ်ခု ထားရှိ၏။ ရဲအုပ်ဦးသိန်းဖေကိုယ်တိုင်လည်း ကြည့်ရှုရာ ဆရာဝန် ကိုစောအုံကဲ့သို့ပင် သဘောရရှိကြောင်းဖြင့် ပြောဆိုလေသည်။ ကိုသိန်း၏ အလောင်းကို ကုမ္ပဏီဆေးရုံကလေးမှတစ်ဆင့် ကောလင်းဆေးရုံသို့ ပို့လိုက်ပြီးလျှင် ကောလင်းရဲဌာန၌လည်း ကိုသိန်း သေဆုံးပုံကို စုံစမ်းရန် တိုင်ချက်ဖွင့်ရလေသည်။

ရက်သတ္တတစ်ပတ်ခန့် ကြာရှိသောအခါ ကောလင်းဆေးရုံမှ ဆရာဝန်ကြီး၏ ဆေးစာအရ သေသူသည် အလွန်အားနည်း၍ နှလုံးရောဂါရှိကြောင်း လည်ပင်းတွင် ညိုမဲနေသော အကွက်များမှာ မာကြောသော မြေကမှ သို့မဟုတ် ကျောက်တုံးကဲ့သို့ အရာများနှင့် ပြင်းထန်စွာ ထိခိုက်မိသောကြောင့် ဖြစ်နိုင်ကြောင်းဖြင့် ရေးသားပါရှိ၏။ သို့ဖြစ်၍ ရွာသစ်ကင်းဂိတ်မှ ရဲအရာရှိသည် မောင်သိန်းအား လူသတ်၍ သေသည်ဟု မိမိကိုယ်တိုင် ယုံကြည်ချက်ရှိသော်လည်း ဒုက္ခခံ၍ ရှေ့သို့ဆက်လက် ရှာဖွေခြင်း မပြုတော့ဘဲ ကိုသိန်းသေဆုံးမှုကို ရုတ်တရက် နှလုံးရောဂါဖြင့် လဲကျသေဆုံးသွားသည်ဟု မှတ်ချက်ရေးကာ အမှုပိတ်လိုက်လေ၏။

သတ္တုတွင်းဆရာဝန် ကိုစောအုံကမူ သူ၏ ပထမထင်မြင်ချက်ကို မပြောင်းလွဲဘဲ ရှိနေခဲ့သဖြင့် ဆရာဝန်နှစ်ဦးတို့၏ ထင်မြင်ချက်တို့မှာ အတန်ငယ်





ကွာခြားလျက် ရှိခဲ့လေသည်။ သို့သော် ကိုစောအုံမှာ အစိုးရဆရာဝန်တစ်ယောက် မဟုတ်သဖြင့် ၄င်း၏ထင်မြင်ချက်မှာ ထင်မြင်ချက်မျှသာ ဖြစ်ပြီးလျှင် များစွာ အရာ မရောက်ခဲ့ပေ။ သို့ဖြစ်ရကား အမှုပိတ်ပြီးနောက် ရက်အနည်းငယ် ကြာလတ်သော် ထိုသတင်းမှာ တဖြည်းဖြည်း မှေးမှိန်ကွယ်ပျောက်၍ သွားခဲ့လေသည်။ သို့ပင်ဖြစ်သော်လည်း မောင်သိန်း၏ သားမယားသည်လည်းကောင်း၊ တစ္ဆေသရဲကို ယုံကြည်သော ရွာသားအချို့သည်လည်းကောင်း၊ မောင်သိန်း သေဆုံးရခြင်းအကြောင်းမှာ ညဉ့်အချိန်များ၌ ရွာထဲတွင် မကြာခဏ မြင်ရသည်ဆိုသော မကောင်းဆိုးဝါးကောင်ကြီး၏ လက်ချက်သာ ဖြစ်သည်ဟု တစ်ထစ်ချ ယူဆကြလေသည်။ အချို့ရွာသားများသည် ထူးဆန်းသော အကောင်ကြီးကို တွေ့မြင်လိုလှကြ၍ ညဉ့်နက်သော အချိန်များနှင့် နံနက်လင်းအားကြီးအချိန်များတွင် ချောင်းမြောင်းကြသော်လည်း ၄င်းသတ္တဝါကြီးကို မတွေ့ကြရဘဲ ရှိလေ၏။ တစ်လခန့်မျှကြာသောအခါ ဤသတင်းသည် တဖြည်းဖြည်း အေး၍ သွားပြီးလျှင် ရွာသစ်ခေါ် ရွာကလေး၏ ဆိတ်ငြိမ်သာယာခြင်းသည် ယခင်ကကဲ့သို့ တစ်ဖန် လတ်ဆတ်စိမ်းလန်း၍ လာပြန်လေ၏။

ဤထူးဆန်းကြောက်မက်ဖွယ်ကောင်းသော သတင်းဆိုးကြီးမှာ ရွာသားများ၏ နှုတ်ဖျားမှ ပျောက်ပျက်သွားလုမတတ်ရှိစဉ် တစ်နေ့သ၌ တစ်ဖန်ပြန်၍ ပေါ်လာပြန်၏။ ထိုအခါ၌ကား ယခင်ထက်ပင် ထင်ရှား၍ လာလေသည်။ အကြောင်းမူကား မအုန်းစိန်ဆိုသော မိန်းမတစ်ယောက်သည် နံနက် ၅ နာရီ အချိန်တွင် အိပ်ရာကနိုးသဖြင့် မှန်ပြတင်းပေါက်မှ လမ်းဘက်သို့ ခေတ္တကြည့်၍ နေမိရာ လမ်းနံဘေးရှိ သစ်ပင်ရိပ် တစ်ခုအောက်တွင် လူရိပ်လိုလို မြင်လိုက်သဖြင့် တစ်ခဏမျှ စိုက်၍ ကြည့်နေမိလေ၏။ ၄င်းအရိပ်သည် ကြည့်၍နေရင်းပင် အခြားသစ်ပင်ရိပ် တစ်ပင်အောက်သို့ လျင်မြန်စွာ ရွေ့၍ သွားလေရာ အိမ်နှင့် ဝါး ၃-၄ ရိုက်ခန့်ဝေးသော ကွက်လပ်တစ်ခုသို့ ရောက်သောအခါ ထိုအရိပ်မှာ အခြားမဟုတ် တစ်ရွာလုံး တုန်လှုပ်ခြောက်ခြားလျက် ရှိသော နှာခေါင်းရှည်ရှည် သတ္တဝါကြီးဖြစ်ကြောင်း တွေ့မြင်ရလေသည်။ ထိုအချိန်၌ ဝင်လုဆဲသော လရောင်သည် ရွာလမ်းကလေးနှင့်တကွ ပတ်ဝန်းကျင်ရှိ စိမ်းလဲ့အုံ့မှိုင်းသော တောတောင်ရေမြေများ အပေါ်တွင် အတော်ပင် ထင်လင်းစွာ ကျရောက်လျက် ရှိသဖြင့် ထိုအကောင်ကြီးကို ထင်ရှားစွာ မြင်လိုက်ရလေ၏။ ၄င်းသည် အင်္ကျီရှည်ကြီးကို ထင်ရှားစွာဝတ်လျက် ဆံပင်တို့မှာလည်း စုတ်ဖွာဖွာ ရှိနေပြီးလျှင် မျက်နှာကို ထင်ရှားစွာ မမြင်ရသော်လည်း ရှေ့သို့ တစ်မိုက်နည်းပါးမျှ ငေါထွက်နေသော နှာခေါင်းကြီးကို မြင်လိုက်ရ၏။ ကိုယ်လုံးကိုယ်ဖန် ထွားကျိုင်းသော်လည်း မျောက်တစ်ကောင်ကဲ့သို့ လျင်မြန်စွာ ခုန်လွှားပြေးသွားပြီးနောက် လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျွေ့တစ်ခုရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ပျောက်ကွယ်သွားကြောင်း ဤကဲ့သို့ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် လမ်းထောင့်ဆီမှ သေနတ်သံတစ်ချက်ကိုလည်း ကြားလိုက်ရကြောင်းဖြင့် မအုန်းစိန်က ပြောဆိုလျက်ရှိ၏။

ထိုလမ်းထောင့်ရှိအိမ်၌ သတ္တုတွင်း အင်ဂျင်နီယာ မစ္စတာ စမိုက်ဆိုသူ နေထိုင်လေရာ ၎င်း၏ပြောဆိုချက်အရ မိမိအိမ်ရှေ့ရှိ သြောင်ပင်ကြီး၏ မြောက်ဘက် ကိုက် ၂၀ ခန့် ဝေးသောနေရာတွင် ထိုသတ္တဝါကြီးသည် တရွေ့ရွေ့ သွားနေသည်ကို ဝရံတာ ပြတင်းပေါက်မှ မြင်လိုက်ရကြောင်း၊ ထိုအခါ မိမိ သေနတ်မှာ အခန်းထဲ၌ ရှိနေသည့်ပြင် ယမ်းထိုးပြီးလည်း မရှိသဖြင့် သေနတ်ကို သွား၍ ယူရခြင်း၊ ယမ်းထိုးရခြင်းတို့မှာ နှစ်မိနစ်မျှ အချိန်ကြာသွားသဖြင့် ကိုက် ၄၀-၅၀ ခန့် ရောက်မှ သေနတ်နှင့် ပစ်လိုက်ရကြောင်း မိမိမှာ အိပ်ရာမှထ၍ ပစ်ရခြင်းဖြစ်သဖြင့် အိပ်ချင်မူးတူး ရှိနေပြီးလျှင် နဂိုကပင် လက်ဖြောင့်သူတစ်ယောက် မဟုတ်သဖြင့် ထိုသတ္တဝါကြီးကို မထိမှန်ဘဲ သတ္တဝါကြီးသည် ခြံစည်းရိုးတစ်ခုကို ခုန်လွှားပြီးနောက် မှောင်ရိပ်တွင် ပျောက်ကွယ်သွားကြောင်း ပြောပြလေသည်။

မစ္စတာစမိုက်သည် မြန်မာများ ပြောဆိုလျက်ရှိသော မကောင်းဆိုးဝါး ဟူသည့် စကားကို ယုံကြည်သူတစ်ယောက် မဟုတ်သဖြင့် သေနတ်ကို ဆွဲပြီးလျှင် ထိုအကောင်ကြီး ပျောက်ကွယ်ရာ အရပ်သို့ ထက်ချပ်လိုက်လေရာ ထိုအချိန်မှာ ဝေလီဝေလင်း ဖြစ်၍ အတန်ငယ်မှောင်လျက် ရှိသော်လည်း ခပ်လှမ်းလှမ်းကို မြင်နိုင်သေး၏။ ထိုအကောင်ကြီး ပျောက်ကွယ်သွားသော နေရာသို့ ရောက်လျှင် မစ္စတာစမိုက်သည် တောင်မြောက်လေးပါးကို ကြည့်ရှုလျက် ရှိလေရာ မြောက်ဘက် အတော်ဝေးသော တစ်နေရာတွင် သတ္တဝါကြီးသည် သစ်ပင်တစ်ပင်အောက်မှ အိမ်တစ်ဆောင်၏ အရိပ်ထဲသို့ လျှင်မြန်စွာ ကူးသွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် မစ္စတာစမိုက်လည်း ထိုနေရာသို့ အပြေးအလွှား လိုက်ပါသွားလေ၏။ အိမ်ကလေး အနီးသို့ ရောက်သောအခါ သစ်သားတိုင်ဟောင်းများဖြင့် မညီမညာ ဗင်းခတ်ထားသော ခြံဝင်းကြီးကို တွေ့ရ၍ ထိုအိမ်ကလေးမှာ ဝင်းခြံထောင့်ရှိ အစေခံတန်းလျားကလေး ဖြစ်ကြောင်း တွေ့ရလေသည်။ အိမ်ငယ်၏ အရိပ်အောက်၌ပင် ပျောက်ကွယ်၍ သွားခဲ့ချေပြီ။

မစ္စတာစမိုက်သည် မိမိမျက်စိအောက် လိုလို၌ပင် ပျောက်ကွယ်သွားသည်ကို စိတ်မကျေနိုင်သဖြင့် ဝင်းခြံအတွင်းသို့ ဝင်ရောက်ရှာဖွေရန် အကြံဖြစ်ပေါ်လာသည့်အတိုင်း ခြံ၏ရှေ့ဘက်သို့ လှည့်၍လာခဲ့ရာ ခြံဝတွင် တွေ့ရသော ကြေးဝါဆိုင်းဘုတ်ကလေးကို မြင်ခြင်းအားဖြင့် အိမ်ကြီးမှာ ဒေါက်တာဦးစောအုံ၏ အိမ်ဖြစ်ကြောင်း သိရလေသည်။





ခြံတံခါးမှာ ပိတ်ထားသဖြင့် မစ္စတာ စမိုက်သည် ချောင်းဟန့်လိုက်သည်။ တစ်ခဏမျှ ကြာလျှင် ဒရဝမ်နှင့် တူသော ကုလားတစ်ယောက် ရောက်လာ၍ မစ္စတာ စမိုက်က အိမ်ရှင်ဆရာဝန် ဦးစောအုံနှင့် ခေတ္တတွေ့လိုကြောင်း ပြောသည်တွင် ကုလားသည် မစ္စတာစမိုက်အား ခေတ္တစောင့်ဆိုင်းရန် ပြောခဲ့ပြီးနောက် အိမ်ထဲသို့ ဝင်သွားလေ၏။ ၁၂ မိနစ်အကြာတွင် ကုလားပြန်လာပြီးလျှင် ဝင်းတံခါးကို ဖွင့်ပေးသဖြင့် မစ္စတာစမိုက်သည် အိမ်ဆီသို့ လျှောက်သွားရာ အိမ်ရှေ့တံခါးမှာ ချက်ချင်းလိုပင် ပွင့်သွားပြီးနောက် ဆရာဝန် ဦးစောအုံနှင့် မျက်နှာချင်းဆိုင် တွေ့ရလေသည်။

ဒေါက်တာ ကိုစောအုံက မျက်နှာခပ်ပြုံးပြုံးဖြင့် –

“အလို ... မစ္စတာ စမိုက်ပါလား။ စောစောစီးစီး လက်ထဲမှာ သေနတ်ကြီးနဲ့ ကျုပ်ဆီကို ဘာကိစ္စလာတာလဲ”

“စိတ်မရှိပါနဲ့ မိတ်ဆွေ၊ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ခင်ဗျား အိမ်ဝင်းခြံနောက်ဖေးမှာ ဟိုအကောင်ကြီး ပျောက်သွားလို့ပါ”

“ဘယ်အကောင်ကြီး ပျောက်သွားတာလဲ”

“တစ္ဆေလိုလို သရဲလိုလို ခေါင်းမွေးစုတ်ဖွားနဲ့ ရွာထဲကလူတွေ ပြောနေကြတဲ့ အကောင်ကြီးပေါ့ဗျာ။ အဲဒီအကောင်ကြီး ခင်ဗျား ဝင်းခြံနောက်ဖေးဘက်ထဲဝင်သွားတာ မြင်လိုက်လို့”

“ကြံကြံဖန်ဖန် မစ္စတာစမိုက်ရယ်။ ကျုပ် ဝင်းခြံထဲဝင်လာရင် ကျုပ်လည်း မြင်မှာပေါ့ဗျ။ ကျုပ် အိပ်ရာကထတာ နာရီဝက်လောက်ရှိပါပြီ။ ဒရဝမ်ကုလား လာပြောလို့ ကျုပ် မှတ်ဆိတ်ရိတ်နေရာက ထွက်လာတာ”

“နောက်ဖေးက အိမ်ကလေးနားမှာ ပျောက်သွားတာဗျ”

“ဘယ်သူပြောတာလဲ”

“ကျုပ်ကိုယ်တိုင် မြင်လိုက်ရတာပါ ဒေါက်တာ”

“ဒါဖြင့် သွားရှာလေ”

“မရှာတော့ပါဘူးဗျာ၊ နေပါစေတော့”

“နောက်ဖေး အိမ်ကလေးရဲ့ အပြင်ဘက် ဟိုဘက်နားမှာ အနောက်ဘက် ချိုးသွားတဲ့ လူသွားလမ်းကလေးတစ်လမ်းလည်း ရှိတယ် မဟုတ်လားဗျ အဲဒီကို ဖွတ်ပြေးချင် ပြေးမှာပေါ့”

“ဟုတ်ချင်လည်း ဟုတ်ပါလိမ့်မယ်”

“နေပါဦး၊ ခင်ဗျား ဒီအကောင်ကြီးကို မြင်လိုက်ရတယ်ဆိုတာ ဟုတ်ရဲ့လား။ မျက်စိမှားတာများ ဖြစ်နေသလား မစ္စတာစမိုက်ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ မျက်စိမှားရမှာလဲဗျ။ ကျုပ်မျက်စိလည်း မမှုန်သေးပါဘူး။ ကျုပ်မျက်စိနဲ့ကို တပ်အပ်မြင်လိုက်ရလို့ ပြောတာပေါ့"

"ဒါထက် မကောင်းဆိုးဝါး ဆိုတာ ခင်ဗျားတို့ ဂျာမန်လူမျိုးတွေက ကော ယုံသလား"

"ကျုပ်တော့ မယုံပါဘူး၊ နို့ပေမယ့် ခင်ဗျားတို့ မြန်မာလူမျိုးတွေတော့ အင်မတန် ယုံကြည်ကြတာပဲ။ ခင်ဗျားကိုယ်တိုင် မယုံဘူးလား"

"ဒါဖြင့် ခင်ဗျားယုံတာပေါ့"

"နို့ပေမယ့် ကျုပ်တစ်ခါမှ မတွေ့ဖူးပါဘူး ခင်ဗျားကော..."

"ကျုပ်လည်း တစ်ခါမှ မတွေ့ဖူးပါဘူး။ ဒီတစ်ခါတော့ သေသေချာချာ မြင်လိုက်ရလို့"

"ရွာသားတွေ မြင်လိုက်ရတယ်ဆိုတဲ့ မကောင်းဆိုးဝါး ဖြစ်ချင်လည်း ဖြစ်မှာပဲ။ နို့မဟုတ်ရင် သူ ဘယ်ပြေးမလဲဗျ။ ကျုပ်ခြံလည်း ဒီလောက် မရှုပ်လှပါဘူး"

"ဟုတ်ပါတယ်ဗျ။ ပြေးဖို့ အပေါက်လည်း ဘယ်မှမရှိဘူး။ အဲဒါ စဉ်းစားစရာပဲ"

"လာဗျာ ... အိမ်ထဲဝင်ပြီး ဧည့်ခန်းမှာထိုင်ပါဦး။ ရောက်တဲ့အခါ ကော်ဖီ ပူပူလေးသောက်ပြီးမှ ပြန်တာပေါ့"

ဆရာဝန်ကိုစောအုံသည် မစ္စတာစမိုက်အား အိမ်ထဲသို့ခေါ်ပြီးလျှင် ပူနွေးသော ကော်ဖီများ စီးကရက်များဖြင့် ဧည့်ခံလေရာအတန်ကြာ စကားပြောမိလတ်သော် နှစ်ဦးသားတို့သည် အတော်ပင် စကားလက်ဆုံကျလျက် ရှိလေ၏။ ထို့နောက် ကိုစောအုံလည်း မစ္စတာစမိုက်အား အိမ်အတွင်းရှိ ခမ်းနားကြီးကျယ်လှသော မိမိ၏ဓာတ်ခွဲခန်းကြီးကို လိုက်လံပြသလေ၏။ မစ္စတာစမိုက်က မိမိသည် ဤအတွင်း၌ ဤမျှလောက် ကြီးကျယ်ခမ်းနားသော ဓာတ်ခွဲခန်းကြီး ရှိလိမ့်မည်ဟု မည့်သည့်အခါမျှ မမျှော်လင့်ကြောင်း ရွာနှင့်နိုင်းစာသော် ဤနေရာနှင့် မတန်ကြောင်း ချီးမွမ်းပြောဆိုပြီးလျှင် အတန်ကြာလတ်သော် မစ္စတာစမိုက်လည်း ပြန်သွားလေ၏။

ထိုသတ္တဝါကြီးကို မစ္စတာမိုက်ကိုယ်တိုင် တွေ့မြင်ရ၍ သေနတ်နှင့် ပစ်လိုက်သော်လည်း မထိမှန်ဘဲ လွတ်မြောက်ပျောက်ကွယ်သွားသည်ဟူသော သတင်းမှာ ယခင်ကောလာဟလသတင်းများထက် ပိုမိုသေချာလာသဖြင့် ရွာသားများသည် မိမိတို့ကိုယ်တိုင်မတွေ့မမြင်ရသော်လည်း စိတ်ကူးဖြင့် မှန်းဆကာ အမျိုးမျိုးပြောဆိုလျက် ရှိကြကုန်၏။ ထိုသတင်းမှာ သတ္တုတွင်း ကိုယ်စားလှယ်ထံသို့ပင် ရောက်လျက် သတ္တုတွင်း ကိုယ်စားလှယ်သည် ရွာသားများနှင့်





အလုပ်သမားများအတွက် အထူးစိုးရိမ်ပြီးလျှင် ဤကိစ္စကို ရဲအုပ်နှင့် တိုင်ပင်လေ၏။ ထိုအခါ ရဲအုပ်မှာ ကိုတင်ဖေဆိုသူဖြစ်၍ ကိုတင်ဖေသည် မိမိကိုယ်တိုင် တစ္ဆေသရဲ မကောင်းဆိုးဝါးများကို ယုံကြည်သူတစ်ယောက် မဟုတ်သော်လည်း ရဲသားများကို လူစုခွဲလျက် အုပ်စုတစ်စုသည် ရွာ၏ပတ်ဝန်းကျင်နှင့်တကွ လမ်းကြီးလမ်းငယ် မကျန်အထူး ပတ္တရောင် လှည့်လည်လျက် ရှိလေ၏။ သို့သော် ထူးဆန်းသော အကောင်ကြီးကိုကား အရိပ်အငွေ့မျှ မတွေ့ရဘဲ တစ်လနီးပါးမျှ အချိန် ကုန်လွန်၍သွားခဲ့လေ၏။

တစ်နေ့သော ညဉ့်သန်းခေါင်ယံ အချိန်လောက်တွင် တစ်နေ့လုံး တိတ်ဆိတ်လျက် သတ္တုတွင်းအလုပ်ရုံများဆီမှ ညဒရဝမ်များ၏ သံချောင်းခေါက်သံများသာလျှင် ဆိတ်ငြိမ်လျက်ရှိသော အမှောင်ထုကို ထိုးဖောက်ဝင် ရောက်၍လာလေ၏။ ထိုနေ့မှာ လပြည့်ကျော် ၈ ရက်နေ့ဖြစ်သဖြင့် လတစ်ခြမ်းပဲ့ကလေး၏ မှုန်မွှားမွှားသာလျက်ရှိသော အလင်းရောင်သည် ရွာသစ်ရွာနှင့်တကွ ပတ်ဝန်းကျင်ရှိ တောတောင်ရေမြေတို့အပေါ်တွင် ဝိုးဝါးကျရောက်လျက် ရှိ၏။ ထိုညဉ့်တွင် မသက်ရင်သည် ဆရာဝန် ကိုစောအုံနှင့် တိတ်တဆိတ် တွေ့ဆုံရန် ချိန်းဆိုထားသော ညဉ့်ဖြစ်သဖြင့် ဦးပန်းသာ၏ အိမ်ဝင်းခြံအတွင်း နောက်ဘက်ကျသော ခုံရှည်တစ်ခုပေါ်တွင် စောင့်ဆိုင်းလျက် ရှိ၏။ ချိန်းချက်ထားသော အချိန်မှာညဉ့် ၁၂ နာရီဖြစ်၍ ဒရဝမ်များ သံချောင်း ခေါက်ပြီး နောက်အတန်ကြာသော်လည်း ကိုစောအုံ ပေါ်မလာသေးချေ။ ထို့နောက် အချိန်အတော်ကြာသောအခါ တစ်နာရီ ထိုးသံကြားရ၏။ မသက်ရင်သည် မိမိချစ်သူအတွက် စိုးရိမ်ကြောင့်ကြစ ပြုလာ၏။ မိမိ၏ချစ်သူမှာ စကားတည်ရုံမက အချိန်မှန်သူ တစ်ယောက်ဖြစ်ကြောင်းကိုလည်း သိသဖြင့် ပို၍စိုးရိမ်မိ၏။ သို့နှင့် မသက်ရင်သည် နောက်ဖေးလမ်းကြားဘက်သို့ မကြာခဏ လှမ်းမျှော်ကြည့်ရှုကာ ကနားမငြိမ်နိုင်အောင် ရှိနေလေသည်။

တစ်ခဏမျှ ကြာလတ်သော် လမ်းကြားဘက်ဆီမှ ခပ်ပြင်းပြင်း နင်းလာသောခြေသံလိုလို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ရွာထဲတွင် လူအများပြောဆိုလျက် ရှိကြသည့် မိမိမမျှော်လင့်သော သတ္တဝါကြီးကို တွေ့မြင်လိုက်ရလေ၏။ ခပ်မှိန်မှိန် သာလျက်ရှိသော လရောင်သည် ၄င်း၏မျက်နှာပေါ်သို့ သစ်ပင်ရွက်အုပ်များကြားမှ ထိုးဖောက်ကျလာလျက် ရှိလေရာ ကိုယ်မှာ ဘောင်းဘီရှည်အနက်ကို ဝတ်ထားလျက် လူ၏ပုံသဏ္ဌာန်ပင် ရှိနေသော်လည်း ဦးခေါင်းမှာ လူသာမန်တို့ထက် ပို၍ကြီးပြီးလျှင် ကြောင်ကြောင်ကျားကျား ရှိနေသော အသွင်တို့မှာ အပေါ်သို့ ထောင်တက်ကာ နားခေါင်းရှည်ကြီးသည် ရှေ့သို့ အဆမတန် ငေါထွက်လျက်ရှိ၏။ ယင်းသတ္တဝါကြီးကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်

www.burmeseclassic.com



မသက်ရင်သည် ပထမ အံ့အားသင့်လျက် ရှိနေရာမှ ငယ်သံပါအောင် ဟစ်အော်လိုက်ပြီးလျှင် ကြောက်အားသန်အားကြီးဖြင့် သတိမေ့ကာ မြေပေါ်သို့ လဲကျသွားလေ၏။

ထိုအချိန်၌ ပတ္တာရောင် လှည့်လာသော ရဲအုပ်ကိုတင်ဖေတို့လူစုသည် ကံအားလျော်စွာ ၁ဝိုက် ၅၀ ခန့်သာကွာသော လမ်းချိုးတစ်ခုသို့ နောက်ပါရဲသားနှစ်ယောက်နှင့် အတူရောက်ရှိလာသော အချိန်ဖြစ်၏။ သို့နှင့် သူတို့သည် စာရေးကြီး ဦးပန်းသာအိမ်ဘက်မှ မိန်းမတစ်ယောက်၏ စူးစူးဝါးဝါး ဟစ်အော်လိုက်သော အသံကို ကြားလိုက်ရသဖြင့် အသံကြားရာဘက်သို့ လျင်မြန်စွာပြေးထွက်သွားသော သတ္တဝါကြီးကို နောက်ကျောဘက်မှ မြင်လိုက်ရသေး၏။ သို့သော် ဝေးလွန်းလှသည်ဖြစ်၍ ခြောက်လုံးပြူးသေနတ်ကို အသုံးမပြုနိုင်ချေ။ သတိမေ့နေသော မသက်ရင်အား ကြည့်ရှုစောင့်ရှောက်ရန် ထားခဲ့ပြီးနောက် ကိုတင်ဖေသည် အကောင်ကြီးနောက်သို့ လိုက်လေ၏။ ထိုအခါ၌ ကားဆူညံသော အသံများကြောင့် ဦးပန်းသာအိမ်သားတစ်စုသည်လည်းကောင်း၊ အိမ်နီးချင်းအချို့သည်လည်းကောင်း အိပ်ရာမှနိုးလာကြပြီးဖြစ်၍ အချို့မှာ သတိလစ်နေသော မသက်ရင်အား ဝိုင်းအုံကြည့်ရှုကြလျက် အချို့လည်း ရဲအုပ်ကိုတင်ဖေနောက်သို့ လိုက်ကြလေ၏။

အကောင်ကြီးသည် နောက်သို့လှည့်၍ပင် မကြည့်ဘဲ ခြံစည်းရိုးများကို ခုန်လွှား၍လည်းကောင်း၊ မြောင်းနှင့် ခလုပ်ကန်သင်းများကို ကျော်ဖြတ်၍လည်းကောင်း၊ သစ်ပင်နှင့်ချုံငယ်ကလေးများကို ကွေ့ကောက်လှည့်ပတ်၍လည်းကောင်း မမီနိုင်အောင်ပင် ရှိတော့၏။ သတ္တဝါကြီးသည် မြောက်ပိုင်းသို့ ပြေးသွားသည်ဖြစ်၍ ထိုနေရာများမှာ ယခင်အထက်က ရေးသားဖော်ပြခဲ့အတိုင်း လူနေအိမ်ခြေပါးလျက် ခြံကြီးများမှာလည်း တစ်ခေါ်နီးပါးမျှ ကျယ်ဝန်းကြသောကြောင့် တစ်ခါတစ်ရံ မျက်ခြေပြတ်၍ပင် သွားတော့၏။

ကိုတင်ဖေသည် ရှေ့ဆုံးမှခေါင်းဆောင်လျက် ရဲသားမှာ အတန်ငယ်နောက်မှ ကျန်ရစ်ခဲ့ပြီးလျှင် ထိုသူ့နောက် မလှမ်းမကမ်းတွင် တုတ်၊ ဓားများကိုင်ဆောင်လာသော ရွာသား ၄-၅ ယောက် ထပ်ချပ်လိုက်ပါလာကြ၏။ ဆရာဝန် ကိုစောအုံနေသော ခြံကြီးလမ်းကြားဘက်သို့ ရောက်သောအခါ ကိုတင်ဖေမှာ အတန်ငယ် နီးကပ်လာသည်နှင့် သေနတ်ဖြင့် တစ်ချက် လှမ်းပစ်လိုက်သေး၏။ သို့သော် ထိမှန်ဟန် လက္ခဏာမရှိချေ။ သတ္တဝါကြီးသည် ပျက်စီးလျက်ရှိသော ခြံနှင့် ချုံပုတ်များ အကြားတွင် ပျောက်ကွယ်၍ သွားလေသည်။ ထိုအချိန်၌ကား နောက်မှလိုက်လာသော ရဲသားနှင့် အရပ်သားများမှာ မီလာပြီဖြစ်၍ နောက်ဖေးစည်းရိုးပေါ်မှ အိမ်ဘက်သို့ လက်နှိပ်မီးဖြင့် ထိုးကြည့်ရာ နောက်ဖေးတံခါး ပိတ်





သွားသည်ကို မြင်လိုက်ရသဖြင့် ကိုတင်ဖေတို့လူစုသည် ခေါင်းရင်းဘက်သို့ ပြန်၍လျှောက်ခဲ့ကြပြီးလျှင် လူသွားလမ်းကြားကလေးတစ်ခုမှ ဖြတ်၍ အိမ်ရှေ့ဘက်သို့ လာခဲ့ကြ၏။ အိမ်ရှေ့သို့ရောက်သောအခါ ဝင်းတံခါးတွင် ရေနံဆီလက်ဆွဲမီးအိမ်ဖြင့် စောင့်လျက်ရှိသော ဒရဝမ်ကုလားကို တွေ့ရသဖြင့် ကိုတင်ဖေသည် တံခါးကို ဖွင့်ခိုင်းရာ ကုလားသည် ကိုတင်ဖေ၏ ရဲဝတ်စုံကို မြင်သောအခါ ဝင်းတံခါးကို ဖွင့်ပေးရလေသည်။ အရပ်သားများ လက်တွင် လက်နှိပ်ဓာတ်မီးနှစ်လက်ပါရှိသဖြင့် ၄င်းတို့ အကူအညီဖြင့် ကိုတင်ဖေ ခေါင်းဆောင်သော လူတစ်စုသည် အိမ်ဆီသို့ ပြေးသွားကြပြီးလျှင် ကိုတင်ဖေသည် အိမ်ရှေ့တံခါးကို ခေါက်လျက် ကိုစောအုံ၏ အမည်ကို ၄-၅-၆ ခွန်းမျှ ဟစ်အော်ခေါ်သော်လည်း အတွင်းမှ မည်သည့်အသံမျှ မကြားရဘဲ ဆိတ်ငြိမ်လျက် ရှိသည်ကို တွေ့ရလေသည်။

သို့နှင့် ကိုတင်ဖေသည် သည်းမခံနိုင်တော့ဘဲ ၃-၄ ယောက် အင်အားဖြင့် အရှိန်ယူကာ တံခါးကို တစ်ရှိန်တည်း ကိုယ်စောင်းတိုက်လေရာ အတွင်းမှ တံခါးလက်ယက် ပြုတ်ထွက်သွားပြီးနောက် တံခါးလည်း ပွင့်ထွက်သွားလေ၏။ ကိုတင်ဖေသည် ဆရာဝန်ကိုစောအုံ၏ အမည်ကို ၂-၃ ကြိမ်မျှ ထပ်မံ၍ ခေါ်သော်လည်း မည်သည့်အသံကိုမျှ မကြားရချေ။ အကယ်၍ ဦးစောအုံ ရှိခဲ့လျှင်လည်း ဤမျှလောက် အိပ်မောကျ၍ နေနိုင်မည် မဟုတ်ပေ။ အိမ်ရှေ့ဧည့်ခန်း၌ကား ခရမ်းရောင်မီးပွင့်ကလေး နှစ်လုံးထွန်းထားရာ ခန်းလုံးပြည့် ကော်ဇောကြီးများပေါ်တွင် ရှိနေသည့် ကုလားထိုင်များ၊ ဆိုဖာများနှင့် စားပွဲကြီးများကို တွေ့မြင်ရ၏။ အခန်းနံရံများမှာ စာအုပ်ဗီရိုများ ကပ်လျက်ရှိ၏။ နောက်ဖေးဘက်သို့ အတန်ငယ်ဝင်မိ၍ စာအုပ်ဗီရိုကြီး နှစ်လုံး ကာထားသည့် လက်ယာဘက်၌ကား အခန်းရှည်ကြီး တစ်ခုရှိရာ ထိုအခန်းထဲမှ ထိန်လင်းစွာ ထွက်ပေါ်လာသော ဓာတ်မီးရောင်သည် အပြင်ဧည့်ခန်းနောက်ပိုင်းသို့ပင် တစ်ပိုင်းတစ်စ ထိုးထွက်လျက် ရှိလေ၏။ ထိုအခန်းကြီးမှာ အပြင်ဧည့်ခန်းနှင့် 'ဆင်နားရွက်' တံခါးကလေးတစ်ခုသာ ခြားလျက်ရှိလေသည်။ အခန်းကြီးမှာ ဘေးတစ်ဘက်တစ်ချက် စင်များပေါ်၌လည်းကောင်း၊ နံရံနှင့် မျက်နှာကျက်ပေါ်၌လည်းကောင်း၊ ဖန်ဘူး၊ ဖန်ခွက်များ၊ ဖန်လုံးကြီးများ၊ ဓာတ်မီးဖိုနှင့် ဓာတ်ခွဲကိရိယာ အမျိုးမျိုးများ ရှိနေကြ၍ ဆရာဦးစောအုံ၏ ဆေးခန်းနှင့် ဓာတ်ခွဲခန်းကြီး ဖြစ်ကြောင်း သိရလေသည်။

ကိုတင်ဖေသည် ထိုအခန်းကြီးထဲသို့ ဝင်၍ရှာသင့်၊ မရှာသင့်ကို ချွေ့၍ စဉ်းစားရင်း ဆုတ်ဆိုင်းဆိုင်း ရှိနေလေ၏။ ထိုအချိန်၌ ထူးဆန်းသော သတ္တဝါကြီးကို ယခင်အထက်က သေနတ်နှင့် တစ်ကြိမ် ပစ်ခတ်ခဲ့ဖူးသော အင်ကျင်နီယာ



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာစမိုက်နှင့် အခြားအရာရှိတစ်ယောက်သည် မြန်မာလူကြီး လူကောင်း ၂–၃ ယောက်နှင့်အတူ ရောက်လာကြသဖြင့် ကိုတင်ဖေသည် သေနတ်ကို ကိုင်လျက် ဆင်နှာရှက်တံခါးကို တွန်း၍ ရှေ့မှခေါင်းဆောင် ဝင်သွားလေရာ နောက်မှ လူစုလည်း ကိုတင်ဖေ နောက်မှ ထပ်ချပ်လိုက်ပါသွားကြလေ၏။

အခန်းတွင်းသို့ ရောက်သောအခါ ဝင်သွားသော လူစုသည် အောက်ပါ ထူးဆန်းသော အခြင်းအရာများကို တွေ့မြင်ကြရလေ၏။ သောင်းဘီရှည် အနက် ကုတ်အင်္ကျီအနက်ကို ဝတ်ထားသော အရုပ်ထောင်ထောင်မောင်းမောင်း သတ္တဝါကြီးသည် စားပွဲတစ်လုံးမှ အခြားတစ်လုံးပေါ်သို့ကူးကာ ကိုတင်ဖေတို့ လူစုအား စိမ်းစိမ်းကြည့်လျက်ရှိ၏။ မျက်နှာမှာ လူ၏မျက်နှာပင် ဖြစ်သော်လည်း ကွက်တိကွက်ကြားဖြစ်နေသော ဆံပင်စုတ်ဖွားကြီးမှာ အချို့အထက်သို့ ထောင်လျက် အချို့လည်းကုပ်ပေါ်တွင် ဝဲလျက်ရှိပြီးလျှင် မျက်လုံးကြီးနှစ်လုံးမှာ ဖန်လုံးများကဲ့သို့ မီးရောင်တွင် အရောင်တောက်လျက်ရှိ၏။ ပါးစပ်၏ အောက်နှုတ်ခမ်းမှာ အပေါ်သို့စု၍ နေမိလျှင် နှာခေါင်းကြီးမှာ လက်လေးသစ်သာသာခန့်မျှ ရှေ့သို့ ငေါ်ထွက်ကာ ဆင်နှာမောင်းကဲ့သို့ လှုပ်ရှားလျက် ရှိ၏။

ထိုလူထူးလူဆန်းကြီးသည် ဝင်လာသောလူစုကို မြင်သည်နှင့်တစ်ပြိုင်နက် ရှေ့ဆုံးမှ ဝင်လာသော ကိုတင်ဖေ၏ အပေါ်သို့ ကျားတစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် ခုန်၍ အုပ်လေ၏။ သို့သော် ကိုတင်ဖေမှာ ၎င်းထက် လျင်မြန်သဖြင့် နံဘေးသို့ အတန်ငယ် တိမ်းရှောင်လိုက်ပြီးလျှင် သေနတ်မှ ကျည်ဆံတစ်ချက်သည်လည်း 'ဒိုင်း' ခနဲ မီးပွင့်၍ ထွက်သွားလေသည်။ ကျည်ဆံသည် ထိုလူထူးလူဆန်းကြီး၏ လက်ဝဲဘက်ရင်အုံကို ဖောက်ထွက်သွားသဖြင့် ၎င်းသည် လက်ဝဲဘက်သို့ စောင်း၍ လဲကျသွားလေ၏။ လူထူးလူဆန်းလည်း စကားစ၍ ပြောလေ၏။

“ကိုတင်ဖေ ကျုပ်ကို ခင်ဗျား ဘယ်သူထင်သလဲ”

“မသိဘူး”

“အဟုတ်မသိဘူးလား၊ မျက်နှာကို ကြည့်ပြီး မစဉ်းစားနဲ့ဗျ။ အသံကို ဖမ်းပြီး စဉ်းစားမှပေါ့၊ အခုပြောတဲ့အသံက ဘယ်သူ့အသံနဲ့ တူသလဲ”

အသံမှာ တုန်တုန်ရီရီ ရှိနေသော်လည်း ဆရာဝန် ကိုစောအုံအသံနှင့် တူလေသည်။

“ဒေါက်တာ ကိုစောအုံ ... ဒေါက်တာ ကိုစောအုံ၊ အသံနဲ့တူတယ်”

“အစစ်ပေါ့ဗျာ၊ တူတယ်မှ ပြောတတ်ပလေ။ ကျုပ်ဟာ တခြားလူ မဟုတ်ဘူး ဒေါက်တာစောအုံ”

“အလိုလေး ဘုရားရေ၊ ဟုတ်နိုင်ပါ့မလားဗျာ”





“ကျုပ်ပြောတာ မယုံနဲ့ဦးလေ။ ဟုတ်တယ် မဟုတ်ဘူးဆိုတာ ကြည့်သေးတာပေါ့။ အင်း... ဒီကနေ့ည ကျုပ်ဇာတ်သိမ်းတဲ့ညပဲ ကိုတင်ဖေ။ ခင်ဗျား ပစ်လိုက်တာကလည်း တစ်နည်းအားဖြင့်တော့ ကျုပ်ဝမ်းမြောက်စရာပဲဗျို့။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုပစ်မယ့်သူရှိမှလည်း ကျုပ်ဒီဝဋ်က ကျွတ်မှာကိုးဗျ။ ဘုရားဘုရား နာလိုက်တာဗျာ။ သေနတ်ထိတဲ့နေရာ လက်နဲ့ တဆိတ် ဖိထားစမ်းပါ ကိုတင်ဖေ”

ကိုတင်ဖေသည် အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပြီးလျှင် ကိုစောအုံ၏ လက်ဝဲဘက်ရင်အုံကို ဖြည်းညင်းစွာ ဖိနှိပ်ပေးထားလေ၏။

“ဘယ့်နှယ်ဖြစ်ရတာလဲ ကိုစောအုံ၊ ခင်ဗျားအဖြစ် ပြောစမ်းပါဦးဗျာ”

“ပြောချင်လှချေရဲ့ဗျာ၊ နားထောင်မယ့်သူကို ကျုပ်က ရှာနေတာ၊ အချိန်လည်း မရှိဘူး ကျုပ်က သွားရတော့မယ်။ ဒီတော့ တိုတိုချုံးမှ ဒီလိုဗျ။ ကျုပ်က ဆေးဆရာဝန် ဆိုပေမယ့် သည့်ပြင်လူနဲ့ မတူဘူး။ ပညာရပ် အမျိုးမျိုး ဗဟုသုတ အမျိုးမျိုးကို လိုက်စားခဲ့တယ်။ အထူးသဖြင့် စိတ်ပညာရပ်တွေကို အနောက်နိုင်ငံနည်းနဲ့ရော၊ ကျုပ်တို့အရှေ့နိုင်ငံနည်းနဲ့ရော ကိုယ်တိုင် လေ့လာခဲ့တယ်။ ကိုယ်တိုင် နက်နက်နဲနဲ အားထုတ်ခဲ့တယ်။ မကြံစည်အပ် မကြံစည်ကောင်းတဲ့ နည်းတွေကိုလည်း ကျုပ်ကြံစည်ခဲ့တယ်။ အထူးသဖြင့် ကျုပ်ရဲ့ စိတ်အင်အားကို တခြားလူများထက် ပိုပြီး ညှစ်ထုတ်နိုင်တယ်။ ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်ရဲ့ စိတ်အင်အားဟာ တခြားလူစိတ်အင်အား ၁၀ ယောက်အားနဲ့ ညီမျှတယ်။ ဒါနဲ့ ကျုပ်တို့ မြတ်စွာဘုရားသခင်က ဒေါသကြီးတဲ့လူများဟာ အရုပ်ဆိုးတယ်လို့ ဟောခဲ့တယ် မဟုတ်လား ကိုတင်ဖေ”

“ဟုတ်တာပေါ့ဗျာ”

“အဲဒီတော့ ဒီအချက်ကို မှတ်ပြီး သူများထက် ပိုဒေါသထွက်အောင် လုပ်နိုင်ရင် သူများထက်ပိုပြီး အရုပ်ဆိုးရမယ်လို့ ကျုပ်တွက်တာကိုးဗျ။ သူများ မထွက်ဖူးတဲ့ ဒေါသမျိုးထွက်လာအောင် လုပ်နိုင်ရင် သူများအရုပ်ဆိုးတာထက် ပိုပြီး ၂ဆ–၃ဆ–၄ဆ–၅ဆ ပိုပြီး အရုပ်ဆိုးရမယ်ဗျ၊ ဥပမာဗျာ ... အင်မတန် စိတ်ဆိုးပြီးနေတဲ့ လူတစ်ယောက်ဟာ သူ့စိတ်အဆိုးဆုံး ဒီဂရီ ၃၀ လောက်ရှိရင် ကျုပ်က ဒီဂရီ ၉၀ လောက် ၁၀၀ လောက် စိတ်ဆိုးဇော်အောင် ကျုပ်စိတ်အားကို ကျုပ်ညှစ်ထုတ်နိုင်တယ်။ အဲဒီလို ထုတ်နိုင်အောင်လည်း တဖြည်းဖြည်း ကျုပ် လေ့ကျင့်လာခဲ့တယ်။ သို့ပေမယ့် နည်းနည်းပါးပါးတော့ ဆေးဝါးလည်း ကူရသေးတာပေါ့ဗျာ၊ ဒီဆေးဟာလည်း တခြား မဟုတ်ပါဘူး။ သတ္တဝါများရဲ့ ကိုယ်ခန္ဓာကို ကြီးထွားလာစေနိုင်တဲ့ 'ဟော်မုန်း' ခေါ်တဲ့ သစ်ပင်က ရတဲ့ ဆေးတစ်မျိုးပါပဲ။ အဲဒီ ဆေးမျိုးနဲ့ တခြားဆေး နှစ်လက်၊ သုံးလက်နဲ့ ရောပြီး ဖော်စပ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်အရက်လို အရက်တစ်မျိုးပဲ ဆိုပါတော့။ ဒီဆေးကိုသောက်လိုက်ရင် အရက်လိုပဲ မူးတယ်။ ဒါပေမယ့် အရှိန်နဲ့ ဒေါသ ထွက်တဲ့နေရာမှာ ရိုးရိုးအရက်သောက်လို့ ဒေါသထွက်တဲ့လူထက် သူက ခြောက်ဆလောက်ပိုပြီး ဒေါသထွက်စေနိုင်တဲ့ တန်ခိုးသတ္တိရှိတယ်။ ဘုရား … အနာက နာလိုက်တာဗျာ၊ ဖိထားပါ"

ကိုတင်ဖေသည် ကိုစောအုံ၏ အနာကို အသာအယာ ဖိပေးထား၏။ ကိုစောအုံက ရေတစ်ခွက် တောင်းသောက်သဖြင့် ပေးရလေရာ ကိုတင်ဖေ နောက်တွင် ဝိုင်း၍ ကြည့်ရှုလျက်ရှိကြသော လူစုသည်လည်း ဆရာဝန်ကိုစောအုံ၏ စကားကို စိတ်အားထက်သန်စွာ နားထောင်လျက် ရှိကြကုန်၏။

"ဘယ့်နှယ်လဲ ကိုတင်ဖေ ကျုပ်ပြောတာ မဆန်းဘူးလား"

"ဆန်းပါပေ့ဗျာ"

"ဒီတော့ ကျုပ်အခုပြောတဲ့အတိုင်း ဒီဆေးကို ပထမသောက်၊ သောက်ပြီးတော့ ဒေါသကို မထွက်ထွက်အောင်လုပ်ပြီး စိတ်အင်အားကို အစွမ်းရှိသမျှ ညှစ်ထုတ်လိုက်ပြီ ဆိုမှဖြင့် ကျုပ်နဂိုရုပ်က တဖြည်းဖြည်း ပြောင်းလာတာကို တွေ့ရသကိုးဗျ။ ဒီလိုနဲ့ တစ်စတစ်စ လေ့ကျင့်လာခဲ့တာ နောက်ဆုံးကျတော့ ကိုယ့်မျက်နှာကို မှန်ထဲမှာ မကြည့်ဝံ့လောက်အောင် ရုပ်ပြောင်းသွားပြီး ခင်ဗျားတို့ အခုမြင်တဲ့အခြေအနေမျိုး ရောက်တော့တာပါပဲဗျာ။ အလို … အနာက ပူလိုက်တာဗျာ၊ ဟိုစားပွဲပေါ်မှာရှိတဲ့ ဖန်ခွက်ထဲက ရေခဲရေကလေး နည်းနည်း ဆွတ်ပေးစမ်းပါ ကိုတင်ဖေ"

ကိုတင်ဖေသည် ကိုစောအုံ ပြောသည့်အတိုင်း ရေခဲရေကို လက်ကိုင်ပဝါဖြင့် ဆွတ်၍ ဒဏ်ရာကို အနည်းငယ် ဖိပေးရပြန်၏။ ထို့နောက် ဆရာဝန် ကိုစောအုံက ဆက်လက်၍ –

"ဒါနဲ့ ကျုပ်ဒီလို လေ့ကျင့်လာခဲ့တာ ခြောက်နှစ်လောက်ရှိပြီ။ သို့သော် ဒီလောက်တောင် ဆိုးဝါးတဲ့ သရဲလိုလို၊ ဆင်လိုလို၊ မျက်နှာမျိုးကြီး ဖြစ်အောင် ဖန်တီးပေးနိုင်တာကတော့တယ် မကြာသေးဘူးဗျ။ ဒီလိုနဲ့ ဒီစိတ်အတတ်ကို တဖြည်းဖြည်း လေ့ကျင့်ရဖန် များလာတဲ့အခါ နောက်ကျတော့ စိတ်ထဲက ထစ်ခနဲ ဆိုးလိုက်ရင် ဆေးမသောက်ရဘဲနဲ့ ရုပ်တစ်ခါတည်း ပြောင်းသွားတော့တာပဲ မိတ်ဆွေ"

"အင်း … ခင်ဗျားပြောလို့သာ ကြားဖူးရတာပဲ ကိုစောအုံ"

"ဒါနဲ့ ညကျတော့ ကျုပ်ရည်းစား မသက်ရင်နှင့် ညဆယ့်နှစ်နာရီလောက်မှာ တွေ့ဖို့ချိန်းထားလေတော့ အိမ်က အရင်စလိုထွက်ပြီး လာခဲ့တာကိုဗျ။ ဖြေဆေးလည်း ခါတိုင်းလို အသင့်ဖျော်ပြီး မထားခဲ့မိဘူး။ ခါတိုင်းတော့ အရေးရှိရင် ချက်ချင်းရနိုင်အောင် ဖြေဆေးကို အသင့်ဖျော်ပြီး ထားခဲ့တယ်။ ဒါနဲ့





အိမ်က ထွက်လာတဲ့အခါ ဟိုဘက်ခြံထောင့်နားရောက်တော့ မြွေဟောက်ကြီးတစ်ကောင်ဟာ ဖားကိုလိုက်နေတာ တွေ့ရတာကိုးဗျ။ ဒီတော့ ကျုပ်က မနေနိုင်တာနဲ့ ဖားကို လွှတ်ရာဖယ်လိုက်တယ်ဗျ။ ဒီအခါမှာ မြွေဟောက်ကြီးက သူ့အစာကို ဟပ်ရမလားလို့ ကျုပ်ကို့မာန်ဖီပြီး လိုက်ပေါက်တာကိုး ကိုတင်ဖေရဲ့။ အဲဒီတော့ ကျုပ်လည်း ဒေါသထွက်လာပြီး အနားမှာ တွေ့ရတဲ့ အုတ်ခဲ ထက်ပိုင်းကျိုးနဲ့ မြွေဟောက်ခေါင်းကို တစ်ချက်တည်း ထုသတ်လိုက်ရတယ်။ မြွေဟောက် သေသွားတောင် ငါ့ကို လိုက်ပေါက်ရမလားဆိုပြီး ကျုပ်ဒေါသဟာ အရှိန်မပြေသေးဘူး။ သတ်ချင်တုန်း ဖြတ်ချင်တုန်း ရှိသေးတယ်၊ ဒီအခါမှာ ကျုပ်ပြောတဲ့အတိုင်း ဒေါသထွက်လာတာနဲ့ တစ်ပြိုင်နက် ရုပ်ပြောင်းအောင် လေ့ကျင့်ထားပြီးသား လူတစ်ယောက်ဆိုတော့ ကျုပ်ကိုယ်တိုင် သတိမထားမိဘဲ၊ ကျုပ်ရုပ်ဟာ တဖြည်းဖြည်း ပြောင်းသွားတာကိုးဗျ။ ကိုင်း … ရှေ့လျှောက်ပြီး ခင်ဗျားတို့ သိကြတဲ့အတိုင်းပါပဲဗျာ၊ ကျုပ်ပြောနေစရာ မလိုတော့ပါဘူး"

အထက်ပါ စကားများကို ဆရာဝန် ကိုစောအုံသည် ဝေဒနာ ခံစားရင်း အတော်ပင် အားယူ၍ ပြောရရှာပြီးနောက်၊ ယေသံဖြင့် –

"ကိုင်း … ကိုင်း … ကျုပ် ဇာတ်သိမ်းခါလည်း နီးပါပြီဗျာ။ကိုတင်ဖေတို့ ကျုပ်ကို ခွင့်လွှတ်ကြပါ။ ဒါပေမယ့်လို့ ကျုပ်ဒီလို အသေစောတာဟာ ကျုပ်ဝမ်းထဲမှာ ရှိတဲ့အကြံအစည်နဲ့ စမ်းသပ်မှု တစ်ဝက်အထမမြောက်သေးဘူး။ ကျုပ်အခုလို သေသွားတဲ့အတွက် ကျုပ်တို့ မြန်မာလူမျိုးတွေမှာ ဆေးအတတ်နဲ့ လောကဓာတ်ပညာ၊ စိတ်ပညာတွေကို သိသင့်သလောက် မသိလိုက်ကြရဘူး၊ အဲဒါ တစ်ခုပဲ ကျုပ်ဝမ်းနည်းသဗျာ" ဟု တောက်ခေါက်ကာ ညည်းညူပြီးနောက် နံနက် ၂ နာရီ ကျော်အချိန်လောက်တွင် ထင်ရှားကျော်ကြားခဲ့သော ဆရာဝန် ကိုစောအုံသည် ထိုဒဏ်ရာဖြင့်ပင် သေဆုံးသွားလေသည်။

ဤကဲ့သို့ ဝေဒနာခံစားရင်း ဆရာဝန် ကိုစောအုံသည် သူ၏ အဖြစ်အပျက်များကို ပြန်ပြောင်းပြောဆိုလျက် ရှိလေရာ သူ၏ ရုပ်လက္ခဏာများသည်လည်း ဒေါသထွက်နေသည့် စိတ်အင်အား လျော့ပါးလာသည်နှင့်အမျှ နဂိုရုပ်သွင်သို့ တဖြည်းဖြည်း ပြန်၍ ပြောင်းလာသည်ကို တွေ့မြင်ကြရလေ၏။ မျောက်၏ မျက်နှာကဲ့သို့ မဲ့ခွက်နေသော မျက်နှာသည်လည်း တဖြည်းဖြည်း ပြည့်တင်းလာလျက် ကြောင်ကျား စုတ်ဖွားသော ဆံပင်တို့သည်လည်း မည်းနက်၍ အောက်သို့ ကျလာ၏။ ပြူးကျယ်သော မျက်လုံးအစုံတို့သည် တဖြည်းဖြည်း ရောင်မှိန်လျက် ကျဉ်းမြောင်းလာပြီးလျှင် အပြင်သို့ ငေါထွက်လျက်ရှိသော နှာခေါင်းရှည်ကြီးသည်လည်း တဖြည်းဖြည်း တို၍လာပြီးနောက် ဝိညာဉ်ချုပ်သည်

www.burmeseclassic.com



နှင့် တစ်ပြိုင်နက် ကြောက်မက်ဖွယ်ကောင်းသည့် ရုပ်အသွင်သည် လုံးဝပျောက်ကွယ်သွားပြီးနောက် ဆရာဝန်ကိုစောအုံ၏ နဂိုရုပ်ပေါ်လာလေသည်။

နံနက် လင်းသည်နှင့် တစ်ပြိုင်နက် ကိုတင်ဖေသည် ဆရာဝန် ကိုစောအုံ၏ အလောင်းကို ဝတ္တရားရှိသည့်အတိုင်း ကောလင်းဆေးရုံသို့ ပို့ပြီးလျှင် ဆိုင်ရာသို့ အစီရင်ခံရလေသည်။

ထိုအခါက မြန်မာပြည်ရှိ သတင်းစာများမှာ ယခုခေတ်အခါကဲ့သို့ သတင်းဦးပေးပို့နိုင်သော သတင်းထောက်များ မရှိသေးသဖြင့် တစ်ကြောင်း၊ ရွာသစ်ရွာမှာလည်း သတ္တုတွင်းကို အမှီပြု၍ တည်ဆောက်ထားသည့် ရွာငယ်မျှသာဖြစ်သည့်အပြင် သတင်းစာနယ်နှင့်လည်း အတော်ပင် ဝေးကွာလျက် ရှိသဖြင့်တစ်ကြောင်း အထက်ပါအဖြစ်အပျက်များကို အလွန်ပင် သိသူနည်းပါးခဲ့လေသည်။

# ဆူဇန်မိ

ဘီလူးကျွန်းနယ် ပင်လယ်နှင့် နီးကပ်လျက်ရှိသော တောင်ပူစာကလေးတစ်ခုထိပ်ရှိ အဆောက်အအုံကြီး တစ်ခုအတွင်းတွင် ပေ ၃၀ ပတ်လည်ခန့်ရှိ၊ အခန်းတစ်ခန်းရှိရာ၊ ထိုအခန်းထဲ၌ လူတစ်ယောက်အား ကုလားထိုင်တစ်လုံးပေါ်တွင် ကြိုးများဖြင့် တင်းကျပ်စွာ တုပ်နှောင်ထား၏။ ထိုသူမှာ မြန်မာလူမျိုးဖြစ်ကာ အသက် ၂၃ နှစ်ခန့်သာရှိသေး၍၊ ကြံ့ခိုင်သော မေးရိုးနှင့် စူးရှသောမျက်လုံးများရှိပြီးလျှင် အကြမ်းဖျင်းအားဖြင့် ယောကျ်ားပီသသော ရုပ်လက္ခဏာရှိလေသည်။ မည်းနက်သော ဆံပင်မှာ ရှုပ်ပွေနေပြီးလျှင် ရွှံ့အလိမ်းလိမ်း ကပ်လျက်ရှိ၏။ သူ၏ ကာကီအင်္ကျီနှင့် ဘောင်းဘီတို့မှာလည်း နေရာပေါင်းများစွာတွင် စုတ်ပြတ်လျက်ရှိ၏။ သူ့အနီး၌ ဂျပန် ၃ ယောက်နှင့် မြန်မာမိန်းကလေးတစ်ယောက်တို့ မတ်တတ်ရပ်လျက် ရှိလေသည်။

ဂျပန် ၃ ယောက်အနက် အကြီးအကဲနှင့်တူသော ဂျပန်မှာ၊ ဥရောပတိုက်သား တစ်ယောက်ကဲ့သို့ သက္ကလပ် မီးခိုးရောင်ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်ကို ဝတ်ထား၏။ ဆံပင်ကို နောက်သို့ လှန်ကာ သပ်ယပ်စွာ ဖြီးထားပြီးလျှင် ရွှေကိုင်းမျက်မှန်ကို တပ်ထားရာ၊ အသက်မှာ ၄၅ နှစ်ခန့်မျှ ရှိပြီဟု ခန့်မှန်းရ၏။ အခြားဂျပန် နှစ်ယောက်ကား မျောက်ဝံကြီးများကဲ့သို့ တုပ်ခိုင်သော ကိုယ်လုံးကိုယ်ဖန် ရှိပြီးလျှင် ကုန်းကွကွ ရှိနေကြသည်။ မိန်းကလေးမှာ အသက် ၁၈



www.burmeseclassic.com

www.burmeseclassic.com



နှစ်အရွယ်ခန့်ရှိ၍ ရွက်ကြမ်းရေကြိုမှုသာ ချောမောသူတစ်ယောက် ဖြစ်သော်လည်း၊ ပြေပြစ်သော ကိုယ်လုံးကိုယ်ပေါက်ရှိလေသည်။ ကိုယ်လုံးကိုယ်ထည်ကြီးမားသော ဂျပန်စစ်သား နှစ်ယောက်တို့မှာ ဓားလွတ်များကို ကိုင်ထား၍ ဆရာဖြစ်သူမှာ လက်၌ တစ်စုံတစ်ရာ ကိုင်မထားချေ။ သို့သော် ဒန်ရောင် ပစ္စတိုကလေးကို ခါးပတ်တွင် ထိုးထား၏။

အကြီးအကဲဖြစ်သူ စစ်ဗိုလ်က မြန်မာဘာသာဖြင့် စကားစ၍ ပြောရာ သူပြောသော စကားများမှာ အနောက်နိုင်ငံတွင် ပညာသင်၍ မြန်မာနိုင်ငံတွင် နှစ်ပေါင်းအတော်ကြာ နေလာခဲ့သူတစ်ယောက် ဖြစ်သည့်အတိုင်း အလွန်ပီသ၍ ရှင်းလင်းပြတ်သားလေသည်။

(ဗိုလ်) "ဘယ့်နှယ်လဲ လက်ဖတင်နင်ကိုမောင်မောင်၊ ဒီတစ်ခါ ထပ်ပြီး ခင်ဗျားကို ကျုပ်တို့ တောင်းပန်တယ်။ ခင်ဗျား စစ်မှုထမ်းသလို ကျုပ်တို့လည်း ကျုပ်တို့နိုင်ငံအတွက် စစ်မှုထမ်းနေရတာဗျာ။ ခင်ဗျားတို့ကို ကျုပ်တို့က ယုံစားပြီး ပေါင်းလိုက်တာ၊ နောက်ဆုံးကျတော့ ခင်ဗျားတို့ဟာ အင်္ဂလိပ်၊ အမေရိကန်တို့ရဲ့ လူဖြစ်နေပါပြီကောလား။ သို့ပေမယ့် ဘာပဲဖြစ်ဖြစ်လေ ကျုပ်လိုချင်တာက ခင်ဗျားတို့ ဗိုလ်ချုပ်ဆီက ခင်ဗျားတို့ စစ်တပ်က တော်လှန်ရေးနဲ့ ပတ်သက်တဲ့ အစီရင်ခံစာကို ခင်ဗျား မှတ်မိသလောက် ရေးပြစေချင်တယ်။ အတိအကျ မှန်ရမယ်လို့ ကျုပ်မဆိုလိုပါဘူး။ ခင်ဗျား မှတ်မိသလောက်ပါ။ ခင်ဗျားကိုယ်တိုင် ရေးရတာပဲ ခင်ဗျား မှတ်မိမှာပေါ့။ ခင်ဗျား ရည်းစားဆီကို လာတာအခုတော့ ခင်ဗျား ရည်းစားနဲ့ စကား[illegible]ပြောရဘဲ ကျုပ်တို့နဲ့ စကားပြောနေရပြီ မဟုတ်လား"

လက်ဖတင်နင် ကိုမောင်မောင်သည် ဆံပင်နောက်တွဲထုံးထားသော မိန်းကလေးအား တစ်ချက်လှမ်း၍ ကြည့်လိုက်၏။ မိန်းကလေး၏ မျက်နှာမှာ အပြစ်ကင်းစင်သည့် အမူအရာရှိသော်လည်း ဝမ်းနည်းဟန်ဖြင့် ဦးခေါင်းငိုက်ဆိုက်ကျလျက်ရှိလေသည်။

အလွန်မောပန်းသော အသံဖြင့် –

"ခင်ဗျားတို့ တုပ်ထားတဲ့ ကြိုးတွေက နာလှတယ်ဗျ။ နည်းနည်း လျှော့ပါဦး။ ကျုပ် မပြေးနိုင်ပါဘူး"

ဂျပန်စစ်ဗိုလ်သည် စစ်သား နှစ်ယောက်အား ကြိုးများကို ဖြေရန် အမိန့်ပေးလိုက်လေသည်။ သို့သော် အကျဉ်းသားမှာ ပင်ပန်းနွမ်းနယ်လှပြီ ဖြစ်၍ ကြိုးများကို ဖြေလိုက်သည်နှင့် တစ်ပြိုင်နက် ကြမ်းပေါ်သို့ ပြော့ခွေလဲကျသွားလေသည်။

သို့သော် သတိရသည်နှင့် တစ်ပြိုင်နက် ကုလားထိုင်ပေါ်သို့ ပြန်၍ ရောက်မြဲနေရာက်နေပြန်၏။





"ကြိုးတုပ်စရာ မလိုတော့ပါဘူး ကိုမောင်မောင်။ ခင်ဗျားမှာ အစာအဟာရလည်း မရှိဘူး။ လေကောင်းလေသန့်လည်း မရှိဘူး၊ ဒီဟာတွေကို ဘယ်သူမှ မခံနိုင်ဘူးဗျ။ ခင်ဗျားကို ကျုပ်တို့မေးတာ ရိုးရိုးနဲ့ ရှင်းရှင်းပဲ မဟုတ်လား။ ဒီစာကို ခင်ဗျား မှတ်မိသလောက် ရွတ်ပြလိုက်၊ ခင်ဗျားကို တစ်ခါတည်း ကျုပ်တို့ လွှတ်လိုက်မယ်။ ဒီဟာ့အပြင် ခင်ဗျားရဲ့ နှုတ်လုံမှုကို ချီးကျူးတဲ့အနေနဲ့ ခင်ဗျား ပြန်တဲ့အခါ ကျုပ်ငွေသုံးသိန်း ပေးလိုက်ဦးမယ်"

"ကျုပ် တစ်ခွန်းမှ မပြောဘူး"

သို့ပင် ပြောလိုက်ရသော်လည်း မျက်လုံးထဲတွင် မီးပွင့်များကို မြင်၍ နေရသေး၏။ နားနှစ်ဖက်စလုံးလည်း အူ၍နေသေးရာ ပါးစပ်ထဲမှ သွေးများ အကျပင် မရပ်သေးချေ။

"တယ်ခေါင်းမာတဲ့ လူပါကလားဟေ့။ ဒီလိုဆိုရင် ကိုမောင်မောင် ခင်ဗျားကို ဆူဇန်နီနဲ့ မိတ်ဆွေဖွဲ့ပေးရဦးမယ်"

"ဘာလဲ၊ ဆူဇန်နီဆိုတာ ဘယ်ကလူလဲ"

"ဆူဇန်နီဆိုတာက လူ မဟုတ်ဘူးဗျ။ ဒါထက် ဆူဇန်နီအကြောင်း နောက်မှ ပြောတာပလေ။ ကျုပ်ဟာ ဘယ်သူ ဘယ်ဝါ ဆိုတာ ပထမ ပြောပြရဦးမှာပေါ့။ ကျုပ်နာမည်က ဒေါက်တာ ဆူဇူကီတဲ့။ မြန်မာတစ်နိုင်ငံလုံးမှာ ရှိတဲ့ ကင်ပေတိုင် ခေါင်းဆောင်ပေါ့။ ဒီလူနှစ်ယောက်က ကျုပ် လက်သပ်မွေးထားတဲ့ ဘီလူး နှစ်ကောင်၊ ခင်ဗျားနဲ့ ကြိုက်နေတယ် ဆိုတဲ့ အမြဆိုတဲ့ မိန်းကလေးက ကျုပ်မယား။ ကိုင်း ... နားရှင်းပလား ... လာ ... သွားကြမယ်"

သူ၏အသံမှာ ခပ်ငေါ်ငေါ်နှင့် ကြောက်ရွံ့ဖွယ် ကောင်းလှပေ၏။

သို့နှင့် တုပ်ခိုင်သော ဂျပန်နှစ်ယောက်တို့သည် လက်ဖတင်နင် ကိုမောင်မောင်အားတွဲ၍ ခေါ်လာကြလေရာ အမြဆိုသူ မိန်းကလေးသည် မျက်ရည်များဝဲကာ တဖက်သို့ လှည့်၍ နေလိုက်လေသည်။

အခန်း၏ ထောင့်၌ကား အောက်သို့ဆင်းသော လှေကားတစ်ခုရှိ၍ ဂျပန် နှစ်ယောက်တို့သည် အကျဉ်းသားအား ထိုလှေကားမှ အောက်ထပ်သို့ တွဲခေါ်သွားလေ၏။ အတော်မြင့်သော ကြောင်လိမ်လှေကားမှ ဆင်းခဲ့ကြ၍ လှေကားဆုံးသောအခါ အပြင်သို့ထွက်လာသော သံတံခါးတစ်ခုကို ဖွင့်ပြီးလျှင် အပြင်သို့ထွက်ကြ၏။ ထိုနေရာ၌ကား အေးမြသော လေပြေသည် နံဘေးပတ်ဝန်းကျင်မှ ပက်ဖျန်းလျက်ရှိရာ သူတို့သည် အဆောက်အအုံကြီး အတွင်းမှ တောင်ပူစာကိုပင် ဖောက်ထွက်ခဲ့ပြီးလျှင် ဥယျာဉ်ကြီးတစ်ခုအတွင်းသို့ ရောက်နေ ကြလေပြီ။ 'ယူကလစ်တပ်' ခေါ် ငှက်ဖျားပင်များမှ စူးရှသော ရနံ့များကို ရှူရှိုက်မိကြ၏။ လမ်းကလေးမှာ ချုံနွယ်များ အကြား၌ ကွေ့ကောက်၍ သွားရသော

www.burmeseclassic.com



လမ်းဖြစ်ပြီးလျှင် ကျောက်စရစ်များ ခင်းထား၏။ အတော်ဝေးကွာသော အရပ်မှ ကျောက်တုံးများကို တိုက်ခတ် စီးဆင်းလျက်ရှိသည့် ရေသံများကို ကြားရ၏။

ဒေါက်တာ ဆူဇူကီသည် သစ်ပင်တစ်ပင်တွင် ကပ်၍ထားသော ဓာတ်မီးခလုတ်တစ်ခုကို ဖွင့်လိုက်ရာ သစ်ကိုင်းတစ်ကိုင်းတွင် ချိတ်၍ထားသော မီးလုံးမှ မီးလင်းသွား၏။ အစိုးရပန်းခြံသဖွယ် သစ်ပင်ပန်းပင်များကို တမင် စိုက်ပျိုးပြုစုထားသည့်ဥယျာဉ် တစ်ခုအတွင်းသို့ ရောက်နေကြောင်းသိရ၏။ ကိုမောင်မောင်သည် ဓာတ်မီးရောင်တွင် ဥယျာဉ်၏ အကျယ်အဝန်းကို မှော်မှန်းကြည့်မိ၏။ သို့သော် ကျယ်ပြန့်လွန်းသဖြင့် မခန့်မှန်းနိုင်ချေ။ ဤသို့ဖြင့် လမ်းတလျှောက်လုံး ဓာတ်မီးခလုတ်များကို ဖွင့်သွားရာ သစ်ကိုင်းများ၊ ချုံများ၊ နွယ်များ အကြားတွင် လျှို့ဝှက်စွာ တပ်ဆင်ထားသည့် ဓာတ်မီးလုံးကလေးများသည် သူတို့သွားရာလမ်းကို အလင်းရောင် ပေးကြ၏။ ယူကလစ်တာပင်မှ ရနံ့များသည် မွှေးဝေလျက် ရှိသော ကိုမောင်မောင်၏ ဦးခေါင်းကို ကြည်လင် အေးမြ၍လာစေ၏။ လမ်းကလေး တစ်လျှောက်၌ အလွန်ထူးဆန်း၍ မိမိ တစ်ခါမျှ မမြင်ဖူးသော သစ်ပင် ပန်းပင်များကိုမြင်ရ၏။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက်ရှိသဖြင့် ကျောက်စရစ်လမ်းပေါ်တွင် နင်း၍သွားသော ခြေသံများမှတစ်ပါး အခြားမည်သည့်အသံကိုမျှ မကြားရချေ။ စိမ်းလဲ့သော သစ်ပင်များသည် ဓာတ်မီးရောင်တွင် ပဏာရလှပေသည်။

ကိုက် ၁၅၀ ခန့်မျှ လျှောက်သွားမိသောအခါ သူတို့သည် ဓာတ်မီးရောင်နှင့်ဝေး၍ ခပ်မှောင်မှောင်ရှိသော နေရာတစ်ခုသို့ ရောက်လာရာ ထိုနေရာမှာ သံတိုင်များကာရံထားသဖြင့် လှောင်ချိုင့်ကြီးတစ်ခုနှင့် တူလှပေ၏။ ညှီစို့စို့ အနံ့ကြီးတစ်ခုကိုလည်း ရသဖြင့် ကိုမောင်မောင်မှာ နှာခေါင်းများကိုပင် ရှုံ့မဲ့မိသေး၏။ အနံ့မှာ ငှက်ပျောသီး၊ သစ်တော်သီးပုပ်ကဲ့သို့လည်းကောင်း၊ အသားပုပ်ကဲ့သို့လည်းကောင်း ရှိနေရာ တိရစ္ဆာန်ရုံတွင် ကျားလှောင်ခန်းများမှထွက်သည့် အနံ့မျိုးကဲ့သို့ ညှီဟောက်လျက်ရှိလေသည်။ အမှန်လည်း သူတို့သည် လှောင်အိမ်ကြီးတစ်ခု အနီးသို့ ရောက်နေကြလေပြီ။

ထိုအခါ ဒေါက်တာ ဆူဇူကီက ခပ်ထေ့ထေ့လေသံဖြင့် "ဒီမှာ ကျုပ်မိတ်ဆွေချစ် ကိုမောင်မောင်ရဲ့ ခင်ဗျားကို ကျုပ်မိတ်ဆက်ပေးမယ်ဆိုတဲ့ 'ဆူဇန်နီ' အကြောင်း တဆိတ်ပြောပါရစေ"ဟုပြောကာ အနီးရှိ သံတိုင်မှ ဓာတ်မီးခလုတ်တစ်ခုကို နှိပ်လိုက်ရာ လှောင်ချိုင့်ကြီး၏ အမိုးတွင် တပ်ဆင်ထားသော မီးလုံး လင်းလာသည်။ လှောင်ချိုင့်ကြီး၏ အလယ်၌ကား ၁၂-ပေ ၁၃-ပေ ခန့်မြင့်သည့် နွယ်ပင်ကြီးတစ်ပင်ရှိရာ ထိပ်များမှ ၁၀၀ ခန့်မျှသော လက်တံရှည်ကြီးများသည် ဆင်နှာမောင်းကဲ့သို့ အရပ်လေးမျက်နှာသို့ ထွက်လျက်ရှိလေသည်။ အမွေးအမှင်





ရှိသော ထိုလက်တံကြီးများမှာ အရင်း၌ ယောကျ်ားကြီးတစ်ယောက်၏ လက်မောင်းရင်း ခန့်ရှိ၍ အလယ်မှ ပင်စည်မှာလူ၏ ကိုယ်လုံးခန့်မျှရှိပြီးလျှင် ထိပ်များတွင် တွင်းကြီးကဲ့သို့ ဖြစ်နေ၏။ ပင်စည်မှာ သစ်ငုတ်တိုကြီးသဖွယ်ရှိနေ၍ နှာမောင်းကြီးများမှာ ငှင်းထိပ်ဝရှိ တွင်းကြီးကို ဘေးပတ်လည်မှ ဝိုင်းရံကာ ပေါက်ရောက်လျက် ရှိကြလေသည်။ နှာမောင်းများ၏ အဖျားမှာ ဆင်၏ နှာမောင်းကဲ့သို့ ပျော့ပျောင်းသော အခွက်ကလေးများကို ထင်ရှားစွာ မြင်နိုင်၏။ အတိုဆုံးသော နှာမောင်းပင် ၁၀ တောင် ၁၂ တောင်ခန့်မျှ ရှိပေမည်။ ကိုမောင်မောင်တို့ လှမ်းဝင်သွားသောအခါ ထိုနှာမောင်းကြီးများသည် ပင်စည်ကြီးကိုပတ်ကာ မြွေငန်းကြီးများသဖွယ် တရွေ့ရွေ့ တွန့်လိမ်လှုပ်ရှားလျက်ရှိသည်။ ကိုမောင်မောင်မှာ သတ္တိကောင်းသော သူတစ်ယောက်ပင် ဖြစ်လင့်ကစား ထိုသစ်ပင်ကြီးကို မြင်သောအခါ ကြက်သီးများပင်ထ၍ သွားမိသည်။ ဒေါက်တာ ဆူဇူကီသည် မိမိကိုယ်ကို မိမိ ပြောဘိသကဲ့သို့ -

"အင်း ... သံတိုင်တွေ ကာထားလို့သာပဲဗျာ။ အခုလှောင်အိမ်တောင် နည်းနည်း ချဲ့ရဦးမယ်။ ကျုပ်အပင်ကြီးက နေ့ချင်းညချင်း တယ်ထွားလာတာကလား။ ဘယ်နှယ့်လဲ ကိုမောင်မောင်၊ ခင်ဗျားကို ကျုပ်မိတ်ဖွဲ့ပြီး ပေးရဦးမယ်ဆိုတဲ့ 'ဆူဇန်နီ'ဆိုတာ လူ မဟုတ်ဘူးလို့ ကျုပ်အစက ပြောတာပေါ့ ... ဟား... ဟား ...ဟား ..."

ဒေါက်တာ ဆူဇူကီ၏ ရယ်လိုက်သံမှတပါး အခြားမည်သည့် အသံမျှ မကြားရချေ။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လျက် ရှိလေသည်။ ထို့နောက် ဒေါက်တာ ဆူဇူကီက ဆက်လက်၍ -

"ဒီလိုဗျ ကိုမောင်မောင်ရဲ့။ ခင်ဗျားလည်း အင်္ဂလိပ်စာတတ်တစ်ယောက်ပဲ။ တောင်အမေရိကမှာ ပေါက်တဲ့ ပိုးကောင် မွှားကောင်ကလေးတွေကို ဖမ်းပြီးစားတတ်တဲ့ 'နီပင်သီ' (Nepenthes) နွယ်မျိုးဆိုတာ ခင်ဗျား ကြားဖူးမှာပေါ့။ သူ့နွယ်ဖျားပေါ်မှာ ခြင်ကောင်ကလေးတစ်ကောင် နားလိုက်ရင် တစ်ခါတည်း နွယ်ဟာ ဒီအစာကို လိပ်ပတ်ယူသွားပြီး စားပစ်လိုက်တာပဲ။ အဲဒီလို စားပြီးတဲ့အခါမှာဖြင့် နွယ်ရှင်ဟာ အသက်မရှိသလို ငြိမ်နေတယ်။ အခု စစ်မဖြစ်ခင် ကျုပ်က ဗရာဇီးမှာ နေခဲ့လေတော့ ဒီအပင်မျိုးတစ်ပင် ဂျပန်ပြည်က ယူလာပြီး စိုက်ထားတယ်။ ဒီအပင်ဟာ ဂျပန်ပြည်ကို ယူလာတဲ့မျိုးပေါ့။ ဂျပန်ပြည်က ဥယျာဉ်သမား တွေဟာ အင်မတန် တော်တယ် ကိုမောင်မောင်။ အင်မတန် မြင့်တဲ့ ထင်းရှူးပင်မျိုး ဝက်သစ်ချပင်မျိုးတွေကိုတောင် အပင်ပုမျိုးဖြစ်အောင် လုပ်နိုင်ကြတယ်။ ပေ ၁၀၀ မြင့်တဲ့ အပင်မျိုးကို တစ်ကိုက်ထက် ပိုမမြင့်အောင် လုပ်နိုင်ကြတယ်။ ကျုပ်မှာ ဆရာဝန်ဆိုပေမယ့် ရုက္ခဗေဒဘက်မှာလည်း ပါရှု



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်လေတော့ သူတို့နဲ့ ဆန့်ကျင်ဘက် ကျုပ်က စမ်းသပ်ကြည့်တယ်။ ဘယ်လိုစမ်းသပ် ကြည့်သလဲ သိလား။ နှင်းဆီပင်ကလေးလောက်သာ အမြင့်ရှိတဲ့ ဒီပိုးကောင်စား နွယ်ရှင်ပင်ကို အဆမတန် ကြီးလာအောင် စမ်းသပ်ကြည့်တယ်။ ခြင်ကောင်အစား ယင်ကောင်ကို ကျွေးကြည့်တယ်။ ယင်ကောင်ကို ကောင်းကောင်းကြီး စားလာနိုင်တဲ့အခါ သူ့ထက် ကြီးတဲ့အကောင်တွေ ကျွေးကြည့်တာပေါ့ဗျာ။ ဥပမာ လိပ်ပြာတို့၊ နံ့ပတ်တို့၊ ပင့်ကူတို့ဆိုပါတော့။ အဲဒီလို ကျွေးကြည့်လိုက်တော့ ၂ လ ၃ လအတွင်းမှာဘဲ အမြင့်ဟာ ၁၀ လက်မ တက်လာတာ တွေ့ရတယ်ဗျ။ ဒီနောက် တဖြည်းဖြည်းနဲ့ အသားကိုကျွေးလာတာ၊ အခု ခင်ဗျား မြင်တဲ့အတိုင်း ဘယ်လောက်ကြီးပြင်းနေပြီလဲ။ ဒီအခါ သစ်ပင်ရဲ့ လုံးပတ်ရော၊ နှာမောင်းတွေရော၊ ခွန်အားရော သုံးဆတိုးလာတယ်"

ဆက်လက်၍ –

"ဒီတော့ ကျုပ်က အသားကို ပိုကျွေးပြန်တယ်။ ပြီးတော့ အကြိမ်ကိုလည်း ပိုကျွေးတယ်။ ဥပမာ တစ်ခါကျွေးမယ့်နေရာမှာ နှစ်ခါကျွေးတာပေါ့ဗျာ။ တစ်နေ့တော့ ကျီးကန်းတစ်ကောင် နွယ်ဖျားပေါ်လာပြီး နားတာ တစ်ခါတည်း နွယ်က ရစ်ပတ်ယူသွားပြီး တစ်မိနစ် မကြာဘူး ပျောက်သွားတာဘဲဗျို့။ ဒီတော့မှ ကျုပ်အပင်ဟာ ရိုးရိုးအသား ကျွေးတာထက် အသက်ရှင်နေတဲ့ ပိုးမွှားတိရစ္ဆာန် အကောင်ပလောင် ကျွေးတာကို ပိုပြီးကြိုက်တယ်ဆိုတာ ကျုပ်သိရတယ်။ အဲဒီကတည်းကစပြီး ကျုပ်သူ့ကို ကြွက်တွေ၊ ပုးတွေ၊ ယုန်တွေ ကျွေးလာတယ်။ ဒီဟာတွင် မကသေးဘူး။ သစ်ပင်ရဲ့ အမြစ်တွေကို သားသတ်ရုံက သွေးတွေကို မှာပြီး နေ့တိုင်းလောင်းပေးတယ်။ ဒီလိုနဲ့ နေ့စဉ် အသက်ရှိတဲ့ အကောင်တွေလည်း စားရပြန်၊ အမြစ်က နွားသွေး၊ ကျွဲသွေး၊ ဆိတ်သွေး၊ သိုးသွေးတွေကိုလည်း သောက်ရပြန်ဆိုတော့ ဆုဗန်နီဟာ ၇ ပေ အထိ မြင့်လာတယ်"

ဆက်လက်၍ –

"ကိုင်း ... တိုတိုပြောကြပါစို့ရဲ့ဗျာ။ ဆုဗန်နီဟာ တဖြည်းဖြည်း ကြီးလာပြီး နောက်ဆုံး သိုးတို့၊ ဆိတ်တို့၊ ဝက်တို့ နေ့စဉ်ကျွေးနေရပြီး သွေးရည်လည်း အရင်ကထက် နှစ်ဆတိုးပြီး တစ်နေ့ ရေနံဆီပုံးနဲ့ နှစ်ပုံးလောင်းနေရတယ်။ ဒီတော့ စိုးရိမ်တာနဲ့ သူ့ကို အခုလိုလှောင်အိမ်နဲ့ ထားရတယ်ဗျ။ ဘာကြောင့်လဲဆိုတော့ အမြင့် ၅ ပေလောက်တုန်းက တစ်ခါ ကျုပ်ခြေထောက်ကို အမှတ်တမဲ့ 'နှာမောင်းတစ်ခု' လာပြီး ပတ်လိုက်တာ၊ ကျုပ်က လက်ဦးပေလို့သာပဗျာ။ နို့မဟုတ်ရင် အခုလို ခင်ဗျားနဲ့တောင် လာပြီးစကား ပြောနိုင်မယ် မဟုတ်တော့ဘူး"

ဆက်လက်၍ –





"ဪ ... ဒါထက် မိတ်ဆွေ ကိုမောင်မောင်၊ ဒီ ဆုဗန်နီကို ဘာဖြစ်လို့ ကျုပ်မွေးထားသလဲဆိုတာ အခုလောက်ရှိရင် ခင်ဗျား တွေးမိရောပေါ့။ လူတစ်ယောက်ယောက်ကိုဖမ်းလာ၊ ကျုပ်တို့ဝတ္ထုရား ရှိတဲ့အတိုင်း ကျုပ်တို့လိုချင်တာ မေး၊ အခုခင်ဗျား ကိစ္စလိုပေါ့ဗျာ။ အဲဒီလို အကျိုးသင့် အကြောင်းသင့်ပြောပြီး မေးလို့မှမရရင် 'ဆုဗန်နီ'ကို အစာကျွေးလိုက်ရတာပဲ။ လွယ်ပါတယ်၊ လှောင်ချိုင့်ဖွင့်ပြီး အထဲအတင်းထိုး သွင်းခဲ့၊ ကျုပ်တို့ အေးအေးဆေးဆေး ပြန်တာပေါ့။ 'ဆုဗန်နီ'ဟာ ဘယ်တော့မှ ဝတ္ထုရား ပျက်ကွက်တယ်လို့ မရှိဘူး။ သူ့ဟာနဲ့သူ အလုပ်လုပ်သွားတာပဲ။ လူတစ်ယောက်ကိုအစပျောက်တဲ့ နေရာမှာတော့ အင်မတန် ကောင်းတဲ့နည်းပဲဗျာ။အရိုးနဲ့အသား မပြောနဲ့၊ အရေတောင် မကျန်ဘူး။ ကိုင်း ... ကိုင်း ... အချိန်တောင် အတော်ကုန်သွားပြီ။ ခင်ဗျားကို ကျုပ် နောက်ဆုံး မေးမယ်။ ကျုပ်တို့ အခုလိုချင်တာကို ခင်ဗျားပြောမလား။ တကယ်လို့ ပြောတော့မယ်ဆိုရင် ခင်ဗျား စားသောက်ပြီး အိမ်ကိုပြန်နိုင်တယ်။ ငွေလည်း ရဦးမယ်။ မပြောဘူး ဆိုပြီး ငြင်းရင်တော့၊ ဆုဗန်နီနဲ့ ခင်ဗျားကို မိတ်ဖွဲ့ပေးရမှာပဲ။ ကြည့်စမ်း ကိုမောင်မောင်၊ ကျုပ် ပြောတာ မယုံရင် ကြည့်စမ်း။ ကျုပ် သစ်ပင်ကြီးက ဆာလှပြီဗျ။ လူသားစားချင်လှပြီ၊ ကြည့်ပါလား။ အပေါ်က နွယ်ငန်းကြီးတွေဟာ တမြုန်းမြုန်း တဝုန်းဝုန်းနဲ့ လှုပ်ရှားနေကြပြီ။ ခင်ဗျားဟာ သူ့ရဲ့ အမဲပဲ၊ ခင်ဗျား အသားကို သူ စားရလိမ့်မယ်။ ခင်ဗျား သွေးကို သူ သောက်ရလိမ့်မယ်ဆိုတာ သိ နေတယ်ဗျ"

အမှန်လည်း ညှီဟောက်သော အပုပ်နံ့သည် တိုး၍လာ၏။ အမွေးများ ပေါက်လျက်ရှိသော နှာမောင်းကြီးများ၏ တွန့်လိမ်လှုပ်ရှားသော အသံသည် တဟီးဟီး မြည်လျက်ရှိ၏။ ကိုမောင်မောင်သည် မကြားဖူး မကြုံဖူးလောက်အောင် ကြောက်မက်ဖွယ်ကောင်းသော သစ်ပင်ကြီးကို ကြည့်ကာ ကြက်သီးများ ထလျက်ရှိ၏။ သို့သော် ကိုမောင်မောင်မှာ ဘေးဥပါဒ်နှင့် ရင်ဆိုင်ရလေလေ ဉာဏ်ထွက်လေလေဖြစ်၏။ မည်ကဲ့သို့ ပြုလုပ်အံ့နည်း။ အချိန်ကို အရှည်ဆုံးဆွဲလျှင် မကောင်းပါလော။ သို့မဟုတ်က ယခုလက်ငင်းပင် သေရတော့အံ့။

သို့နှင့် စိတ်ပျက်သော သူတစ်ယောက်သည် မတတ်သာ၍ လက်လျှော့လိုက်ရသည့် အမူအရာမျိုးဖြင့် –

"ဒါဖြင့်လည်း ကျုပ် ပြောပါတော့မယ် ဒေါက်တာရယ်။ ကျုပ်တို့ ဗိုလ်မှူးကြီးက ဗိုလ်ချုပ်ဆီကို ရေးလိုက်တဲ့စာကို ကျုပ် မှတ်မိသလောက် ပြောပါတော့မယ်။ ပထမ ကျုပ်ကို အစားအသောက်ကလေးများ ပေးကြပါဦးဗျာ။ ကျုပ် မတ်တတ်တောင် ကောင်းကောင်းမရပ်နိုင်တော့ဘူးဗျ။ မောလှပြီ ... ဆာလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်လေ ကိုမောင်မောင်ရယ်၊ ဒီလိုမှပေါ့။ မိတ်ဆွေဟာ မိတ်ဆွေ၊ အလုပ်ဝတ္တရားဟာ အလုပ်ဝတ္တရားပဲဆို မဟုတ်လား။ ခင်ဗျားနဲ့ ကျုပ် အခုမိတ်ဆွေဖြစ်ပြီ။ ခင်ဗျားကို ကျုပ် ညစာကောင်းကောင်းကျွေးရမယ်။ လူဆိုတာ ဗိုက်ကတောင့်မှလည်း လျှာကသွက်တာကိုဗျ။ ဆူဇန်နီလည်း ခင်ဗျားရဲ့ အသားကို မစားရလေတော့၊ ခင်ဗျားလိုပဲ ဆာရှာပေလိမ့်မယ်"

ဒေါက်တာဆူဇူကီသည် ဂျပန်စစ်သားတစ်ယောက်အား တစ်စုံတစ်ရာ ပြောလိုက်ရာ ထိုသူလည်း တောင်ပူဆာဘက်သို့ လှည့်ကာ မှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏။ ထို့နောက် မကြာမီ နွားမတန်းကလေးတစ်ကောင်ကို ဆွဲယူလာပြီးနောက် လှောင်ချိုင့်တံခါးကို ဖွင့်ကာ နွားကလေးကို အတွင်းသို့ နှစ်ယောက်သားနောက်မှ ထိုးသွင်းကြ၏။ နွားကလေးသည် သားသတ်ရုံအတွင်းသို့ ဝင်ရတော့မည်ကဲ့သို့ အလွန်ကြောက်ရွံ့သည့်ဟန်ဖြင့် အတင်းရုန်းကန်လျက်ရှိလေရာ ဂျပန်နှစ်ယောက်တို့၏အားကို မခံနိုင်ရှာသဖြင့် နောက်ဆုံးတွင် သံချိုင့်ထဲသို့ ရောက်သွားလေ၏။ ထိုအခါ ၁၀ ပင် ၁၂ ပင်မျှသော နွယ်ငန်းကြီးများသည် အစာကိုဆွဲငင်ရစ်ပတ်လျက် ရှိသောစပါးကြီး မြွေကဲ့သို့ နွားကလေး၏ တစ်ကိုယ်လုံးကို ဆွဲငင်ရစ်ပတ်လျက်ရှိလေ၏။ နွားကလေးသည် စူးရှသောအသံဖြင့် တစ်ကြိမ်သာ အော်နိုင်ပြီးနောက် ဆိတ်ငြိမ်၍သွားလေ၏။ နွား၏ကိုယ်လုံးကို ရစ်ပတ်ထားသော နွယ်များသည် ပင်စည်ထိပ်ဝရှိ တွင်းကြီးရှိရာသို့ တရွေ့ရွေ့ လိပ်၍ တင်သွားပြီးလျှင် တစ်ခဏမျှ ကြာလတ်သော် တွန့်လိမ်ခြင်းမရှိတော့ဘဲ ငြိမ်သက်သွားတော့၏။ ထိုအခါ၌ကား နွယ်ပင်ကြီးမှာ အလွန်ကြီးမားသော မှိုပွင့်ကြီးသဏ္ဌာန် ရှိနေလေသည်။

"ဒါကြောင့် ဆူဇန်နီက အသက်ရှိတဲ့သတ္တဝါကို ပိုပြီးကြိုက်တယ်လို့ ကျုပ်ပြောပါပြီကော ကိုမောင်မောင်။ ကိုင်း ... အခုအစာစားပြီးရင် နှစ်နာရီလောက် မလှုပ်မရှက်ဘဲ အိပ်နေလိမ့်မယ်။ ခင်ဗျားတို့ ကျုပ်တို့ အစာဝတဲ့အခါ အစာကြေအောင် အိပ်သလိုပေါ့ဗျာ။ အဲဒီလို အစာကြေသွားပြီးတဲ့နောက်မှ နွယ်တွေဟာ တစ်ခါပြန်ကျလာပြီး လှုပ်ရှားမှာကိုဗျ။ လာ ... လာ ခင်ဗျား စားဖို့သောက်ဖို့ ကျုပ်ဓာတ်ခွဲခန်းထဲ လိုက်ခဲ့ပေတော့။ ညစာ စားတဲ့အခန်းတော့ မဟုတ်ဘူး။ ဒီနေရာက သစ်ပင် ပန်းမန် အမျိုးမျိုးရဲ့ ဓာတ်သဘာဝကို ကျုပ်စမ်းသပ်တဲ့ နေရာပေါ့"

ထို့နောက် ကိုမောင်မောင်လည်း ဒေါက်တာဆူဇူကီ၏ နောက်မှ လိုက်ပါသွားရလေရာ ဥယျာဉ်အလယ်လောက်တွင် မှန်များ ကာရံထားသည့် အဆောက်အအုံတစ်ခုသို့ ရောက်သွားလေ၏။ အဆောက်အအုံမှာ ပေ ၃၀ ပတ်လည်ခန့် ကျယ်ဝန်းလျက် အတွင်းတွင် မီးလုံးများ၊ ဖန်ပြွန်များ၊ ဒိုင်နမိုစက်





ကလေးများ၊ ပိုက်လုံးများ၊ လျှပ်စစ်မီးဖိုများ၊ ခလုတ်များဖြင့် ပြည့်လျက် ရှိလေသည်။ အခန်းအလယ်၌ စားပွဲဝိုင်းတစ်လုံးနှင့် ကုလားထိုင် နှစ်လုံးရှိရာ ဒေါက်တာ ဆူဇူကီသည် ကိုမောင်မောင်အား ကုလားထိုင် တစ်လုံးတွင် ထိုင်စေ၏။ မကြာမီ ဂျပန်စစ်သားတယောက်သည် ဝိုင်အရက်၊ ပေါင်မုန့် ကြက်သားစတိတ်၊ နွားနို့များကို ယူလာ၏။

"စားဗျာ ... ကိုမောင်မောင်၊ ဝအောင်စားပါ ကျုပ်တော့ အရက်တစ်ခွက်လောက်နဲ့ တော်ပါပြီ"

ကိုမောင်မောင်သည် ပေါင်မုန့် နှစ်ချပ်နှင့် ကြက်ပေါင်ကလေး တစ်ပေါင်ကို ကုန်အောင် စားလိုက်ပြီးနောက် နွားနို့တစ်ခွက်ကို တစ်ကျိုက်တည်းနှင့် သောက်ချလိုက်၏။ ဒေါက်တာဆူဇူကီမှာ အရက်ကို တပြည်းပြည်း ကျိုက်၍ချပြီးလျှင် ကိုမောင်မောင်၏အရိပ်အကဲကို ကြည့်ရှုလျက်ရှိလေသည်။ ဂျပန်နှစ်ယောက်တို့ကား ထောင့်တစ်ထောင့်တွင်ရပ်ကာ တီးတိုးစကား ပြောဆိုလျက်ရှိကြသည်။

ထမင်းစားပွဲ ကလေးနှင့် လက်လှမ်းမီရာ၌ စားပွဲရှည်ကြီးတစ်လုံးရှိရာ ၎င်းအပေါ်တွင် ဆေးရည်စမ်းသပ်သည့် ဖန်ပြွန်များ၊ ဆေးပုလင်းများ ထားရှိ၏။ ဒေါက်တာဆူဇူကီသည် စီးကရက်သောက်ရင်း မကြာခဏ လမ်းလျှောက်၍နေ၏။ ကိုမောင်မောင် စားသောက်နေသည်ကိုပင် ဂရုမစိုက်ချေ။ စားပွဲရှည်ပေါ်ရှိ ဆေးပုလင်းများမှာ ပုလင်းတိုင်းတွင် စာများကပ်ထားသဖြင့် တစ်နေရာတွင် 'ကလိုရိုဖောင်း' ဟု ကပ်ထားသည့် မေ့ဆေးရည် ပုလင်းကလေး တစ်လုံးကို မြင်မိလေသည်။ ကိုမောင်မောင်သည် ထိုမေ့ဆေးရည် ပုလင်းကို အခြားသူများ မမြင်အောင် အမှတ်တမဲ့ မိမိ၏အိတ်ထဲသို့ ထည့်လိုက်လေ၏။

ကိုမောင်မောင်သည် အရက်ခွက်ထဲတွင် ကျန်သောအရက် အကာတ်အသတ်များကို အကုန်သောက်လိုက်ကာ နှုတ်ခမ်းများကို လျှာဖြင့် လျက်၍နေ၏။

"ခင်ဗျားအရက်က တယ်ကောင်းတဲ့ အရက်ပဲဗျို့"

"ကောင်းဆို နှစ်ချို့အောင်းထားလာတဲ့ အရက်တွေကိုဗျ။ တာရှည်သောက်ရအောင် စစ်ဖြစ်ကတည်းက ကျုပ်ကလှောင်ပြီး ထားခဲ့တာပဲ၊ ခင်ဗျားလည်း စားသောက်ပြီးပြီ။ ကိုင်း ... ပြောလေဗျာ"

ကိုယ်လက်များကို တစ်ချက် ဆန့်တန်းလိုက်ပြီးနောက် –

"ဟော့ ... ငါက ဘာဖြစ်လို့ ပြောရမှာလဲကွ။ ထမင်းဆာလို့ အနာလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ဆူဇူကီ၏မျက်နှာမှာ အံ့သြခြင်း၊ ဒေါသဖြစ်ခြင်း၊ ရှက်ကြောက်ခြင်းတို့ဖြင့် ရဲခနဲ ဖြစ်၍သွား၏။ ကြမ်းကို လက်ဖနောင့်နှင့် ဆောင့်လိုက်ကာ စစ်သားနှစ်ယောက်အား ဂျပန်ဘာသာဖြင့် အမိန့်ပေးလိုက်လေသည်။ ထို့နောက် စိတ်ကို ချုပ်တည်းထားရသည့်ဟန်ဖြင့် –

"ခင်ဗျား ပြောစရာရှိတာ ဒါပဲလား"

"ဒါပဲ"

"သံလှောင်အိမ်ချိုင့်ကြီးထဲက ဆူဇန်နီကို သတိမရတော့ဘူးလား"

"သေပေစေ ... ငါ့စစ်တပ်ကို ငါသစ္စာမဖောက်ဘူး"

နောက် ၅ မိနစ်ခန့် ကြာသောအခါ ကိုမောင်မောင်အား ကြိုးများဖြင့် တုပ်နှောင်ကာ လှောင်ချိုင့်ရှိရာသို့ ယူဆောင်လာပြီးလျှင် သံတံခါးကို ဖွင့်၍ နွယ်ပင်ကြီး၏ ပင်စည်အနီးတွင် ချထားလေ၏။ ထိုအချိန် ၌ နွယ်ပင်ကြီးမှာ တစ်စုံတစ်ရာ ရန်မမူတတ်သကဲ့သို့ နှာမောင်းများသည်လည်း မှိုပွင့်ကြီးသဖွယ် အပေါ်တွင် စုလျက်ရှိသည်။

"ခင်ဗျား တော်တော်မိုက်တဲ့ လူတစ်ယောက်ပဲ။ နို့ပေမယ့် သတ္တိကိုတော့ ချီးကျူးပါတယ်။ ကိုင်း ... ဂွဒ်ဘိုင် ကိုမောင်မောင် နေရစ်ပေတော့"

ဒေါက်တာဆူဇူကီသည် သံတံခါးကို အပြင်မှ သော့ခတ်ပိတ်လိုက်ပြီးနောက် ကိုမောင်မောင်အားပြောင်လှောင် ရယ်မောကာ ဦးညွှတ်ဟန်ပြုလျက် စစ်သားနှစ်ယောက်နှင့် အတူထွက်သွားလေ၏။

ကိုမောင်မောင်၏ ကိုယ်မှာ ပင်စည်လုံးကြီးဖြင့် ထိကပ်လျက်ရှိရာ လူတစ်ယောက်၏အသားနှင့် ကပ်နေရသကဲ့သို့ ခပ်နွေးနွေးရှိ၏။ ထို့နောက် သူသည် နံဘေးသို့ကိုယ်ကို စောင်းနိုင်သမျှစောင်းကာ သစ်ပင်ကြီးနှင့် အဝေးဆုံးထောင့်တစ်ခုသို့ ရွေ့ရွေ့လိမ့်၍လာခဲ့လေ၏။

လှောင်ချိုင့်၏ အမိုး၌ရှိသော ဓာတ်မီးလုံးကို ဒေါက်တာ ဆူဇူကီသည် တမင်သက်သက်သော်လည်းကောင်း၊ မေ့၍သော်လည်းကောင်း မငြိမ်းဘဲ ထားခဲ့၏။ သို့နှင့် ကိုမောင်မောင်သည် ဓာတ်မီးရောင်တွင် သစ်ပင်ကြီးနှင့်တကွ သံလှောင်ချိုင့် အတွင်းအပြင် အနီးအပါးကိုပါ ကောင်းစွာမြင်ရလေသည်။

သူကား နောက်ဆုံးလမ်းသို့ ရောက်ရချေပြီ။ မျှော်လင့်ချက်လည်း တစ်စုံတစ်ရာ မရှိတော့ပြီ။ ငြိမ်သက်၍နေသော သတ္တဝါကြီးကား မကြာမီ လှုပ်ရှားလာကာ သူ၏ အသွေးအသားကို ဝါးမျိုပေတော့မည်။ ကိုမောင်မောင်၏ အကြံမှာ သေပင်သေရသော်လည်း နာကျင်ခြင်းကင်းမဲ့သော သေခြင်းမျိုးဖြင့် သေလိုသည်။ သတိလစ်နေခိုက်၌ အမြန်ဆုံးသေလိုသည်။ ထို့ကြောင့်လည်း သူသည် နာကျင်ခြင်း ကြောက်ရွံ့ခြင်းတို့မှ ကာကွယ်နိုင်သည့် မေ့ဆေးပုလင်းကို





တိတ်တဆိတ် ခိုးယူလာခြင်း မဟုတ်ပါလော။ သို့နှင့် သူသည် လွတ်လပ်လျက် ရှိသော လက်တစ်ဘက်ဖြင့် မေ့ဆေးရည်ပုလင်းကို အိတ်ထဲမှ ဆွဲထုတ်ကာ ပုလင်းဘူးဆို့ကို ခပ်လျော့လျော့ ဖွင့်ထားလိုက်၏။ ထိုအချိန်၌ သစ်ပင်ကြီးဆီမှ သစ်သီးပုပ်နံ့ကဲ့သို့ ချိုတိုတို၊ ညှီတီတီ အနံ့တစ်မျိုးကို ခံစားရ၏။ နွယ်ပင်နှင်ကြီးကား မကြာမီ နိုးကြား၍လာတော့မည် မလွဲတည်း။

ကိုမောင်မောင်ကား သန်မာဖျပ်လတ်တုန်း အရွယ်ဖြစ်၏။ စစ်သားပီသသော စိတ်ရှိ၏။ သေပင်သေရငြားသော်လည်း နောက်ဆုံး အချိန်အထိ ကြိုးစားတိုက်ခိုက်ပြီးမှ သေတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။

ကိုမောင်မောင်အား လှောင်ချိုင့်အတွင်းသို့ ကြိုးများနှင့် တုပ်နှောင်ထည့်ခဲ့စဉ်က ဂျပန်များသည် ကြိုးများကို ဂရုတစိုက် မတုပ်ဘဲ၊ ခပ်လျော့လျော့ တုပ်ထားသဖြင့် အတင်းရုန်းကန်သောအခါ ခြေနှင့် လက်များတွင် အတန်ငယ် ပွန်းပဲ့လျက် အနှောင်အဖွဲ့မှ လွတ်မြောက်လေ၏။

သို့နှင့် သူသည် တိရစ္ဆာန်များသွင်းသော တံခါးကလေးကိုလည်းကောင်း၊ လူဝင်ပေါက် တံခါးကြီးကိုလည်းကောင်း ဖွင့်ရန်ကြိုးစား၏။ သို့သော် သံတိုင်များကား ကြံ့ခိုင်လှ၏။ ထို့နောက် လှောင်ချိုင့် အမိုးပေါ်သို့ သံတိုင်များမှ တက်ရောက် ရန်ကြိုးစားပြန်၏။ သို့သော် နွယ်နှာမောင်းကြီးများကား လှောင်ချိုင့် အတွင်းမည်သည့် နေရာသို့မဆို ရောက်အောင် ရှည်လျား၏။ လွတ်မြောက်ရန် လမ်းကား မရှိတော့ပြီ။

ထိုအခါ ကိုမောင်မောင်သည် အိမ်တွင် ကျန်ရစ်ခဲ့သော မိခင်ကြီး၏ မျက်နှာကိုလည်းကောင်း၊ သွားလေသူဖခင်ကြီး၏ ဆုံးမစကားများကိုလည်းကောင်း မြင်ယောင်ကြားယောင်မိ၏။ ထို့နောက် မိမိ၏ ရည်းစားဖြစ်သူ အမြအား လွမ်းဆွတ်သတိရမိ၏။ အမြထံ နောက်ဆုံးစာရေး၍ မှာကြားနိုင်က မှာကြားခဲ့ဦးမည်ဟု စိတ်ကူးမိ၏။ အိတ်ထဲတွင် လက်နှက်ဟူ၍ တစ်စုံတစ်ရာ မပါသော်လည်း ခဲတံတိုကလေးတစ်ချောင်း၊ စာရွက်စုတ်ကလေးတစ်ခုကို တံအားလျော်စွာ တွေ့ရလေ၏။

"အမြ ... အမြ ... မင်းဟာ ဘာပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ကိုမောင်မောင် မင်းကိုချစ်တာပါပဲကွယ်။ ငါမရှိတဲ့နောက် ဒီစာကလေးဟာ မင်းလက်ထဲကို တစ်နည်းနည်းတော့ ရောက်ပါစေဆိုတာ ဆုတောင်းတာပါပဲ"

သို့တစ်ကိုယ်တည်း ပြောဆိုပြီးနောက် ကိုမောင်မောင်သည် စာရွက်ကလေးကို ဒူးပေါ်တင်ကာ အောက်ပါစာလုံးများကို ခဲယဉ်းစွာ ရေးသားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမြရေ၊ ကိုမောင်မောင် သွားပြီ။ နှုတ်ဆက်ခဲ့ပါတယ်။ ကိုမောင်မောင် သေရှာပေမယ့် နောက်ဆုံးအချိန်အထိ အမြအပေါ် မုန်းစိတ် မရှိပါဘူးကွယ် ... မောင်"

ထိုခဏ၌ သစ်ရွက်များကို မြွေများ လျှောက်သွားသကဲ့သို့ တရှဲရှဲ မြည်သော အသံများကို ကြားရလေရာ ကိုမောင်မောင်သည် ဖျတ်ခနဲ လန့်ဖျန့်၍ သွားမိ၏။ နွယ်ပင်ကြီးမှ နာမောင်းကြီးများသည် ပင်စည်တွင် ထွေးလုံးလျက် ရှိရာမှ တဖြည်းဖြည်း ပြေ၍လာပြီးလျှင် လှုပ်ရှားစ ပြု၍လာလေပြီ။ နာမောင်း တစ်ခုသည် သူ၏လက်မောင်းရင်းဆီသို့ တွားလာပြီးလျှင် ရစ်ပတ်စပြုလေ၏။ သို့တွင် မေ့ဆေးရည် ပုလင်းသာ အားကိုးရန် ရှိတော့၏။

သို့နှင့် ကိုမောင်မောင်သည် ပုလင်းကို ဖွင့်လိုက်ကာ နာခေါင်းဆီသို့ အပ်လိုက်၏။ သို့ပြုလုပ်ရာတွင် အရင်စလိုပြုလုပ်ရသောကြောင့် နွယ်နာမောင်း ၏အဖျားပေါ်တွင် ဆေးရည် အနည်းငယ် ယိုဖိတ်ကျသွားလေသည်၊ သို့ဖိတ်ကျ သွားသည်နှင့် တစ်ပြိုင်နက် ထိုသန်မာလှသော နာမောင်းသည် အရင်းမှ ဓားနှင့် ဖြတ်၍ချလိုက်သကဲ့သို့ သူ၏ခြေရင်းတွင် ပြော့ခွေကာ ပုံ၍ ကျသွားလေ၏။ ကိုမောင်မောင်သည် မိမိအသက်ကို လွတ်မြောက်ရန် ကြိုးစားရစဉ် အရေးထက် ထူးဆန်းသော ဖြစ်ပျက်ပုံကို တစ်ခဏမျှ အံ့အားသင့်ကာ ငေးမောကြည့်ရှု၍ နေမိ၏။ ထို့နောက် လည်ပင်းဆီသို့လာ၍ ပတ်သောနွယ်များပေါ်သို့ မေ့ဆေး ရည်ကို အနည်းငယ် လောင်းထည့်လိုက်ပြန်၏။ ၎င်းတို့လည်း ပထမနွယ်၏ နည်းတူ ပြော့ခွေကျသွားပြန်လေသည်။ မေ့ဆေးရည်ကား နွယ်ငန်းပင်ကို နိုင် နိုင်သည့် ထူးဆန်းသော တန်ခိုးသတ္တိ ရှိ ဟန်တူ၏။

သို့ရှိစဉ် နာမောင်း လေးငါးခြောက်ခုတို့သည် သူ၏ကိုယ်လုံးကို နောက်မှလာ၍ တစ်ပြိုင်နက် လာရောက်ရစ်ပတ်လေရာ ကိုမောင်မောင်မှာ နို့စို့ ရွယ်ကလေးတစ်ယောက်အား လူကြီးက ပွေ့ချီသွားသကဲ့သို့ ပင်စည်ထိပ်သို့ တစ်ခါတည်း ပါသွားလေတော့၏။ သို့သော် ကိုမောင်မောင်ကား သတိကင်း လွတ်ခြင်းမရှိပေ။ နွားမတန်း တစ်ကောင်လုံးကို ဖျစ်ညှစ် သတ်ဖြတ်ကာ မြို၍ သွားသော တွင်းကြီးရှိရာသို့ လက်လှမ်းမီသည်နှင့် တစ်ပြိုင်နက် ကိုယ်တိုင် မူးဝေလျက်ရှိရာမှပင် မေ့ဆေးရည်ပုလင်းကို တွင်းထဲသို့ ပုလင်းလိုက် တစ်ခါ တည်း ပစ်ချလိုက်လေ၏။

သူသည် မေ့ခနဲ သတိလစ်၍သွားသေး၏။ သို့သော် သတိရ၍ ပြန် ကြည့်လိုက်သောအခါ နွယ်များသည် သူ၏ကိုယ်တွင် ရစ်ပတ်ခြင်း မရှိတော့ဘဲ ပင်စည်ကြီး၏ခြေရင်းတွင် မြွေသေကောင်များကဲ့သို့ တစ်စုံတစ်ရာ တွန့်လိမ်လှုပ် ရှားခြင်းမရှိတော့ဘဲ စုပုံ၍နေသည်ကို တွေ့ရလေသည်။ ဒေါက်တာဆူဇူကီ၏





ကြောက်မက်ဖွယ်ကောင်းသော 'ဆူဇန်နီ'ခေါ် အသားစားသစ်ပင်ကြီးသေား တစ်ခါ တည်း ပျော့ခွေ၍ ကျသွားချေပြီ။ ကိုမောင်မောင်သည် ဖင်ချည်ကြီးအနီးတွင် လဲလျက်ရှိရာမှ လှောင်ချိုင့်၏ ထောင့်စွန်းတစ်ခုသို့ ဒယိမ်းဒယိုင် သစ္စာလာခဲ့လေ ၏။ သစ်ပင်များမှာ မေ့ဆေးရည်ကြောင့် ညှိုးနွမ်းသွားတတ်ရာ ဆူဇန်နီမှာ သစ် ပင်တို့ သဘာဝထက် အသက်ရှိသောတိရစ္ဆာန်တို့ သဘာဝက ပိုမိုများသော ကြောင့်ပေလော မသိ။ ဆေးရည်၏တန်ခိုးအစွမ်းကို ခံစားသွားရဟန်တူ၏။ အသားအသွေးကို စုပ်ယူစားသောက်လေ့ရှိသော အသက်ဝင်နေသည့် နွယ်ငန်း ပင်ကြီးကား မေ့ဆေးရည်တန်ခိုးဖြင့် တစ်ခါတည်း ဇိဝိန်ချုပ်ငြိမ်းရရှာလေပြီ။

ကိုမောင်မောင်မှာ အနိုက်အတန့်အားဖြင့် အသက်မှ ချမ်းသာရာ ရခဲ့ ၏။ သို့သော် မလွတ်မြောက်သေးချေ။ လွတ်မြောက်ရန် မဆိုထားဘိဦး၊ လှောင် အိမ်အတွင်းမှ ထွက်ရန်ပင် ခဲယဉ်းလှချေသေး၏။ သံတိုင်များကား ကြံ့ခိုင် တောင့် တင်းလှပေသည်။ နွယ်ငန်းပင်ကြီးပင် သေ၍သွားပြီဖြစ်သော်လည်း လွတ်မြောက် ရန်အကား ဝေးလှသေးသည်။ သို့ရှိစဉ် ပြာလဲ့သော အလင်းရောင်တစ်ခုကို ဝေးမှ မြင်ရသဖြင့် မိုးလင်းတော့မည်ဖြစ်ကြောင်း သိရ၏။

မေ့ဆေးကို အတန်ငယ် ရှူရှိုက်မိသဖြင့် မူးဝေလျက်ရှိသေးသည့်ပြင် ခြေကုန်လက်ပန်းလည်း ကျ၍နေပြီဖြစ်သဖြင့် ကိုမောင်မောင်မှာ မေ့ခနဲ ဖြစ်၍ သွား၏။ သို့သော် အိပ်၍ကား မပျော်ချေ။ ယင်းကဲ့သို့ မေ့ခနဲ ဖြစ်သွားသည့် အခိုက်၌ပင် မလှမ်းမကမ်းမှ ခြေသံများကြားရသဖြင့် အသံကြားရာဘက်သို့ ကြည့်လိုက်ရာ လှောင်ချိုင့်ကြီးရှိရာဘက်သို့ လာနေသော ဒေါက်တာဆူဇူကီ ပုံသဏ္ဌာန်ကို တွေ့မြင်ရ၏။ ဆူဇူကီကား သံလှောင်အိမ်ကြီးရှိရာသို့ တည့်တည့် ကြီး လာ၍ နေချေပြီ။

ကိုမောင်မောင်သည် ပင်စည်ကြီးကိုကွယ်ကာ ပြော့ခွေကျနေသည့် နွယ်များနောက်တွင် ပုန်းအောင်း၍ နေလိုက်၏။ နီးကပ်၍လာသောအခါ ပင်စည် ကို ကွယ်ကာ အလိုက်သင့် လှည့်ပတ်ပုန်းရ၏။ နွယ်ပင်ကြီး၏ အခြေအနေကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆရာဝန်ကြီးသည် အံ့အားသင့်၍ သွားသည့် ဟန်ဖြင့် ပါးစပ်မှ မသည်းမကွဲ တစ်စုံတစ်ရာ ဟစ်အော်ရေရွတ်လိုက်၏၊ ထို့ နောက် သံတံခါးကို အပြင်မှဖွင့်ကာ သတိကြီးစွာဖြင့် လှောင်အိမ်အတွင်းသို့ တစ်လှမ်းချင်း ဝင်လာသည်။ ထိုအခါ၌ကား ကိုမောင်မောင်မှာ အတိုင်းမသိ ဝမ်းသာမိတော့သည်။

ဒေါက်တာ ဆူဇူကီသည် သူ၏ လက်ကိုင်တုတ်အဖျားဖြင့် ခွေ၍ ကျနေသော နာမောင်းအဖျားကို တို့၍ကြည့်၏။ ယခင်က ကြောက်မက်ဖွယ် ကောင်းလောက်အောင် သန်မာလှသော နွယ်ရှင်များကား ယခုအခါ တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွန့်လိမ်လှုပ်ရှားခြင်း မရှိတော့ချေ။ သို့နှင့် သူသည် ပင်စည်ရှိရာ သို့မရဲတရဲ ချဉ်းကပ်လာပြန်သည်။ ထိုအခါသည်ကား ကိုမောင်မောင်၏ သေရေးရှင်ရေးကို ဆုံးဖြတ်မည့် အခွင့်အရေးပေတည်း။

ကိုမောင်မောင်သည် သူ၏တစ်ကိုယ်လုံးမှ အားများကို ဖျစ်ညှစ်စု ဆောင်းလိုက်ပြီးလျှင် ဖျတ်ခနဲ ပုန်းကွယ်ရာမှထွက်ကာ ဆူဇူကီ၏ လက်ဝဲဘက် မေးရိုးကို ကျုံး၍ထိုးလိုက်၏။ မေးရိုး ကျိုး၍ သွားလေသလော မသိရပေ။ 'ခွပ်' ခနဲ အသံမှာ အတော်အဝေးမှပင် ကြားရသည်။ ထို့နောက် ကိုမောင်မောင်သည် လှောင်အိမ်မှ ထွက်ခဲ့ပြီးလျှင် ပထမတွေ့သည့် လမ်းအတိုင်း စွပ်၍ပြေး၏။ သို့ သော် လမ်းမှာကွေ့ကောက်ပြီးလျှင် လှောင်ချိုင့်ကြီး အနီးသို့ပင် တစ်ဘက်မှ ပြန်ရောက်လာသဖြင့် နောက်သို့လှည့်၍ပြေးရပြန်၏။

နောက်ဆုံး၌ ကိုမောင်မောင်သည် အိမ်ကြီးရှိရာသို့ ကံအားလျော်စွာ ပြန်ရောက်လာရာ သံတံခါးပွင့်နေသည်ကို အခန့်သင့် တွေ့ရသဖြင့် သံတံခါးမှ စွပ်၍အိမ်ထဲ ဝင်သွားလေ၏။ အချိန်မှာ မိုးမလင်းတလင်းမျှ ရှိသေးရာ ကိုမောင် မောင်သည် မိမိအားယခင်က ခေါ်ခဲ့သည့် ကြောင်လိမ် လှေကားအတိုင်း တက် သွားလေသည်။ အပေါ်ထပ်၌ လူသူမရှိသကဲ့သို့ တိတ်ဆိတ်လျက်ပင် ရှိသည်။

ကိုမောင်မောင်သည် အိမ်ကြီး၏လက်ဝဲဘက် အစွန်ဆုံးတွင်ရှိသော ဧည့်ခန်းအတွင်းသို့ ခြေဖျားထောက်၍ ဝင်သွားရာ ကြိမ်ကုလားထိုင် တစ်လုံးပေါ် တွင် မိမိဘက်သို့ ကျောခိုင်းထိုင်နေသော မိန်းမတစ်ယောက်ကို မြင်ရလေသည်။

မိန်းကလေးသည် လက်ထဲတွင် ခြောက်လုံးပြူး သေနတ်တလက် ကို ကိုင်ထားရာနောက်မှ ခြေသံကြားဟန်ဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"အမြ"

"ကိုမောင်မောင်"

နှစ်ယောက်သားရှေ့သို့ စကားဆက်လက်မပြောနိုင်ဘဲ တစ်မိနစ်ခန့်မျှ အံ့အားသင့်လျက်ရှိသည်။

"ဘယ်လို လွတ်လာတာလဲ ကိုမောင်မောင် ... ဟင် ... သူကော"

"မေ့လဲသွားအောင် လက်သီးနဲ့ တစ်ချက်ထိုးထားခဲ့တယ်"

"ကောင်းပါသေးရဲ့ရှင် ဝမ်းသာလိုက်တာ။ လာ ... လာ ... ကျွန်မတို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး"

"မောင်တို့ ဘယ်ကိုပြေးကြမှာလဲ"

"ရှေ့ကိုပြေးလို့တော့ မဖြစ်ဘူး။ ဥယျာဉ်ထဲမှာလဲ သူတို့တစ်တွေ ရှိ မယ်။ လာ ... လာ ... နောက်ဖေးဘက်ကို"





"အမြ လက်ထဲက သေနတ်ကလေး မောင့်ကို ပေးထား။ ယမ်းတောင့် အပြည့်လား"

"ဟုတ်တယ် ကိုမောင်မောင် မြန်မြန်လုပ်"

"လက်ထဲမှာ သေနတ်ရှိပြီ အမြရေ။ လူလေးငါးခြောက်ယောက်တော့ ကြောက်ဖို့ မရှိတော့ဘူး"

"မလုပ်နဲ့ မောင်ရေ၊ သူတို့က ရိုင်ဖယ်ကိုယ်စီရှိတာ ..."

အမြသည် နောက်ဖေးဘက်မှ တံခါးကလေးတစ်ခုကိုဖွင့်၍ အောက် သို့ဆင်းသော လှေကားမှ နှစ်ယောက်သား လက်တွဲ၍ ဆင်းကြလေ၏။ လှေကားကလေးမှာ ကျဉ်းမြောင်း မတ်စောက်သော်လည်း အောက်သို့ကောင်းမွန် ချောမောစွာ ရောက်ကြလေသည်။

အောက်တွင် ရွှံ့စေးနှင့် သဲများရောစပ်နေသည့် လမ်းကလေး တစ် လျှောက်မှ ပြေးခဲ့ကြရာ မြေသည် ရုတ်တရက် နိမ့်ဆင်းသွားပြီးနောက် ကိုက် ၂၀၀ ခန့်မျှ ပြေးမိလေသော် ကျောက်များ ထူထပ်သည့်နေရာတစ်ခုသို့ ရောက် လာကြ၏။ ပင်လယ်ကမ်းခြေကိုကား မြင်ရလေပြီ။

သို့ရှိစဉ် အိမ်ကြီးဆီမှ 'ဒိုင်း' ခနဲ သေနတ်သံ တစ်ချက် ကြားလိုက်ရ ပြီးလျှင် ကျည်ဆံတစ်ခုသည် သူတို့နှစ်ယောက် ခေါင်းပေါ်မှ ကျော်သွား၏။ ကျောက်ဆောင်များအကြားမှ လှမ်း၍ကြည့်လိုက်ရာ အိမ်ကြီး၏နောက်ဖေး ဝရန်တာတွင် ဂျပန်တစ်ယောက်ကိုမြင်ရ၏။ သူ၏လက်ထဲတွင် ရိုင်ဖယ်တစ်လက် ကိုင်ထားသည်ကိုလည်း မြင်ရ၏။ မကြာမီ ထိုနေရာသို့ ဂျပန် သုံးလေးယောက် စုရုံးလာရာ သေနတ်ကိုင်ထားသော ဂျပန်သည် ပင်လယ်ဘက်သို့ လက်ညှိုးညွှန် ပြလျက်ရှိ၏။ နောက်ဆုံး၌ မီးခိုးရောင်အင်္ကျီနှင့် လူတစ်ယောက် ထွက်လာပြန်ရာ ထိုသူသည် ပင်လယ်ဘက်သို့ မှန်ပြောင်းနှင့် ကြည့်ရှုနေသည်ကို မြင်ရပြန်၏။ ထိုသူကား ကိုမောင်မောင်၏မိတ်ဆွေ ဒေါက်တာ ဆူဇူကီပင် ဖြစ်လေသည်။ ထိုခဏတွင် ပင်လယ်ဘက်မှ ပေါက်ကွဲသော အသံကြီးတစ်ခုကို ကြားရပြန်ရာ ဂျပန်များကား ဝရန်တာမှ ကြက်ကလေးပျောက် ပျောက်၍သွားကြကုန်၏။ သို့ နှင့် နှစ်ယောက်သားတို့သည် ပင်လယ်ဘက်သို့ ဆက်လက်ပြေးကြပြန်သည်။

ပေါက်ကွဲသံကြီးကား အမြောက်သံဖြစ်၍ ဆက်ကာ ဆက်ကာ ကြား ရပြီးလျှင် သင်္ဘောတစ်စင်းသည် ကမ်းဘက်သို့ ချဉ်းကပ်လာသည်ကို ခပ်ဝေး ဝေးမှ မြင်ရ၏။ ထိုအခါမှ အိမ်ကြီးကို သင်္ဘောမှ အမြောက်နှင့် ပစ်ခတ်လျှက် ရှိကြောင်း သိရလေသည်။

"အင်္ဂလိပ်သင်္ဘောပဲ ... အမြရေ့။ ကိုယ်တို့တော့ ချမ်းသာပြီ၊ လာ လာ"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကိုမောင်မောင်သည် အမြကိုလက်တွဲကာ ရေစပ်သို့ ရောက်လု မတတ်ပြေးသွား၏။ အမြောက်ဆန်များသည် အိမ်ကြီးရှိရာသို့ သုံးလေးကြိမ်မျှ ဆက်၍ကျရောက်လေရာ ထိုအတွင်းအိမ်ကြီးဆီမှ မီးခိုးလုံးကြီးများ ထလာသည်ကို မြင်ရ၏။ သင်္ဘောသည်လည်း ကောင်းစွာမြင်နိုင်လောက်သည့်နေရာသို့ ရောက်ရှိလာပြီဖြစ်ရာ သင်္ဘောဦးမှ မဟာမိတ် အလံတစ်ခု တပ်လာသည်ကို မြင်ရပြန်သဖြင့် မိမိတို့ဘက်မှ ဖြစ်ကြောင်း ပို၍သေချာတော့၏။ ကိုမောင်မောင်သည် လက်ကိုင်ပဝါကိုထုတ်ကာ သင်္ဘောဆီသို့ အချက်ပြလျက်ရှိလေသည်။

အမြောက်များနှင့် ပစ်ခတ်နေသည့် အတွင်းမှပင် သင်္ဘောမှ သင်္ဘောသား ၁၂ ယောက်ခန့် ပါသောလှေကလေးတစ်စင်းသည် ကမ်းခြေသို့ ချဉ်းကပ်လာ၏။

နောက်နာရီဝက်ခန့် ကြာသော အခါ ကိုမောင်မောင်နှင့် အမြတို့သည် အင်္ဂလိပ်သင်္ဘောပေါ်သို့ ရောက်သွား၍ ကိုမောင်မောင်သည် သင်္ဘောကပ္ပတိန်အား သူ၏ကိုယ်တွေ့ အဖြစ်အပျက်များကို ပြန်ပြောလျက် ရှိလေသည်။

"ဟုတ်တယ် ကိုမောင်မောင်၊ ဒီနွယ်ပင်မျိုးဟာ တောင်အာဖရိက တောနက်ထဲမှာ ရှိတယ်ဆိုတာ ကျုပ်လည်း ကြားဖူးတယ်။ လက်စသပ်တော့ ဒီအသားစားပင်မျိုး ဟိုအကောင်တွေ လက်ထဲ အခုရောက်နေတာကိုဗျ။ ဒါထက် ခင်ဗျား သတ္တိကို ကျုပ်ချီးကျူးသဗျို့"

"သတ္တိကောင်းတယ်လို့တော့ မဟုတ်ပါဘူးဗျာ။ ကျွန်တော်လည်း သေရမယ့် အတူတူ မထူးတော့ဘူးဆိုပြီး စွန့်တော့တာပါပဲ"

"စစ်သားဆိုတာ ဒီလိုစွန့်မှလည်း ခရီးရောက်တာဗျ"

"မှန်ပါတယ် ကပ္ပတိန်"

"ခင်ဗျားတို့ မြန်မာလူမျိုးတွေအပေါ်မှာ အရင်က ကျုပ်အထင်သေးမိတာ ဒီကနေ့ကစပြီး ပျောက်လိုက်ပြီဗျို့"

"ကျေးဇူးတင်ပါတယ်၊ ကပ္ပတိန်"

"ဒါထက် ခင်ဗျားတို့ ဘယ်ကို သွားချင်သလဲ"

"မော်လမြိုင်ကိုပဲ ပို့ပေးပါ ကပ္ပတိန်"

"ကောင်းပါပြီ"

ရွှေမဝမဂ္ဂဇင်း

## အဝိဉာဏက သက်သေ

ယခုရေးသားအံ့သော အဖြစ်အပျက်ကလေးမှာ အာဖရိကတိုက် အရှေ့ဘက်ရှိ 'ဖမ်ဇီဗာ' ကျွန်းတွင် ဖြစ်ပျက်ခဲ့သော ရာဇဝတ်မှုတစ်မှု ဖြစ်လေသည်။ ဖမ်ဇီဗာကျွန်းသည် အင်္ဂလိပ်လက်အောက်ခံနိုင်ငံတစ်ခုဖြစ်၍ အာဖရိကတိုက် အရှေ့ဘက် အတော်ဝေး၌ တည်ရှိပြီးလျှင် စတုရန်းမိုင် ၆၄၀ မျှသာရှိ၏။ ထိုအမှုကို လိုက်ပါဆောင်ရွက်သူမှာ အာဖရိကအရှေ့ပိုင်းတွင် ဝတ်လုံတော်ရ အဖြစ်ဖြင့်လည်းကောင်း၊ တရားသူကြီးအဖြစ်ဖြင့်လည်းကောင်း၊ အစိုးရရှေ့ချုပ်ကြီးအဖြစ်ဖြင့်လည်းကောင်း၊ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ဖူးသူဖြစ်၏။

အမှုမှာ လူသတ်မှုတစ်ခုဖြစ်၏။ တရားခံအပေါ်၌ စွပ်စွဲထားသော အချက်မှာ လက်ဝဲဘက် လက်မပုံစံရာ တစ်ခုသာရှိ၍ အမှုအဖြစ်အပျက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချသော အိန္ဒိယလူမျိုး တိုင်းရင်းသားတစ်ယောက်မှာ သူ၏ဆိုင်အတွင်း၌ ပင်အသတ်ခံရလေရာ အလောင်းအနီးတွင် ဆန်များ၊ ဂျုံမှုန့်များ၊ ကြက်သွန်နှင့် ငရုတ်သီးများ၊ ပဲများပြန့်ကြဲလျက် ရှိနေ၏ ရဲအရာရှိများက ရှာဖွေသောအခါ သွေးများစွန်းပေလျက်ရှိသည့် ဓားရှည်တစ် ချောင်းကို ရရှိ၏။ ယင်းဓားရှည်မှာ ရှေးအခါက အိန္ဒိယပြည်တွင် သူ... ခဲ့စဉ်က ဗြိတိသျှမြင်းတပ်က အသုံးပြုသော ဓားရှည်မျိုးဖြစ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းခဲ့သည့် ပစ္စည်းတစ်ခု ဖြစ်ဟန် လက္ခဏာရှိ၏။ ဓားရှည်မှာ အနှောင့်အထိ သွေးများစွန်းပေလျက်ရှိရာ ဓားသွားနှင့် အရိုးအပေါ်၌ လက်ဗွေရာများကို တွေ့ရ၏။ သို့သော် ယင်းတို့မှာ သေသူ၏ လက်ရာများသာ ဖြစ်လေသည်။ ထို့နောက် အသေအချာ ထပ်မံရှာဖွေသောအခါ ပြန့်ကြဲနေသော ကုန်ပစ္စည်းများအကြား၌ လတ်လတ်ဆတ်ဆတ် ပြတ်၍နေသော လူလက်မပြတ်ကလေးတစ်ခုကို တွေ့ရလေရာ ထိုလက်မ ပြတ်သွားသူပင် တရားခံဖြစ်ရမည်ဟု ယူဆရသည့်အတိုင်း ရဲက လက်မပြတ်သော တရားခံကို လိုက်လံရှာဖွေလျက်ရှိနေခဲ့၏။ (သေသူမှာ ဦးခေါင်း၌သာ ဒဏ်ရာရှိ၍ အခြားနေရာ၌ ဒဏ်ရာ ဒဏ်ချက်ဟူ၍ မရှိချေ။)

ထိုအမှုနှင့် ပတ်သက်၍ စုံထောက် အရာရှိများသည် လက်မပြတ်ကလေးအပေါ်တွင် တွေ့ရသော လက်မပုံစံနှင့် မိမိတို့ လက်လှမ်းမီသမျှ လူဆိုးများ၏ လက်ပုံစံများကို နှိုင်းယှဉ်ရှာဖွေရာ ထိုလက်မပြတ်ကလေးမှ လက်ပုံစံမှာ လွန်ခဲ့သော ၁၁ နှစ်ခန့်က ထောင်မှလွတ်သွားသည့် ဂျူးမားဆို သူ၏လက်ပုံစံနှင့် ထပ်ထူထပ်မျှတူ၍ နေသည်ကို တွေ့ရှိရ၏။ သူ၏နာမည်အရှည်မှာ 'ဂျူးမားဗင်ဟာမဒီ' ဖြစ်၍ ၎င်း၏ရာဇဝတ်မှု မှတ်တမ်းအရ ဂျူးမားသည် ဂျူစပါးခိုးမှုဖြင့် ထောင်တွင် ၃ လမျှ အကျဉ်းခံရပြီးနောက် ထောင်မှလွတ်သွားကြောင်း တစ်နှစ်ခန့်အကြာတွင် 'တန်ဂန်ယီကာ' ဘက်သို့ ထွက်ခွာသွားတော့ကြောင်း သိရှိရ၏။ ဤသို့ဖြင့် ကုန်စုံဆိုင်ရှင်ကို သတ်မှု၌ တွေ့ရှိရသော လက်မပြတ်ကလေး၏ လက်မပုံစံနှင့် လွန်ခဲ့သော ၁၁ နှစ်ခန့်က ထောင်ဒဏ်ကျခံခဲ့ရသည့် အကျဉ်းသား ဂျူးမား၏ လက်ရာနှင့် မည်သည့်အတွက်တူနေသည်ကို ရဲအရာရှိများသည် ဆက်သွယ်၍ မရချေ။ ထိုအကျဉ်းသား ဂျူးမားမှာ ထောင်က လွတ်ပြီးနောက် နိုင်ငံမှ တစ်ခါတည်း ထွက်ခွာသွားရာ ယခုအချိန်၌ မည်သည့်နေရာ၌ ရှိနေသည်ကိုပင် စုံစမ်း၍ မရတော့ချေ။

သို့နှင့် လက်မပြတ်ကလေးသည် လွန်ခဲ့သော ၁၁ နှစ်ခန့်က ထောင်မှ လွတ်သွားသော ဂျူးမားဆိုသူ၏ လက်မပင်လော၊ သို့မဟုတ် ၎င်း၏လက်မပုံစံနှင့် တစ်ထေရာတည်းတူသော အခြားတစ်ယောက်ပင်ရှိလေ သလော။

လူတစ်ယောက်၏လက်ဗွေရာသည် အခြားလူတစ်ယောက်၏ လက်ဗွေရာများနှင့် မည်သည့်အခါမျှ မတူချေ။ ၎င်း၏ မိဘဆွေမျိုးသားသမီးတို့၏ လက်ဗွေရာနှင့်ပင် မတူသဖြင့် လူတစ်ယောက်လျှင် လက်ဗွေရာ တစ်မျိုးစီ ရှိလေသည်။ လူတစ်ယောက်၏လက်ဗွေရာများကို ထိုလူ၏တစ်သက်တွင် သာမန်နည်းအားဖြင့် ပြောင်းလဲအောင် မပြုလုပ်နိုင်ချေ။ ရေနွေးဖြင့်သော်လည်းကောင်း၊ မီးဖြင့်သော်လည်းကောင်း၊ အဆိပ်ရည်ဖြင့်သော်လည်းကောင်း ပျက်ပြားအောင်





လုပ်နိုင်သည် ဆိုစေကာမူ ခဏတ္တမျှသာ လုပ်နိုင်ပေသည်။ အနာများ ကျက်ပြီးနောက် အရေခွံသစ်များဖြစ်ပေါ်လာသောအခါ လက်ဗွေသစ်များသည် အနာမဖြစ်မီအချိန်က နဂိုရှိသည့် လက်ဗွေရာများအတိုင်း ပေါ်လာလေသည်။

သို့နှင့် လူဆိုးများကို ရှာဖွေဖမ်းဆီးရာ၌ လက်ဗွေရာဖြင့် ရှာဖွေသောနည်းမှာ အကောင်းဆုံး သဲလွန်စတစ်ခုဖြစ်ပေသည်။

ဤသို့စစ်ဆေးရာတွင် လက်ဗွေရာကို ဓာတ်ပုံရိုက်ယူကာ ပုံကြီးချဲ့ပြီးနောက် ဗွေရာတွင်ပါရှိသော (၁) ကုန်းဗွေ (၂) လှိုင်းဗွေ -(၃) ခရုပတ်ဗွေ (၄) ဗွေပူး စသည်တို့တွင် ပါရှိသော လက္ခဏာရပ်များကို ရေတွက်စစ်ဆေးပြီးလျှင် မိမိနှိုင်းယှဉ်လိုသည့် ဗွေရာတွင် ပါရှိသော ယင်းဗွေမျိုးများ၏ လက္ခဏာရပ်အရေအတွက်များနှင့် နှိုင်းယှဉ်ကြည့်ရှုခြင်းအားဖြင့် မူလ လက်မပုံစံသည် နှိုင်းယှဉ်ကြည့်သော လက်မပုံစံနှင့် တူမတူကို ခွဲခြားသိနိုင်လေသည်။

ထိုအချိန်၌ ဇမ်ဇီဗာကျွန်းတွင် ပိုက်ဆံကြေးငွေ အတော်အတန် ပြည့်စုံသူများသည် အဆမတန်အတိုးများဖြင့် ဆင်းရဲသားများအား ငွေများ ချေးလျက်ရှိရာ မြီစားများဘက်မှ အနည်းငယ် ချို့ယွင်းရုံမျှနှင့်ပင် ပေါင်နှံထားသော ပစ္စည်းများနှင့် အာမခံထားသော ပစ္စည်းများကို မတရားသဖြင့် သိမ်းယူတတ်ကြ၏။ ဤသို့ဖြင့် မြီရှင်နှင့် မြီစားတို့သည် မကြာခဏ စကားများတတ်ရာ ယခု လူသတ်မှုသည်လည်း ယင်းကိစ္စမျိုးမှ ပေါ်ပေါက်လာဟန် လက္ခဏာရှိသည်ဟု ယူဆရ၏။

စီအိုင်ဒီ-စုံထောက်အရာရှိများသည် 'တန်ဂန်ယီကာ' ဇမ်ဇီဗာနှင့် အနီးပတ်ဝန်းကျင်ရှိ အာဖရိကတိုက်ကမ်းခြေတလျှောက်၌ လက်ဝဲဘက် လက်မပြတ်နေသူများကို လိုက်လံရှာဖွေကြရာ အတော်အမြောက်အများတွေ့ရ၏။ သို့သော် ထိုသူများသည် မည်သည့်အတွက် မိမိတို့လက်မ ပြတ်ရသည် မည်သည့်အခါက ပြတ်ရသည်ကို တိကျစွာသက်သေ သာဓက ပြနိုင်ကြသဖြင့် မဖမ်းဆီးနိုင်ကြချေ။ သို့နှင့် ရဲအရာရှိများသည် အားမလျှော့ဘဲ ဆက်လက်ရှာဖွေကြရာ ၂နှစ်နီးပါးမျှပင် အချိန်ကြာ၍ လာခဲ့၏။

ဇမ်ဇီဗာကျွန်းမှာ ကမ္ဘာတဝှမ်းလုံးသို့ လေညှင်းပွင့်နှင့် လေးညှင်းဆီများ ဖြန့်ဖြူးရာ ဌာနဖြစ်သဖြင့် လေးညှင်းပွင့်များ ခူးဆွတ်ချိန်ကျရောက်တိုင်း အနီးပတ်ဝန်းကျင် နိုင်ငံဒေသများမှ အလုပ်ရှာဖွေနိုင်ရန် လူပေါင်းများစွာ လာရောက်လေ့ရှိ၏။ ထိုအချိန်မှာ ဆွတ်ခူးချိန်ဖြစ်သဖြင့် လူပေါင်းနှစ်သောင်းခန့်မျှ အလုပ်အကိုင်ရှာဖွေရန် ရောက်လာကြ၏။ သို့နှင့် မစ္စတာ စူလတန် ဆိုသူ အာရပ်လူမျိုးစုံထောက်သည် 'လက်မပြတ်' အမှုကို ဆက်လက်လိုက်လံရှာဖွေလျက်ရှိရာမှ ရောက်ရောက်လာသော လူများအား ရှာဖွေစစ်ဆေးလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရှာဖွေရာတွင် လက်ဝဲဘက် လက်မပြတ်၍နေသော ‘ကွန်ဂိုနီ’ ဆိုသူ တိုင်းရင်းသား အလုပ်သမားတယောက်ကို တွေ့ရှိရ၏။

၎င်းအားစစ်ဆေးသောအခါ မိမိ၏အမည်မှာ ‘ကွန်ဂိုနီ’ ဖြစ်ကြောင်း ဖမ်ဗီဗား ကျွန်းသို့ ယခင်က ရောက်ဖူးသော်လည်း လွန်ခဲ့သည့် ၅ နှစ်က စ၍ မရောက်ခဲ့ကြောင်းအစစ်ခံ၏။ သူ၏ လက်ဝဲဘက် လက်မ ပြတ်နေသည့် အကြောင်းကို မေးမြန်းရာ ဂွန်ဂိုနီက ဤသို့ဖြစ်ခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက တန်ဂန်ယီကာ နယ်တောထဲရှိ ခြံတစ်ခြံ၌ အလုပ်လုပ်နေစဉ် ပုဆိန်နှင့် ထင်းခုတ်ရာ၌ လက်ဝဲဘက်လက်မကို မတော်တဆ ခုတ်မိသဖြင့် လုံးလုံးပြတ်သွားကြောင်း အစစ်ခံ၏။ သူ၏ လက်မ ပြတ်သွားသော နေရာရင်းမှာ အမာရွတ်ပင် မထင်တော့ဘဲ သဘာဝအတိုင်းကဲ့သို့ ရှိနေပြီဖြစ်၍ မည်သည့်အချိန်က ပြတ်သည်ကို ဆရာဝန်များပင်မခန့်မှန်းနိုင် ကြချေ။

မည်သို့ပင်ဖြစ်စေ ရဲမှူး ‘စူလတန်’ သည် ကွန်ဂိုနီအား မသင်္ကာသဖြင့် ဖမ်းဆီးလိုက်တော့၏။

ရဲဌာနသို့ ရောက်သောအခါ ရဲမှူး စူလတန်က ဥပါယ်တမျဉ်ဖြင့် အချုပ်သမားအား ကြေးအိုးကြေးခွက်များဖြင့် ထမင်းဟင်းများ ကျွေးပြီးနောက် လိမ္မော်ရည်တစ်ခွက်ကိုလည်း အလွန်သန့်ရှင်း ပြောင်လက်သော ဖန်ခွက်တစ်ခွက်ကို လင်ပန်းပေါ်တွင် တင်၍ပေး၏။

ကွန်ဂိုနီကား ပုလိပ်ထောင်သော ထောင်ချောက်၌ မိလေပြီ။ သူ၏ လက်ရာများသည် ကြည်လင်သောဖန်ခွက်ပေါ်၌လည်းကောင်း၊ ပန်းကန်များနှင့် လင်ပန်း ပေါ်တွင်လည်းကောင်း၊ အခြားအိုးခွက်များပေါ်၌လည်းကောင်း အထင်းသား ထင်၍ ကျန်ရစ်တော့၏။ သူကမူ တစ်စုံတစ်ရာ မရိပ်မိရှာချေ။ ဤသို့ဖြင့် ထိုကျန်ရစ်ခဲ့သော လက်ပုံစံများကို လွန်ခဲ့သော ၁၁ နှစ်ခန့်က ခိုးမှုဖြင့် ထောင်ကျခဲ့ဖူးသော ‘ဂျူးမားဗင်ဟာမဒီ’ ဆိုသူ၏ လက်ရာများနှင့် နှိုင်းယှဉ်ကြည့်ရာ အတိအကျ တူနေသည်ဖြစ်သောကြောင့် လက်မပြတ်ကလေးမှာ သူ၏ လက်မပြတ်ကလေးဖြစ်သည်ဟု ယူဆရ၏။

စီအိုင်ဒီ စုံထောက်ဌာနက သေချာသည်ထက် သေချာစေရန် ကြေးအိုးနှင့် ဖန်ခွက်ပေါ်တွင် ထင်၍နေသော လက်ဗွေရာပုံစံ ဓာတ်ပုံများကို လွန်ခဲ့သော ၁၁ နှစ်ခန့်က ထောင်ကျသူ ‘ဂျူးမား’ ဆိုသူ၏ လက်ရာများနှင့် ယှဉ်ကြည့်ရန် မိမိတို့မြို့မှ လက်ပုံစံအရာရှိနှင့်ပင် အားမရသေးသဖြင့် လန်ဒန်မြို့ရှိ ‘စကော့တလန်ယာဒ်’ စုံထောက်အဖွဲ့သို့ ပေးပို့လေသည်။

ထိုအခါ ‘စကော့တလန်ယာဒ်’ က ယခုပေးပို့သော လက်ပုံစံများမှာ ‘ဂျူးမား’၏လက်ဗွေရာများနှင့် ထပ်တူထပ်မျှ ဖြစ်ကြောင်း ခရုပတ်ဗွေရစ်များ





ကန်းဗွေ လှိုင်းဗွေမှစ၍ အစင်းအကြောင်း အရေအတွက် များပါ ဇယားများ ပြုလုပ်၍ လူတစ်ယောက်တည်း၏ လက်ရာများဖြစ်ကြောင်း ခိုင်လုံစွာတွေ့ရှိချက်ကို ရေးသား၍ပြန်ပို့၏။

ထိုတွေ့ရှိချက် အစီရင်ခံစာလည်း ကွန်ဂိုနီ၏ အမှုတွဲနှင့် တစ်ခါတည်း ပါလာလေသည်။

ဤကဲ့သို့ အခြေအနေ၌ အမှုမှာ ကျွန်ုပ်လက်ထဲသို့ ရောက်လာခဲ့၏။ ကျွန်ုပ်အိမ်သို့ အမှုတွဲများနှင့်အတူ စက်ဆုပ်ဖွယ်ကောင်းသော ဆေးရည်စိမ်ထားသော လက်ပြတ်ကလေးလည်း ပုလင်းတစ်လုံးနှင့် ထည့်၍ ပါလာ၏။

အမှုဖြစ်ပွားသောအချိန်က ‘ဖမ်ဗီဗာ’ကျွန်းတွင် အတိုးကြီးယူ၍ ငွေချေးသော အမှုအခင်းများရှိနေရာ မြို့ရှင်နှင့် မြို့စားတို့ မကြာခဏ စကားများတတ်ကြ၏။ အတိုးကြီးစားသော မြို့ရှင်များအား ဆင်းရဲသားများက ချောင်းမြောင်း လုပ်ကြံသတ်ဖြတ်တတ်၏။ ကျွန်ုပ်၏ အမှုမှာလည်း ဤကဲ့သို့ အမှုများထဲမှပင် ဖြစ်လေသလော မပြောတတ်ပေ။

ကျွန်ုပ်သည် တရားခံအား ကျွန်ုပ်၏ ရုံးခန်းထဲသို့ ခေါ်လာစေ၍ တွေ့ဆုံရာ ‘ကွန်ဂိုနီ’ဆိုသူမှာ အသက် ၃၂ နှစ်ခန့်သာ ရှိသေး၍ အစဉ်လိုလို ပြုံးရွှင်နေသော မျက်နှာရှိပြီးလျှင် ၎င်းကိုကြည့်ရသည်မှာ လူသတ်မှု ကျူးလွန်သော သူတစ်ယောက်နှင့် မတူချေ။ ကျွန်ုပ်က မေးသောအခါ သူ၏အမည်ရင်းမှာ ‘နူဆာအလီ’ ဖြစ်သော်လည်း အားလုံးကပင် ‘ကွန်ဂိုနီ’ ဟုခေါ်ကြကြောင်းဖြင့် ပြောပြ၏။ လက်မပြတ်ထည့်သော ပုလင်းကလေးကို ပြသောအခါ ၎င်းက သူ၏ လက်မ မဟုတ်ကြောင်း ခါးခါးသီးသီး ငြင်းဆိုလျက် ၎င်း၏ လက်မပြတ်ကလေးမှာ ‘တန်ဂန်ယီကာ’ နယ်တောနက်တွင်းရှိ ခြံထဲတွင် ပုတ်ပွဆွေးရိ၍ ယခုအချိန်၌ မြေကြီးသြဇာပင် ဖြစ်၍နေပြီဖြစ်ကြောင်းဖြင့် ပြောဆိုလျက်ရှိလေ၏။

ကျွန်ုပ်က ယခုပုလင်းထဲရှိ လက်မပြတ်ကလေးမှ လက်ဗွေရာများမှာ လွန်ခဲ့သော ၁၁ နှစ်ခန့်က ခိုးမှုဖြင့် ထောင်ကျဖူးသော ‘ဂျူးမား’ ဆိုသူ၏လက်ရာနှင့် တူနေကြောင်းပြောရာ ‘ကွန်ဂိုနီ’ကမူ ထိုလက်မပြတ် ကလေးသည် ဂျူးမား၏ လက်မပြတ်ဖြစ်စေကာမူ သူနှင့် တစ်စုံတစ်ရာ ပတ်သက်ခြင်းမရှိကြောင်း သူကိုယ်တိုင် မည်သည့်အခါမျှ ထောင်တန်းလည်း မကျဖူး။ မည်သူကမျှလည်း သူ၏ လက်ပုံစံများကို မယူဖူးကြောင်း အမှုနှင့် ပတ်သက်၍လည်း တစ်စုံတစ်ရာ မသိကြောင်းဖြင့် ဘူးကွယ်လျက် ရှိလေသည်။

ထိုအခါ ကျွန်ုပ်လည်း တစ်စုံတစ်ရာ ဉာဏ်ရသဖြင့် ကျွန်ုပ်အပါအဝင် လူပေါင်း ၁၂ ယောက် ၁၃ ယောက်ခန့် ပါဝင်သော ဓာတ်ပုံကြီးတစ်ပုံကို ထုတ်ပြီးလျှင် ကွန်ဂိုနီအား ပြလျက် “ကိုင်း ... ဒီလူတွေထဲမှာ ဘယ်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းသိသလဲ လက်ထောက်ပြစမ်း" ဟု ပြောပြီးလျှင် သူ့အား ဓာတ်ပုံကို လှမ်းပေးလိုက်၏။ ထိုအခါ ကွန့်ဂိုနီသည် ဓာတ်ပုံကို အချိန်အတန်ကြာမျှ စေ့စပ်စွာ ကြည့်ရှုပြီးနောက် ကျွန်ုပ်၏ ပုံကို လက်ဖြင့် ထောက်လျက် "ဟောဒါက သခင်ပဲ" ဟု ပြန်ပြောသည်။

ထိုအခါ ကျွန်ုပ်က –

"မှန်တာပေါ့ကွယ့်၊ အဲဒီ ငါ့ဓာတ်ပုံကို မင်းရာပြနိုင်သလို လွန်ခဲ့တဲ့ ၁၁ နှစ်လောက်က ဂျူစပါးခိုးတဲ့ အမှုနဲ့ ထောင်ကျဖူးတဲ့ လူကိုလဲ ငါသိတာပေါ့ကွယ့်။ ဘာဖြစ်လို့လဲဆိုတော့ လက်ပုံစံကို ဓာတ်ပုံ ရိုက်ထားတာဟာ လူတစ်ယောက်ရဲ့ မျက်နှာကို ဓာတ်ပုံ ရိုက်ထားတာနဲ့ အတူတူပဲ။ ဒါကြောင့် ဒီလူဟာ တခြားသူ မဟုတ်ဘူး။ မင်းပဲလို့ ငါ ပြောနိုင်တယ်"

ဆက်လက်၍ –

"ရဲဌာနမှာ ထမင်းစားပြီး လိမ္မော်ရည် သောက်တုန်းက ဖန်ခွက်ပေါ်မှာ မင်းလက်ရာတွေ ထင်ကျန်ရစ်ခဲ့တယ်။ ဒါကြောင့် ရဲဘက်က မင်းဟာ လွန်ခဲ့တဲ့ ၁၁ နှစ်လောက်က ဂျူစပါး ခိုးမှုနဲ့ ထောင်ကျခဲ့ဖူးတဲ့ ဂျူးမားပဲလို့ ပြောနိုင်တယ်။ တကယ်လို့ အခု လူသတ်မှုမှာ သတ်တဲ့လူဟာ မင်းပဲ ထားပါတော့။ မင်းဟာ ကိုယ့်ကိုယ်ကို ခုခံကာကွယ်တဲ့အနေနဲ့ မင်းကို သတ်ရအောင်လာတဲ့ လူကို သေသည်အထိ ပြန်ပြီး ခုခံကာကွယ်နိုင်တဲ့ အခွင့်အရေး ရှိတယ်။ ဒါဟာ မင်းဘက်က အင်မတန် ကောင်းတဲ့ အချက်ပဲ။ ဒါပေမယ့် တစ်ခုရှိတာက မင်းဟာ ငါ့ကို တကယ်ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို အမှန်အတိုင်း ဖွင့်ပြောမှ ဖြစ်မယ်။ တစ်ခုမှ ချန်မထားရဘူး။ အားလုံး ပြောမှ ဖြစ်မယ်။ ဒါမှမဟုတ်ရင် မင်းအမှုမှာ ငါ ဘာမှ မတတ်နိုင်လောက်အောင် ဖြစ်နေတယ်။ ပြီးတော့ မင်းနားလည်ထားဖို့ဟာက ငါဟာ မင်းဘက်က လိုက်တဲ့ ရှေ့နေတစ်ယောက်ဖြစ်လို့ မင်းပြောတဲ့ စကားတွေကို မင်းသဘောမတူဘဲ ဘယ်သူ့ကိုမှ မပြောရဘူး။ ပြောပိုင်ခွင့်မရဘူး။ ဒါဟာ ရှေ့နေတို့ရဲ့ ဝတ္တရား၊ ရှေ့နေများရဲ့ ဥပဒေပဲ။ အဲဒီတော့ မင်း အခုသွားပြီး ငါပြောတဲ့ စကားတွေကို သေသေချာချာ စဉ်းစားပေတော့။ အမှန်တရားသာ မင်းကို ဒီအမှုက လွတ်မြောက်အောင် ကယ်နိုင်လိမ့်မယ်။ ပြီးတော့ တစ်ခုလဲ မင်းဟာ ငါ့ကို တစ်ခုခု စကားပြောချင်ရင် ဘယ်အချိန် ဘယ်အခါမဆို မင်းလာပြီး ပြောနိုင်တယ်။ အချုပ်လူကြီးဆီမှာ အခွင့်တောင်းရင် အခွင့်ပေးဖို့ ငါ ပြောထားပြီးပြီ။ ကဲ ... ကဲ အခုတော့ သွားပေတော့"

ကျွန်ုပ် ပြောလိုက်သော စကားများပေါ်တွင် အတော် စိတ်ဝင်စားသွားဟန် လက္ခဏာရှိသော်လည်း အမှုစစ်ဆေးသည့်တိုင်အောင် ၎င်းထံမှ တစ်စုံတစ်ရာ မကြားရချေ။





အမှုစစ်ဆေးသောနေ့၌ ၎င်းအား ရုံးတော်က စစ်ဆေးသောအခါ သူ၏အမည်မှာ ဂျူးမားမဟုတ် 'မူဆာအလီ' ဖြစ်၍ မိတ်ဆွေသူငယ်ချင်းများကသာ ကွန့်ဂိုနီဟု ပြောင်လှောင်ခေါ်ကြကြောင်း၊ ယခု လူသတ်မှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မသိကြောင်း၊ သို့ဖြစ်၍ သူ့တွင် အပြစ်မရှိကြောင်း ပြောဆိုလျှောက်ထားလျက်ပင် ရှိနေ၏။ တရားလိုဘက်ကမူ လက်ပုံစံနှင့် ပတ်သက်၍ တစ်ခုနှင့်တစ်ခု တူညီကြောင်းကို အသေးစိတ်တင်ပြလျက်ရှိ၏။ ထိုသက်သေခံချက်မှာ တရားလိုဘက်မှ တင်ပြသည့် တစ်ခုတည်းသော သက်သေခံချက်ဖြစ်သော်လည်း ကျွန်ုပ်က တစ်စုံတစ်ရာ ပြန်လှန်မေးခွန်းထုတ်ခြင်း မပြုပေ။ ၎င်းပြင် အခြားဘက်သေများက လူသတ်မှု ဖြစ်ပွားသော ညဉ့်တွင် သေသူ၏ ဆိုင်အတွင်းမှ ဟစ်အော်သံများ ကြားရကြောင်းဖြင့် ထွက်ဆိုရာ ၎င်းအား ပြန်၍ စစ်ဆေးသောအခါ လူအများပါဝင်ကြောင်းဖြင့် အသီးသီး ထွက်ဆိုသွားကြ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ တရားခံကို မြင်လိုက်သည်ဟူ၍သော်လည်းကောင်း၊ ယခင်က မြင်ဖူးသည်ဟူ၍သော်လည်းကောင်း ထွက်ဆိုခြင်း မပြုချေ။

အကယ်၍ ကွန့်ဂိုနီသည် သူ၏ မူလ ထွက်ဆိုချက်အတိုင်းသာ ဆက်လက် ထွက်ဆိုလိမ့်မည်ဆိုက လက်မပုံစံ ရာဇဝင်မှာ အံ့သြဖွယ်ကောင်းလောက်အောင် ပြောင်း၍သွားကောင်း သွားပေလိမ့်မည်။ တရားခံအပေါ်၌ လက်မပုံစံသက်သေခံမှတစ်ပါး အခြားမည်သည့် သက်သေခံ အထောက်အထားမျှ မရှိချေ။

သို့သော် နေ့လယ်စာ စားရန် ရုံးဆင်းသောအခါ တရားခံသည် ကျွန်ုပ်အား ဦးခေါင်းကို အနည်းငယ် ညိတ်၍ ခေါ်သဖြင့် ကျွန်ုပ်လည်း ၎င်းနှင့်အတူ လူရှင်းသော နေရာတစ်ခုသို့ သွားရောက်လေ၏။ ထိုနေရာသို့ ရောက်သောအခါ ကျွန်ုပ်က –

"ဘယ်နှယ့်လဲ ကွန့်ဂိုနီ၊ မင်း ဘာပြောချင်လို့၊ ငါ့ကို ခေါ်တာလဲ"

နီ ။ ။ "ကျွန်တော် သခင့်ကို အားလုံး ပြောချင်တယ်။ အမှုစစ်နေတုန်းက သခင်က မက်ကာသီကို မှန်တဲ့အတိုင်း ကျွန်တော် အားလုံးဖွင့်မပြောရင် ကျွန်တော် ဒုက္ခရောက်လိမ့်မယ်လို့ ကျွန်တော့် မိတ်ဆွေက လာပြောပါတယ် သခင်။ ကျွန်တော့်ဟာ ကြိုးပေးတောင် ခံချင်ခံရ လိမ့်မယ်လို့ ပြောပါတယ်"

ကျွန်ုပ်က ။ ။ "ဟုတ်တာပေါ့ကွယ့်။ သူတို့ ပြောတာ မှန်တာပေါ့။ မင်းအမှုက အင်မတန် အကြပ်အတည်း ရောက်နေတယ်။ ကဲ ... ဒီတော့ အမှန်က ဘာလဲ။ ကွန့်ဂိုနီ ငါ့ကို ပြောစမ်း"

ကွန့်ဂိုနီသည် ကျွန်ုပ်၏မျက်နှာကို တည့်တည့်ကြီး ကြည့်လိုက်၏။

"ဒီအိန္ဒိယလူမျိုးနဲ့ ရန်ဖြစ်တဲ့အထဲမှာ ကျွန်တော်လဲ ပါတယ် သခင်။ လွန်ခဲ့တဲ့ ၁၁ နှစ်လောက်က ဂျူစပါးခိုးလို့ ထောင်ကျတာလဲ ကျွန်တော်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ဂျူးမားပဲ။ ပုလင်းထဲ ထည့်ထား လက်မပြတ် ကလေးဟာလဲ ကျွန်တော်ရဲ့ လက်မပြတ်ကလေးပဲ"

ထို့နောက် တရားခံ ဂျူးမားသည် ယင်းလူသတ်မှုနှင့် ပတ်သက်၍ ကျွန်ုပ်အား အသေးစိတ် ပြောပြလျက် ရှိလေ၏။

နေ့လယ်စာ စားပြီးနောက် ရုံးပြန်၍ တက်သောအခါ အစိုးရဘက်မှ သက်သေများ ပြီးဆုံးသွား၏။ သို့နှင့် ကျွန်ုပ်အလှည့်ရောက်သောအခါ နောက်တစ်နေ့မှ ဆက်လက်စစ်ဆေးရန် ရက်ချိန်းယူလိုက်၏။

သို့နှင့် နောက်တစ်နေ့သို့ရောက်သောအခါ ကျွန်ုပ်လည်း မည်သည့် သက်သေမျှမပြဘဲ တရားခံကိုယ်တိုင် လက်မှတ်ရေးထိုးသော ဖော်ပြချက်ကို တင်ပြရန် လျှောက်ထားရာ တရားသူကြီး ကိုယ်တိုင်နှင့်တကွ အစိုးရရှေ့နေချုပ်ကြီးပါ အံ့အားသင့်လျက် သက်ပြင်း တစ်ချက်စီ ချလိုက်သံများကို ကြားလိုက်ရ၏။ ရဲအရာရှိများလည်း ထိုနည်း အတူပင် ရှိတော့၏။

ယင်းဖော်ပြချက်မှာ အရေး ဘ်ပင် ရှည်လျား၍ အတိုချုပ်မျှရေးသား ဖော်ပြရမည်ဆိုသော် ဂျူးမားသည် သေသူ အတိုးကြီးစားသမား အိန္ဒိယလူမျိုး ကုန်စုံဆိုင်ရှင်နှင့် စကားများကြကြောင်း၊ သေသူက စတင်၍ သူ၏နံသားစင်ပေါ်တွင် အသင့်ရှိနေသည့် အင်္ဂလိပ်ဓားရှည်ဖြင့် ခုတ်ရာ ဂျူးမား၏ လက်ဝဲဘက်လက်မ ပြတ်ထွက်သွားကြောင်း၊ ထိုအခါ တရားခံသည် အလွန်စိတ်ထွက်ကာ သွေးပူလာပြီးလျှင် ခုခံရန် လက်နက်ရှာ မွှေရာတွင် ကုန်စုံဆိုင်တွင်ရောင်းသည့် ကိုင်းခုတ်ဓားတစ်ချောင်းကို လက်လှမ်းမီ တွေ့ရာဖြင့် ၄င်းဖြင့် ၂ ချက် ၃ ချက်မျှ ခုတ်ရင်း ခုခံကာကွယ်မိကြောင်း၊ ထိုအချိန်တွင် ဟစ်အော်ဆူညံသံများကြောင့် လူများရောက်လာရာ တရားခံမှာ လက်မဒဏ်ရာက အလွန်နာကျင်လှသည့်ပြင် သွေးများ အဆမတန် ထွက်နေသောကြောင့် ထွက်ပြေးခဲ့ရကြောင်း၊ သူသည် သေသူအား သေစေလိုသောစိတ်ဖြင့် သတ်ခြင်းမဟုတ် မိမိကိုယ်ကို ကာကွယ်ခြင်းမျှသာ ဖြစ်သည့်ပြင် အသက်သေစေလိုသည့်စိတ် တစ်စုံတစ်ရာ မရှိကြောင်းဖြင့် နိဂုံးချုပ်လေသည်။ ထို့နောက် စာမတတ်သော တိုင်းရင်းသား လူမည်းတို့ ထုံးစံအရ တရားခံ၏ကျန်ရှိသော လက်ယာဘက်လက်မဖြင့် လက်ပုံစံနှိပ်ပြီးသော် ယင်းဖော်ပြချက်ကို ရုံးတော်သို့ ကျွန်ုပ်က တင်ပြလိုက်၏။ တရားသူကြီးက ဖတ်ကြည့်၍ တရားခံအား မေးမြန်းသောအခါ တရားခံ ကိုယ်တိုင်ကလည်း ဟုတ်မှန်ကြောင်း နှုတ်ဖြင့် ဝန်ခံလေသည်။

ထိုဖော်ပြချက် လျှောက်လွှာမှာ ကျမ်းကျိန်အစစ်ခံခြင်း မဟုတ်သဖြင့် တရားခံအား ပြန်လှန်မေးခွန်းမထုတ်နိုင်ချေ။ ထို့နောက် ကျွန်ုပ်လည်း ယင်း





ဖော်ပြဝန်ခံချက်ပေါ်တွင် မူတည်ကာ တရားခံ၏ကာကွယ် ခုခံပိုင်ခွင့်ကို ရုံးတော်အား အကျယ်တဝင့် လျှောက်လဲလေသည်။

သို့နှင့် အမှုအဖြစ်အပျက် အကျိုးအကြောင်းအားလုံးကို ဆင်ခြင် စဉ်းစားပြီးနောက် လူသေမှုကိုသာ ကျူးလွန်ရာရောက်သည်ဟု ရုံးတော်က တွေ့ရှိရသည့်အတိုင်း **တရားခံအားအလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ လမျှ ကျခံစေရန်** အမိန့်ချမှတ်လေသည်။

ဂျူးမားနှင့်တကွ သူ၏ အပေါင်းအသင်းများပါ ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိတော့၏။ ဂျူးမားကိုယ်တိုင် ဝမ်းမြောက်လွန်းလှသဖြင့် ကျွန်ုပ်အား အထပ်ထပ် ဆလံပေးလျက် ရှိလေသည်။

ဤအမှု၌ အကယ်၍သာ (၁) တရားခံသည် မိမိမှာ ဂျူးမား မဟုတ်ကြောင်း လက်ပုံစံဗွေရာများနှင့်တကွ ဆေးစိမ်ထားသည့် လက်မပြတ်ကလေးမှာလည်း သူ၏လက်မ ဟုတ်ကြောင်းဖြင့် မူလက ငြင်းဆိုခဲ့သည့်အတိုင်း ဆက်လက်ငြင်းဆိုနေခဲ့ပါမူ ... (၂) အကယ်၍ အခြားသက်သေခံ မရှိသောကြောင့် ရုံးတော်က လွှတ်ပစ်ခဲ့ပါမူ လူပေါင်း ကုဋေတစ်ရာတွင် လက်မရာနှင့်တူသည့် လူတစ်ယောက်ပင်မတွေ့နိုင်ဟူသော ဥပဒေသမှာ ပျက်ပြားရပေတော့မည်။

တရားသူကြီးက ကျွန်ုပ်အား ရုံးတော်ကို ယခုကဲ့သို့ တရားမှန်ကန်ရာ ရောက်အောင် ကူညီသည့်အတွက် ကျေးဇူးတင်ကြောင်းဖြင့် ထုတ်ဖော် ပြောဆိုလေသည်။ ကျွန်ုပ် လိုက်ပါဆောင်ရွက်ခဲ့သော အမှုများထဲတွင် စိတ်ဝင်စားဖွယ် အကောင်းဆုံး အမှုတစ်ခုပါပေသတည်း။

**ရွှန်မက်ကာသိ ဝတ်လုံတော်ရ**

www.burmeseclassic.com

www.burmeseclassic.com

## မမြင်ရသောစုတ်ချက်

ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီ ၆ နှစ်ခန့်က အစိုးရစုံထောက် အင်စပိတ်တော် ကိုမျိုးသန့်နှင့် ရာဇဝတ်အုပ် ကိုငွေဇင်၊ ဆရာတပည့်နှစ်ယောက်တို့သည် အနောက်ပိုင်း မှူခင်းဘက်ဆိုင်ရာ စုံထောက်များ ဖြစ်ကြသည့်အတိုင်း တစ်နေ့သော နံနက်ခင်းတွင် 'လင်တိုင်း' ဟိုတယ်၌ နံနက်စာစားလျက် ရှိကြ၏။

ကိုမျိုးသန့်မှာ အမှုများကို စုံစမ်းရာတွင် ရှေ့နောက်နှိုင်းချိန်ခြင်း၊ ဖြစ်တတ်ပျက်တတ်သော သဘာဝကို လေ့လာခြင်း၊ ကာယကံရှင်တို့၏ ရာဇဝင်ကို ရှာဖွေခြင်းစသည့် ဉာဏ်ကစားရသော ဦးနှောက်ဖြင့်သာ လုပ်ကိုင်လျက် ကိုငွေဇင်မှာမူ လက်ထိလက်ရောက်ဖမ်းဆီးခြင်း၊ ယှဉ်ပြိုင်ပစ်ခတ်ခြင်းတို့၌ ဝါသနာထုံသူ ဖြစ်လေသည်။

သို့သော် တရားခံအား အနုနည်းနှင့်ဖြစ်စေ၊ ဖမ်းဆီးခြင်းမပြုမီ အမှုမှန်မမှန်ကို တွေးတောကြံဆရသည့် အလုပ်က ရှေ့တော်ပြေးဖြစ်နေသဖြင့် ကိုငွေဇင်မှာ မှူခင်းတိုင်းလိုလို၌ပင် ကိုမျိုးသန့်၏ ဦးနှောက် အကူအညီကို ယူခဲ့ရ၏။ ထို့ကြောင့်လည်း ကိုမျိုးသန့်မှာ ဆရာဖြစ်၍ ကိုငွေဇင်က တပည့်အဖြစ်သို့ ရောက်မှန်းမသိ ရောက်ခဲ့ခြင်း ဖြစ်လေသည်။





သူတို့သည် 'လင်တိုင်း' ဟိုတယ်မှ ဆင်းခဲ့ကြပြီး နော်က်ကျုံးလမ်းအတိုင်း အနောက်ဘက်သို့ လျှောက်ခဲ့ကြရာ ရွှေတောင်တန်းထိပ်သို့ ရောက်သောအခါ လမ်းထဲမှ သူငယ်နှစ်ယောက် ပြေးထွက်လာပြီးလျှင် ပန်းချီဆရာ ဦးကျော့ဖေအိမ်၌ လူသတ်မှုဖြစ်ပွားကြောင်း၊ အိမ်ရှင်မိန်းမကြီးက အလောင်းကို ရုတ်တရက် တွေ့ရသဖြင့် တိုက်အပေါ်ဆုံးထပ်မှ အော်ဟစ်ပြေးဆင်းလာရာ အောက်ဆုံးထပ်သို့ရောက်လျှင် အရပ်ထဲမှလူတို့ ဝိုင်းအုံလာကြကြောင်း၊ အိမ်ပေါ်သို့တက်၍ ကြည့်ကြသောအခါ ပန်းချီဆရာ ဦးကျော့ဖေမှာ လည်ပင်းပြတ်လုခမန်း ဒဏ်ရာကြီးနှင့် သူ၏အခန်းထဲတွင် တစောင်းလဲကျ သေဆုံးနေသည်ကို တွေ့ရကြောင်း၊ အရပ်သားများမှာ မည်သူမျှ အခန်းတွင်းသို့ မဝင်ဝံ့သေးဘဲ ရှိကြသည်နှင့် ပုလိပ်အရာရှိများထံ အပြေးအလွှား လာရောက်တိုင်ကြားခြင်းဖြစ်ကြောင်းနှင့် ပြောကြားလေ၏။

သို့နှင့် ကိုမျိုးသန်းနှင့် ကိုငွေဇင်တို့သည် ပန်းချီဆရာ ဦးကျော့ဖေနေသောအိမ်သို့ သူငယ်နှစ်ယောက်နှင့်အတူ လာခဲ့ကြလေသည်။

ကိုကျော့ဖေနေသော တိုက်ခန်းမှာ သုံးထပ်တိုက်တစ်လုံး အပေါ်ဆုံးထပ်ဖြစ်၍ ကိုကျော့ဖေမှာ လူပျိုကြီးတစ်ယောက် ဖြစ်သည့်အတိုင်း တစ်ယောက်တည်း နေထိုင်သူဖြစ်ပြီးလျှင် အိမ်ရှင်မိန်းမကြီးထံတွင် ထမင်းလခ ပေးစားသူဖြစ်ကြောင်း၊ အိမ်ရှင်မိန်းမကြီးက အလယ်တွင်နေထိုင်ကြောင်း၊ ကိုကျော့ဖေမှာ ကိစ္စရှိမှသာ အပြင်သို့ ထွက်၍ အလွန်အိမ်မြဲသူတစ်ယောက် ဖြစ်ကြောင်း၊ သူ့နာမည်ကားများမှာ ဖိုင်းအတ် ခေါ် ပန်းချီပညာရပ်တွင် ပြောင်မြောက်သောလက်ရာများဖြစ်သည့်အလျောက် ပြပွဲပြိုင်ပွဲများတွင် ဆုတံဆိပ် အမျိုးမျိုး ရရှိခဲ့ကြောင်းဖြင့် သိရလေသည်။

အရာရှိ နှစ်ယောက်တို့ အခန်းတွင်းသို့ ဝင်၍ အလောင်းကြီးကို ခြေရာလက်ရာ မပျက်စေဘဲ ကြည့်ရှုလျက်ရှိရာ ကိုကျော့ဖေ၏ အလောင်းမှာ လည်ပင်းကို လက်ယာမှ လက်ဝဲဘက်သို့ ခပ်ဖွေဖွေ ခုတ်၍ထားသော ဓားချက်ကြောင့် ပြတ်လုတဲကာမျှ ရှိနေသည်ကို တွေ့ရ၏။ မျက်နှာအပေါ်သို့ လန်ကာ လက်ဝဲဘက်နံသားဖြင့် ခပ်စောင်းစောင်း လဲကျလျက်ရှိရာ လည်ပင်းမှစီးကျသော သွေးများသည် မျက်နှာအနီးတွင် အိုင်ထွန်းလျက် ရှုပ်အကျီအဖြူပေါ်၌လည်း သွေးစက်များသည် အကွက်ကြီးများဖြစ်ကာ နှစ်နေရာ သုံးနေရာ၌ ဖွန်းထင်းလျက် ရှိလေသည်။ ဓားခုတ်ထားပုံမှာလည်း ခပ်စောင်းစောင်း ခပ်ဖွေဖွေ ရှိနေသည်။ သေသူ၏ မျက်နှာမှာလည်း အလန့်တကြား ထိတ်လန့်တုန်လှုပ်သွားသည့် အမူအရာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်၏ အောက်ဆုံးထပ်မှာ မြန်မာဆေးတိုက်တစ်တိုက်ဖြစ်၍ ကိုဋ္ဌေဇင်သည် လတ္တာလမ်း၌ာနသို့ ချက်ချင်း အကြောင်းကြားလိုက်ရာ ဆရာဝန်တစ်ယောက်နှင့် ဓာတ်ပုံဆရာတစ်ယောက် မကြာမီ ရောက်ရှိလာလေသည်။

ကိုကျော့ဖေ၏ အခန်းမှာ အလှတင်ထားသော ပန်းအိုးများ၊ စုတ်တံထည့်သည့် ကြွေခွက်များ၊စသော ပန်းချီကိရိယာများဖြင့် ပြည့်နှက်လျက်ရှိ၏။ အရှေ့ဘက် လေဝင်ပေါက်ကြီးများမှာ မှန်တံခါးများ တပ်ဆင်ထားသဖြင့် အလင်းရောင်သည် တစ်ခန်းလုံးသို့ ထိုးဝင်ကျရောက်လျက် ရှိ၏။ အိမ်ထောင်ပရိဘောဂဟူ၍ များစွာမရှိလှဘဲ ကုလားထိုင်နှစ်လုံး စားပွဲဝိုင်းကလေးတစ်ခု နောက်ဖေးခန်းနှင့် ခြားထားသော လိုက်ကာတစ်ခုသာ ရှိလေသည်။

လက်နက်ကိုကား အထူးရှာဖွေရန် မလိုတော့ချေ။ သေသူဦးခေါင်းနှင့် သုံးပေခန့်အကွာတွင် ဂေါ်ရခါးများ ကိုင်လေ့ရှိသော ဂေါ်ရခါး ဓားကြီးတစ်စင်းကို ဓားသွားတွင် သွေးများ စွန်းပေလျက် တွေ့ရှိရလေသည်။ သို့သော် ဓားပေါ်၌ လက်ရာများ မတွေ့ရချေ။

အစိုးရဓာတ်ပုံဆရာသည် အလောင်းတည်နေပုံကို ထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်ကူးယူ၏။ ဆရာဝန်၏ ထင်မြင်ချက်အရ ကိုကျော့ဖေ သေဆုံးသည်မှာ အနည်းဆုံး ၁၀ နာရီခန့် ရှိပြီဖြစ်ကြောင်း သိရှိရလေသည်။

အမှုနှင့်ပတ်သက်သည့် အခြားသက်သေခံ ပစ္စည်းဟူ၍ အခန်းတွင်း၌ တစ်စုံတစ်ရာ မတွေ့ရချေ။ သို့သော် အခန်း၏ ခေါင်းရင်းဘက်ထောင့်၌ ပန်းချီကားရေးဆွဲရန် အောက်ခံသစ်သားအမာဖြင့် ထောင်ထားသည့် လေးတိုင်စင် 'စင်' တစ်ခုရှိရာ ၎င်းအပေါ်ရှိ ရှက်ဖျင်တစ်ချပ်ပေါ်တွင် ရေးလက်စ အရုပ်ကားတစ်ခုကို ရှေးဦးစွာ ကိုဋ္ဌေဇင် တွေ့မြင်ရတော့သည်။

စုတ်တံ ၁၀ ချောင်းခန့်စိုက်၍ထားသော ကြွေအိုးကလေး တင်ထားသည့် စားပွဲဝိုင်းတစ်ခုပေါ်၌ကား ဆီဆေးအမျိုးစုံတစ်ပုံစီ ခွဲခြားတင်ထားသည့် 'ပဲလက်' 'Pallet' ခေါ် ဆေးခွက်အပြားတစ်ခုရှိ၍ ဆေးရောင်စုံ 'တို့' ထားသော စုတ်တံသုံးလေးချောင်းကိုလည်း တွေ့ရလေသည်။

ဆေးများမှာ စိုလျက်ပင်ရှိသေးသဖြင့် တစ်စုံတစ်ယောက်သည် မကြာသေးမီအချိန်က ထိုပန်းချီကားကို ရေးဆွဲသွားကြောင်း ထင်ရှားလေသည်။

ရှက်ဖျင်ပေါ်မှပုံမှာ မျက်နှာအပေါ်သို့ လန်နေသော ကိုကျော့ဖေ၏ အလောင်းပုံဖြစ်၍ လက်ဝဲဘက်နံစောင်းဖြင့် လဲနေပုံမှာ ပုံဆွဲသောနေရာမှ ကြည့်လျှင် ရှုထောင့်မှန်ကန် ညီညွတ်လှ၏။ အချိုးအစားလည်း အလွန်တိကျ မှန်ကန်ပြီးလျှင် ကြမ်းပြင်၌ သွေးများစီးဆင်းနေပုံ၊ ရုပ်အင်္ကျီ၌ သွေးများ အကွက်လိုက်စွန်းထင်းနေပုံတို့ပင်လျှင် ဓာတ်ပုံရိုက်ထားသကဲ့သို့ တသဝေမတိမ်း တူညီလေ





သည်။ အလောင်းပုံ၏နံဘေး၌ကား နောင်ကို အချောရေး ဆွဲရန် မီးသွေးခဲတံဖြင့် ပုံကြမ်းလောင်းထားသော လူရုပ်ပုံတစ်ခုသည် ဂေါ်ရခါးဓားတစ်လက်ကို ကိုင်ကာ မထင်မရှား ရှိနေ၏။ ထိုပုံမှာ ကိုကျော့ဖေကို သတ်သူဖြစ်ကြောင်း အနေအထားကို ကြည့်ခြင်းဖြင့်ပင် သိနိုင်လေသည်။ သေသူသည် ပြင်းစွာသော ဝေဒနာကို ခံစားလျက် ထိတ်လန့်ကြောက်ရွံ့လှသော အမူအရာသည်လည်း ရုပ်ပုံ၏ မျက်နှာ၌ ပေါ်လွင်လျက်ရှိရာ ပုံတူကူး ဆွဲသည်ထက် သေခြင်း၏ သဘာဝကိုပို၍ သရုပ်ဖော်သကဲ့သို့ ရှိနေလေသည်။ ကိုကျော့ဖေ သေဆုံးသည်မှာ ဆရာဝန်၏ ထွက်ဆိုချက်အရ ညဥ့် ၁၂ နာရီခန့်က ဖြစ်ပေလိမ့်မည်။

အင်စပိတ်တော် ကိုမျိုးသန့်က တစ်စုံတစ်ရာကို နက်နဲစွာ စဉ်းစားလျက် ရှိသည့်ဟန်ဖြင့် –

"ဆန်းတော့ အတော်ဆန်းတာဘဲ ကိုဋ္ဌေဇင်။ သို့ပေမယ့် ဘာပဲဖြစ်ဖြစ် ဒီပုံကို ကြည့်ရခြင်းအားဖြင့် ကျုပ်တို့လမ်းစတစ်ခုရတယ်လို့ ဆိုရမှာပဲ"

"ဘယ်လိုရတာလဲ ဆရာ"

"ဒီပုံကို ဆွဲတဲ့လူဟာ ကိုကျော့ဖေ အသတ်ခံရတာကို မြင်တဲ့ လူတစ်ယောက်ဖြစ်ရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ်ဘဲ ကိုကျော့ဖေ အသတ်ခံရပြီးတဲ့နောက် ချက်ချင်း ရောက်လာတဲ့လူဖြစ်ရင်လည်း ဖြစ်ရမယ်။ ပြီးတော့ စုတ်ကျစုတ်နေလည်း အတော်ကောင်းပြီး ဆီဆေးမှာ အတော်နိုင်တဲ့ ပန်းချီဆရာ တစ်ယောက်ဗျ"

"သတ်တဲ့လူများ ဖြစ်နေရော့လား ဆရာ"

"ဖြစ်နိုင်တာပေါ့"

ကိုမျိုးသန့်သည် ပန်းချီကားကို အထပ်ထပ် ကြည့်ရှုလျက်ရှိ၏။ တစ်ပိုင်းတစ်စ ဆွဲထားသော ရုပ်ပုံမှာ ယခင်ကရေးသား ဖော်ပြခဲ့သည့်အတိုင်း သာမန်ပန်းချီကားတစ်ချပ် မဟုတ်ဘဲ ကိုကျော့ဖေသေရခြင်း၏ မူလ အဖြစ်အပျက်ကိုလည်းကောင်း၊ ဒုက္ခဝေဒနာ ခံစားခြင်း၏ ပင်ကိုယ်သဘာဝကိုလည်းကောင်း အသက်သွင်းထားသည်နှင့် တူလေသည်။

ယင်းကဲ့သို့ ရှေးဦးစွာ စုံစမ်းမှုများ ပြီးသည်နှင့် ကိုကျော့ဖေ၏ အလောင်းကို ဆေးရုံသို့ ပို့လိုက်ကြလေသည်။

ထို့နောက် အလောင်းအနီး၌ တွေ့ရသော ဓားကို ကြည့်ရှုကြရာ ဓားသွားပေါ်၌လည်းကောင်း၊ အရိုး၌လည်းကောင်း လက်ရာ တစ်စုံတစ်ရာ မတွေ့ရသဖြင့် ကိုဋ္ဌေဇင်က ကပ်ထုသေတ္တာကလေးတစ်ခုထဲသို့ ထည့်ထားလိုက်၏။

"ကိုင်း ... ကိုဋ္ဌေဇင်၊ ကျုပ်တို့ နောက်လုပ်ရမယ့် အလုပ်က ကိုကျော့ဖေရဲ့ ရာဇဝင်ကို နည်းနည်းလိုက်ကြရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ ... အိမ်ရှင် အဒေါ်ကြီး ပြောပုံကတော့ ဒီလူဟာ ဘယ်မှ ထူးထူးခြားခြား မသွားတတ်ဘူး။ အလုပ်ပြီးတာတောင် ဘယ်မှ သူ သွားမပို့ဘူးတဲ့ ဆရာရယ်။ အလုပ်ရှင်က လာယူမှ ပေးလိုက်တာ ချည်းပဲတဲ့"

"ဒီလောက်နဲ့ မဖူလုံသေးဘူးပေါ့ဗျာ။ လူတစ်ယောက်ရဲ့ ရာဇဝင်ဆိုတာ သူ့ရဲ့ မိတ်ဆွေသင်္ဂဟ အသိုင်းအဝိုင်း၊ ဘယ်သူတွေက သူ့ရဲ့ မိတ်ဆွေတွေ ဘယ်သူတွေက သူ့ရဲ့ ရန်သူတွေ အများအားဖြင့် ဘယ်နေရာ သွားတတ်တယ် လာတတ်တယ် စသဖြင့် ကျုပ်တို့ သိဖို့လိုတယ်"

ထိုအချိန်၌ အရပ်သားနှစ်ယောက် သုံးယောက်သာ အခန်းဝ၌ ကျန်ရစ်ခဲ့၏။ သို့ရှိစဉ် အင်္ကျီအနက်ကို ဝတ်လျက် အသားခပ်မည်းမည်း လူတစ်ယောက်သည် အရပ်သားများကြားမှ တိုးဝင်လာပြီးလျှင် ပုလိပ်အရာရှိများနှင့် တွေ့လိုကြောင်း ပြောလေသည်။ ပုလိပ်အရာရှိနှစ်ဦးလည်း ထိုသူအား ခရီးဦးကြိုပြုကာ နေရာထိုင်ခင်းများ ပေးလေသည်။

"ထိုင်ပါခင်ဗျာ ... ဘာကိစ္စလဲ အမိန့်ရှိပါဦး"

"နာကျည်းလိုက်လေဗျာ။ ကိုကျော့ဖေ အလောင်းတောင် မတွေ့လိုက်ရတော့ဘူး မိတ်ဆွေတို့"

"ခင်ဗျားဟာ ဘယ်သူလဲ"

"ကျုပ်က ပန်းချီဆရာ ဦးဘလုတဲ့။ ကိုကျော့ဖေနဲ့ အင်မတန်ခင်တဲ့ မိတ်ဆွေဗျာ၊ ဒီကနေ့ မနက် ၁၀ နာရီလောက်လာခဲ့ပါလို့ ချိန်းထားတာဗျ။ အခုတော့ ဖြစ်မှ ဖြစ်ရလေဗျာ၊ အခုတော့ ကိုယ့်ကိုယ်ကို သတ်သေတယ်လို့"

"ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ ခင်ဗျားက ဘာဖြစ်လို့ ထင်ရသလဲ"

"ဩော် ... ဒီလို မဟုတ်ဘူးလား ... မှားလို့ပါဗျာ"

"ကိုယ့်ကိုယ်ကို သတ်သေတာ မဟုတ်ဘူးဗျာ။ ကိုကျော့ဖေဟာ အသတ်ခံရတာ ဦးဘလုရဲ့"

"အလိုလေး ဘယ်သူများပါလိမ့်ဗျာ ... ကိုကျော့ဖေဟာ အင်မတန် သဘောကောင်းတဲ့ လူတစ်ယောက်ဗျ။ ရန်သူဆိုလို့ ရှိတာ မဟုတ်ဘူး။ ရှေ့ကို တက်လမ်းရှိတဲ့ လူတစ်ယောက်ပဲ အင်စပိတ်တော်မင်း။ ပြီးတော့ ဖိုင်းအတ်မှာ စုတ်ချက်ရော၊ ဆေးစပ်ရော၊ လက်ရာရော အင်မတန် ကောင်းတဲ့ လူတစ်ယောက်ပဲဗျ။ ပြီးတော့ သူ့ကားတွေက လူတစ်ယောက် ဒုက္ခဝေဒနာ ခံစားနေရတဲ့ပုံဆွဲရင် ကြည့်လိုက်တဲ့လူရဲ့ စိတ်ထဲမှာ ကိုယ်ကိုယ်တိုင် ခံစားနေသလို စိတ်မျိုးဝင်လာသည်အထိ အသက်ဝင်အောင် ဆွဲနိုင်တယ်"





ကိုမျိုးသန့်က ပန်းချီဆွဲသောခုံရှိရာသို့ ခေါ်သွားပြီးလျှင် ရွက်ဖျင်ပေါ်၌ ဆွဲထားသော ပုံကို ပြပြီးနောက် –

"ဒီပုံမျိုးလား ဦးဘလုရဲ့"

"ဟုတ်တာပေါ့ ဒါဟာ သူ့လက်ရာပါလား"

"အလိုဘယ့်နှယ့်ကြောင့် သူ့လက်ရာလို့ ပြောနိုင်တာလဲဗျာ။ ပုံကိုပဲ သေသေချာချာ ကြည့်စမ်းပါဦး"

"ဟုတ်ပါတယ် အင်စပိတ်တော်မင်း။ ကျွန်တော်က ပန်းချီဆရာပဲ၊ ပုံကို မြင်လိုက်ရုံနဲ့ ဘယ်သူ့လက်ရာလဲဆိုတာ ပြောနိုင်တယ်"

"ခင်ဗျား မျက်စိ လွဲနေပြီ ထင်တယ်။ ပုံက သူ သေနေတဲ့ပုံဗျ။ အလောင်းကို ယူသွားလို့ ခင်ဗျားတော့ မမြင်လိုက်ရဘူး။ နို့ပေမယ့် ကြမ်းသော်မှာ အလောင်းကျနေတဲ့ပုံရော၊ အထိတ်တလန့် ဖြစ်နေတဲ့ပုံရော အို — ကုန်ကုန် ပြောရရင် ကြမ်းပေါ်မှာ စီးနေတဲ့သွေးအိုင်နဲ့ အင်္ကျီပေါ်မှာ စွန်းနေတဲ့ သွေးကွက်တွေပါ ချွတ်စွပ်ထားသလို ဒီကားချပ်နဲ့ ဝှနေတယ် ဦးဘလုရဲ့။ ဒီတော့ ကိုကျော့ဖေဆွဲတဲ့ လက်ရာဆိုတာ ယုတ္တိရှိနိုင်ပါမလား"

"ယုတ္တိရှိတာ မရှိတာတော့ တစ်ကြောင်းပေါ့ဗျာ။ ကျုပ်က လက်ရာသာ ပြောတာကို။ လက်ရာကတော့ ကိုကျော့ဖေလက်ရာလို့ ကျုပ် အတတ်ဆိုရဲတယ်"

"သေပြီးမှ ကိုကျော့ဖေက သူ့ပုံကို သူ သေရာက လာဆွဲတာလား၊ ဒါလည်း မဟုတ်သေးပါဘူးဗျာ။ တခြားပန်းချီဆရာ တစ်ယောက်ယောက်က သူ ဆွဲပုံကို အတုခိုးပြီး မဆွဲနိုင်ဘူးလား"

"မဆွဲနိုင်ဘူးလို့ ကျုပ် ဖြေရလိမ့်မယ်။ ခင်ဗျားတို့ ပုလိပ်အရာရှိတစ်ယောက်အနေနဲ့တော့ နားလည်ချင်မှ နားလည်မယ် ART 'အတ်' ခေါ်တဲ့ သုခုမ ပညာဆိုတာ 'မူလ'ကို အတုခိုးလို့ရတာမျိုး မဟုတ်ဘူးဗျ။ အတုခိုးရင် အတုခိုးတာပဲ ဖြစ်မယ်။ 'မူလ'တော့ မဖြစ်နိုင်ဘူး။ အဲဒီအချက်ကို ကျုပ်တို့ပန်းချီဆရာရဲ့ ပန်းချီမျက်စိကသာ သိနိုင်တယ်ဗျ။ ခင်ဗျားတို့တော့ မြင်နိုင်မှာ မဟုတ်ဘူး"

အင်စပိတ်တော် ကိုမျိုးသန့်သည် ပန်းချီဆရာ ဦးဘလု ပြောသော စကားများကို စိတ်ဝင်စားစွာ နားစိုက်ထောင်လျက် ရှိလေသည်။ ဤအချက်သည် ကိုကျော့ဖေသတ်မှုတွင် တရားခံအား ခြေရာခံရန် လမ်းစတစ်ခုပင် မဟုတ်ပါလော။

"ကိုင်း ... အင်စပိတ်တော်မင်း၊ ကျွန်တော့်ကို ခွင့်ပြုပါဦး။ အသုဘကိစ္စအတွက် ကျွန်တော်ပဲ ကြည့်စီစဉ်ရပါလိမ့်မယ်"

"ကောင်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကျောက်မြောင်း သင်္ဂဟလမ်းမှာ နေပါတယ်။ ဘယ်အခါမဆို ကူညီဖို့အသင့်ပါပဲ"

ပန်းချီဆရာ ဦးဘလှသည် သူ၏နေရပ်လိပ်စာကို အင်စပိတ်တော် ကိုမျိုးသန့်အား ပေးခဲ့ပြီးနောက် တိုက်ပေါ်မှ ဆင်းသွားလေ၏။

တစ်ခဏမျှ ကြာလတ်သော် အောက်ထပ်မှ စကားပြောသံများနှင့်အတူ ခြေသံတစ်သံကို ကြားရပြီးနောက် အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ မိန်းမတစ်ယောက်သည် အခန်းထဲသို့ ပြေးဝင်လာလေသည်။ မိန်းကလေးသည် အခန်း၏ပတ်ဝန်းကျင်နှင့် အခန်း အခြေအနေကို ကြည့်ပြီးနောက် –

"တကယ်ပဲလားရှင် ... ကိုကျော့ဖေ သေတယ်ဆိုတာ ဘုရား မလို့ မဟုတ်ပါစေနဲ့လို့ ကျွန်မ ဆုတောင်းပါတယ်"

အင်စပိတ်တော် ကိုမျိုးသန့်သည် မိန်းကလေးအား နှစ်သိမ့်စေပြီးနောက် –

"ထိုင်ပါ ခင်ဗျား ... ထိုင်ပါ။ ကိုကျော့ဖေသေတာ အမှန်ပါပဲ။ အလောင်းကို အခုပဲ ဆေးရုံပို့လိုက်ပါတယ်"

"နာမည်က"

"ဩော် ... ကျွန်မ နာမည်လား ကျွန်မ နာမည်က မခင်မူပါတဲ့ရှင်။ ကျွန်မက ပန်းချီပညာသင် တစ်ယောက်ဖြစ်ပြီး ကိုကျော့ဖေရဲ့ တပည့်အရင်းပါပဲ"

"ဩော်"

"ကိုကျော့ဖေ သေပုံကို တဆိတ် ပြောပါဦး အင်စပိတ်တော်မင်းရယ်။ ဘယ်လိုများ ဖြစ်ရတာလဲရှင်"

အင်စပိတ်တော် ကိုမျိုးသန့်က ကိုကျော့ဖေ အလောင်းတွေ့ရပုံကို အကျဉ်းချုပ် ပြောပြလျက် ရှိလေသည်။

"ဩော် ... ဒါထက် ... ခြေရာ လက်ရာများကောရှင်။ ဘာမှ မတွေ့ရဘူးလား"

"ဟုတ်ကဲ့ ... ဘာမှ မတွေ့ရသေးဘူးဆိုပါတော့၊ ခုတ်သတ်တဲ့ ဂေါ်ရခါးဓားက လွဲပြီး ဘာမှမတွေ့ရသေးပါဘူး။ ဩော် ... ဒါထက် ပန်းချီ ပညာသင်တယောက်ဆိုလို့ ပြောရဦးမယ်"

အင်စပိတ်တော် ကိုမျိုးသန့်က မခင်မူအား ပန်းချီဆွဲသောစင်ကလေးရှိရာ အခန်းထောင့်သို့ ခေါ်သွားပြီးနောက် "ဟောဒီ ပုံဆွဲထားတာ တွေ့ရတာတော့ အတော်ဆန်းတယ် မခင်မူ။ ကိုကျော့ဖေ သေနေတဲ့ ပုံကို ဆီဆေးနဲ့ဆွဲထားတယ်။ ကျုပ်တို့ ပုလိပ်တစ်ယောက်အနေနဲ့တောင် အတော် ကောင်းတဲ့လက်ရာလို့ အောက်မေ့တာပဲ။ မခင်မူက အလောင်းကိုတော့ မမြင်လိုက်ရဘူး။ နို့ပေမယ့်





ကျုပ်တို့က မြင်လိုက်ရလို့ အလောင်းနေပုံ အနေအထားရော ရှုမြင်ခင်းရော တကယ့်ပုံတူ ပါပဲဗျာ။ ကိုကျော့ဖေအကျီပေါ်က ဟောဒီသွေးစက်တွေတောင် အလောင်းပေါ်မှာ ပကတိရှိနေတဲ့ အတိုင်းပါပဲ"

မခင်မူသည် ပန်းချီကားကို အချိန်အတော်ကြာမျှ စူးစိုက်ကြည့်ရှုလျက်ရှိ၏။ ပထမ မျက်နှာပျက်သကဲ့သို့ ဖြစ်သွားပြီးနောက် မျက်ရည်များ ကျလာကာ ရှိုက်ငင်လျက် ရှိလေသည်။

မခင်မူမှာ အသက် ၂၅ ခန့်ရှိပြီးလျှင် အလွန်ခေတ်ဆန်သော အဝတ်အစားများကို ဝတ်ဆင်ထား၏။ ကိုယ်လုံးကိုယ်ပေါက်မှာ ကျစ်လျစ်၍ သေးသွယ်သော်လည်း အရုပ်အမောင်း၌လည်းကောင်း၊ ခွန်အားဗလ၌လည်းကောင်း သာမန်မိန်းမများထက် ထူးခြားသကဲ့သို့ ထင်ရ၏။ အဆက်အပေါက် ပုံပန်းကျနု၍ ကိုယ်ဟန်အမူအရာ ယဉ်ကျေးပြေပြစ်၏။ သို့သော် မျက်လုံးများမှာမူ သာမန်မိန်းမချောများထက် ပို၍နက်မှောင်တောက်ပသကဲ့သို့ ထင်ရ၏။

စိတ်သဘော မာကျော၍ခက်ထန်လှသော စုံထောက်အင်စပိတ်တော် ကိုမျိုးသန့်ပင် အလုပ်ဝတ္တရားများကို မေ့လျော့သွားသကဲ့သို့ မခင်မူအား အတန်ကြာ ငေးမောကြည့်ရှုကာ အာရုံစူးစိုက်၍နေမိတော့သည်။

"အို ... ကျွန်မ မကြည့်ရက်ဘူး အင်စပိတ်တော်မင်း။ ကျွန်မ ပြန်ပါရစေတော့ရှင်"

မခင်မူသည် မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ မူးမေ့သွားမတတ်ရှိနေသဖြင့် အင်စပိတ်တော် ကိုမျိုးသန့်လည်း ၎င်းအား ချော့မော့၍ ခေါ်ပြီးလျှင် အောက်ထပ်သို့ ရောက်သောအခါ ကိုငွေဇင်အား အငှားကားတစ်စီး ခေါ်စေပြီးလျှင် ၎င်းနေထိုင်ရာ အရှေ့ပိုင်း ၅၂ လမ်းသို့ ပို့လိုက်ရလေ၏။

နောက်တစ်နေ့နံနက် ၈နာရီ ကျော်ကျော်လောက်၌ပင် ကိုမျိုးသန့်နှင့် ကိုငွေဇင်တို့သည် အမှုကို ဆက်လက်စုံစမ်းရန် ရွှေတောင်တန်း ကိုကျော့ဖေ တိုက်ခန်းသို့ ရောက်ရှိကြရာ ကိုငွေဇင်က နာရီဝက်ခန့်စော၍ ရောက်လာလေသည်။

ကိုငွေဇင်သည် အရုပ်ကားရှိရာသို့ရောက်လျှင် ဖျတ်ခနဲ လန့်သွားသည့်ဟန်ဖြင့် –

"ဒီမှာဆရာ ကြည့်စမ်းပါဦး၊ အရုပ်ကားကို တစ်ယောက်ယောက် လာပြီး ထပ်ဆွဲထားတယ် ဆရာ"

"ဘယ်မလဲ ပြစမ်းပါဦး၊ မဟုတ်နိုင်တာဗျာ"

သို့သော် ကိုငွေဇင် ပြောသည်မှာ မှန်နေ၏။ ရုပ်ပုံကားပေါ်တွင် ယမန်နေ့က ကိုကျော့ဖေ အလောင်းသာ ထင်ရှားစွာ ရှိနေသော်လည်း ယခုမူ (Back



www.burmeseclassic.com

www.burmeseclassic.com



Grown) ခေါ် နောက်ခံဝတ္ထုပစ္စည်းနှင့် ရှုမြင်ခင်းကို ရေးဆွဲထား၏။ ထို့ပြင် ယခင်က မထင်မရှားရှိသော လူသတ်ကောင်၏ပုံမှာလည်း မျက်နှာမှတစ်ပါး စုတ်ချက်များ ခြယ်လှယ်ပြီးလေပြီ။ ထိုပုံမှာ မျက်နှာမှတစ်ပါး အဝတ်နက်ကဲ့သို့ ညိုမည်းမည်းဝတ်ရုံကို ဝတ်ဆင်ထားသဖြင့် ယောကျ်ား မိန်းမ မည်သူမည်ဝါ ဟူ၍ မကွဲပြားချေ။ မျက်နှာနေရာ၌မူ ဗလာဟင်းလင်းရှိ နေလေသည်။

"မဟုတ်နိုင်တာ မဟုတ်ဘူး ဆရာ၊ ကြည့်ပါလား။ သတ်တဲ့ လူကောင် မျက်နှာသာ မမြင်ရသေးတယ်။ တစ်ကိုယ်လုံး ဆွဲပြီးနေပြီ။ ပြီးတော့ 'ဘက်ဂရောင်း' လည်း ပြီးပြီ ဆရာ"

"ဒီလူဟာ ရူးရင်သာ ဒီနေရာကို ပြန်လာမှာဗျ၊ ခင်ဗျား သေသေချာချာ သော့ခတ်ခဲ့တယ် မဟုတ်လား"

"သေသေချာချာ ခတ်ခဲ့ပါတယ် ဆရာ။ ပြီးတော့ ပုလိပ်တစ်ယောက်လည်း အောက်ထပ်မှာ တစ်ညလုံး အစောင့်ချထားပါတယ်"

"ပြတင်းပေါက်တွေကများကော ဝင်နိုင်သလား"

"မဝင်နိုင်ပါဘူး ဆရာ၊ နောက်ဖေးဘက်ကလည်း ကျွန်တော် သေသေချာချာ ကြည့်ပြီးပါပြီ"၊

"ခေါင်မိုးက လေဝင်ပေါက်ကိုကော ကြည့်ပြီးပြီလား"

"ကျွန်တော် နောက်ဖေးခန်းကလှည့်ပြီး တက်ကြည့်ပြီးပြီ ဆရာ။ အလယ်က မှန်ချပ်ကြီးဟာ အသေပိတ်ထားတာပဲ။ ဒီတော့ ကောင်းကင်ပေါက်ကလည်း ဘယ်နည်းနဲ့မှ မဝင်နိုင်ဘူး"

"အင်း ... အစဉ်းစားရတော့ အတော်ကြပ်တာပဲဗျို့။ လက်ရာကတော့ အရင်လက်ရာနဲ့ တစ်ထေရာထဲဗျ။ သို့ပေမယ့် ကျုပ်တို့က အနုပညာသည် မဟုတ်တော့ ပြောပိုင်ခွင့် မရှိပေဘူး"

"ကျွန်တော့်တော့ ဘာပဲဖြစ်ဖြစ်၊ ဦးဘလှသာ ဖမ်းချင်တာပဲ။ ဒီလူကြီးဟာ ကိုကျော့ဖေ အဆက်အသွယ်တွေကို အတော် သိတယ် ထင်တယ်"

"အရင်မလိုပါနဲ့ဦးလေ။ ဖမ်းမယ်ဆိုရင် ဘယ်အခါမဆို ကျုပ်တို့ ဖမ်းနိုင်ပါတယ်။ ကျုပ်စုံစမ်းမှုကလေးကလည်း အပြီးမသပ်တတ်သေးလို့။ သို့ပေမယ့် ခင်ဗျားကိုယ်တိုင် သွားခေါ်ချေဗျာ။ ပုလိပ်သားတစ်ယောက်လည်း ခင်ဗျားနဲ့အတူ ခေါ်သွား၊ မခင်မူ သွားခေါ်ဖို့တော့ လင်္ကာလမ်းကို ကျုပ်တယ်လီဖုန်းနဲ့ အကြောင်းကြားလိုက်မယ်"

"ဒါဖြင့် သူတို့နှစ်ယောက်ကို ဆရာ ပြန်ခေါ်ဦးမယ်ဆိုပါတော့"

"ဟုတ်တယ်လေ"

"ဘာလုပ်မလို့လဲ ဆရာ"





"သူတို့အဆက်ကို အကဲခတ်ချင်သေးလို့ပေါ့ဗျ။ ပြီးတော့ ကိုဘလှဟာ တစ်ခုခုကို ဖုံးထားတယ် ကျုပ် ထင်တယ်"

ရာဇဝတ်အုပ် ကိုငွေဇင် ထွက်သွားသောအခါ အင်စပိတ်တော် ကိုမျိုးသန့်လည်း အခန်းတံခါးကို ပိတ်ခဲ့ပြီးလျှင် အောက်ထပ်သို့ ဆင်းကာ အိမ်ရှင်မိန်းမကြီးနှင့် စကားပြောဆိုလျက် ရှိလေသည်။

နောက်တစ်နာရီခန့်မျှ ကြာသောအခါ ကိုငွေဇင်သည် ပန်းချီဆရာ ဦးဘလှကို ခေါ်ခဲ့သဖြင့် အခင်းဖြစ်ပွားသော အခန်းသို့ ရောက်လာခဲ့၏။ အင်စပိတ်တော် ကိုမျိုးသန့်နှင့် တွေ့သောအခါ ၎င်း၏မျက်နှာမှာ ယမန်နေ့က ကဲ့သို့ မဟုတ်ဘဲ အတန်ငယ် ညှိုးနွမ်းနေသည်ဟု ကိုမျိုးသန့်က မှတ်ချက်ချမိ၏။

ကိုမျိုးသန့်က ကုလားထိုင်တစ်လုံးကို ထိုးပေးလျက် –

"ထိုင်ပါ ဦးဘလှ၊ အခုလိုခေါ်တာ နှောင့်ယှက်သလို ဖြစ်နေပါပြီဗျာ"

"ကိစ္စမရှိပါဘူးလေ၊ ကျုပ် တတ်နိုင်တဲ့ဘက်ကဆိုရင် ဘာမဆိုကူညီဖို့ အသင့်ပါပဲ"

"ကျွန်တော်တို့ မနေ့က တွေ့ရတဲ့ ပိုစင်ပေါ်က ပန်းချီကားပေါ့ ခင်ဗျာ"

"ဟုတ်တယ်လေ၊ မနေ့က တွေ့ရလို့ ဒီလက်ရာဟာ ကိုကျော့ဖေ လက်ရာပဲလို့တောင် ကျုပ်က ပြောသေးတယ်"

"အဲဒီ ဆွဲလက်စ ကားကို အခုဆက်ပြီး ဆွဲထားတာတွေ့ရပြန်တယ်။ ဟော့ ... ကိုငွေဇင်။ စင်ကို တဆိတ် ဒီဘက်လှည့်လိုက်စမ်းပါဦးဗျာ"

ရာဇဝတ်အုပ် ကိုငွေဇင်သည် ကိုမျိုးသန့် အမိန့်ပေးလိုက်သည့်အတိုင်း ရွက်ဖျင်ကားချပ်ဆွဲထားသည့် ပန်းချီခုံကို သူတို့နှင့်တည့်တည့် လှည့်လိုက်လေသည်။ ရုပ်ပုံမှာ အထက်ကဖော်ပြခဲ့သည့်အတိုင်း ယမန်နေ့က တွေ့ခဲ့ကြသကဲ့သို့ မဟုတ်တော့ဘဲ၊ ကိုကျော့ဖေအား ဓားနှင့်ရွယ်ထားသူမှာ ဝတ်ရုံအနက်ကြီးကို ဝတ်ဆင်ကာ ဓါးရှည်ကြီးကို လေထဲတွင် မြှောက်ကိုင်လျက်ရှိ၏။ နောက်ခံမြင်ရသော 'ဘက်ဂရောင်း' ရှုခင်းကိုလည်း ရေးဆွဲပြီးဖြစ်ရာ လူသတ်ကောင်၏ မျက်နှာနေရာ၌ တစ်စုံတစ်ရာ မထည့်သွင်းရသေးဘဲ အဖြူထည်သက်သက်ရှိနေသည်မှတစ်ပါး အလုံးစုံပြည့်စုံလျက် ရှိနေလေပြီ။

"အခုလို အနှောင့်အယှက် ပေးရတာ ဝမ်းနည်းပါတယ် ခင်ဗျာ။ ဒါထက် ကြည့်ပါဦး ဦးဘလှ"

ဦးဘလှသည် ဗထမ မျက်ခနဲ လန့်ဖြန့်သကဲ့သို့ ဖြစ်သွားပြီးနောက် ပန်းချီဆွဲသော ခုံအနီးသို့ ချဉ်းကပ်ကာ တစ်မိနစ်ကြာမျှ စိုက်၍ကြည့်နေ၏။ အိတ်ထဲမှ မှန်ဘီလူးကလေးကိုပင် ထုတ်ကာ ယခင်ကဆေး သွေးခြယ်ထားပြီး နေရာများနှင့် နှိုင်းယှဉ်ကြည့်ရှုလျက်ရှိလေသည်။

www.burmeseclassic.com



"ကျုပ်ထင်မြင်ချက်တော့ မပြောင်းလဲနိုင်ဘူး၊ အင်စပိတ်တော်မင်း"

"ဘယ်လိုလဲ ခင်ဗျ"

"မနေ့က အတိုင်းပေါ့၊ ပထမဆွဲတဲ့ လက်ရာနဲ့ အခုနောက်ထပ် အသစ်ဖြည့်တဲ့လက်ရာနဲ့ တစ်လက်ရာတည်းပဲ လူတစ်ယောက်တည်း ဖြစ်ရမယ်"

ထိုအချိန်၌ လတ္တာလမ်းဌာနမှ ရာဇဝတ်အုပ်တစ်ယောက်သည် ပန်းချီဆရာမ မခင်မူကို ခေါ်ခဲ့ပြီးလျှင် အခန်းထဲသို့ ဝင်သွားခဲ့လေသည်။

ကိုမျိုးသန့်က ပန်းချီကားကိုပြသောအခါ မခင်မူမှာ မျက်နှာများ ဖြူဖတ်ဖြူရော် ဖြစ်၍သွားလျက် ၎င်း၏ လက်ကလေးများသည်လည်း တုန်လျက်ရှိလေသည်။

"မနေ့က ပုံကို တစ်ယောက်ယောက်က ဆက်ပြီးဆွဲထား ပြန်ပြီ မခင်မူ မခင်မူကော ဘယ်လိုသဘောရလဲ"

"ကျွန်မတော့ အရင်လက်ရာပဲလို့ ထင်တာပဲ"

"ဟုတ်နိုင်ပါ့မလား မခင်မူ၊ ဘယ့်နှယ်လဲ ဦးဘလှကကော ဆိုစမ်းပါဦး။ ခင်ဗျားတို့ နှစ်ယောက်စလုံးကပဲ ကိုကျော့ဖေလက်ရာလို့ချည်း ပြောနေတာပဲ။ အခုပြောသလိုတော့ ကိုကျော့ဖေဟာ တစ္ဆေဘဝကလာပြီး ဆွဲတာဖြစ်ရမှာပေါ့"

"ဒီလိုဖြစ်မှာပဲ"

"ကျွန်တော်တို့က လူ့လောကနဲ့သာ ဆက်ဆံပြီး စုံစမ်းတာပဲ ဦးဘလှရဲ့။ သို့သော် ဘာပဲဖြစ်ဖြစ်၊ ကိုကျော့ဖေရဲ့ တစ္ဆေကတော့ သူ့ကို ဘယ်သူသတ်တယ်ဆိုတာ ပုံနဲ့ ဆွဲပြနေတာနဲ့ တူတယ်"

"ဟုတ်မှာပေါ့ဗျာ"

ဦးဘလှသည် သက်ပြင်း တစ်ချက်ချလိုက်ရာ မခင်မူကမူ တစ်ခွန်းတစ်ရာ မပြောဘဲ ပန်းချီကားကို တစ်ချက်လှမ်း၍ ကြည့်ပြီးနောက် မျက်နှာလွှဲလိုက်လေသည်။

"ကိုင်း ... အခုတော့ အခုအတိုင်းဆိုရင် ကိုကျော့ဖေဟာ ဘဝဟောင်းကို ပြန်လာပြီး သူ့ဆွဲလက်စပုံကို ဆက်ပြီးဆွဲဦးမှာပဲ"

"တကယ်လို့ ပန်းချီကားပေါ်မှာ သတ်တဲ့လူရဲ့ မျက်နှာပေါ် လာပါပြီတဲ့ဗျာ။ ဥပဒေနဲ့ ကြည့်ရင် တရားကော ဝင်ပါ့မလား"

"တိုက်ရိုက်တော့ တရားမဝင်ဘူးပေါ့ ခင်ဗျာ။ သို့ပေမယ့် ဒီလူ့အပေါ်မှာ အများဆုံး သံသယ ရှိနိုင်တာပေါ့။ ပြီးတော့ အကျိုးအကြောင်း ဆက်စပ်ကြည့်ဖို့ အထောက်အထား တစ်ခုရတာပေါ့"

"ကိုင်းလေ ... အခုလို ကျွန်တော် ဒုက္ခပေးတာလည်း တောင်းပန်ပါတယ်။ ကူညီတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ် ခင်ဗျာ"





"ဟုတ်ကဲ့"

"ဒုက္ခပေးတယ် မအောက်မေ့ပါဘူးဗျာ [illegible] ပုလိပ်ကို ကူညီဖို့ ဝတ္တရားရှိတာပဲဗျ။ ဒါထက် [illegible] ဆိုတာပဲ တစ်ဆိတ် သိပါရစေ အင်စပိတ်တော်မင်း"

"ဟုတ်ကဲ့ သိရပါတယ်"

"အခုလိုဆိုရင် ဒီပန်းချီကားကို ဒီအတိုင်း ထားဦးမှာပေါ့"

"ဟုတ်ကဲ့ ထားရပါလိမ့်ဦးမယ်။ ဘယ်သူကပဲ လာပြီး [illegible] ပေါ်တာသာလိုရင်းပဲ"

"ဟုတ်တာပေါ့"

"ဒါထက် ဦးဘလှအားရင် နက်ဖြန်မနက် လျှောက်ခဲ့ပါလား၊ ၈ နာရီလောက်ရောက်ရင် တော်ပါပြီ။ ကျွန်တော်လည်း ဒီမှာရှိမှာပဲ"

"လာနိုင်မယ် မထင်ဘူး အင်စပိတ်တော်မင်း။ ကျွန်တော့်မှာ လေငန်းရောဂါ ရှိနေတယ်။ သွေးတိုးရောဂါလည်း ရှိတော့ စိတ်ကို ထိခိုက်မယ့်ကိစ္စဆိုရင် ကျွန်တော် တယ်ပြီး မလာချင်ဘူး ခင်ဗျ။ စိတ်ကို ထိခိုက်မယ့်ဟာ မြင်ရ ကြားရရင် ကျွန်တော့်မှာ ရင်တွေတုန်ပြီး ရောဂါတိုးတယ်"

"ဒါဖြင့်လည်း နေပါစေတော့လေ"

အင်စပိတ်တော် ကိုမျိုးသန့်လည်း ဦးဘလှ မခင်မူတို့အား နှစ်ယောက်စလုံးပြန်ခွင့်ပြုရာ အောက်ယပ်သို့ ဆင်းသွားကြပြီးနောက် လမ်းထိပ်သို့ ရောက်သောအခါ မြင်းရထား တစ်စီးပေါ်သို့ တက်သွားသည်ကို ကိုငွေဇင်က မြင်လိုက်ရကြောင်းပြောပြသောအခါ ကိုမျိုးသန့်က မျက်စိတစ်ဖက်ကို မှိတ်ပြလိုက်သေး၏။

ကိုမျိုးသန့်က မျက်ခုံးတစ်ဘက်ချီလျက် –

"မဆန်းပါဘူး ကိုငွေဇင်ရယ် ... ကိုကျော့ဖေ မသေခင်ကတောင် မိန်းကလေးက ဦးဘလှဘက်ပါ နေတာပဲ။ သေမှတော့ မပြောနဲ့တော့။ ဒီလိုဗျ ... မခင်မူကို နှစ်ယောက် ဝိုင်းပိုးကြတာ ပထမ စံပြမယ် အဖြစ်နဲ့ ကိုကျော့ဖေဆီမှာ အခယူပြီးအလုပ် လုပ်ရင်းက တစ်ယောက်နဲ့တစ်ယောက်ငြိစွန်းပြီး ဒီနောက် ဦးဘလှဘက်ကိုပါ သွားသတဲ့ဗျ။ ဒါပေမယ့် ဦးဘလှက မခင်မူကို ကိုကျော့ဖေဘက် ပြန်ပါသွားမှာကို စိတ်မချဘူးဆိုဘဲ"

"နေဦးလေ ... သိပ်ပြီး အရင်မလိုပါနဲ့ဦး။ တွေးထင်ချက်တွေ ... သံသယတွေဆိုတာ နောက်မှ အကျိုးအကြောင်း ဆက်စပ်ပြီး ယူရတာပေါ့၊ ပထမ အရေးကြီးတာက တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်မှန်တွေကို ရှေးဦးစွာ ကျုပ်တို့ ရဖို့လိုတယ်။ ဒါကြောင့် လူသတ်မှုတစ်ခုဖြစ်ရင် သေတဲ့လူရဲ့ အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ် အပေါင်းအသင်းနဲ့ သူ့ရဲ့ ပတ်ဝန်းကျင်ကို နိုက်နိုက်ချွတ်ချွတ် သိထားချင်လို့ လိုတယ်လို့ ပြောတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

"ဒါထက် ... ဒီကနေ့ည ခင်ဗျားနဲ့ကျုပ် နှစ်ယောက်ထဲ ဒီအခန်းမှာ စောင့်ရလိမ့်မယ် ကိုငွေဇင်"

"စောင့်ရတာပေါ့ ဆရာ"

"ပြီးတော့ တစ်ခုရှိတယ်ဗျို့။ ဒီကနေ့ည ဒီတိုက်ပေါ်ကို ဘယ်သူပဲ တက်တက် ဘယ်လိုမှ အနှောင့်အယှက် မလုပ်ဖို့ ခင်ဗျား လူတွေကို ပြောထားစမ်းဗျာ။ တက်ချင်တဲ့လူ တက်ပါစေ ဘယ်လိုမှ ... ဖမ်းလား ဆီးလား မလုပ်စေနဲ့။ သို့သော် တိုက်ပေါ်က တရကြမ်းဆင်းတဲ့လူကိုတော့ ဖမ်းပေါ့ဗျာကိုငွေဇင်"

"ကောင်းပါပြီဆရာ၊ ကျွန်တော် ပြောထားပါမယ်"

"ကျုပ်ပြောတာ နားလည်ရဲ့နော်"

"နားလည်ပါတယ်ဆရာ"

ထိုည၌ အင်စပိတ်တော် ကိုမျိုးသန့်နှင့် ကိုငွေဇင်တို့သည် လူသတ်မှု ဖြစ်ပွားသော ကိုကျော့ဖေ တိုက်ခန်းတွင် စောင့်ဆိုင်းလျက်ရှိကြလေ၏။ အပြင်မှ သော့ခလောက် ခတ်ထားသော်လည်း ခတ်ထားသော သော့မှာ အပေါစား ဈေးသော့ခလောက်မျိုး ဖြစ်၍ သာမန်သူခိုးတစ်ယောက်ပင် အလွယ်တကူ ဖွင့်နိုင်လေသည်။

၁၀ နာရီကျော်မျှရှိသောအခါ အတော်ပင် တိတ်ဆိတ်လာပြီဖြစ်၍၊ ကားသံများကို ရံဖန်ရံခါသာ ကြားရပြီးလျှင် ၁၁ နာရီထိုးပြီးသောအခါ၌မူ လမ်းမကြီးပေါ်မှ ကားသံများကိုသာ ရံဖန်ရံခါ ကြားရတော့၏။ တပို့တွဲ လဆန်းပင် ဖြစ်သော်လည်း မိုးသားများသည် တစ်မိုးလုံး အုံ့မှိုင်းလျက် ရှိလေရာ တစ်ခါတစ်ရံ လျှပ်ကလေးများပင် ပြက်လိုက်သဖြင့် ကောင်းကင်ပေါက်နှင့် မှန်ပြတင်းများမှ ဝင်လာသော အလင်းရောင်ကလေးများသည် ကိုကျော့ဖေ၏ ပန်းချီခန်းကို ဝင်းခနဲ လက်ခနဲ ဖြစ်၍သွားစေ၏။ အရာရှိနှစ်ယောက်တို့သည် အခန်းအဝင်ဝ၏ လက်ယာဘက်ရှိ စာအုပ်များ တင်ထားသော စားပွဲနောက်တွင် ကုလားထိုင်တစ်လုံးစီနှင့် ထိုင်ကာ စောင့်ဆိုင်းလျက် ရှိကြလေသည်။

၁၂ နာရီထိုးရန် မိနစ် အနည်းငယ်မျှသာ လိုတော့၏။ ဆိတ်ငြိမ်ခြင်းသည် ပတ်ဝန်းကျင်ကို လွှမ်းခြုံကာ မိမိတို့ အသက်ရှူသံများသည်ပင် တစ်ခန်းလုံးကို ကျယ်လောင်စွာ ပြန့်နှံ့သွားသကဲ့သို့ ထင်ရလေ၏။ တစ်ယောက်၏ တဒိတ်ဒိတ် မြည်သော ရင်ခုန်သံများကိုပင် အခြားတစ်ယောက်က ကြားရလောက် စိတ်ချောက်ချား မိကြ၏။





ယမန်နေ့ကပင် ဓားဒဏ်ရာကြီးဖြင့် လဲနေသော ကိုကျော့ဖေ၏ အလောင်းကိုလည်းကောင်း၊ ကြမ်းပေါ်တွင် စီးကျနေသည့် သွေးပွက် သွေးအိုင်များကိုလည်းကောင်း ကိုငွေဇင်သည် တွေးတောမြင်ယောင်မိ၏။ အခန်းမှာ မှောင်နှင့်မည်းမည်း ရှိနေရာ ထိုအချိန်အတွင်း၌ တံခါးဖွင့်သကဲ့သို့ 'ကျွီ' ခနဲ အသံတစ်ခုကို ကြားလိုက်ပြီးနောက်မှ မိမိတို့ မျက်နှာဆီသို့ လေပွေကလေးတစ်ခု တိုးဝှေ့သွားသကဲ့သို့ ထင်မှတ်လိုက်ရှလေသည်။

ကိုငွေဇင်က လေသံဖြင့် -

"ကြားလား ဆရာ"

ကိုမျိုးသန့်က ကိုငွေဇင်၏ နားနားသို့ကပ်၍ -

"ကြားပါတယ်ဗျ"

"ဘာလဲဆရာ"

"မသိဘူးလေ"

"တံခါးပွင့်သွားပြီ ထင်တယ်"

"မပွင့်ပါဘူးဗျ၊ ခင်ဗျား စိတ်ထင်လို့ပါ"

ထိုခဏ၌ လျှပ်စစ်ရောင်ခြည်တစ်ခုသည် ဝင်းခနဲ အခန်းကို ဖြတ်သွားသဖြင့် နှစ်ဦးစလုံးပင် တံခါးရှိရာသို့ ကြည့်လိုက်မိကြ၏။ တံခါးမှာ ပိတ်မြဲ ပိတ်လျက် ရှိနေလေသည်။

ငါးမိနစ်မျှ အချိန်ကုန်လွန်သွားပြန်ရာ ချောက်ခနဲ အသံတစ်ခု ထွက်ပေါ်လာပြန်လေသည်။ သို့သော် ထိုအသံမှာ ယခင်က တံခါးဖွင့်သံကဲ့သို့ မဟုတ်ဘဲ အပြင်မှ သော့ခလောက်ကို ဖွင့်သံနှင့် တူလေသည်။ အရာရှိနှစ်ယောက်တို့သည် တစ်ယောက်လက်ကို တစ်ယောက်ကိုင်ကာ အသံကြားရာသို့ နားစွင့်လျက်ရှိကြ၏။ ထိုအချိန်၌ အပြင်မှ မှုန်ရီမှုန်မွှား သာလျက်ရှိသော လမင်း၏ အလင်းရောင်ကလေးသည် မှောင်အတိပြီးသော အခန်း၏ တစ်စိတ်တစ်ဒေသပေါ်သို့ ကောင်းကင်မှန်ပေါက်မှ ထိုးကျဝင်ရောက်လာလေ၏။ အသံကြားပြီးနောက် မရှေးမနှောင်းပင် တံခါးရွက်သည် အတွင်းဘက်သို့ တရွေ့ရွေ့ ပွင့်လာပြီးနောက် လူတစ်ယောက်၏ ပုံသဏ္ဍာန်တစ်ခုသည် အခန်းထဲသို့ တဖြည်းဖြည်း ဝင်လာလေ၏။ ထိုသူသည် မည်းနက်သော ဝတ်ရုံကြီးကို ဝတ်၍ထားသဖြင့် ယောကျ်ား မိန်းမ ဟူ၍ပင် မကွဲပြားချေ။

ထိုသဏ္ဍာန်သည် အခန်းတွင်းသို့ ခြေဖျားထောက်ကာ ဝင်ရောက်လာပြီးနောက် ပန်းချီရုပ်ပုံကားတင်၍ထားသော ခုံရှိရာသို့ တရွေ့ရွေ့ သွားလေသည်။ ကိုမျိုးသန့်နှင့် ကိုငွေဇင်တို့မှာ မှောင်ထဲတွင် မျက်စိကျင့်သားရလာပြီ ဖြစ်သဖြင့် အတော်အတန် သဲကွဲစွာ မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မည်းနက်သော သဏ္ဌာန်ကြီးသည် ဝတ်ရုံအောက်မှ လက်နှိပ်ဓာတ်မီးငယ်တစ်ခုကို ထုတ်၍ ပန်းချီကားချပ်ပေါ်သို့ ထိုးလိုက်ပြီးလျှင် တစ်စုံတစ်ရာကို မြင်လိုက်ရသဖြင့် လန့်ဖြန့်သွားသည့်ဟန်ဖြင့် နောက်သို့ ဖျတ်ခနဲ ဆုတ်လိုက်၏။ ထိုခဏ၌ "အား ... ဝါး ... ဝါး ... ဝါး ... ဝါး" ဟု အသံအစ်ကြီးဖြင့် မကွဲမပြား ဟစ်အော်လိုက်ပြီးလျှင် လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ပြီးနောက် ကြမ်းပေါ်သို့ ဘိုင်းခနဲ လဲကျသွားလေ၏။

အံ့အားသင့်လျက်ရှိသော ကိုမျိုးသန့်သည် ထိုအခါမှ သတိရလာပြီးလျှင် –

"ဟောလု ... ဓာတ်မီးဖွင့် ... ဓာတ်မီးဖွင့်၊ ကိုငွေဇင်လာဗျို့" ဟု ပြောကာ သူကိုယ်တိုင်လည်း ပန်းချီကားတင်သော နံဆီသို့ ပြေးသွားလေသည်။

ကိုငွေဇင်က ဓာတ်မီးခလုတ်ကို ဖွင့်လိုက်သဖြင့် တစ်ခန်းလုံး ထိန်ထိန်လင်း၍ သွားလေ၏။

ကြမ်းပြင်ပေါ်၌ အလျားမှောက်ကာ လဲကျနေသော သဏ္ဌာန်ကို ကိုငွေဇင်သည် လျှင်မြန်စွာ ပွေ့ထူလိုက်ရာ ထိုသဏ္ဌာန်မှာ ဝတ်ရုံနက်ကြီးကို ဝတ်၍ထားသော ပန်းချီဆရာ ဦးဘလုဖြစ်ကြောင်း တွေ့ကြရ၏။ ဦးဘလုကား အသက်မရှိတော့ချေ။ ရုတ်တရက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တစ်ခုခုကို တွေ့ရသဖြင့် စိတ်ကို အပြင်းအထန် ထိခိုက်ကာ နှလုံးသွေးရပ်ကာ သေဆုံးသွားဟန်တူလေသည်။

"အလို ဦးဘလုပါကလား ဆရာ"

"ဟုတ်သားပဲ။ Heart Failure နှလုံးသွေးရပ်သွားတာနဲ့ တူတယ်"

"ဟုတ်ပါလိမ့်မယ် ဆရာ၊ သူ့မှာ လေငန်းရောဂါလည်း ရှိတယ်လို့ ပြောဖူးသားပဲ။ သူက ဘာဖြစ်လို့များ လာရပါလိမ့်"

"အကြောင်းရှိလို့ လာမှာပေါ့ ကိုငွေဇင်'

ထိုအခါမှ ကိုမျိုးသန့်သည် ပန်းချီကားဘက်သို့ လှည့်လိုက်လေသည်။

ယခင်က ဝတ်လုံနက်ကြီး ခြုံထားသူ လူသတ်သမား၏ ကွက်လပ်ရှိနေသော မျက်နှာနေရာ၌ကား အပြည့်အစုံ ရေးချယ်ပြီးလေပြီ။ ၎င်းမျက်နှာမှာ မခင်မူ၏ မျက်နှာပင်ဖြစ်တော့၏။ ဦးဘလု တွေးထင်ခဲ့သည့်အတိုင်း သေသူကိုကျော့ဖေ၏ ဝိညာဉ်သည် ဘဝဟောင်းသို့ ပြန်လာကာ မိမိအား သတ်သူကို မိမိကျွမ်းကျင်သော ပန်းချီဆေးရေးပညာဖြင့် လာရောက်ပြသခြင်းပင် ဖြစ်ဟန်တူလေသည်။

ကိုငွေဇင်က ထိတ်လန့်အံ့သြသော အမူအရာဖြင့် –

"လက်စသတ်တော့ မခင်မူ မျက်နှာပါလားဆရာ"





"အင်း ... ဟုတ်တာပေါ့၊ ကျုပ်လည်း အစက ထင်သားပဲ"

"ဒီတော့ ဘယ့်နှယ်လုပ်မလဲဆရာ"

"ဘယ့်နှယ့်လုပ်ရမှာလဲ၊ ဖမ်းရုံရှိတာပေါ့။ သို့သော် ... "

"ဘာသို့သော်လဲ ဆရာ"

"ကျုပ် မဖမ်းရက်နိုင်အောင် ရှိနေတယ်ဗျာ။ လင်ကြီးရော၊ လင်ငယ်ရော ဆုံးရှုံးသွားရတဲ့ အမျိုးသမီး ခိုကိုးရာမဲ့ မိန်းမချောကလေး တင်ယောက်ျားဟာ လူသတ်မှုနဲ့ တစ်ခါ အဖမ်းခံရဦးမယ်ဆိုရင် လောကကြီးမှာ နေလို့ကောင်းရှာပါဦးမလား ကိုငွေဇင်"

"ဒါလည်း ဟုတ်တာပဲ ဆရာ။ နို့ ... ဆရာပြောတဲ့အတိုင်း တရွှေသင်္ချိုင်းနဲ့ ပတ်သက်လို့ သက်သေခံတင်ပြရင် ဥပဒေ မဝင်ဘူးဆို ဆရာ ပြောတာပဲ"

" ဟုတ်တော့ ဟုတ်တာပေါ့ ကိုငွေဇင်၊ သို့ပေမယ့် အနုပဲ ခင်ဗျားနဲ့ ကျုပ်သိနေပြီဗျာ"

ထို့နောက် ဆရာတပည့်နှစ်ယောက်တို့သည် ပန်းချီကား ရေးဆွဲထားသော ရှက်ဖျင်ကို လိပ်၍ယူပြီးလျှင် အောက်ထပ်သို့ ဆင်းခဲ့ပြီးနောက် ဦးဘလု သေဆုံးသွားပုံကို ဌာနသို့ အကြောင်းကြားလိုက်လေသည်။

ဦးဘလုအလောင်းကို ဆေးရုံသို့ ယူသွားပြီးနောက် ကိုမျိုးသန့်နှင့် ကိုငွေဇင်တို့သည် ယခင် ဟိုတယ်၌ပင် အရက်ကိုမူးအောင် သောက်ကြပြီးနောက် တက္ကစီတစ်စီးငှား၍ အိမ်သို့ ပြန်ကြလေသည်။

နံနက် ရှစ်နာရီလောက်တွင် ကိုမျိုးသန့်သည် အိပ်ရာမှ နိုးလေရာ ပထမဦးစွာ သူကြားရသော သတင်းမှာ ၅၂ လမ်းနေ ပန်းချီဆရာမ မခင်မူသည် နံနက် ဝေလီဝေလင်းအချိန်တွင် သုံးထပ်တိုက်ပေါ်မှ ခုန်ချ သေဆုံးသွားကြောင်း ဌာနမှာ ပုလိပ်သားတစ်ယောက်လာ၍ ပြောသော သတင်း ဖြစ်လေသည်။

အင်စပိတ်တော် ကိုမျိုးသန့်၏ မျက်လုံးများမှာ ပြာ၍သွားပြီးနောက် 'ဟင်း' ခနဲ သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## စိတ်ပညာလော၊ စိတ်ထင်တာလော

မခင်သိန်းလွင်သည် ဒုတိယတန်းလက်မှတ်တစ်စောင်ကို ယူ၍ အင်းစိန် လော်ကယ်ထားပေါ်သို့ တက်ခဲ့၏။ တွဲထဲတွင် ယောကျ်ားတစ်ယောက် မိန်းကလေးနှစ်ယောက်၊ ဘိုကပြားတစ်ယောက်ကို တွေ့ရသောအခါမှ အတော် အတန် အားတက်လျက် ထောင့်တစ်နေရာတွင် ထိုင်လိုက်၏။ မီးရထားတွဲထဲသို့ ရောက်နှင့်ပြီးသူများသည် နောက်တက်လာသော မိန်းမပျို၏ ချစ်စဖွယ်ကောင်းသော မျက်နှာနှင့် အချိုးအချိတ် ကျလှသော ကိုယ်လုံးကိုယ်ပေါက်ကို အကဲခတ်ဟန်ဖြင့် မသိမသာ ကြည့်လိုက်ကြ၏။

မခင်သိန်းလွင်သည် လက်ဆွဲအိတ်ကလေးထဲမှ မိမိအား 'အင်တာဗျူး' ခေါ်သော စာတစ်စောင်ကို ထုတ်ယူကာ လိပ်စာကို နှစ်ခေါက် သုံးခေါက်မျှ ထပ်၍ ဖတ်ပြီးနောက် စာအိတ်အတွင်းသို့ ရိုသေစွာ ပြန်၍ ထည့်လိုက်လေသည်။

သမိုင်းဘူတာသို့ ရောက်သောအခါ ဆင်းသက်၍ မြင်းလှည်းတစ်စီးကို ငှားပြီးလျှင် အထဲတွင်ပါသော လိပ်စာအတိုင်း မြင်းလှည်းကလေးကို မောင်းစေ၏။ နာရီဝက်ခန့် မောင်းမိသောအခါ မြင်းလှည်းသမားသည် 'စမွှာယ်ရုံ' ဟုရေးထားသော ခြံတစ်ခြံရှေ့တွင် ရပ်တန့်လိုက်လေသည်။

မခင်သိန်းလွင်သည် မြင်းလှည်းခကို ပေးပြီးနောက် ခြံဝတွင်ရပ်၍ လူရိပ်လူခြေကို ကြည့်ရှုလျက် ရှိစဉ် ခြံစောင့်နှင့်တူသော လူတစ်ယောက် ထွက်လာ၍





အကျိုးအကြောင်း မေးမြန်း၏။ မခင်သိန်းလွင်က စာအိတ်ကို ထုတ်ပြ၍ အိမ်ရှင် ဦးစိန်မောင်က ခေါ်ထားလေသဖြင့် အလုပ်အတွက် တွေ့ဆုံရန် လာရောက် ကြောင်းဖြင့် ပြောပြလေရာ ခြံစောင့်သည် တံခါးကိုဖွင့်ပေး၍ အိမ်ဆီသို့ ခေါ် သွားလေသည်။

အိမ်ကြီးမှာ ရှေးဟောင်းအိမ်ကြီးတစ်ဆောင် ဖြစ်၍ တင်းတောင်း... ကျယ်ဝန်းသော ခြံကြီး အလယ်၌ဆောက်ထားရာ ခြံစောင့်သည် မခင်သိန်း လွင်အား ဆင်ဝင်အောက်ရှိ တံခါးမှ ဝင်စေ၍ ဧည့်ခန်းတစ်ခုအတွင်းသို့ ခေါ် သွားပြီးလျှင် နေရာထိုင်ခင်းများ ပေးလေ၏။ မကြာမီ အသက် ၄၀ ကျော် ၅၀ အတွင်းရှိ ရုပ်ရည်သန့်လှသော လူကြီးတစ်ယောက်ထွက်လာ၍ မခင်သိန်းလွင်၏ အမည်ကိုမေးကာ နှုတ်ခွန်းဆက်သပြီးနောက် –

"ထောက်ခံစာတွေရော ပညာအရည်အချင်းရော သဘောကျပါတယ်လေ။ ဒါကြောင့်လည်း စာရေးပြီး စကားရေရေလည်လည် ပြောရအောင် ခေါ်လိုက်တာပဲ။ လက်ရေးတို ကောင်းကောင်း လုပ်နိုင်ရဲ့ မဟုတ်လား"

"ဟုတ်ကဲ့ လိုက်နိုင်ပါတယ်ရှင်။ လက်မှတ်တော့ မရပါဘူး"

"လက်မှတ်က အရေးမကြီး ပါဘူးလေ။ လူရဲ့တန်ဖိုးကို လက်မှတ်က ဆုံးဖြတ်တာ မဟုတ်ပါဘူး။ အရည်အချင်းက ဆုံးဖြတ်တာပါ"

"မှန်ပါတယ်ရှင်"

"ဒီလိုကွဲ့ မခင်သိန်းလွင်ရဲ့၊ ဦးက စာရေးဆရာတစ်ယောက် ဆိုပေမယ့် ဝတ္ထုတွေ၊ ကဗျာတွေ၊ ဆောင်းပါးတွေရေးတဲ့ စာရေးဆရာ မဟုတ်ပါဘူး။ ကျောင်းသုံးစာအုပ်တွေလောက် ကိုင်ပြီး ရာဇဝင်ကလေးနည်းနည်း ပထဝီဝင် ကလေးနည်းနည်း အင်္ဂလိပ်စာအုပ်တွေဖတ် မှတ်စုထုတ် သုတေသနပြုတာမျိုး၊ ဦး မှတ်သားချက်တွေ မင်းက လိုက်ရေး။ ပြီးတော့ လက်နှိပ်စက်နဲ့ရိုက်၊ ဖိုင်တွဲသင့်တာတွဲ၊ အပြင်ကလာတဲ့ စာကလေးတစ်စောင် နှစ်စောင်ပြန် ဒီလောက်ပါပဲ"

"ဟုတ်ကဲ့၊ ကျွန်မ လုပ်နိုင်ပါတယ်"

"လခ ၃၀၀ ကျပ် ဆိုတာတော့ ကျေနပ်ကဲ့ မဟုတ်လား"

"ကျေနပ်ပါပြီရှင်"

"ကိုင်း ... ဒါဖြင့် သုံးလ အစမ်းခန့်ထားမယ်။ သုံးလရှိလို့မှ သဘောချင်း မတိုက်ဆိုင်ရင် မခင်သိန်းလွင် သဘောအတိုင်း ထွက်ချင်ထွက်နိုင်ပါတယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ပြီးတော့ ဒီမှာ လာနေရမယ့် အချက်တစ်ခုက ရှိတယ်နော်"

"ဟုတ်ကဲ့၊ ကျွန်မ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်စေမိန်းမကြီး တစ်ယောက်၊ ၁၃ နှစ်လောက် တောက်တိုမယ်ရ နိုင်းဖို့ ကလေးမလေးတစ်ယောက် အဖော်ရှိပါတယ်။ နေရေးထိုင်ရေးတော့ သူတို့နဲ့ ကြည့်ပြီး စီမံတာပေါ့။ အခန်းလွတ်တစ်ခုလည်း သပ်သပ် ပေးပါမယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

"အိမ်မှာ နေစေချင်တယ်ဆိုတဲ့ အကြောင်းက ဒီလိုပါ။ ဦးက စိတ်ထဲမှာ အမှတ်ရရင် အချိန်မရွေး ပြောချင်တယ်။ ဥပမာ ည ၇နာရီလောက်မှာ သတိရချင်ရမယ်။ တစ်ခါတလေ တစ်နေ့လုံးမှာ တစ်နာရီလောက်ပဲ အလုပ်ရှိချင်ရှိမယ်။ ကိုယ်တိုင်လည်း လက်က တုန်နေလို့ မရေးနိုင်ဘူး။ ဒါကြောင့် အချိန်မရွေးရအောင် ဆိုပြီးထားတာပဲ"

"ဦးရေးလိုက်တဲ့ အထဲမှာလည်း ဒီအတိုင်း ပါပါတယ်"

"ဒါဖြင့် ဒီအချက်တွေ အားလုံး သဘောတူတယ်နော်။ တစ်ခုတော့ ရှိပါတယ်၊ နှစ်ပတ် တစ်ခါလောက်တော့ အိမ်ပြန်နိုင်ပါတယ်"

"ဟုတ်ကဲ့၊ သဘောတူပါတယ်ရှင်"

"တစ်ခုပြောရဦးမယ်။ ကျုပ်တို့ ရွာကလေးက အင်မတန် ခြောက်သွေ့တယ်။ ညကျရင်လည်း တိတ်ဆိတ်လိုက်တာ ဘာသံမှမကြားရဘူး"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မ နေနိုင်ပါတယ်။ ပြီးတော့ အေးချမ်းဆိတ်ငြိမ်တယ်ဆိုရင် သဘောကျပါတယ်"

"ကိုင်း ... ဒါဖြင့် ဘယ်တော့စပြီး အလုပ်ဝင်နိုင်မလဲ"

"ဒီကနေ့ သောကြာနေ့ဆိုတော့ တနင်္လာနေ့ကစပြီး လုပ်ပါရစေရှင်"

"ကောင်းပြီ ... ကောင်းပြီ၊ ကိုင်း ... သွားပေတော့"

ဤသို့ဖြင့် မခင်သိန်းလွင်သည် ဦးစိန်မောင်၏ စက္ကရီတေရီအလုပ် လက်ခံရရှိ၏။

အိမ်ထဲမှထွက်၍ ခြံထဲသို့ လျှောက်လာခဲ့သောအခါ၌ မခင်သိန်းလွင်သည် မိမိနောက်မှ တစ်စုံတစ်ယောက်က လိုက်၍ ချောင်းမြောင်းကြည့်ရှုသကဲ့သို့ ထင်မိ၏။ သို့သော် "အို ... ငါ့စိတ်ထဲက ထင်လို့ ထင်ပါရဲ့" ဟု တစ်ကိုယ်တည်း ပြေဆိုကာ ခြံပြင်သို့ ထွက်ခဲ့လေသည်။

တနင်္လာနေ့ နံနက်၌ မခင်သိန်းလွင်သည် နံနက်လော်ကယ်ရထားဖြင့် သမိုင်းဘူတာသို့ ဆိုက်ရောက်လာ၏။ သေတ္တာနှင့်လက်ဆွဲသား ရေအိတ်စသော ပစ္စည်းကလေးများကို မီးရထားတွဲထဲမှချပြီးလျှင် ဘူတာရုံအတွင်းရှိ တာဝန်ခံများထံ အပ်ထားခဲ့ပြီးနောက် မြင်းလှည်းငှားရန် ဘူတာ အပြင်သို့ထွက်ခဲ့ရာ အသက် ၆၀ ကျော် ၇၀ ခန့်ရှိ မွန်ရည်သန့်ပြန့်သော မိန်းမကြီးတစ်ယောက်သည် မခင်သိန်းလွင်၏ လက်ကိုဆွဲလိုက်ကာ –





"ရန်ကုန်က မခင်သိန်းလွင်ဆိုတာ ကလေးမပဲလား"

"ဟုတ်ကဲ့၊ ကျွန်မနာမည် မခင်သိန်းလွင် ပါတဲ့ရှင်"

"ရှည်လိုက်တာကွယ်။ နာမည်ကလည်း ဟုတ်ပါပြီ၊ မောင်စိန်မောင်ဆီမှာ အလုပ်လုပ်ဖို့ လျှောက်ထားတာလေ"

"ဟုတ်ကဲ့ ဒေါ်ဒေါ် ... ကျွန်မပါပဲ"

"ဒေါ်ဒေါ့်နာမည်က မဘွားကြီးတဲ့၊ မောင်စိန်မောင်ရဲ့ အမေပေါ့"

"သြော် ... ဦးစိန်မောင်မှာ အမေ ရှိသကို"

"ရှိတာပေါ့အေ၊ ညည်းကို ကြိုဖို့ အဒေါ်ပါ လိုက်လာတာ၊ ညည်း ပစ္စည်းတွေကော မပါဘူးလား"

"ပါပါတယ် ဒေါ်ဒေါ်။ ဘူတာထဲမှာ ခဏအပ်ပစ်ခဲ့တယ်"

"သွားယူချေ။ သွားယူချေ"

မိန်းမကြီးသည် တစ်စုံတစ်ခု ဆက်လက်မပြောဘဲ ဘူတာရုံအပြင် လမ်းဘက်သို့ ထွက်သွားလေရာ မခင်သိန်းလွင်သည် အတန်ငယ် စိတ်စနိုးစနောင့် ရှိနေပြီးနောက်မှ ပစ္စည်းများကို အလုပ်သမားအား သယ်စေ၍ အပြင်ထွက်ခဲ့လေ၏။

လမ်းပေါ်၌ကား 'ဇုတာက်ဟော' ကားကလေးတစ်စီး ရပ်လျက်ရှိရာ ဦးစိန်မောင်သည် ကားမောင်းသူနေရာ၌ ထိုင်နေသည်ကို တွေ့ရ၏။ မခင်သိန်းလွင်ကို မြင်သောအခါ ဦးစိန်လွင်မောင်သည် ကားပေါ်မှဆင်းလာ၍ ပစ္စည်းများကို ကားပေါ်သို့ ကူညီတင်ပေး၏။

"မေမေက ဒီလိုပဲ မခင်သိန်းလွင်ရဲ့။ ဧည့်သည်လာရင် သူကိုယ်တိုင် လိုက်ကြိုရမှ ကျေနပ်တယ်"

"ဟုတ်ကဲ့ ဒီလိုလာကြိုတာ ကျေးဇူးတင်ပါတယ်ရှင်"

ဦးစိန်မောင်ကိုယ်တိုင် ကားကလေးကို မောင်း၍ လာခဲ့ရာ တစ်ခဏအတွင်းအကြာတွင် 'စမွယ်ရုံ' ခြံသို့ ရောက်လာ၍ အိမ်ရှေ့ဆင်ဝင်အောက်သို့ ကားဆိုက်သောအခါ ထမင်းချက် မိန်းမကြီးနှင့် အိမ်ဖော် မိန်းကလေးတစ်ယောက်တို့က ပစ္စည်းများကို ကူညီချပေးလေသည်။ ထို့နောက် ဦးစိန်မောင်က အိမ်ဖော်မကလေးအား မခင်သိန်းလွင် နေရန် အခန်းကို လိုက်၍ပြစေ၏။

၃–၄ ရက်ကြာသောအခါ မခင်သိန်းလွင်မှာ အစားအသောက် အနေအထိုင် နေသားတကျ ဖြစ်လျက် ဦးစိန်မောင်၏ အလုပ်များမှာလည်း ပြောလောက်အောင် မရှိဘဲ နေ့လယ်တွင် နာရီဝက်ခန့် ဦးစိန်မောင် ပြောသည်တို့ကို လက်ရေးတိုဖြင့် လိုက်ရခြင်း၊ လက်ရေးတို ရေးကူးပြီး စာရွက်များကို နာရီဝက်ခန့် လက်နှိပ်စက်ရိုက်ရခြင်း၊ တစ်ခါတစ်ရံ ညနေစောင်း၌သော်လည်းကောင်း ညှိ



www.burmeseclassic.com

www.burmeseclassic.com



၇ နာရီ ၈ နာရီခန့်မျှသော်လည်းကောင်း ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် လက်ရေးတို ရေးရခြင်း များသာ ဖြစ်၏။ ထိုရက်အတွင်း အပြင်မှာလာသော စာတစ်စောင်သာ ပြန်ကြား ရ၏။

ထိုရက်သတ္တပတ်အတွင်း မခင်သိန်းလွင်သည် ဦးစိန်မောင်၏ မိခင် ဒေါ်ဘွားကြီးအား တစ်ကြိမ်သာ တွေ့ရ၏။ ဒေါ်ဘွားကြီးမှာ အိမ်ပေါ်ထပ်၌သာ နေ၍ ထမင်းကိုလည်း သူ့အခန်းထဲသို့ ယူ၍စာအကြောင်း၊ အိမ်ပြင်သို့လည်း တစ်ခါတစ်ရံမှ ထွက်တတ်ကြောင်း။ လက်တိုလက်တောင်းခိုင်းစေရန်ရှိက အိမ်ဖော်မကလေး နှင်းပွင့်ကိုသာ ခိုင်းလေ့ရှိကြောင်း သိရ၏။ တစ်ကြိမ်တွင် ဦးစိန်မောင်နှင့် အတူရှောရနော စကားပြောဆိုရလေရာ မိန်းမကြီးမှာ အလွန်ရုပ်ရည် သန့်ပြန့်၍ စကားပြော ကောင်းသော်လည်း ၎င်း၏ မျက်လုံးများမှာ အရွယ်နှင့် မလိုက်အောင် စူးရှတောက်ပသဖြင့် မိမိအား ကြည့်လိုက်သောအခါများတွင် ကျောထဲမှ စိမ့်၍သွားသကဲ့သို့ ကြောက်ရွံ့သော စိတ်များပင် ပေါ်၍လာတတ်၏။ သို့ဖြစ်၍ ဒေါ်ဘွားကြီး ဆင်းလာသောအခါများ၌ မခင်သိန်းလွင်သည် လက်နှိပ်စက်ကိုသာ ရမယ်ရှာ၍ ရိုက်နေတတ်၏။

ဦးစိန်မောင်အတွက်ကား တစ်စုံတစ်ရာ ပြောဆိုရန်မရှိချေ။ စကား အလွန်နည်းသူတစ်ယောက်ဖြစ်၍ အလုပ်ဝတ္တရား ရှိသောအခါမှသာ မခင်သိန်းလွင်အား စကားပြောဆိုလေ့ရှိ၏။ စကားကိုလည်း အပိုမပြောဘဲ ချိုသာစွာပြောတတ်လေသည်။ ညနေချမ်းအချိန်များ၌လည်း မခင်သိန်းလွင်အား နှင်းပွင့်နှင့်အတူ ရွာထဲတွင် လမ်းလျှောက်ခွင့်ပေးထား၏။ သို့နှင့် သာယာသော ညနေခင်းများ၌ မခင်သိန်းလွင်သည် ရွာထဲသို့ အိမ်ဖော်မကလေးနှင်းပွင့်အတူ လမ်းလျှောက် တတ်၏။ ဤသို့ဖြင့် အချိန်များသည် တရွေ့ရွေ့ ကုန်လွန်လာခဲ့လေသည်။

တစ်နေ့သ၌ ဦးစိန်မောင်သည် မခင်သိန်းလွင် အလုပ်အပြီး၌ –

"ဪ ... ဒါထက် မခင်သိန်းလွင် အလုပ်လုပ်ရတာ ပျော်ရဲ့လား"

"ဟုတ်ကဲ့ ပျော်ပါတယ်"

"ကျုပ်တို့ ရွာကလေးက အင်မတန် ခြောက်သွေ့တယ် မခင်သိန်းလွင်ရဲ့။ ဒီတော့ ရန်ကုန်မှာ နေနေကျ တော်ရုံတန်ရုံလူဟာ ဒီမှာ တာရှည် မနေနိုင်ဘူး"

"အလုပ်နဲ့ဆိုတော့ နေရမှာပဲဦးရဲ့။ ပြီးတော့ ကျွန်မကိုယ်တိုင်လည်း နေရတာ ပျော်ပါတယ်"

"နှင်းပွင့်နဲ့ မနေ့ညက လမ်းလျှောက်ကြသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... အမျိုးသမီး ကိုယ်လက်ကြံ့ခိုင်ရေးကလပ်မှာတောင် ကျွန်မ အသင်းဝင်ခဲ့တယ်"

"အားကစားဘက်က အတော်ဝါသနာ ပါတယ် ထင်တယ်"





"ဟုတ်ကဲ့ တစ်နှစ်တုန်းက ဒုတိယ မယ်ဇမာဆု အင်းစိန်က ရခဲ့ဖူးပါတယ်"

"ဒါထက် တစ်နေ့က မယ်တော်ကြီးနဲ့ အိမ်ပေါ်မှာ စကားလက်စုံ ကျနေတာ တွေ့ပါတယ်"

"ဟုတ်ကဲ့ ... အမယ်ကြီးက အဘော်ဗဟုသုတ စုံတာပဲ။ ရာဇဝင်ဆိုလည်း ရာဇဝင်ဘက်က၊ စိတ်ပညာဆိုလည်း စိတ်ပညာဘက်က၊ ဆေးကြောင်းဝါးကြောင်းဆိုလည်း ဆေးအကြောင်းဝါးအကြောင်းဘက်က စကားပြော အင်မတန် ကောင်းတယ်"

"ဟုတ်တယ် မခင်သိန်းလွင်၊ စကားပြော အင်မတန် ကောင်းတာပဲ။ နို့ပေမယ့် နှလုံးရောဂါရှိလို့ စကားသိပ်မပြောနဲ့လို့ ပြောထားရတယ်။ ဒါပေမယ့် လည်း တစ်ခါတလေ တွေ့ရာလျှောက်ပြောချင် ပြောနေတာပဲ၊ ဦးလေး ပြောတဲ့ စကားလည်း နားမထောင်ဘူး။ ဆရာဝန် ပြောတာလည်း နားမထောင်ဘူး"

"ဟုတ်ကဲ့ အသက်ကလည်း ကြီးပြီးဆိုတော့ နှလုံးရောဂါဆိုတာ ခိုးရိမ်ရတာပေါ့"

"ကျန်းမာရေးတော့ သူ ဂရုစိုက်ပါတယ်။ အစားအစာလည်း တွေ့ရာ မစားပါဘူး။ နှလုံးရောဂါဆိုတာ တစ်ခုနဲ့ စိတ်ထိခိုက်လိုက်ရင် ရုတ်တရက် ဖြစ်သွားတတ်တယ်"

"ဟုတ်ကဲ့"

"ကိုင်း ... ကိုင်း ... ညနေလမ်းလျှောက် မိုးချုပ်နေမယ် သွားပေတော့"

နောက် ၃–၄ ရက်ခန့်ကြာသောအခါ တစ်နေ့သော ညနေစောင်း၌ မခင်သိန်းလွင်သည် သမိုင်းအမျိုးသမီး ကိုယ်လက်ကြံ့ခိုင်ရေးကလပ် ဥက္ကဋ္ဌ ဒေါ်ကျင်ရှိန်က တည်ခင်းသော လက်ဖက်ရည်ပွဲတွင် ဒေါ်ကျင်ရှိန်နှင့် စကား လက်ဆုံကျလျက် ရှိလေ၏။

"ဘယ့်နှယ်လဲ မခင်သိန်းလွင် ... ဦးစိန်မောင်ရဲ့ မယ်တော်ကြီးကို ဘယ်လို သဘောရသလဲ"

"အတော်သားပဲ အစ်မကြီးရဲ့။ အမယ်ကြီးက ကောင်းကောင်းလည်း မမာဘူး။ ပြီးတော့ သူနဲ့လည်း စကားစမြည် ပြောနေဖို့ အလုပ် မရှိလှပါဘူး"

"နှလုံးရောဂါရှိတယ်ဆို ထင်ပါရဲ့။ ဓာတ်စာကိုလည်း အမြဲစားပြီး ဆရာဝန်နဲ့ နေရတယ် ပြောတာပဲ"

"ဟုတ်ပါတယ်"

"အမယ်ကြီးက သူ့ကိုယ်သူတော့ အတော် ဂရုစိုက်တယ်။ ဒါထက် ဒီရွာမှာနေတာ မပျင်းဘူးလား မခင်သိန်းလွင်"



www.burmeseclassic.com

www.burmeseclassic.com



"မပျင်းပါဘူး အစ်မကြီးရယ် ... ကျွန်မ နှစ်ပတ်တစ်ခါ ရန်ကုန် ပြန်ခွင့်ရတယ်။ ပြီးတော့ ကလပ်ကို ညနေလာပြီး အခုလို အစ်မကြီးတို့နဲ့ လက်ဖက်ရည်သောက် စကားပြောဆိုတော့ ပျင်းစရာ မရှိပါဘူး"

"ညီမတော့ မပြောတတ်ဘူး၊ သူတို့ အရင်က ငှားတဲ့ စက္ကရီတေရီတွေတော့ ပြေးတာချည်းပဲ။ တချို့ကတော့ အိမ်ကြီးဟာ တိတ်ဆိတ်လွန်းလို့တဲ့။ တချို့လည်း အမယ်ကြီးကို သဘောမကျလို့တဲ့ အမျိုးမျိုးပဲ"

"ဒါပေမယ့် သူ့အလုပ်ကို လုပ်တာမှ မဟုတ်ဘဲ အစ်မကြီးရယ်။ အန်ကယ် ဦးစိန်မောင် အလုပ်ကို လုပ်တာပဲ၊ အန်ကယ်ကတော့ သဘောကောင်းပါတယ်"

"အို ... ဦးစိန်မောင်ကတော့ အင်မတန် သဘောကောင်းတဲ့လူပဲ။ ဒီလိုလူမျိုး ရှားပါတယ်"

နာရီဝက်ခန့် စကားစမြည် ပြောပြီးနောက် မခင်သိန်းလွင်သည် ပြန်မည်ဟု နှုတ်ဆက်ရာ ဒေါ်ကျင်ရှိန်က –

"အို ... ပြန်တော့မလား"

"ဟုတ်ကဲ့ အစ်မကြီး"

"ဒါထက် ဘာပဲဖြစ်ဖြစ် အရေးအကြောင်းရှိရင် ဒီကိုလာခဲ့နော်။ အစ်မကြီးတို့ကို ပြော၊ ကြားလား ငါ့ညီမက အသက် အင်မတန် ငယ်သေးတယ်။ စိတ်ရောကိုယ်ရော နုနယ်သေးတော့ ကိုယ့်ကိုယ်ကို ကောင်းကောင်း မစောင့်ရှောက်နိုင်သေးဘူး"

ထို့နောက် မခင်သိန်းလွင်လည်း နေအိမ်သို့ ပြန်ခဲ့ရာ လမ်းတစ်လျှောက်လုံး ဒေါ်ကျင်ရှိန် ပြောသော စကားများကို စဉ်းစား၍ လာခဲ့လေ၏။ သို့သော် မည်သို့ မည်မျှ မစဉ်းစားတတ်အောင် ရှိနေခဲ့လေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဦးစိန်မောင်သည် အိမ်တံခါးတွင် ရပ်ကာ လမ်းဘက်သို့ မျှော်ကြည့်နေသည်ကို တွေ့ရသဖြင့် မိမိကိုပင် စောင့်မျှော်၍ နေလေသလောဟု အောက်မေ့မိ၏။ ဆင်ဝင်အောက်သို့ ရောက်သောအခါ ဦးစိန်မောင်က ပြုံးလျက် – "ဘယ်နှယ်လဲ မခင်သိန်းလွင်၊ ဒီကနေ့ ညနေ ဒေါ်ကျင်ရှိန်က ပါတီပေးတယ်ဆို တော်တော်ပျော်ရဲ့လား"

"ဟုတ်ကဲ့ အန်ကယ် ... ဒေါ်ကျင်ရှိန်နဲ့ အတော်စကား ဆုံကျခဲ့ပါတယ်။ ဒီနေ့ည အလုပ်လုပ်ဖို့ ရှိသေးသလား အန်ကယ်"

"မရှိပါဘူး။ သြော် ... ဒါနဲ့ ဒီကနေ့ည မယ်တော်ကြီးက မခင်သိန်းလွင်နဲ့ ညစာစားချင်တယ်တဲ့"





မခင်သိန်းလွင်၏ စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်၍သွား၏။ ဒေါ်ဘွားကြီးသည် မိမိနှင့်အတူ အဘယ်ကြောင့် ထမင်းစားချင်လေသနည်း။

"ဘာဖြစ်လို့ စားချင်တာလဲ အန်ကယ်ရဲ့ ..."

"မပြောတတ်ပါဘူးဗျာ ... တစ်အိမ်တည်း အတူနေပေမယ့် မခင်သိန်းလွင်နဲ့ တယ်ပြီး စကားစမြည် မပြောရဘူးကဲ့။ ဒီတော့ မခင်သိန်းလွင်နဲ့လည်း ထမင်းစားရင်း အေးအေးဆေးဆေး စကားပြောရအောင်တဲ့"

"ဟုတ်ကဲ့ ... သူက ဘယ်အချိန်စားသလဲ"

"၇ နာရီလောက်မှာ စားတယ်။ ၇ နာရီထိုးခါနီးတော့ အန်ကယ် လိုက်ပို့မယ်လေ။ အခု စောပါသေးတယ်။ ၆ နာရီထိုးသေးတာပဲ"

သို့နှင့် ညဉ့် ၇ နာရီ အချိန်တွင် ဦးစိန်မောင်က လိုက်၍ပို့သဖြင့် မခင်သိန်းလွင်သည် ဒေါ်မဘွားကြီးအခန်းတွင် ဒေါ်မဘွားကြီးနှင့်အတူ ထမင်းစားရ၏။ အခန်းမှာ ပတ်ပတ်လည် ပြတင်းပေါက်များဖြင့် ပြည့်လျက် တစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် အခန်းအလယ်၌ထားသော စားပွဲတစ်လုံးမှတစ်ပါး အိမ်ထောင်ပရိဘောဂများ များစွာ မရှိလှချေ။ အလွန်သပ်ရပ်သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်အောင် ပြင်ဆင်ထားသော အခန်းဖြစ်ကြောင်း သိရှိနိုင်လေသည်။

ထမင်းစားအပြီးတွင် ကော်ဖီတစ်ခွက်နှင့် 'ပရွှန်း' ခေါ် ဆီးသီးချိုများကို စားသောက်ကြပြီးနောက် ဒေါ်မဘွားကြီးသည် မခင်သိန်းလွင်အား မိမိအိပ်ရာ နံဘေးရှိ ဆိုဖာပေါ်သို့ ယုယစွာ ဆွဲယူပြီးနောက် –

"ငါတူမ ဒီကနေ့ညနေ မကျင်ရှိန်တို့ လက်ဖက်ရည်ပွဲ သွားတယ်ဆို"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ဒီလို အပေါင်းအသင်းဖြစ်လာတာ ဒေါ်ဒေါ် သိပ်ဝမ်းသာတာပဲ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"မကျင်ရှိန်က အင်မတန် စကားပြောကောင်းတဲ့ မိန်းမပဲ။ လူတစ်ဘက်သားလည်း သူ့ဘက် မပါပါအောင် ဆွဲတတ်တယ်။ တော်တော် စကားလက်ဆုံ ကျခဲ့ရဲ့လား"

"ဟုတ်ကဲ့၊ နာရီဝက်လောက် သူနဲ့ စကားပြောခဲ့ရပါတယ်"

"ပြီးတော့ တော်တော်လည်း စကားစပ်စုတတ်တယ်"

"ဟုတ်ကဲ့"

ထို့နောက် ဒေါ်ဘွားကြီးသည် မခင်သိန်းလွင်၏ မိဘဆွေမျိုးညာတိ အိမ်အခြေအနေ မိသားစုစိတ်ဓာတ် စသည်တို့ကိုပါ ဆန်းစစ်မေးမြန်းကာ မခင်သိန်းလွင်၏ ဇစ်မြစ်ကို လိမ္မာပါးနပ်စွာ ညှစ်ထုတ်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒါထက် ငါ့တူမကြီးကို မေးရဦးမယ်။ ဒေါ်ဒေါ်ကို ရိုင်းတယ် မထင်နဲ့နော် ... ဒီလောက်တောင် ပညာကလည်း တတ်၊ ရုပ်ကလည်း ချောတဲ့ လူတစ်ယောက်မှာ ချစ်သူတော့ ရှိရမယ်လို့ ဒေါ်ဒေါ် ထင်တယ် ... ဘယ့်နယ်လဲ"

ထိုအခါ မခင်သိန်းလွင်မှာ မလွှဲမရှောင်သာတော့သဖြင့် မိမိ၌ချစ်သူရှိကြောင်း၊ သို့သော် မိမိအလုပ်လုပ်သည်ကို မကျေမနပ်ဖြစ်ကာ စကားကတောက်ကဆ များပြီးနောက် ယခုအခါ အဆက်ပြတ်၍နေကြောင်း၊ သို့သော် တစ်ယောက်နှင့် တစ်ယောက် မေ့၍မပျက်ကြောင်းဖြင့် ဝန်ခံရလေ၏။

"သူ့နာမည်က ဘယ်သူတဲ့လဲ တူမကြီးရဲ့။ အရာရှိတစ်ယောက်လား"

"ဟုတ်ကဲ့ သူက ဘဏ်အရာရှိ တစ်ယောက်ပါ။ သူ့နာမည်က ကိုညွန့်ဟန်တဲ့"

"ပြန်ပြီး ဆက်ပေါ့ကွယ်၊ တစ်ယောက်နဲ့တစ်ယောက် မေ့ဘွာပျက်ကြတာမှ မဟုတ်ဘဲ"

"ဟုတ်ကဲ့ အခု ဒီရောက်မှ တစ်ယောက်နဲ့တစ်ယောက် စာပေးစာယူ လုပ်နေကြပါပြီ"

"ကောင်းပါလေရဲ့ကွယ် ... ဝမ်းသာပါတယ်။ ဒါထက် ဘူမကြီးမှာ ဘာရောဂါမှ မရှိဘူးနော်။ ကြည့်ရတာ သိပ်ကျန်းမာတာပဲ"

"ဟုတ်ကဲ့ ... ဘာရောဂါမှ မရှိပါဘူး"

"မိဘဘက်မှာကော"

"ဟုတ်ကဲ့ ... မေမေဘက်မှာရော၊ ဖေဖေဘက်မှာရော ဘာရောဂါမှ မရှိဘူး"

မခင်သိန်းလွင်သည် တွန့်ခနဲဖြစ်သွား၏။

"ဒေါ်ဒေါ်ကလည်း သိပ်စစ်တာပဲ။ အန်ကယ်ရဲ့ အလုပ်ကို လုပ်နိုင်တဲ့ အရည်အချင်းနဲ့ ကျွန်မ မိဘနှစ်ဖက်စလုံးမှာ ရောဂါရှိမရှိဆိုတဲ့ ပြဿနာနဲ့ ဘယ်လိုပတ်သက်သလဲ ဆိုတာ ကျွန်မဖြင့် စဉ်းစားမရပါဘူး ဒေါ်ဒေါ်"

"အိုကွယ် ... တူမကြီးကလည်း ဒေါ်ဒေါ်မေးတာ စိတ်ဆိုးသလား"

နှုတ်ဖျားမှ စကားများမှာ ပျားရည်ကဲ့သို့ ချိုလှသော်လည်း ဒေါ်ဘွားကြီး၏ မျက်လုံးများမှာမူ မြွေဟောက်၏မျက်လုံးများကဲ့သို့ စူးရှတောက်ပ၍ လာတော့၏။ သူ့မျက်လုံးတန်ခိုးဖြင့် မခင်သိန်းလွင်သည် မိမိစိတ်ကို ချုပ်တီးခြင်းခံရသကဲ့သို့ ထင်ရ၏။

"ဒါစိတ်ဆိုးစရာ မဟုတ်ပါဘူးကွယ်။ ဒေါ်ဒေါ်က တစ်သက်လုံး လူမမာကြီး လုပ်နေရတော့ ကျန်းမာတယ်ဆိုတာကို သိပ်ပြီး အစွဲအလန်းကြီးနေတာ





ကွဲ့။ ငါ့မှာ နှလုံးရောဂါ ရှိတယ်ဆိုတာ ညည်းသိတယ် မဟုတ်လား။ ဒီမှာ ငါ့မျက်လုံးကို ကြည့်စမ်း၊ ကြည့်လေ ... စိုက်ကြည့်၊ အဲ ... ဟုတ်ပြီ"

စပါးကြီးမြွေ၏ ညို့ခြင်းခံရသကဲ့သို့ မခင်သိန်းလွင်သည် စကားလည်း မပြောနိုင်၊ လှုပ်လည်း မလှုပ်နိုင်အောင်ရှိနေ၏။ မီးပွင့်ကလေး နှစ်ပွင့်ကဲ့သို့ ဒေါ်ဘွားကြီး၏ တောက်ပသောမျက်လုံး ကလေးနှစ်လုံးကိုသာ စူးစိုက်ကြည့်ရှုနေမိလေသည်။ "ငါမှားပြီ .. ငါ မှားပြီ ... ဒေါ်ကျင်ရှိန်ကို ချက်ချင်းသွားတိုင်မယ်" ဟု ရေရွတ်သော်လည်း နှုတ်မှအသံမထွက်ချေ။ လည်ချောင်းသည် ချောက်သွေ့လျက် တစ်ကိုယ်လုံးမှာလည်း ကြိုးများဖြင့် တုတ်နှောင်ထားသကဲ့သို့ရှိ၏။ ထိုအချိန်တွင် ဒေါ်ဘွားကြီးသည် မိမိမျက်နှာအနီးသို့ကပ်ကာ အေးစက်သော အမူအယာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်ကို သိလိုက်ရ၏။

"ညည်းကို ငါ သိပ်သဘောကျတာပဲအေ့။ ကျန်းမာလည်း ကျန်းမာတယ်၊ မိဘက ဆင်းသက်တဲ့ရောဂါကလည်း မရှိဘူး၊ ရုပ်ရည်ရော ကိုယ်လုံးကိုယ်ပေါက်ရော ပြောစရာမရှိဘူး။ မယ်မြန်မာတစ်ယောက်ဆိုတော့ သာပြီး ကိုယ်ပေါက် ကိုယ်ရောက် လှတယ်ပေါ့အေ။ ပြီးတော့ အသက်ကလည်း ညည်းအသက်လောက်မှ ငါကသဘောကျတာ ... ငယ်လွန်းတော့လည်း နေရာမကျဘူး။ ညည်းအရွယ်ဆိုတော့ ကိုယ်လုံးကိုယ်ထည် အထွားဆုံး အလှဆုံးအရွယ်ပဲ။ မောင်စိန်မောင် ခန့်ထားလိုက်တဲ့ မိန်းကလေးထဲမှာ ညည်းကို ငါသဘောအကျဆုံးပဲ၊ ပြောလို့ ပြောတာ မဟုတ်ဘူး"

သို့ ရေရွတ်လိုက်ပြီးနောက် ဒေါ်ဘွားကြီးသည် မခင်သိန်းလွင်၏ မျက်နှာအနီးသို့ ကပ်ကာ အလွန်ပီတိဖြစ်ဟန်ဖြင့် ရွှန်းရွှန်းစားစား ကြည့်ရှုလျက် ရှိလေ၏။ ထို့နောက် ဆက်လက်၍ –

"ဒီတော့ ညည်းက ဘာလုပ်ရမလဲဆိုရင် ငါ့နေရာကို ညည်းက ယူရမယ်။ ငါက ဒီနည်း စမ်းသပ်ကြည့်လာတာ ကြာပြီ။ ငါ့မှာ နှလုံးရောဂါ ရှိတယ်၊ နေ့ သေမလား၊ ည သေမလား မသိဘူး။ ဒီတော့ ညည်းနဲ့ နေရာချင်း လဲရမယ်"

"ဘာပြောတာလဲဟင် ... ဘာကိုဆိုလိုတာလဲ"

လည်ချောင်းတစ်ခုလုံး သွေ့ခြောက်နေသဖြင့် မခင်သိန်းလွင်၏ အသံမှာ လေသံမျှသာ ထွက်တော့၏။ မိမိအပေါ်သို့ စီး၍ကြည့်နေသော မျက်လုံးနှစ်လုံးကိုလည်း ကြောက်ရွံ့လှ၏။ သို့နှင့် မခင်သိန်းလွင်သည် နေရာမှထရန် ကြိုးစားလျက်ရှိရာ အလွန်ထူးဆန်းသော အသိဉာဏ်နှင့် အာရုံတစ်ခုကို ပြင်းထန်စွာ ခံစားလိုက်ရသကဲ့သို့ ထင်ရပြီးနောက် မိမိ၏အခြားကိုယ်တစ်ခုသည် မိမိ၏မူလကိုယ်ကြီးမှ၌ ထွက်သွားသကဲ့သို့ ထင်လိုက်ရ၏။ မိမိကိုယ်တိုင်နှင့် ဒေါ်ဘွားကြီးတို့ စကားပြောနေသည်ကို ထိုကိုယ်ခွဲက မြင်နေရ၏။ ထိုကိုယ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



သည် မှလကိုယ်ဆီသို့ သွားရောက်ပူးကပ်ရန် ကြိုးစားလျက်ရှိလေရာ၊ အလွန်တန်ခိုးသတ္တိရှိသော အင်အားစုတစ်စုက ထိုကိုယ်ခွဲကို တွန်းလှန်ထားဘိသကဲ့သို့ ကိုယ်နှစ်ခု ပူးပေါင်း၍ မရနိုင်အောင်ရှိတော့၏။

"ဖေဖေ့ ... မခင်သိန်းလွင် ... ငါ့အသက် ဘယ်လောက်ရှိပြီ ညည်းထင်သလဲ"

"မသိပါဘူး၊ အိုလှမှပဲ .. ခြောက်ဆယ်'

'ဒါက ညည်း ထင်တာကိုအေ့ ... ခြောက်ဆယ် ... ဟုတ်လား ... ဟား ... ဟား ... ဟား'

ဒေါ်ဘွားကြီးသည် ရယ်မောလိုက်ပြန်၏။ သို့သော် သူ၏ရယ်သံမှာ ဟာသဓာတ် တစ်စုံတစ်ရာ မပါဘဲ ရက်စက်ကြမ်းကြုတ်သော လှိုင်းသံကြီးသာ ဖြစ်ချေသည်။

"မင်းတုန်းဘုရင်ကြီး နတ်ရွာစံတော့ ငါ ၁၆ နှစ်သမီးရှိနေပြီ။ မသာတော်ချ ပို့လိုက်ရတယ်။ သီပေါမင်းကလေး နန်းတက်တာရော၊ ၄၇ ခုနှစ်မှာ ပါတော်မူတာရော၊ အကုန်လုံး ငါ့မျက်နှာစိအောက်မှာချည်းပဲ"

မခင်သိန်းလွင်၏ ကိုယ်မှာ နှစ်ခြမ်းကွဲနေသကဲ့သို့ ထင်ရလေရာ ကောင်းစွာသိသော ကိုယ်ခွဲက ထိုစကားများကို ခပ်သဲ့သဲ့ကြားရ၏။ အခန်းတစ်ခုလုံးမှာ ခရမ်းရင့်ရောင်ကဲ့သို့ မှိုင်းပြာရီမှောင်လျက်ရှိ၏။ "ငါရှူးပြီ ... ရူးပြီ" ဟု စိတ်ထဲက ပြောမိ၏။ သို့သော် အသံကား မထွက်လာချေ။

ဒေါ်ဘွားကြီးက ဆက်လက်၍ –

"ငါ အသက်ကြီးပြီ၊ ငါ ... အိုပြီ၊ ငါ့ခန္ဓာအိမ် ဟောင်းလာပြီ၊ ဒီတော့ ငါ့ခန္ဓာအိမ် ဟောင်းကြီးကို စွန့်ပစ်ရမယ်။ ညည်းခန္ဓာအိမ်နဲ့ လဲရမယ်၊ ဒီတော့မှ ငါဟာ အရွယ်ငယ်သွားမယ် နုပျိုမယ်၊ လှသွားမယ်"

သဲ့သဲ့မျှသောလေသံဖြင့် –

"ဟင့်အင်း ... ဟင့်အင်း ... မလဲရဘူး ... မလဲရဘူး ... မလဲရ ..."

တီးတိုးလေသံမျှသော အသံကလေးပင် တိမ်မြုပ်ပျောက်ကွယ်၍ သွားလေ၏။ တစ်ခန်းလုံးမှာ လွန်စွာတိတ်ဆိတ်ပြီးလျှင် အပြာရင့်ရောင်ဖြင့် ဖုံးလွှမ်းလျက် ရှိလေရာ ဒေါ်ဘွားကြီး၏တောက်ပသော မျက်လုံးကလေးနှစ်လုံးကိုသာ မြင်နေရတော့၏။

ယင်းစကားများသည်ပင် မခင်သိန်းလွင်၏ ပါးစပ်မှ သဲ့သဲ့မျှ ထွက်သွားသော နောက်ဆုံးစကား ဖြစ်လေသည်။ ထို့နောက် မှိုးဝါးမျှသော ခရမ်းရောင်အတွင်း၌ ထူးဆန်းသော အရာများကို မြင်ရလေသည်။ မခင်သိန်းလွင်၏ ကိုယ်ခွဲမှာ အဝတ်အစားမရှိဘဲ တစ်နေရာတွင် ရပ်တည်လျက် ရှိရာမှ မြင်ရလေ





သည်။ အိပ်ရာပေါ်တွင် ရှိနေသော ဒေါ်ဘွားကြီး၏ ကိုယ်မှ အရိပ်သာသာမျှသာ မြင်ရသော ဒေါ်ဘွားကြီး၏ အိုမင်းသော ရုပ်သဏ္ဌာန်တစ်ခု ပေါ်ထွက်လာပြီးလျှင် ရှိနေသော မခင်သိန်းလွင်၏ မူလကိုယ်ဆီသို့ ရွေ့လာကာ မခင်သိန်းလွင်၏ ကိုယ်ထဲသို့ ဝင်ရောက်ပေါင်းစပ်သွားလေသည်။ ထို့နောက် မခင်သိန်းလွင်၏ ကိုယ်မှသိမှု၊ မြင်မှု၊ ကြားမှုများ ကွယ်ပျောက်သွားတော့၏။ ထိုအခါတွင် ထိုင်နေသော မူလကိုယ်ဆီသို့ရောက်အောင် မခင်သိန်းလွင်သည် အကြိမ်ကြိမ် အားထုတ်လျက်ရှိရာမှ အလွန်ကြီးမားသော တန်ခိုးအင်အားတစ်ခုက တွန်းထားလျက်ရှိသဖြင့် မရောက်နိုင်ဘဲရှိနေရာမှ လုံးလုံးသတိလစ်၍ သွားတော့၏။

ကောင်းစွာသတိရ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ (နာရီပေါင်းများစွာ ကြာခဲ့လေပြီ) အိမ်ရှေ့ဘက် ပြတင်းပေါက်မှ တိုးဝင်လျက်ရှိသော နေရောင်များကိုမြင်ရသဖြင့် နေအတော်ပင် မြင့်နေပြီဖြစ်ကြောင်း သိရ၏။ မိမိကိုယ်မှာလည်း မနေ့ညကပေါ်တွင် လဲလျောင်းနေသည် မဟုတ်ဘဲ ခုတင်ဘောင်ကို ကပ်၍ထားသော ခေါင်းအုံးများပေါ်သို့ ခပ်မှိုမှိုတင်နေသည်ကို တွေ့ရ၏။ ဦးခေါင်းမှာ ကောင်းစွာ ကြည်လင်ခြင်း မရှိလှသေးဘဲ မျက်လုံးများမှာလည်း ရီဝေလျက် ရှိနေလေသည်။

"ငါ ဘာဖြစ်သလဲ ... မနေ့ညက အတော်နေမကောင်းများ ဖြစ်သလား။ ဪ ... သတိရပြီ၊ ဒေါ်ဘွားကြီးအခန်း သွားပြီး သူနဲ့အတူ ညစာစားရတယ်"

သို့ စဉ်းစားရင်း မခင်သိန်းလွင်သည် မှီအုံးများပေါ်မှထရန် ကြိုးစား၏။ သို့သော် အသက်ရှူကြပ်သကဲ့သို့ဖြစ်ကာ နေရာမှ မထနိုင်ဘဲ ရှိလေသည်။

သို့ရှိစဉ် ဒေါ်ဘွားကြီး၏ လက်ပါးစေ အိမ်ဖော်မလေးနှင်းပွင့်သည် လက်ဖက်ရည် လင်ပန်းကိုင်ကာ အခန်းထဲသို့ ဝင်လာသည်ကို တွေ့ရ၏။

လွင် ။ ။ "ဟဲ့ ... နှင်းပွင့် ငါဘယ်ရောက်နေသလဲ ... ငါ နေမကောင်းဖြစ်နေသလား"

ပွင့် ။ ။ "ဟုတ်တယ် ကြီးကြီး ... မနေ့ညက ကြီးကြီး တော်တော်နေမကောင်း ဖြစ်နေသလား ကြီးကြီးရဲ့။ အရင် နှလုံးရောဂါထတာပေါ့ ... အခုကော နေမကောင်း ဖြစ်နေသလား"

"ဟဲ့ ... နှင်းပွင့်၊ နင်ဘာတွေ လျှောက်ပြောနေတာလဲ။ ငါ ခင်သိန်းလွင်လေ၊ အခု ငါအခန်းမှားပြီး ရောက်နေတာ။ ငါ့မှာ ဘယ်တုန်းက နှလုံးရောဂါရှိလို့လဲ။ မနေ့ညက ဒေါ်ဒေါ်က ဖိတ်လို့ သူ့အခန်းသွားပြီး ညစာ စားရတယ်လေ"

နှင်းပွင့်သည် လက်ဖက်ရည် လင်ပန်းကို စားပွဲပေါ်၌ ပစ်ချပြီးလျှင် သရဲတစ္ဆေနှင့် တွေ့ရသကဲ့သို့ အခန်းပြင်သို့ လျင်မြန်စွာ ပြေးထွက်သွားပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမရေ မြန်မြန်လာပါဦး ... ဦးလေးကြီးရေ လုပ်ကြပါဦး ... ဟောဒီမှာ မေမေကြီးဟာ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး၊ စိတ်နောက်သွားပြီ ထင်တယ်" ဟု အော်ဟစ်ပြောဆိုသံကို မခင်သိန်းလွင် ကြားလိုက်ရ၏။

မကြာမီ အပြင်မှ ခြေသံများ ကြားရပြီးနောက် နှင်းပွင့်သည် ဆေးရုံက ဆရာမကဲ့သို့ ဝတ်ထားသော မိန်းမတစ်ယောက်နှင့် အခန်းထဲသို့ ဝင်လာကြလေသည်။

"ဒီမှာ ဆရာမရဲ့၊ ကြီးကြီး ဘာတွေဖြစ်မှန်း မသိဘူး။ သူ့ကိုယ်သူ မခင်သိန်းလွင်လို့ ပြောနေတယ်"

"ဟဲ့ ... နှင်းပွင့်၊ နင်တို့အားလုံး ဘာဖြစ်လာကြတာလဲ။ ငါဟာ ဦးစိန်မောင်ရဲ့ ဇက္ကရီတောရီ မခင်သိန်းလွင်လေ"

နှင်းပွင့်နှင့် ဆရာမတို့သည် အံ့သြလျက်ရှိကြ၏။ ထို့နောက် ဦးစိန်မောင်နှင့် ဆရာဝန်တစ်ယောက် အခန်းထဲသို့ ဝင်လာလေသည်။

သူတို့အားလုံး ထွက်သွားကြသောအခါ ခုတင်အနီးသို့ မိန်းမတစ်ယောက် ရောက်ရှိလာပြီးလျှင် မခင်သိန်းလွင်၏ ကိုယ်ပေါ်သို့ ကိုင်းညွတ်ကာ မခင်သိန်းလွင်၏ မျက်နှာကို ကြည့်ရှုလျက်ရှိ၏။ ထိုမိန်းမ၏ မျက်နှာမှာ မိမိမျက်နှာပင် ဖြစ်နေသည်ကို တွေ့ရ၏။ မခင်သိန်းလွင်မှာ နောက်ရောက်လာသော မိမိကိုယ်ခွဲ၏မျက်နှာကို ကြည့်ကာ ထိတ်လန့်အံ့သြလျက် "အလိုလေး ညည်းဘယ်သူလဲ" ဟု တီးတိုးမေးလိုက်မိ၏။ မိမိ၏အချိုးကျသော ကိုယ်လုံးကိုယ်ပေါက်ကိုလည်းကောင်း၊ နုပျိုလှပသော မျက်နှာကိုလည်းကောင်း၊ ဝါဝင်းသော အသားစိုင်ကလေးများကိုလည်းကောင်း၊ နီးမြန်းသောပါးနှင့် နှုတ်ခမ်းများကိုလည်းကောင်း ထိုမိန်းမ၏ ကိုယ်ပေါ်တွင် မျက်ဝါးထင်ထင် တွေ့မြင်ရတော့၏။ သို့သော် မျက်လုံးများမှာ အိုမင်းရင့်ရော်၍ ရက်စက်ကြမ်းကြုတ်သော အသွေးအရောင် ရှိနေသည်ကို မြင်ရလေသည်။

မိန်းမ။ ။"ရှင်က ကျုပ်ကိုတွေ့ချင်တယ်ဆို ဒေါ်ဘွားကြီးရဲ့"

လွင် ။ ။"အလို ... ကျွန်မ ဒေါ်ဘွားကြီး မဟုတ်ပါဘူး။ မခင်သိန်းလွင်ပါ။ ဦးစိန်မောင်ရဲ့ ဇက္ကရီတောရီ ခင်သိန်းလွင်လေ။ ဘာပြုလို့ ဒီလိုလုပ်ရတာလဲ ... ဟင် ..."

မိန်းမ။ ။"ညည်းကို ငါပြောပြီးပါကော။ ဒီတော့ ညည်းအလုပ်က ထွက်ပေတော့။ ညည်းမှာလည်း နလုံးရောဂါရှိနေတယ် မဟုတ်လား။ ပြီးတော့ ညည်းဟာ အသက်ကြီးနေပြီ။ သေဖို့လည်း မဝေးတော့ဘူး"

မခင်သိန်းလွင်သည် တစ်ကိုယ်လုံး တုန်လှုပ်၍သွားလေ၏။





"ဒီလိုလုပ်လို့ ဘာအကျိုးရှိသလဲ ဒေါ်ဒေါ်ရယ်။ ဒေါ်ဒေါ် ဘယ်လောက် ဆုံးရှုံးသလဲဆိုတာ တွက်လည်း ကြည့်ပါဦး။ ကိုယ့်စည်းစိမ်ဥစ္စာရော ကိုယ်သားရော၊ ကိုယ့်ဂုဏ်ကျက်သရေရော"

"အရှုံးရှိရင် အမြတ်လည်း ရှိတာပေါ့အေ။ ညည်းရဲ့ ကျန်းမာရေး၊ ညည်းရဲ့ နုပျိုတဲ့ရုပ်၊ ညည်းရဲ့ဘဝ၊ နောက်ဆုံး ညည်းရဲ့အချစ်"

"ဘာပြောတယ်"

"ညည်းရဲ့ အချစ်လေ။ ညည်းရဲ့အချစ် ကိုညွန့်ဟန်ဆိုတဲ့လူကို ငါရမှာ ပြောတာပါ"

"ဝေးလိုက်တာ မရသေးဘူး။ သေတောင်မရဘူး။ ကိုညွန့်ဟန်က ကျွန်မ ကိုမှ ချစ်တာ။ ကျွန်မကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ဘူး"

မိန်းမသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ညည်းကို ချစ်တော့မှာ မဟုတ်ဘူးအေ့။ ငါကိုချစ်တော့မှာ။ ညည်းမျက်နှာကြီးကို မြင်ရရင် ညည်းကို ကြိုက်ဖို့နေနေသာသာ ဘယ်သူမှန်းတောင် သိမှာ မဟုတ်ဘူး"

ထိုမိန်းမသည် ပြောပြောဆိုဆိုနှင့်ပင် ခုတင်၏အခြားဘက် ဗီရိုပေါ်တွင် တင်ထားသော လက်ကိုင်ရိုးတပ်ထားသည် မှန်တစ်ချပ်ကို ယူခဲ့ပြီးလျှင် မခင်သိန်းလွင်မျက်နှာအနီးသို့ ကပ်ပေးပြီးနောက် –

"ကြည့်စမ်းပါဦး၊ ညည်းမျက်နှာကို၊ ဒီမျက်နှာကြီးကို ညည်းလူက ချစ်ဦးမှာတဲ့လား"

မခင်သိန်းလွင်သည် မိမိ၏မျက်နှာကို မှန်ထဲတွင် မြင်ရလေရာ၊ နလုံးသွေးရပ်လုမတတ် ထိတ်လန့်အံ့သြမိတော့၏။ တွန့်လိပ်လျက်ရှိသော ပါးပြင်များ၊ ဖြူဆွတ်သောဆံပင်များနှင့် ခြောက်သွေ့သော နှုတ်ခမ်းများကို မြင်ရ၏။ သို့သော် မျက်လုံးများမှာမူ အိပ်ရာဆောင်တွင် ရပ်နေသော မိန်းမ၏ မျက်လုံးများကဲ့သို့ ခြောက်သော အဆင်းမရှိဘဲ နုပျိုကြည်လင်သော မိမိ၏ ပင်ကိုယ်မျက်လုံးများပင် ဖြစ်လေသည်။

မှန်ပေးသော မိန်းမသည် မခင်သိန်းလွင်၏ ကိုယ်ပေါ်သို့ မိမိကိုယ်ကို ယခင်ကထက် ညွတ်လျက် –

"ကိုင်းလေ ... ဘယ့်နှယ်ရှိစ ညည်းမျက်နှာ ညည်းမှန်ထဲ မြင်ရပြီ မဟုတ်လား။ အဲဒီမျက်နှာကြီးကို ညည်းရည်းစားက ချစ်ဦးမှာတဲ့လား — ဟင်"

မခင်သိန်းလွင်သည် ကိုယ်ကို အတန်ငယ် ကြိုးစား၍ကြည့်လိုက်၏။ အချစ်၏ ပြင်းထန်သော ဒေါသသည် မခင်သိန်းလွင်အား အားသစ်လောင်း၍ ပေးဘိ သကဲ့ဖြစ်ကာ မိမိမျက်နှာအနီးသို့ ကပ်၍လာသော မိန်းမ၏ မျက်နှာကို

www.burmeseclassic.com



လက်ကိုင် တပ်ထားသောမှန်ဖြင့် တအား ရိုက်လိုက်လေသည်။ မခင်သိန်းလွင်၏ အပြုအမူများမှာ လျှင်မြန်လွန်းသဖြင့် ထိုမိန်းမသည် ရှောင်တိမ်းရန် အချိန်မရလိုက်ချေ။ လေးလံသော မှန်၏ဆောင်သည် ထိုမိန်းမ၏နားထင်ကို လှလှကြီးမိသွားပြီးလျှင် မိန်းမသည် မခင်သိန်းလွင်၏ ကိုယ်ပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွားလေသည်။

ထိုခဏ၌ မခင်သိန်းလွင်၏ ဦးခေါင်းထဲတွင် မီးစဖြင့် ထိုးလိုက်သကဲ့သို့ အလွန်နာကျင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရပြီးနောက် သတိလစ်၍သွားလေ၏။ သတိပြန်ရလာသောအခါ ဦးခေါင်းမှ နာကျင်ခြင်းလည်း အတန်ငယ် သက်သာရေ ရလာသဖြင့် ကိုယ်ကို အတန်ငယ် လှုပ်ရှားလိုက်၏။ ထိုအခါ နားထဲတွင် "မလှုပ်နဲ့ဦးလေ ... ငြိမ်ငြိမ်နေမှာပေါ့" ဟု မိန်းမတစ်ယောက်အသံကို ကြားလိုက်ရ၏။ မခင်သိန်းလွင်သည် အားယူ၍ မျက်လုံးများ ဖွင့်လိုက်ရာ ယခင်က မိမိမြင်ဖူးသော ဆရာမသည် မိမိ၏ ဘေး၌ သုယစွာ ပြုံးနေလျက် ရှိနေသည်ကို တွေ့ရ၏။ မိမိရောက်ရှိသော နေရာမှာလည်း မိမိအိပ်ရာပင် ဖြစ်လေသည်။

"ကျွန်မ ဘာဖြစ်တာလဲ ဟင် ... ဆရာမ"

"ခေါင်းမှာ အတော်ထိခိုက်မိသွားတယ်"

ထမင်းလုံးတစ္ဆေချောက်ခြင်း ခံရသကဲ့သို့ ဖြစ်ပျက်ခဲ့သော မိမိ၏အဖြစ်အပျက်များကို မခင်သိန်းလွင်သည် ပြန်၍သတိရလာ၏။ သို့နှင့် အလန့်တကြားအော်လိုက်လေသည်။

"ကျွန်မ ဘယ်သူလဲဟင်၊ ကျွန်မ ဘယ်သူလဲ"

"စကားမပြောနဲ့ဦးမခင်သိန်းလွင်၊ ဘာမှကြောက်မနေနဲ့ ကြောက်စရာမရှိဘူး။ ပြီးတော့ ကိုယ့်ကိုယ်ကို နေကောင်းအောင် နေမှပေါ့"

"ဟုတ်ကဲ့ ဆရာမ"

"ဒါထက် သတင်းကောင်း တစ်ခုပြောရဦးမယ်။ ဧည့်ခန်းမှာ ရန်ကုန်က လူတစ်ယောက် ရောက်နေတယ်။ ဘဏ်တိုက်အရာရှိဆို ထင်ပါရဲ့၊ မခင်သိန်းလွင်ကို စိတ်မချတာနဲ့ လိုက်လာတယ်တဲ့"

"ဩော် ... ဟုတ်လား။ ဖကန္တ ကိုညွန့်ဟန်ပါပဲ ကောင်းပါလေရဲ့ရှင်။ ကျွန်မ ဝမ်းသာလိုက်တာ ... ဒါထက် ဒေါ်ဘွားကြီးကော"

"လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပဲ ဆုံးသွားရှာပြီ။ ခေါင်းထဲမှာ ထိုးကိုက်လိုက်တာဆိုပြီး မောသွားရာက ဆုံးရှာတာပါပဲ။ သူ ရှိရင်းစွဲနှလုံးရောဂါနဲ့ တူပါတယ်။ ကိုင်း ... ကိုင်း ... စကားတွေ များများပြောနေလို့ မဖြစ်သေးဘူး။ ဟောဒီ ဆေးကလေးတစ်ခွက် သောက်ပြီး ကြိုးစားအိပ်လိုက်ဦး"





မခင်သိန်းလွင်သည် အိပ်ဆေးသောက်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။ အိပ်ရာမှ ကြည်လင်စွာ နိုးလာသောအခါ ချစ်သူနှင့် တွေ့ရလျက် ထိုနေ့ပင် ဦးစိန်မောင်၏ အလုပ်မှထွက်ပြီးနောက် ရန်ကုန်သို့ ကိုညွန့်ဟန်နှင့်အတူ လိုက်ပါသွားလေသည်။

ဂျူန်ရွှေမျှား

www.burmeseclassic.com